www.burmeseclassic.com

ရွှေအိမ်ဝမှူး စာပေ

# မင်းနိုက်စိုးစန်

# ကောင်းကင်နဲ့မလွတ်တဲ့အတောင်ပံတစ်စုံ



IKB 79 . Yves Klein

ဒုတိယအကြိမ်

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

### ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

### ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- ★ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ★ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ★ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ★ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက် (၄) ရပ်

- ★ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- ★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ★ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

- ★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ★ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ★ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး


ပင်လယ်ပြင် ငြိမ်သက်ခြင်း သို့မဟုတ် (သစ္စာနီ) ၇
၁။ ရောဂါပိုးမွှားများ ၁၅
၂။ ကမ်းခြေ ၃၁
၃။ ပျောက်ဆုံးနေနှင့်ပြီးသော ပြဇာတ်အခန်း (၁) ၅၁
၄။ ကွယ်လွန်သူတို့အကြောင်း ၆၅
၅။ ပရှော့မီးသယပ်(စ်)သေဆုံးခြင်း ၇၉
၆။ ဝါကျများ ၉၉
၇။ စက်ဘီးမစီးတတ်တဲ့မြို့ ၁၀၇
၈။ ငှက်ဖျား[illegible] ၁၂၁
၉။ [illegible] ၁၄၅
၁၀။ ကမ္ဘာသစ်ရဲ့ နံနက်စာ ၁၅၇
၁၁။ စိတ်အင်နားရှား ၁၇၁
၁၂။ ကျွန်တော်နဲ့ ပီကာဆို ၁၈၉
၁၃။ ကမ်းမဲ့ဆည်းဆာ ၁၉၉
၁၄။ ကင်ဆာ ၂၁၃
၁၅။ ကျောရိုးမဲ့တဲ့ စိတ်နဲ့ဆောင်း ၂၃၁
၁၆။ ကျွန်းမျောစိတ် ၂၄၃
၁၇။ သော့စောင့်နတ်သမီးနဲ့ မှင်စာ (မင်းခိုက်စိုးစန်) ၂၅၅


www.burmeseclassic.com

www.burmeseclassic.com



# ပင်လယ်ပြင် ငြိမ်သက်ခြင်း သို့မဟုတ်

(A)

သူသည် မော်ဒန်နှင့် ပို့စ်မော်ဒန်ဆိုင်ရာ သဘောတရားများကို လေးလေးနက်နက် နိုက်နိုက်ချွတ်ချွတ် ရေးသားနေသူ ဖြစ်သည်။ ဆေးတက္ကသိုလ် နောက်ဆုံးနှစ်ကျောင်းသားတစ်ဦးလည်း ဖြစ်သည်။ သို့သော် သူ့ပုံပန်းသဏ္ဍာန်က အဆက်ပါသူ့စရိုက်များနှင့် ဆက်စပ်မရ၊ အညာမှ ကျေးလက်မူလတန်း ကျောင်းဆရာလေးတစ်ဦးအသွင်သာ ပေါက်နေသူ။ သူ့ဆိုသည်မှာ မင်းခိုက်စိုးစန် ဖြစ်ပါသည်။

၁၉၉၀ နောက်ပိုင်းတွင် စာပေလောကၡ၌ လူတွေအာရုံစိုက်ခြင်းခံနေသည့် လူငယ်နှစ်ဦးပေါ်ပေါက်ခဲ့သည်ဟုဆိုလျှင် ထိုလူငယ်နှစ်ဦးမှာ

www.burmeseclassic.com

www.burmeseclassic.com



တာရာမင်းဝေနှင့် မင်းခိုက်စိုးစန်သာ ဖြစ်ပေလိမ့်မည်။ နှစ်ဦးစလုံးမှာ ကဗျာရော ဝတ္ထုပါ ရေးလေ့ရှိသူများ၊ ပြီးတော့ လက်လှမ်းမီရာ နိုင်ငံဟကာစာပေများ၊ စာပေသဘောတရားများကို ဖတ်ရှုလေ့လာခြင်း၌ ဝါသနာတူသူများ။ ခေတ်တစ်ခေတ်ကို တစ်လမ်းတည်းလျှောက်ခဲ့ကြဖူးသူများ ဖြစ်သည်။ ကျွန်တော်တို့ မြန်မာစာပေလောက၏ အားနည်းချက်မှာ စာပေ၊ ဝတ္ထု၊ ကဗျာ ရေးသားနေကြသူများက စာပေသဘောတရားကို လေ့လာလိုက်စားခြင်း မရှိသောကိစ္စပင် ဖြစ်သည်။ ထို့ကြောင့်ပင် အဆင့်မီတိုးတက်ဖို့ နှောင့်နှေးခဲ့ရသည်။

ယခုခေတ် စာပေရေးသားသူ လူငယ်တချို့က ထိုအားနည်းချက်တို့ကို ပယ်ဖျက်ဖို့ကြိုးပမ်းနေကြသည်။ ကိုယ်တိုင်ဖတ်ရှုလေ့လာရုံမက အယူအဆရေးရာဆောင်းပါးများ ရေးသားတင်ပြနိုင်သည်အထိ ခရီးပေါက်နေကြသည်။ ထိုထဲတွင် မင်းခိုက်စိုးစန်သည် ထိပ်ဆုံးက ပါသူဖြစ်သည်။ သူ့အမည်ရင်းမှာ ကျော်စိုး ဖြစ်သည်။ အသားညိုညိုဖြင့် ပြုံးချိုသောမျက်နှာ ရှိသည်။ အဝတ်အစားသာမက အနေအထိုင်ပါ ရိုးစင်းသည့် သူ့ကို အမြဲလိုလို တွေ့ရတတ်သည်က တက်ထရွန်အင်္ကျီအဖြူနှင့်သာဖြစ်၏။ မျက်မှန်ထူထူအောက်တွင် အကင်းပါးသောမျက်လုံး တစ်စုံရှိသည်။ ပင်လယ်ပြင်၏ ပြန့်ပြူးငြိမ်သက်ခြင်းကိုကြည့်၍ ပင်လယ်ပြင်၏နက်ရှိုင်းခြင်းကို အကဲခတ်ရခက်သလိုပင် သူ့ကိုသာမန်ကြည့်လျှင် အထင်ကြီးစရာကို အလွယ်တကူ တွေ့နိုင်သောသူမဟုတ်။ သို့သော်



သူ့ကလောင်အမည်ကပင် အသိရခက်သော သဘောဆောင်နေတာ သတိထားမိကြမည် ထင်ပါသည်။

သူသည် စာအုပ်များကိုတော့ ထူးထူးခြားခြားပင် တပ်မက်စွဲငြိသူ ဖြစ်ကြောင်း၊ ကျွန်တော် စောစီးစွာကပင် ဂရုပြုမိခဲ့သည်။ ကျွန်တော့်အိမ်သို့ ဘယ်သူနှင့်ပါလာလာ၊ သူသည် စကားဝိုင်းတွင် ဖင်နွေးအောင်ပင် ထိုင်လေ့မရှိဘဲ ကျွန်တော့်စာအုပ်စင်များသို့သွားကာ ကြမ်းပြင်ပေါ်တွင် ဖင်ထိုင်ချရင်း သူနှစ်သက်ရာစာအုပ်များကို တစ်အုပ်ပြီးတစ်အုပ် ဆွဲယူကြည့်၍ ခေါင်းမဖော်ဘဲ မြည်းနေတတ်သူ ဖြစ်သည်။ လက်ဖက်ရည်ဆိုင်သွားရန် အားလုံးထကြသောအခါကျမှ သူ့ကို စာအုပ်စင်ရှေ့က မနည်းခေါ်ယူရလေ့ ရှိသည်။

သူ့ကို ထူးထူးခြားခြား ဂါရဝတရားရှိသူ၊ ကျေးဇူးသိသူအဖြစ်လည်း မဟေသီမဂ္ဂဇင်းအင်တာဗျူးတွင် တွေ့ရပြန်ပါသည်။ သူ စာပေလောက ဝင်ခွင့်ရဖို့အတွက် ရှေးဦးစွာ လမ်းခင်းပေးခဲ့သောသူများ၏ ကျေးဇူးကို မထိန်မချန် မမေ့မလျော့၊ ထုတ်ဖော်ပြောတာ ဖတ်လိုက်ရသည်။ ဒါကြောင့်ပင် တခြားသူများအပေါ် စေတနာထားတာ အင်မတန်တွေ့ရခဲ့သော ကျွန်တော့်သူငယ်ချင်း မြတ်သစ်ကြီးကပင်လျှင် သူ့အပေါ် ဂရုတစိုက် စေတနာထားတာတွေ့ရတော့ ကျွန်တော် မအံ့ဩလှတော့ပေ။ (သူ့အင်တာဗျူးတွင် ဦးလေးစိန်သန်းဟု ဂုဏ်ဖော် ပြောခဲ့ပါသည်။) နောက် . . . သူက အဘဟု ညွှန်းဆိုသော ဆရာဇော်ဇော်အောင်၊ နောက် သရဖူ

www.burmeseclassic.com

www.burmeseclassic.com



ဘာ ကျော်ငြိမ်းအေး၊ သူ့ကို ဝိုင်းဝန်းသူတွေက သူ့အပေါ် စေတနာထား စောင့်ရှောက်ရသော တတ်နိုင်ပါသည်။ တကယ့် မင်းခိုက်စိုးစန်ဖြစ်အောင် ထောင်ခဲ့သည်ကတော့ သူကိုယ်တိုင်ပင် ဖြစ်သည်။

(B)

ခေတ်တစ်ခေတ်ကစ၍ ရန်ကုန်တက္ကသိုလ်သည် ကျောင်းသား စာပေသမားများ၏ စုစည်းလှုပ်ရှားရာမှတ်တိုင်များ ဖြစ်ခဲ့သည်။ (၇၀) ခုနှစ်တစ်ဝိုက်တွင် လှုပ်ရှားခဲ့ကြသော ကိုငြိမ်းကျော်၊ အညာတမာ၊ ဒေါက် (ကလော)၊ မောင်ညီလတ် (သံလျက်စွန်း)၊ မောင်နု့သာ၊ အောင်သာ စသူတို့မှာ ယခု မရှိကြတော့။ ကွယ်လွန်ခဲ့ကြပြီ။ ဇော်ဇော် အောင်၊ မောင်ပန်းမွှေး (ထိုစဉ်ကဆရာများ) နှင့် မြတ်သစ်၊ မောင်သာနိုး၊ အောင်ပြည့်၊ မောင်မင်းယာဆိုသူတွေ ရှိသေးသော်လည်း တချို့က စာပေ လောကနှင့် ကင်းကွာနေကြပြီ။ နောက်တော့ နေဦးတို့၊ ကိုသက်တို့အုပ်စု (စာရေးဆရာများဖြစ်သော မောင်နေဝင်းနှင့် ခင်မောင်ထွေး(ပျဉ်းမနား) တို့၏သားများ ဖြစ်သည်။) သူတို့ထဲမှာ ကိုကိုထူးမှာ နောက်ပိုင်း ဒဂုန် မဂ္ဂဇင်းကို တာဝန်ခံ ထုတ်ဝေသူ ဖြစ်လာခဲ့၏။ တစ်ချိန်တည်းမှာပင် မောင်ပြည့်မင်း၊ ရာမ (ဘူမိ)၊ ရွှေမင်းသိမ်း၊ ကျော်ဝင်းမောင်တို့အုပ်စု နောက်တော့ ဆယ်စုနှစ် တစ်ခုကျော်ကျော်လောက် စာပေလှုပ်ရှားမှုတွေ



ရပ်တန့်ငြိမ်သက်ခဲ့၏။ ၁၉၉၀ ခုနှစ် နောက်ပိုင်းမှာတော့ အင်နှင့်အားနှင့် ပြန်လည်ပေါ်ထွန်းလာကြပြန်သည်။ မီးပုံထဲမှ ရှင်ပြန်ထမြောက်လာသော ဖီးနစ်ငှက်တစ်ကောင်လိုပင်၊ သူတို့ ထုတ်ဝေလိုက်သော ကဗျာ စာအုပ်ငယ်များမှာ တက္ကသိုလ် ပရိဝုဏ်များကိုကျော်ကာ ပြင်ပကမ္ဘာထိ ရိုက်ခတ်ခဲ့သည်။ အုပ်စုများစွာ ရှိသည့်အထဲတွင် ရာစုသစ်မြစ်ကျဉ်းသည် ခြေလှမ်းအသွက်ဆုံး၊ စုစည်းမှု အကောင်းဆုံးဟု ဆိုနိုင်သည်။ သူတို့ ထုတ်ဝေသော စာအုပ်ထဲတွင် မြန်မာပြည်အရပ်ရပ်ရှိ တက္ကသိုလ်ပေါင်း စုံမှ စာရေးသူတွေ တော်တော်စုံလင်စွာ ပါလေ့ရှိ၏။ ထို့ကြောင့် သူသည် မဂ္ဂဇင်းများတွင် ထင်ပေါ်မလာခင်ကတည်းက ခိုင်မာသောခြေလှမ်းများ ချကာ သူလျှောက်ရမည့်လမ်းကို ရဲဝံ့စွာ ရွေးချယ်ပြီးခဲ့သူဟု ကျွန်တော် မြင်ပါသည်။

"ဒီကောင်လေးကို မြန်မာကော်လင်းဝီလ်ဆင် ဖြစ်သွားမှာ စိုးတယ်" ဟု မကြာသေးမီက ကိုမြတ်သစ် ပြောခဲ့ပါသည်။ Qutsider စာအုပ်ကိုရေးသည့် ကောလင်းဝီလ်ဆင် ကမ္ဘာကျော်သွားခဲ့စဉ်က ယခု မင်းခိုက်စိုးစန်တို့လို အသက် (၂၅) နှစ်သားခန့်တွင် ဖြစ်ပါသည်။ ကိုမြတ်သစ်၏စေတနာမှာ စာပေသီအိုရီတွေ ကြားထဲမှာသာ နစ်မြုပ်သွား ပြီး ကိုယ်ပိုင်ဖန်တီးသော အနုပညာဘက်မှာ အားလျော့သွားမှာစိုး သည့်သဘောသာ ဖြစ်ပါသည်။ (ကောလင်းဝီလ်ဆင်သည် အယူအဆ ရေးရာစာအုပ်များတွင် အောင်မြင်သလောက် ကိုယ်ပိုင်ဝတ္ထုများ၌

www.burmeseclassic.com

www.burmeseclassic.com



မစွဲသူဖြစ်လေသည်။) ကျွန်တော်တို့က ကျွန်တော်တို့နှင့်ခင်သော လူငယ်များကို ရွှေသာ ဖြစ်ကြစေချင်ပါသည်။ မှတ်ကျောက် မဖြစ်ကြစေချင်ပါ။

သို့သော် ကိုယ်ထိုက်တို့အဖွဲ့က သူ့ဝတ္ထုတိုများကို ပေါင်းချုပ်ထုတ်ဝေမည်ဟု စုစည်းလိုက်သောအခါ အတော်အတန် အရေအတွက်ရှိသောဝတ္ထုများ ထွက်ပေါ်လာသဖြင့် အနုပညာဖန်တီးမှုဘက်၌လည်း သူ အားမလျော့ကြောင်းတွေ့ကာ ဖြေသိမ့်မိပါသည်။

ထိုဝတ္ထုတိုများတွင် သူကိုယ်တိုင်ရေးစဉ်က ကြိုက်သော်လည်း ယခုအခါ ကျေနပ်မှုမရှိသောဝတ္ထုတိုများလည်း ပါကောင်းပါနိုင်ပေမည်။ (ကျွန်တော်တို့ကိုယ်တိုင်ပင် ကိုယ်ရေးသောဝတ္ထု၊ ကဗျာများကို စုစည်းထုတ်ဝေရန် စီစဉ်သောအခါ ထိုဘဝင်မကျမှုမျိုးဖြင့် ကြုံလေ့ရှိ၏။) နှစ်ခြိုက်မြဲ၊ တန်ဖိုးထားမပျက်သောဝတ္ထုတိုများလည်း ပါကောင်းပါနိုင်ပေမည်။ ကျွန်တော့်အကြိုက် မကြိုက်ကို မပြောမီ သူ့ဝတ္ထုတိုများနှင့် ပတ်သက်၍ ကိန်းသေပြောနိုင်တာတစ်ခု ရှိပါသည်။ ယင်းမှာ သူ့ဝတ္ထုတိုများသည် အစဉ်အလာဝတ္ထုတိုများနှင့် ခပ်ရဲရဲလမ်းခွဲထွက်ကာ ဆန်းသစ်သော အတွေးများဖြင့် ပွင့်လင်းလျက်ရှိသည်ဆိုသော အချက်ပင် ဖြစ်၏။

(C)

သမိုင်းဆိုသော ဝေါဟာရကို လတ်တလောအသုံးပြုရန် အတန်ငယ် ကြီးကျယ်နေပါလိမ့်မည်။ သို့သော် ခေတ်ဆိုသော စကားလုံးများ



ဆက်စပ်ထူထဲမှု ရှည်လျားသည်ဟု မထင်ရသေးမီကာလမှာပင် လူမှုဆက်ဆံရေးအသစ်များ၊ စီးပွားရေး၊ နိုင်ငံရေးအသစ်များ၊ ယဉ်ကျေးမှုအသစ်များ၊ အတွေးအခေါ်နှင့် အနုပညာအသစ်များ မျက်ဝါးထင်ထင်ပေါ်ကာ ဖြစ်ပေါ်နေသည်ကို ငြင်းမရ။ (သို့သော် မျက်စိ မှိတ်ငြင်းပယ်နေသူများလည်း ရှိနေပါသည်။)

ယခုအခါ မော်ဒန်နှင့် ပို့စ်မော်ဒန်စာပေကို တာဝန်ကိုယ်စီဖြင့် အကြောက်အကန်ပြု စတင်ပုတ်ခတ်မှုတွေရှိနေရာ မင်းခိုက်စိုးစန်သည် မှတ်ကောင်းတစ်ခု ဖြစ်နေသည်ကို ဂုဏ်ယူစွာ တွေ့နေရလေသည်။

ကျွန်တော်သည် အဟောင်းနှင့်အသစ်၏ ပဋိပက္ခကို မယုံကြည်ပါ။ ကျွန်တော့်တွင် ကျွန်တော်ယုံကြည်ရာ (အသစ်)ကို တည်ဆောက်ရန် အခွင့်သာရှိ၍ အဟောင်းနှင့်လည်း ရန်ဖြစ်ရန်ရှိသည်ဟု ဘယ်တုန်းကမှ မယူဆခဲ့ပါ။ ငြိမ်းကာနီး ကောက်ရိုးမီးတောက်ဖြင့် သံရည်ကျိုရန် ကြိုးစား နေသူများကို တရားပြရန်လည်း စိတ်မဝင်စားပါ။ တဏှာ၊ မာန၊ ဒိဋ္ဌိ အဝိဇ္ဇာ ကိုယ့်လမ်းကိုယ် သွားကြရပါမည်။

ညီငယ် မင်းခိုက်စိုးစန်သည် ကိုယ့်လမ်းကိုယ်ရွေးကာ ပြတ်သားစွာ လျှောက်ခဲ့ပြီဟု တစ်ထစ်ချ ယူဆပါသည်။ အချိန်တိုတိုအတွင်း တွင်သင့်သလောက် တွင်ခဲ့သည်ဟုလည်း ထင်မြင်ပါသည်။ ရှေ့ဆက်လျှောက်မည့် သူ့စာပေခရီးကား ခက်ခဲကောင်း ခက်ခဲ၊ ကြမ်းတမ်းကောင်း ကြမ်းတမ်းနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ထိုခရီးကို ကောင်းစွာကျော်လွှားနိုင်သော ဇွဲ၊ လုံ့လ၊ ဘဏ်ရည်တွေ သူ့တွင် အပြည့်ရှိနေသည်ဟု သံသယ မရှိ။ ကျွန်တော် ယုံကြည်နေသဖြင့် သူ့အတွက် စိုးစဉ်းမျှပူပန်မှုမရှိကြောင်း နောက်ဆုံး ပြောကြားလိုပါသည်။

ချစ်ခင်လေးစားလျက်

သစ္စာနီ

(ဇန်နဝါရီ၊ ၁၉၉၈)



# ရောဂါပိုးမွှားများ

(ချယ်ရီ)

(၁)

နေရောင်ခြည်က အပျိုဘော်ဝင်စပဲ ရှိသေးရဲ့။ ပင်လယ်ကတော့ မှိုင်ငိုင်းမှာ စပိတစ်ရထားတဲ့ လူတစ်ယောက်ရဲ့မျက်နှာလို အတင်းကြီး ဆိတ်တည်တည်လုပ်ထားတယ်။ အုန်းပင်တွေ၊ ကျောက်ဆောင်တွေ ခပ်ကျဲကျဲရှိတဲ့ကျွန်းရဲ့ အရှေ့ဘက်ကမ်းခြေမှာတော့ သက်ရှိသဏ္ဌာန်တချို့ လှုပ်လှုပ်ရှားရှား ဖြစ်နေကြလေရဲ့။

ကျွန်းပေါ်နေကြသူတွေလေ. . .။

ပင်လယ်ဆီကို မျှော်နေကြတာ. . . ဟင့်အင်း. . . မဟုတ်ဘူး၊ ကျွန်းနဲ့မနီးမဝေးက ပင်လယ်ရေပြင်မှာ ကျောက်ချထားတဲ့သင်္ဘောကြီး တစ်စင်းဆီကို မျှော်ငေးနေကြတာ။ မျှော်နေကြသူတွေထဲက တချို့တလေ

www.burmeseclassic.com

www.burmeseclassic.com



ကလည်း ပင်လယ်ဖက် တစ်ချက်ကြည့်လိုက်၊ ကျွန်းပေါ်ကို တစ်ချက်ကြည့်လိုက်နဲ့ တစ်ခုခုကို စိတ်မရှည်လက်မရှည် အောင့်အည်းသည်းခံ စောင့်ဆိုင်းနေရပုံမျိုး။

ဒါပေါ့၊ ကျွန်းပေါ်နေသူတွေ အားလုံးနီးပါး ဟောဒီကမ်းခြေမှာလာပြီး စုဝေးနေကြရတာ နေရောင်ခြည် မတ်တတ်ပြေးတတ်စကတည်းက ကိုင်း. . . ကြာလှပြီကော။

ဟော. . . ပြောရင်းဆိုရင်း လာပြီ။ သူတို့ စောင့်ဆိုင်းနေရတဲ့သူလာပြီ။ လက်ထဲမှာ တစ်လံကျော်ရှည်လျားပြီး အပြောက်အမွှမ်းတွေနဲ့ တန်ဆာဆင်ထားတဲ့ ကျိုင်းလိုလို တုတ်ရှည်ကြီးကို ကိုင်လို့၊ ဝဲ၊ ယာ၊ ရှေ့၊ နောက်မှလည်း အခြံအရံအစုံအလင်နဲ့၊ လာနေပြီ။ ဟောဒီကျွန်းကို ပိုင်ဆိုင်အုပ်ချုပ်တဲ့ ပုဂ္ဂိုလ်ကြီးတွေ ကြွချီလာနေပြီ။ ကမ်းစပ်မှာရှိကြတဲ့ လူတွေအားလုံးရဲ့ဦးခေါင်းတွေ တညီတညာတည်း ရှေ့လျားသွားကြတယ်။ သူတို့ရဲ့လည်ပင်းရှည်ရှည်ကြီးတွေ ယိမ်းနွဲ့ညွတ်ကိုင်းကျသွားလိုက်တာများ စပါးခင်းကို လေပြည်ဝှေ့လို့ လှိုင်းတအိအိ ထသွားပုံမျိုး။ ကြည့်လို့ သိပ် ကောင်းတယ်။ မိဘတစ်ယောက်ကို သားသမီးတွေက ချစ်မြတ်ကြည်ညိုပုံမျိုးနဲ့ ကျွန်းပိုင်ကြီးကို အားလုံးကအရိုအသေ ပေးလိုက်ကြလေရဲ့။

ကျွန်းပိုင်ကြီးက အားလုံးကို ပြုံးပြီးနှုတ်ဆက်တယ်။ နောက် ကမ်းစပ်မှာသွားရပ်ပြီး ဟိုးကသင်္ဘောကြီးဆီကို ငေးကြည့်နေတယ်။



အကြာကြီးပဲ နောက်တော့မှ တစ်ခုခုကို ဆုံးဖြတ်လိုက်တဲ့ပုံမျိုး ဦးခေါင်းကို တဆတ်ဆတ်ညိတ်လိုက်ပြီး သူ့လက်ထဲကကျိုင်းကို မြှောက်မ၊ ဝှေ့ယမ်းပြလိုက်တော့တယ်။ သင်္ဘောကြီးဟာလည်း ဒီတော့မှ အသက်ဝင်လှုပ်ရှားလာတာကလား။ လှေတွေကို ချကြတယ်။ ဝန်စည်စလယ်တွေကို ချတယ်။ အများကြီးပဲ။

ဒီက စောင့်နေရသူတွေကတော့ တလှုပ်လှုပ်တရွရွကို ဖြစ်နေတော့တာ။ အာမေဋိတ်သံတွေ၊ တီးတိုးပြောသံတွေ. . . ရယ်သံတွေ. . .။

ဟော. . . လာနေကြပြီ။

ရှေ့ဆုံးကလှေပေါ်မှာတော့ သင်္ဘောရဲ့ဦးစီး ကပ္ပတိန်ကိုယ်တိုင်လိုက်လာပုံရတယ်။ အလ်တွေဘာတွေ လွှင့်လို့၊ ဟုတ်တယ်၊ ထင်တဲ့အတိုင်းပဲ။ ကမ်းစပ်မှာ လှေတွေဆိုက်တော့ အဲဒီရှေ့ဆုံးလှေပေါ်က ကပ္ပတိန်ဆင်းလာပြီး ကျွန်းပိုင်ကြီးကို ဒူးထောက်အရိုအသေပေးတယ်။ ဒါပေမဲ့ ကျွန်းပိုင်ကြီးက ပြုံးပြီး

"အို. . . နေပါ. . . နေပါ၊ သက်တောင့်သက်သာ နေပါ၊ ဒူးထောက်စရာ မလိုပါဘူး၊ ကျုပ်တို့ဆီမှာတော့ တစ်ယောက်နဲ့တစ်ယောက် ဒူးထောက်ရတဲ့ ဓလေ့ထုံးစံ မရှိဘူးခင်ဗျ၊ စိတ်ထဲက တကယ်လေးစားတယ်ဆိုရင် ပြီးတာပါပဲ"

သင်္ဘောကပ္ပတိန်က ထရပ်ပြီး ကျေးဇူးတင် စကားပြောတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဟင့်အင်း. . . ပြောရိုးပြောစဉ်ပုံစံမျိုး ဘယ်ဟုတ်မလဲ။ ကျွန်းပိုင်ကြီးကို 'အရှင်ကြီး'တွေ ဘာတွေ တပ်ခေါ်တာ။ ကျွန်းပိုင်ကြီးကတော့ ဒီငတိ အနေမကျံ့စေချင်လို့ ထင်ပါရဲ့။ ဘာမှ ထွေထွေထူးထူး ပြောမနေတော့ဘူး။ ပြုံးရုံ ပြုံးနေတယ်။

နောက်တော့ သူတို့မှာပါလာတဲ့ ငနိစည်စလယ်တွေကိုချ၊ ဝိုင်းသယ်တဲ့လူကသယ်နဲ့ ကျွန်းပေါ်ကို ပြန်တက်ခဲ့ကြတော့တယ်။ ကျွန်းပိုင်ကြီးက ကပ္ပတိန်ရဲ့ပခုံးကိုဖက်ပြီး သူနေတဲ့ဂေဟာဆီ ခေါ်သွားရဲ့၊ လမ်းလျှောက်ရင်း အလ္လာပသလ္လာပ ပြောသွားကြတာပေါ့လေ။

"ခင်ဗျားတို့ ဘယ်က လာခဲ့တာတုန်း"

"ကျွန်တော်တို့နေထိုင်တဲ့ ဂြိုဟ်ရဲ့အမည်က လေးဘာ့စ်ဂြိုဟ်လို့ ခေါ်ပါတယ် အရှင်ကြီး၊ အရှင်ကြီးတို့ရဲ့ ကမ္ဘာဂြိုဟ်နဲ့ နေစကြာဝဠာ မိသားစုတစ်စုထဲမှာ အတူအပါအဝင်ပါပဲ"

ကျွန်းပိုင်ကြီးက ခေါင်းကို တဆတ်ဆတ်ညိတ်ရင်း. . .

"ဪ. . . အခုလာရင်းကိစ္စကကော အလည်သက်သက်ပဲလား"

"ဟုတ်ကဲ့ခင်ဗျ၊ အလည်အပတ်ဆိုတာထက် မိတ်ဆွေဖွဲ့ ရုံးစမ်းလေ့လာဖို့ဆိုရင် ပိုမှန်ပါလိမ့်မယ်၊ အဆင်ပြေရင် အချင်းချင်း ကုန်စည်ဖလှယ်ပြီး အရှည်သဖြင့် နီးနှောဆက်ဆံသွားဖို့ပါ ခင်ဗျ"

ကျွန်းပိုင်ကြီးရဲ့ အိမ်ဂေဟာရှေ့မှာ အားလုံးဝိုင်းဖွဲ့ ထိုင်လိုက်ကြတယ်။ သင်္ဘောကပ္ပတိန်က သူ့လူတွေကို ဘာသာစကားတစ်မျိုး



အမိန့်ပေးလိုက်တော့ သင်္ဘောသားတွေက သူတို့ထမ်းယူလာတဲ့ သေတ္တာကြီးတွေဖွင့်ပြီး အထဲကပစ္စည်းတွေကို ထုတ်၊ မြက်ခင်းပေါ် စီတန်းချပြပါလေရော. . .။

အားပါး. . . ကောင်းလိုက်တဲ့ ပစ္စည်းတွေ။ ဒီကျွန်းကဟာတွေနဲ့တော့ ဘာမှမဆိုင်ပဲကိုး။ အထည်အလိပ်တွေ၊ ကျောက်သံပတ္တမြားတွေ၊ ဆန်းဆန်းပြားပြား အသုံးအဆောင်တွေ၊ အမွှေးနံ့သာတွေ. . .။ ဪ. . . ကော်ဇောလို၊ ထိုင်ခုံလို အိမ်သုံးပစ္စည်းတွေတောင်မှ ပါသေးရဲ့။

ကျွန်းသူကျွန်းသားတွေကတော့ အသက်ရှူဖို့ မေ့နေကြတဲ့ပုံမျိုး။ မျက်လုံးတွေ ပြူးကျယ်ဝိုင်းစက်လို့. . .။ ပစ္စည်းတစ်ခုခုကို ဆွဲထုတ်ပြလိုက်ပလားဆိုရင် တန်ခိုးဣဒ္ဓိပတ်ပြနေတဲ့ မှော်ဆရာတစ်ယောက်ရဲ့ ပွဲပကားကို ကလေးတွေက တအံ့တဩ ငေးကြည့်သလိုမျိုး. . .။

ကျွန်းပိုင်ကြီးကိုယ်တိုင်လည်း အမည်ဖော်ရခက်တဲ့ ခံစားမှုတစ်ခုနဲ့၊ တည်ငြိမ်သယောင် ဟန်ဆောင်နေပုံက မပီရိလိုက်တာ၊ ခေါင်းကိုဆတ်ဆတ်ညိတ်လို့။ ဘာမှတော့ မပြောဘူး။ အဲ. . . နောက်ဆုံး သေတ္တာကိုလည်း ဖွင့်လိုက်ရော ဘာမှနှိုက်မထုတ်ရသေးခင်မှာ အထဲက သတ္တဝါငါးကောင် ပြုန်းခနဲ ခုန်ထွက်လာလေရဲ့။ သေးသေးလေးတွေပါ။ အမြီးက ရှည်ရှည်သွယ်သွယ်၊ မည်းနက်တောက်ပြောင်နေတဲ့မျက်လုံးအစုံက ပြူးထွက်လို့။

လှေကျင့်ထားသလား အောက်မေ့ရတယ်၊ တကယ်ပဲ အဲဒီ

www.burmeseclassic.com

www.burmeseclassic.com



အကောင်လေးတွေဟာ မြေပေါ်ကို ဖုတ်ခနဲကျတာနဲ့ တစ်ပြိုင်နက် လှစ်ခနဲလှစ်ခနဲ လူတွေကြားထဲက ထိုးထွက်ပြီး အိမ်တွေဆီ ပြေးဝင်သွားတယ်။

စက္ကန့်ပိုင်းလောက်ပဲ ကြာတယ် ထင်လိုက်ရရဲ့။ ဟော. . . ခုန်ထွက်လာတာ မြင်လိုက်ရတယ်။ ဟော. . . ပျောက်သွားပြီ။ ဒါပဲ။

ဒါပေမယ့် ကျွန်းပိုင်ကြီးကတော့ အဲဒါကို သေသေချာချာ သတိထားလိုက်တာဆိုတော့ ရင်ထဲမှာထင့်ခနဲ၊ ဟုတ်တယ်. . . တစ်မျိုးကြီးပဲ ခံစားရတယ်။

**မကြိုက်ဘူး. . . မကြိုက်ဘူး။ အဲဒီသတ္တဝါရဲ့သွားတွေကို မကြိုက်ဘူး. . .။**

"ဟော့. . . ဟော့ အဲဒါ ဘာကောင်လဲ၊ ဟော. . . ပြေးသွားပြီ လိုက်ဖမ်းလေကွာ"

ကပ္ပတိန်က နားမလည်သလို ကြောင်တောင်တောင် အမူအရာနဲ့. . .

"ခင်ဗျာ. . . ဗျာ၊ ဩော်. . . မစိုးရိမ်ပါနဲ့ အရှင်ကြီး၊ အဲဒါ ကြွက်လို့ ခေါ်ပါတယ်၊ ကျွန်တော်တို့ ဗြိုဟ်ပေါ်မှာနေတဲ့ ကြွက်လို့ခေါ်ပါတယ်။အင်း. . . ဒီလိုပဲလေ၊ ဒီကောင်တွေက ဟိုနားဒီနား ကပ်ငြိပြီး တတ်တာမျိုး၊ အခုလဲ ဒီသေတ္တာထဲ ဘယ့်နှယ်လုပ် ပါလာသလဲ မသိဘူး ထားပါတော့လေ၊ ကဲ. . . အရှင်ကြီး ရှုစားပါဦး။ ဟောဒီအထည်တွေကိုကော နှစ်သက်ပါရဲ့လား"



အားလုံးရဲ့အာရုံဟာ သေတ္တာတွေထဲက အထည်အလိပ်တွေဆီကို ပြန်ရောက်သွားပြန်ရော။ စကားဝိုင်းက ပြန်ပြီးစိုပြည်လာတယ်။

ကပ္ပတိန်က သူ့မှာပါလာတဲ့ ပစ္စည်းတွေအားလုံး ကျွန်းပိုင်ကြီးနဲ့တကွ ကျွန်းပေါ်ကလူတွေအတွက် လက်ဆောင်ပေးပါတယ်လို့လည်း ဆိုလိုက်ရော လက်ခုပ်တီးလိုက်ကြတာ ဆိုတာလေ။ ဘာပြောကောင်းမလဲ. . .။ လှိုင်းတွေ ကွဲကြေသွားသလိုမျိုး။ ဟုတ်တယ်။ ပြန်ကာနီးမှာတော့ ကပ္ပတိန်က မေးသွားသေးရဲ့။

"အရှင်ကြီးတို့ကျွန်းပေါ်မှာရော ဘာပစ္စည်းတွေများ ပေါ်ပါသလဲခင်ဗျာ" တဲ့။

ကျွန်းပိုင်ကြီးက ပြုံးတယ်။ ဖြေတော့လည်း တစ်ခွန်းတည်း၊ တိုတိုပဲ။

"မေတ္တာ. . ."

သူတို့ ပြန်သွားတော့ ကျွန်းသားတွေ ပျော်ပြီးကျန်ရစ်တယ်။

(၂)

မိကောင်းဖခင်မိုးတိမ်တွေ ပင်လယ်ပေါ်မှာ မရှိကြတော့ဘူး၊ ကြောခင် မှန်တိုင်း ကျတော့မယ်။ အင်း. . . ဘယ်လို ပြောရမလဲ၊ သိပ်လှတယ်။ ဟုတ်တယ်၊ သိပ်လှတယ်။

× × ×

www.burmeseclassic.com

www.burmeseclassic.com



"ကြွက်"

အစကတော့ အကြောင်းမသိသေးခင်မို့ ချစ်စရာအကောင်ကလေးလို့ အောက်မေ့မိပါတယ်။

အခုမှ. . . ခက်တော့တာပဲ။

စားစရာသောက်စရာမှန်သမျှကို ကိုက်ဖဲ့ဖျက်ဆီး၊ အဝတ်အစားတွေဆိုတာ တကဲတည်း စုတ်ပြတ်မွရရာကြရော၊ အိမ်တွေမှာဆိုလည်း ထရံတစ်ချပ်မှ အကောင်းမရှိတော့ဘူး။ ကိုင်း. . . ဘာကျန်သေးသလဲ။ ပြီးရော။

တစ်ကျွန်းလုံး ပွက်ပွက်ဆူလိုက်သမှ၊ ဒီနေရာမှာ ကျွန်းပိုင်ကြီးကလည်း ဘာတတ်နိုင်မှာတဲ့တုန်း။ ကြာလေခက်လေတော့ ဖြစ်ရော မယ်။ ကြွက်ဦးရေ တိုးပွားနှုန်းကလည်း ကြောက်ခမန်းလိလိကိုး။

"ဟိုကောင်တွေဆီက ပါလာတဲ့ပြဿနာ ဟိုကောင်တွေ ထပ်လာမှပဲ ရှင်းနိုင်းရတော့မယ်"

ကျွန်းပိုင်ကြီးကတော့ ခပ်တိုးတိုး ညည်းရှာသား။

အင်း. . . ဒါပေမဲ့ ဟိုကောင်တွေက ဘယ်တော့ လာမှာတဲ့တုန်း။ ကဲ. . .။

× × ×



(၃)

ထမိရင်လျားနဲ့ အပျိုမလေးတွေလို လှုပနေလိုက်ပုံများ သဲမြေထဲ တစ်ဝက်မြုပ်ဝင်နေတဲ့ ကျောက်ဆောင်တွေလေ။

လှိုင်းတွေ. . . လှိုင်းတွေ ကော့ခွက်ဝင်သွားလိုက်၊ ကုန်းရုန်းထလာလိုက်နဲ့၊ ကချေသည် ဆန်နေပြန်သေးရဲ့။ ဒါပေမဲ့ ကျွန်းသူကျွန်းသားတွေ အားလုံးရော၊ ကျွန်းပိုင်ကြီးရော အဲဒါတွေအားလုံးကို အရသာ မခံနိုင်ကြပါဘူး။ ဟိုး. . . ရေပြင်မှာ ကျောက်ချထားတဲ့ သင်္ဘောကြီးနဲ့ အဲဒီကနေ ကျွန်းဆီကို တရွေ့ရွေ့လှော်ကပ်လာနေတဲ့ လှေငယ်တွေဆီကိုပဲ အကြည့်တွေနဲ့ တအားလွဲလွဲပြီး ပစ်ပေါက်နေတော့တယ်။ သူတို့ ဒုတိယအကြိမ် လာကြပြန်ပြီကော။

× × ×

ဒီတစ်ခါတော့ ပဋိသန္ဓာရစကားတွေ ဘာတွေ ဆိုမနေတော့ဘူး။ ဘမ်းပေါ် တက်တက်ချင်းပဲ ကျွန်းပိုင်ကြီးက ဆီးပြောတယ်။

"ကိုင်း. . . မိတ်ဆွေတို့ရေ၊ ခင်ဗျားတို့ပဲ ရှင်းပေတော့"

ကပ္ပတိန် ငိုင်သွားတယ်။ ဘာများဖြစ်လို့ပါလိမ့် ပေါ့လေ။ နောက်တော့မှ ကြွက်ပြဿနာမှန်းလဲသိရော တဟားဟား ရယ်တော့တာပဲ။ ပြီး. . .

www.burmeseclassic.com

www.burmeseclassic.com



"အခုမှတော့ တစ်ကောင်ချင်းစီ လိုက်ဖမ်းလို့လည်း မရတော့ဘူး၊ အကောင်ပေါင်း ထောင်သောင်းချီပြီး ပွားနေရောပေါ့၊ ဒါပေမဲ့ စိတ်မပူပါနဲ့ အရှင်ကြီး အဲဒီကြွက်တွေကို နှိမ်နင်းနိုင်တဲ့အကောင် တစ်မျိုး ကျွန်တော်တို့ဆီမှာ ပါလာပါတယ်"

ကပ္ပတိန်က သူ့သားငယ်တစ်ယောက်ကို သင်္ဘောဆီပြန်လွှတ်ပြီး အဲဒီအကောင်ကို ကျွန်းပေါ် ယူလာခဲ့ဖို့ ခိုင်းလိုက်တယ်၊ ပြန်လာတော့ အဲဒီ သင်္ဘောသားဆီမှာ ခပ်ရွယ်ရွယ်သတ္တဝါလေး ဆယ်ကောင် ဆယ့်ငါး ကောင်လောက် ပါလာလေရဲ့၊ ဟို ကြွက်ဆိုတဲ့ အကောင်လိုပဲ၊ ဒီသတ္တဝါတွေလဲ ခြေလေးချောင်းနဲ့ပဲ၊ ဒါပေမဲ့ ဒီအကောင်တွေက ပိုကြီးတယ်။ အမြီးကလည်း လုံးလုံးတုတ်တုတ်နဲ့။ ခြေသည်းတွေဆိုတာ ချွန်မြနေတာပဲ။

"ဒါ 'ကြောင်'ဆိုတဲ့ အကောင်တွေပါ အရှင်ကြီး၊ ဒီကောင်တွေကို ဒီ ကျွန်းပေါ်မှာ မွေးထားလိုက်ပါ။ ကြွက်တွေ အကုန်ရှင်းသွားပါလိမ့်မယ်"

ကျွန်းပိုင်ကြီးကတော့ မှုန်ကုပ်ကုပ်မျက်နှာထားကြီးနဲ့ စကားလည်း တစ်လုံးမှ မဟတော့ဘူး။ စိတ်ထဲမှာ အတော် အောင့်သီးအောင့်သက် ဖြစ်နေတာ အသိသာကြီး။

မကြိုက်ဘူး. . . မကြိုက်ဘူး၊ အဲဒီသတ္တဝါရဲ့ခြေသည်းတွေကို လုံးဝမကြိုက်ဘူး၊



ဟိုကြိုဟ်ဆိုးကောင် ကပ္ပတိန်က ပြန်ကာနီးမှာ ပြောသွားသေးရဲ့။

"ကျွန်တော်တို့ နောက်တစ်ခေါက်ထပ်လာပြီး အခြေအနေ ကြည့်ပါဦးမယ် အရှင်ကြီး"

× × ×

(၄)

မုန်တိုင်းက သီချင်းဆိုတတ်တယ်။

သီချင်းဆိုတာမျိုးကလည်း သိတဲ့အတိုင်းပဲလေ။ အပျိုးဘိုးလုံး (Intro) တွေ၊ ခြေဆင်းတွေမှာဆို နှလုံးသားထဲကို အပ်ဖျားကလေး ရှရှဖိမြုပ်လိုက်သလိုမျိုး တစိမ့်စိမ့်နဲ့ တိုးဝင်စူးနစ်စေသလောက် ဟော CHO ခေါရပ်စ် ခေါ်ရပ်စ်လို့ခေါ်တဲ့ သံပြိုင်ပုဒ်လည်း ရောက်ရော ဝုန်းခနဲ ထိုးဆောင့်သွင်းပစ်လိုက်တာ. . . အား!!!။

ဒါတင် ဘယ်ကဦးမှာလဲ။

မုန်တိုင်းက ဘောလုံးလည်း ကန်တတ်တယ်။

အခုတော့ မုန်တိုင်းဖက်က ပယ်နယ်တီတစ်လုံး ကန်သွင်းခွင့် ရသွားပြီ။

× × ×

www.burmeseclassic.com

www.burmeseclassic.com



(၅)

ဟောဒီ တတိယအခေါက်မှာတော့ ပွဲကကြမ်းပြီ။

ကပ္ပတိန်ကတော့ ခြေခါခါလက်ခါခါနဲ့ အကြောက်အကန် ခေါင်းပန်ရှာရဲ့။ ခြော်. . . ကျွန်းပိုင်ကြီးလား။ ဘယ့်နှယ်ပြောနေပါ ဇဒိမ့်။ ရှုံးရှုံးရှားရှားနဲ့ ဒေါသထွက်နေလိုက်တာဗျာ။ ကြိမ်းမောင်းတဲ့ စကားသံတွေဟာ လျှင်ဆန်နေတော့တာပဲ။

"ဟော့ကောင်. . . သွား. . . သွား။ မင်းအကောင်တွေ အကုန်ပြန် ယူသွားတော့၊ ပထမတစ်ကောင်ကို ဆိုးလှပြီမှတ်နေတာ၊ ဟင်း. . . နောက်အကောင်ရော ဘာထူးလို့လဲ၊ ရောက်ခါစက ကြွက်ကို သတ်တော့ သတ်စားပါရဲ့။ ဒါပေမဲ့ မီးဖိုချောင်ထဲက အစားအသောက်လည်းတွေ့ ရော ကြွက်ကို အပင်ပန်းခံ သတ်မစားတော့ဘူး၊ မီးဖိုချောင်ကဟာကိုပဲ ခိုးစားဖို့ ချောင်းနေတော့တယ်၊ တောက် ! ဟင်း 'ကြောင်' ဟုတ်လား နာမည် ကိုက ကျက်သရေ မရှိဘူး၊ ကြောင်ချေးစော်ကလည်း နံလိုက် တာ မပြောပါနဲ့တော့၊ ဒီကြားထဲ ကြွက်ဖမ်းရင်း ဝုန်းဝုန်းဒိုင်းဒိုင်း ပြေး သွားဘိုက်မိလို့ ငါတို့ ဘိုးခွက်ပန်းကန်တွေ ပစ္စည်းပစ္စယတွေ ကျကွဲ ပျက်စီး၊ ဟင်း. . . တစ်ခုမှ ရစရာမရှိတော့ဘူး၊ ဒီမယ် ဟော့ကောင်. . ."

"ဗျာ. . . ခင်ဗျာ. . . အရှင်ကြီး"

"မင်းခေါ်လာတဲ့အကောင်တွေ မင်း အကုန်လိုက်ဖမ်း၊ အကုန်



အကုန်၊ ကြွက်တွေရော ကြောင်တွေရော၊ တစ်ကောင်မှ မကျွန်စေနဲ့၊ ပြီးရင် မင်းတို့လည်း ပြန်ကြ၊ နောက် ဘယ်တော့မှ ကမ္ဘာမြေကို မလာကြ နဲ့တော့. . . သွား"

ကပ္ပတိန်ကတော့ အရမ်းကို တုန်လှုပ်ချောက်ချားနေလေရဲ့။

"မဖြစ်နိုင်. . . မဖြစ်နိုင်ပါ အရှင်ကြီး၊ ငဲ့ညှာပါဦး"

ဟုတ်တော့လည်း ဟုတ်တယ်၊ မျိုးပွားချင်တိုင်းပွားပြီး ဘယ်နှစ် ကောင် ရှိနေပြီမှန်းတောင် ခန့်မှန်းလို့မရနိုင်တော့တဲ့ သတ္တဝါတွေ၊ နောက်ပြီး တစ်ကျွန်းလုံးက ကြပ်ကြပ်မတ်မတ် ဝိုင်းနှိမ်နင်းနေတာ တောင်မှ မနိုင်တာ၊ ဒီကပ္ပတိန်နဲ့ သင်္ဘောသားလေး အယောက်ငါးဆယ် လောက်က ဘာတတ်နိုင်မှာတဲ့လဲ။

အဲဒီမှာ ကပ္ပတိန်က. . .

"နောက်ဆုံးအကြိမ်အဖြစ် ကြိုးစားကြည့်ပါရစေဦး အရှင်ကြီး၊ ကျွန်တော်မျိုးတို့မှာ နောက်ထပ်သတ္တဝါတစ်မျိုး ပါလာပါသေးတယ်၊ အဲ . . . အဲဒီအကောင်ကတော့ ကြွက်ကောကြောင်ကော နှစ်မျိုးလုံးကို အပြတ်အသတ် နှိမ်နင်းနိုင်ပါလိမ့်မယ် အရှင်ကြီး"

သက်ပြင်းချသံ ထွက်လာတယ်။ ကျွန်းပိုင်ကြီးဆီကပေါ့။ ဟုတ် တယ်။ ဘယ်လိုမှ ကြံမဆယ်နိုင်တော့ဘူးလေ။ အင်း. . . ဒါပေမယ့် ဒါပေမယ့် ဘာတတ်နိုင်မှာတဲ့လဲ။ ကဲ. . . ပြော ဘာတတ်နိုင်မှာတဲ့လဲ။

ဒီအခြေအနေရောက်မှတော့ ခွင့်ပြုလိုက်ဖို့ပဲ ရှိတော့တာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



ကပ္ပတိန်က သင်္ဘောပေါ်က သတ္တဝါနှစ်ကောင်ကိုခေါ်လာပြီး ကျွန်းပိုင်ကြီးရှေ့မှာ ကြိုးဖြေလွှတ်ပေးလိုက်တယ်။ အဖိုနဲ့အမ ဖြစ်ပုံရရဲ့။ အဲ ထူးခြားတာက ဒီသတ္တဝါနှစ်ကောင်ဟာ ကြွက်တွေကြောင်တွေလို လှစ်ခနဲ လှုံ့စ်ခနဲ ခုန်ပေါက်ပြေးလွှား မနေပါဘူး။ ခပ်ငြိမ်ငြိမ်၊ ခပ်တည်တည်ပဲ။ ကျွန်းပိုင်ကြီးကို စိုက်ကြည့်နေတယ်။ ပြီးမှ တောအုပ်ထဲကို တဖြည်းဖြည်းချင်း ဝင်သွားတယ်။ အင်း. . . လမ်းသွားတော့လည်း ဟိုအကောင်တွေလို ခြေလေးဘက်စလုံးနဲ့ မသွားဘူး။ ရှေ့ခြေနှစ်ချောင်းကို မြှောက်ထားပြီး နောက် ခြေနှစ်ချောင်းနဲ့ပဲ လမ်းလျှောက်တာ။

ဟင်း !!! ကျွန်းပိုင်ကြီးရင်ထဲမှာ အော်ဂလီဆန်သလိုမျိုး ပျို့တက်လာလေရဲ့။

**မကြိုက်ဘူး. . . မကြိုက်ဘူး၊ ဒီသတ္တဝါတွေရဲ့ မျက်လုံးအကြည့်ကို မကြိုက်ဘူး။**

ကပ္ပတိန် ဝင်ပြောလိုက်တဲ့ စကားက. . .

"အရှင်ကြီး၊ ဒီသတ္တဝါတွေရဲ့အမည်ကိုတော့ 'လူ'လို့ ခေါ်ပါတယ်"

× × ×

(၆)

အဲဒီညမှာ ကမ္ဘာမြေဟာ စုန်းမအိုကြီးတစ်ယောက်ရဲ့ ကျောကုန်းမွဲခြောက်ခြောက်နဲ့ တူနေတယ်။ စုန်းမကြီးရဲ့ အဝတ်တွေကို လေတိုးသံ



လိုမျိုး၊ ပင်လယ်လေကလည်း တဖျပ်ဖျပ်လှုပ်ခတ်လို့။ ညှီစို့စို့အနံ့တွေ ထွက်ပွက်ထနေတယ်။

ဟော. . . ဟိုမှာ ကြည့်စမ်း၊ တလက်လက်နဲ့ ကမ္ဘာမြေဆီကို ချဉ်းကပ်လာတာ ဘာလဲ?

ဟုတ်တယ်၊ အဲဒါ မုန်တိုင်းရဲ့မျက်စိ ဖြစ်တယ်။ တစ်ညလုံး ကျွန်းပိုင်ကြီး အိပ်မပျော်ပါဘူး၊ သက်ပြင်းမောကြီးတွေကို တဟည်းဟည်းချလို့၊ ညှီလျှားလှတဲ့ သူ့ရဲ့လည်ပင်းကြီးကို တဆတ်ဆတ်ညိတ်လို့၊ သူ တွေးရင်းအသက်ရှူ ကျပ်သထက် ကျပ်လာလေရဲ့။

မနက် မိုးစင်စင်လင်းတော့ တစ်ရေးမှမအိပ်ရသေးတဲ့ ကျွန်းပိုင်ကြီးဟာ ဆုံးဖြတ်ချက်တစ်ခု ချလိုက်ပါတယ်။

ပြီးတော့ ကျွန်းသူကျွန်းသားတွေ အားလုံးကိုခေါ်၊ ပိုင်ဆိုင်သမျှ ပစ္စည်းတွေအားလုံးကို သင်္ဘောတွေပေါ် တင်ခိုင်းပြီး နေထိုင်စရာ တခြား ဂြိုဟ်သစ်တစ်ခုခုကိုရှာဖို့ ရွက်လွှင့်ထွက်ခွာသွားကြပါတော့တယ်။

ကိုင်း. . . နေရစ်ခဲ့တော့ ကမ္ဘာမြေ. . .ရေ။ (အင်းပေါ့ လည်ပင်းရှည်ရှည်နဲ့ ဂြိုဟ်သားတွေ စွန့်ခွာထားရစ်ခဲ့တဲ့ ကမ္ဘာမြေမှာတော့ ကြွက်တွေရယ်၊ ကြောင်တွေရယ်၊ ပြီးတော့ လူရယ်ပဲ ကျန်ရစ်ခဲ့လေရဲ့)

× × ×

www.burmeseclassic.com

www.burmeseclassic.com



(၇)

ဒီဇာတ်လမ်းဟာ (သမိုင်းစာအုပ်တွေ၊ ဒဏ္ဍာရီစာအုပ်တွေမှာ မပါ သေးတဲ့ 'ကမ္ဘာမြေပေါ်ကို လူတွေ ဘယ်လိုဘယ်ပုံ စတင်ရောက်ရှိလာ ရတယ်' ဆိုတဲ့ အကြောင်းပါပဲလို့ ကျွန်တော်ပြောရင် ခင်ဗျားတို့အနေနဲ့ ရယ်စရာတစ်ခုသက်သက်လို့ပဲ သဘောထားစေချင်ပါတယ်။

❑



# ကမ်းခြေ

(ရွှေဝတ်ရည်)

မုန်တိုင်း၏မျက်နှာကျက်သည် ညိုင်းစိုင်းကြမ်းတမ်းစွာ ပြိုကျလာ၏၊ ပင်လယ်သည် စစ်ပွဲတစ်ခုကို ဖန်ဆင်းရန် တံပိုးခရာမှုတ်လိုက်ပြီ ဖြစ်သည်။ ကောင်းကင်တွင် . . . သွေးတွေ . . . သွေးတွေ၊ နက်ရှိုင်းစွာ ငြိမ်ရဲ့နေကြသည်။ ဒေါ်ရာရနေသော ပင်လယ်၏ အာခေါင်ကိုခြစ်ကာ နာနာကျည်းကျည်း အော်ဟစ်လိုက်သံကို ကြားရ၏။

စက်လှေကလေးကို ပွေ့ချီထားသော လှိုင်းလုံးသည် ဖြုန်းခနဲ ကောင်းကင်ကို ခုန်၍တိုက်သည်။ အမြင့်ဆုံးသို့အရောက်တွင် ပွေ့ချီထား သော စက်လှေကို စုံကိုင်၍ အောက်သို့ စိတ်ရှိလက်ရှိ ပစ်ချလိုက် သွား၏။

www.burmeseclassic.com

www.burmeseclassic.com



ပင်လယ်ချိုင့်ခွက်ထဲ စက်လှေ နစ်ဝင်အသွား နောက်ထပ် လှိုင်းတစ်လုံးက ကြက်ဥအခွံတစ်ခုကို ထုချေလိုက်သလို စက်လှေကလေး၏ နံရံအား ကြမ်းကြုတ်ပြင်းထန်စွာ ရိုက်ချိုးချလိုက်ပြန်တော့၏။

"ခင်လေး၊ ဘာ ငိုင်နေတာလဲ၊ လာ. . . လာ ဒီကိုလာ၊ လုပ်လေ မြန်မြန်"

အသက်ကယ်လှေတစ်စင်းကို တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ထားရင်း အော်ဟစ်နေသည့်ချစ်သူကို တစ်ချက် လှမ်းကြည့်ဖြစ်သည်။ နောက် . . . စောစောက စက်လှေဝမ်းထဲမှ သူမ သယ်ထုတ်လာခဲ့သည့် ရေချိုပုံးနှစ်ပုံးနှင့် ဘီစကွတ်မုန့်ထုပ်များကို ပလတ်စတစ်အိတ်ထဲထည့်ကာ စုချည်ပြီး လှေဝမ်းထဲ ထည့်လိုက်၏။ ထိုအခါကျမှ သူမ၏ချစ်သူက တစ်စုံတစ်ရာကို သတိရသွားဟန်ဖြင့်. . .

"ခင်လေး. . . လှေကိုင်ထား ခဏ"

ဟု ပြောပြီး ကေဘင်ခန်းထဲဆီသို့ တုန်လှုပ်စွာပြေးသည်။ ဝုန်းခနဲ ဝုန်းခနဲ ဖြတ်ရိုက်ချလိုက်သော လှိုင်းဘီလူး၏ လက်ဝါးကြမ်းကြမ်းအောက်တွင် နှစ်ကြိမ်ခန့်လဲကျပြီးမှ အခန်းထဲရောက်သွားသည်ကို သူမမြင်ရ၏။ သူပြန်ထွက်လာသောအခါ လက်ထဲတွင် လှမ်းညွှန်သံလိုက်အိမ်မြှောင်တစ်လုံး ပါလာသည်။

"ဆရာ. . . ရော့. . . ဒါလေးပါ ယူသွား"

စက်ခန်းအလုပ်သမားတစ်ဦးက သူမတို့နှစ်ဦးနှင့် လက်တစ်ကမ်း



အကွာအထိ အရောက်လာနိုင်ရန် ကုန်းပတ်ပေါ်တွင် ပင်ပန်းကြီးစွာဖြင့် ခဲယဉ်းယဉ်း တရွေ့ရွေ့ကြိုးစားရင်းက အော်ပြော၏။

လှိုင်းတွေက တဝုန်းဝုန်း။

သူမ၏ချစ်သူက လှေကားသံတန်းကို လက်မောင်းကွေးတစ်ဖက်ဖြင့် မြဲမြဲချိတ်ထားရင်း ခန္ဓာကိုယ်ကိုဝပ်ချကာ ထိုအလုပ်သမားလှမ်းပေးသော ပစ္စည်းကို ယူလိုက်သည်။ ဓားမြှောင်တစ်ချောင်း။

ထိုအလုပ်သမားက ဓားမြှောင်ကိုလှမ်းပေးရင်း. . .

"ဆရာတို့ လှေနဲ့ဆင်းကြတော့၊ ပြီးမှ ကျွန်တော်တို့ နောက်တစ်စင်းနဲ့ လိုက်ခဲ့မယ်၊ သုံးယောက်ပဲ ကျန်တော့တယ် ဆရာ၊ ထွန်းလင်းဦးနဲ့ ဖော်မော် ရေထဲကျသွားပြီ"

သူမ၏ချစ်သူဆီက မပီမသဆဲလိုက်သံကို ကြားရသည်။ နောက် သူမဘက်သို့ လှည့်ကာ. . .

"ဟာ !!! ခင်လေး လုပ်လေ၊ ဘာငိုင်နေတာလဲ၊ တောက် !!! အရေးထဲမှာ မင်းကလဲ တစ်မျှောင့်၊ လှေကိုချပြီး ဒီနေရာက အမြန်ဆုံးခွာမှဖြစ်မယ်၊ စက်လှေနစ်သွားရင် ဒီနေရာမှာ ဝဲကတော့ဖြစ်ပြီး အားလုံးအကုန်ရောက်ကုန်လိမ့်မယ်"

ခန္ဓာကိုယ်ကို လှေမှပြုတ်ကျမသွားအောင် ကြိုးဖြင့်မြဲမြဲချည်ရင်းပြော၏။

သူ့ကို သူမ အေးစက်စွာ ပြန်ကြည့်ဖြစ်သည်။ ခင်စစ် သူပြော

www.burmeseclassic.com

www.burmeseclassic.com



သလို သူမ ငိုင်တွေငေးမောနေခြင်း မဟုတ်။ စဉ်းစားနေခြင်းသာ ဖြစ် သည်။

သူမ စဉ်းစားနေသည်။ လွန်ခဲ့သောမေလ (၁၀) ရက်နေ့ အကြောင်းကို စဉ်းစားနေသည်။ ထိုနေ့သည် သူမ၏မွေးနေ့ ဖြစ်ခဲ့လေ သည်။

(က)

အပြင်ဖက်တွင် မိုးသည်းထန်စွာ ရွာသွန်းနေသည့်တိုင် သူ စိတ်ထဲတွင် ထူးထူးခြားခြား ခံစားရခြင်းမျိုး ဖြစ်မလာ။ တကယ်ဆိုလျှင် အရင်တုန်းက ဒီလိုမိုးရေထဲတွင် အဆောင်းအကာမဲ့ လျှောက်သွားရ လွန်မင်းစွာနှစ်သက်တတ်သော သူမအဖို့ အခုလို သူမ၏မွေးနေ့တွင် အချိန်အခါမဟုတ် ရွာသွန်းလာသောမိုးကြောင့် ထိုသို့စိတ်သွားတိုင် ကိုယ်ပါနိုင်ခဲ့သည့် ကာလများကို ပြန်လည်တမ်းတခြင်း သို့မဟုတ် လွ ဆွတ်ခြင်း၊ နှမြောကြေကွဲခြင်း သို့တည်းမဟုတ် အလားတူစိတ်ခံစာ မှုတစ်မျိုးမျိုး ဖြစ်မိဖို့ ကောင်းလွန်းနေသည်။ သို့တိုင် သူမကတော လိပ်ပြာအသစ်တစ်ကောင် ဖြစ်လုဆဲဆဲ အခြေအနေမျိုးလောက်ကို သူမကိုယ် သူမ လုံခြုံမှုရှိလှပြီဟုတွေးကာ ကျေနပ်ရုံမျှသာ တတ် တော့၏။

ခန္ဓာကိုယ်ကို စုတ်ပြဲနေသော ပုလင်းတစ်လုံးလို စွန့်ပစ်ထား



ဖြင့်လည်း အဓိပ္ပါယ်တစ်စုံတစ်ရာ ရေးခြစ်ထားရပ်သည်။ နောက်. . . အဝတ်အစားသစ်တို့၏ အထဲသို့ဝင်ကာ မိမိဘာသာ ခြ ပေးချင်တယ်၊ နှင့်လည်း သည့်ထက်ပို၍ ခြားနားသွားမည်မဟုတ်ကြောင်းကို သည်။ ပြတင်းပေါက်ဘောင်ပေါ်တွင် ခိုနားနေသော ရေစိုလိပ်ပြာတည့် တောင်၏ ဖြည်းလေးသော တောင်ပံအခတ်ကို ငေးကြည့်လျက်လည်း ကောင်း၊ လင်ဒါဟိုဂင်၏ ကဗျာများကို ဖတ်၍လည်းကောင်း၊ နာမည် ကြီး အရက်မျိုးစုံတို့ကို တစိမ့်စိမ့်အရသာခံ သောက်လျက်လည်း ကောင်း၊ ကုန်ကုန်ပြောရလျှင် သူမ၏မျက်လုံးများကို အနက်ရောင် မျက်မှန် တစ်လက်ဖြင့် ဖုံးအုပ်လိုက်ခြင်းဖြင့်သော်လည်းကောင်း စိတ် သည် အရောင်ပြန်လက်လာတော့မည် မဟုတ်ကြောင်းကို သုံးသပ်မိ သောအခါတွင်ကား စုတ်ပြနေသောပုလင်းသည် ခန္ဓာကိုယ်မဟုတ်ဘဲ စားစိတ်သာဖြစ်ကြောင်း သူမ မှန်ကန်စွာ နားလည်သွား၏။

အဆင်ပြေရုံသက်သက်ဆိုလျှင် သူမ၏စိတ်ကို သူမ သည်လို အဖြစ်ခံမည် မဟုတ်မှန်း သေချာပါသည်။ ယခုတော့ သူမ၏အိပ်မက် တွင် သူမကိုယ်တိုင် နှစ်နှစ်မက်မက် ခံစားရေးဆွဲခဲ့သော ပန်းချီကား သည်ပင် မကျန်ရစ်တော့။ သူမ နားလည်သလောက်ကတော့ ထို ပန်းချီကားများသည် သန့်ရှင်းမှုမဲ့လွန်းသည်ဟု ထင်သည်။

ပန်းချီကားတွေရယ်လို့မှတော့ မဟုတ်ပါဘူးလေ။ ပထမဦးဆုံး အကြိမ်အဖြစ် သူမနှုတ်မှအသံထွက်အောင် ရေရွတ်ညည်းတွားမိသည်။

www.burmeseclassic.com

www.burmeseclassic.com



သလို သူမ ငိုင်တွေငေးနေ ကန်ပြားများအားလုံး၊ သူမ၏ သောက်ရေခွက်

သည်၊ ...တော့. . . သူမ၏ အဝတ်အထည်များအားလုံး၊ အားလုံး

သူမ၏စုတ်တံတို့ကို ဆေးကြောရာခွက်ကဲ့သို့ပင် လှပညစ်ထေးခဲ့ ပြီ။

တကယ်တော့ သူမ၏ဘဝကို သည်လိုအရောင်ဆိုးလိုက်သည့် အရာများမှာ အပြုံးများသာ ဖြစ်သည်။ အထူးသဖြင့် သူမထံသို့ ပို့လွှတ် ခြင်းခံရသော မုဒိတာဝါဒအပြုံးများ၊ အဓိနဒါနအပြုံးများ ဖြစ်သည်။ ပန်း ကန်ခွက်ယောက်ထဲသို့ ကျလာသမျှသောအပြုံးများသည် သူမကို အဆိုး ခတ်လိုက်ကြ၏။ အဝတ်အထည်များကြားတွင် လုံးထွေးနေသော အပြုံး များသည် သူမ၏မျက်နှာနှင့် ခန္ဓာကိုယ်အနှံ့ပြားတွင် ရှည်လျားရှုပ်ထွေး နေသော အမွေးအမျှင်ကြမ်းရှုရှကြီးများ သန်စွမ်းစွာ ပေါက်လာစေ ထိုအပြုံးများ၏ ကျိန်စာကြောင့်ပင် ယခုတော့ သူမသည် ကြမ်းတမ်း ရှုပ်ထွေးသော အမွေးအမျှင်ကြီးများဖြင့် တစ်ကိုယ်လုံး ဖုံးအုပ်လျက် ရှိရာစက်ဆုပ်ဖွယ် သတ္တဝါကြီးတစ်ကောင်လို ဖြစ်နေလေပြီ။

ထိုမျှသာမကသေး၊ ထိုအပြုံးများသည် မျက်နှာကျက်အမိုးထွေ တချို့၊ ကြမ်းခင်းဖယောင်းပုဆိုးပေါ်တွင် တချို့၊ ဗီရိုအံဆွဲတွေထဲ တချို့၊ စားပွဲတင်ပန်းအိုးအပြင်အပတွင် ဖိတ်လျှံကျနေသည် တချို့

ဩော်. . . ခုတော့ သူမပိုင်ဆိုင်သမျှတို့တွင် အပြုံးများသာ ရစ်ခဲ့တော့သည်။



သူမ၏ချစ်သူက သူမ၏ဘေးတွင် လာရပ်သည်။ နောက်. . .

"ခင်လေးရဲ့မွေးနေ့မှာ ကိုယ် လက်ဆောင်တစ်ခု ပေးချင်တယ်၊ ခင်လေး ဘာလိုချင်လဲ ပြော"

သူမ အသာမော့ကြည့်သည်။ တည်ငြိမ်အေးချမ်းလွန်းသည့် ချစ်သူ့မျက်နှာကို မြင်ရ၏။ ဩော်. . . ကိုကိုရယ်. . . ဟု စိတ်ထဲမှ တီးတိုး ရေရွတ်ဖြစ်ပြန်သည်။ သူမထက် ဆယ်နှစ်လောက်နီးပါး အသက် ကြီးသောချစ်သူသည် အမြဲတမ်းလိုလိုပင် သူမကို အေးဆေးရင့်ကျက် သည့် ဦးဆောင်မှုပေးနိုင်ခဲ့၏။ သူမ၏စေ့ထားသော သွားများအကြားမှ ရေခဲငွေ့သီးနေသည့် စကားလုံးများ ထွက်ကျလာ၏။

"ကျွန်မသာ လူတစ်ယောက်အဖြစ်နဲ့ လောကကြီးဆီက တစ်စုံ တစ်ခုရဖို့ အကြောင်းရှိတယ်ဆိုရင် အဲဒီတစ်စုံတစ်ခုကို ကျွန်မလိုချင် တယ်"

ခေတ္တမျှ တိတ်ဆိတ် ငြိမ်သက်သွားပြန်သည်။ နောက်မှ သူမ၏ ချစ်သူက

"တစ်စုံတစ်ခုကို လိုချင်ရင် တစ်စုံတစ်ခု လုပ်ရမှာပေါ့"

အဲဒီလိုဆိုရင်ကော ရဖို့သေချာလို့လားဟု သူမက လေးတွဲ့စွာ ပြန်မေးလိုက်၏။

"သေချာတာပေါ့ ခင်လေးရယ်၊ စက်ဝိုင်းတစ်ခုရဲ့ အထဲအလယ် ...မှာ ဖြစ်ဖြစ်၊ တခြားတစ်နေရာမှာ ဖြစ်ဖြစ် အစက်တစ်စက်ကို ချ ...ပါ၊ အဲဒီအစက်အပြောက်ကလေးဟာ ခင်လေး ဖြစ်တယ်ဆိုပါစို့၊

www.burmeseclassic.com

www.burmeseclassic.com



ပြီးရင် အဲဒီအစက်ကလေးပေါ်မှာ ခဲတံထိပ်ဖျားကိုတင်၊ မျက်စိမှိတ်ပြီး ကြိုက်တဲ့ဘက်ကိုဦးတည်၊ မျဉ်းတစ်ကြောင်းသာ ဖြစ်အောင် ဆွဲချလိုက် သချာတယ်၊ အဲဒီမျဉ်းဟာ တစ်နေရာမှာ စက်ဝန်းအနားသတ် မျဉ်းကွေး နဲ့ ထိဆုံသွားမှာပဲ၊ ဒီလိုပဲပေါ့၊ ခင်လေးဟာ သမုဒ္ဒရာအလယ်ရောက်နေ တဲ့ ဘဝတစ်ခု ဖြစ်တယ်ဆိုပါစို့၊ ကမ်းမမြင်လမ်းမမြင်လို့ ထင်စရာရှိ တောင်းရှိမယ်၊ ဒါပေမယ့် ကြိုက်ရာအရပ်မျက်နှာ တစ်ခုခုကိုသာ ရွေး ချယ်ပြီး ဦးတည်သွားလိုက်စမ်း၊ အဲဒါဟာ ကမ်းခြေပဲ၊ မြေပုံအရ နီးတာ နဲ့ဝေးတာပဲ ကွာမယ်၊ သေချာတာကတော့ တစ်နေ့နေ့မှာ သမုဒ္ဒရာဆုံး မှာပဲ၊ အဲဒီသမုဒ္ဒရာအဆုံးမှာ ကမ်းခြေဆိုတာကတော့ ရှိနေမှာပဲလေ"

ချစ်သူ၏စကားသံကို နားထောင်ရင်း သူမ ပြတင်းအပြင်အပသို့ ငေးကြည့်နေ၏။ မိုးက သည်းသည်းထန်ထန် ရွာနေဆဲပင် ရှိသေးသည် မှတ်သုန်ကိုကြိုသော လေငွေ့ထဲတွင် သစ်ပင်တွေ ကိုင်းကိုင်းညွတ်ညွတ် ရှိနေသည်ကို မြင်ရ၏။

ညစ်ပတ်၍ စွတ်စိုမှောင်မိုက်သော အခန်းကျဉ်း ရှည်ရှည်မျော မျော တစ်ခုအတွင်းသို့ သူမ ရောက်ရှိနေပြန်သည်။ ထိုနေရာသည် သူ ထိုင်နေကျ ကဖေးဆိုင်လေး ဖြစ်၏။ ဝိုးတဝါး မီးရောင်မှိန်မှိန်အောက် အခန်းပြည့် စားပွဲတိုင်းတွင် ကိုယ့်အုပ်စုနှင့်ကိုယ် ထိုင်နေကြသူများ၊ ကျ သောင်းသွာ အော်ဟစ်ပြောဆိုနေကြသံများ၊ ဒေါသတကြီး ငြင်းခုံကြ များ၊ တစ်ချက်တစ်ချက်တွင် တစ်စုံတစ်ယောက်၏ စိတ်လိုလက်ရ သီချ



အော်ဆိုလိုက်သံ၊ ခုံကို လက်ဖြင့်ရိုက်ကာ စည်းချက်လိုက်သံများကို ကြား ရသည်။

တစ်ချိန်လုံး တဖျောက်ဖျောက်ရွာချနေသော မိုးစက်တို့သည် ဆိုင်တံစက်မြိတ်မှတဆင့် ငြေးငွေ့ဖွယ်ရာ တစ်စက်ချင်း စီးကျနေ၏။ အေး က်ထိုင်းမှိုင်းသော လေထုကြောင့် အသက်ရှူရသည်မှာ မပေါ့ပါး။ စားပွဲ ခံဝိုင်းနှင့်တစ်ဝိုင်း ပွတ်သိပ်ကျပ်ညပ်ထိုင်နေကြသူ အားလုံးလိုလို၏ ျက်နှာများတွင် ရေခဲငွေ့တို့ သီးနေသည်ဟုပင် အောက်မေ့ရသည်။ ခဝက်တစ်ပျက် အလင်းရောင်ကျနေသော မျက်နှာတို့၏အစိတ်အပိုင်း ိုင်းသည် အဆီပြန်လျက် ဝါကျင့်ကျင့်နီကြောင်ကြောင် ဖြစ်နေကြပြီး အမှောင်ရိပ်ကျနေသော အပိုင်းများတွင် ကြောက်မက်ဖွယ်ကောင်း လောက်အောင် လျှို့ဝှက်သည့်ခံစားမှုတို့ဖြင့် ပြည့်နှက်နေကြ၏။

စီးကရက်ဆေးလိပ် အငွေ့ပေါင်းစုံတို့သည် တထောင်းထောင်း ယှက်လွင့်တက်ကာ ဦးခေါင်းများအထက်နား တစ်ဝိုက်တွင် တိမ်ဖွဲ့ နေကြသည်။ နိမ့်သောအမိုးမျက်နှာကျက်မှ ညစ်ပတ်ရှုပ်ထွေးစွာ ြွဲတွဲလောင်းကျနေသည့် ပင့်ကူအိမ်များ ပိုးမျှင်များသည် ထိုမီးခိုး ခဲတို့နှင့် ရောယှက်ကာ စိတ်မချမ်းသာဖွယ်ရာ အရောင်အဆင်းဖြင့် ကသရေမဲ့လျက်သား ရှိ၏။

တစ်ဝိုင်းလုံးရှိ ထိုင်နေကြသူများ၊ သူတို့စားပွဲမှ အသီးသီးထလာ ကြသည်ကို မြင်ရသည်။ သူတို့ သူမဆီသို့ လာနေကြသည်။ သူမကို

www.burmeseclassic.com



ချီးကျူးစကားတွေ ပြောကြသည်။ သူမက အနုပညာသစ်နှင့်ဆိုင်သော စောဒကပြဿနာ (သို့မဟုတ်) ဘာသာရပ်တစ်ခု (သို့မဟုတ်) အတွေး အခေါ်သစ် ဂိုဏ်းတစ်ခုခုနှင့် ပတ်သက်၍ သူမ၏ရဲရင့်ပြတ်သားသော ကိုယ်ပိုင်အယူအဆများ၊ ခိုင်မာခြေမြစ်သော ကျိုးကြောင်းကောက်ချက် များအကြောင်း သူတို့ကို အားတက်သရော ရှင်းပြနေသည်။ သူတို့က ထပ်၍ ချီးကျူးကြပြန်သည်။ ထို့နောက် သူမကို တစ်ဦးချင်းစီက လက် ဆွဲနှုတ်ဆက် ဂုဏ်ပြုကြ၏။ ပြုံးပြကြ၏။ သူမက ပြန်လည်၍ "ကျေးဇူး တင်ပါတယ်" (သို့မဟုတ်) အလားတူယဉ်ကျေးဖွယ်ရာ စကားတစ်ခွန်းခွန်း တုံ့ပြန်ပြောသည်။

သူမ နောက်ဆုံး မှတ်မိသလောက်ကတော့ ထိုနေ့ညက အပြန်လမ်း တွင် မိုးရေဖြင့် ချွဲညစ်နေသည့် ကတ္တရာလမ်း၊ ရွှံ့အိုင်ချိုင့်ခွက်၊ (သူမ၏ အတန်ငယ် စိတ်အနှောင့်အယှက် ဖြစ်စေသည့်) ဘေးဘက်ဝဲယာ လာ၍စင်သော မိုးဖွားမှုန်များ၊ ထီးအမိုးဖျားတွင် သီးစုကာ ခြေဖမိုးပေါ် ကျသော မိုးရေစများ အစရှိသည့် သမားရိုးကျသင်္ကေတများအပြင် မုသာ ဝါဒအပြုံးများ၊ အဒိန္နာဒါနအပြုံးများ၊ အလျော်အစားအပြုံးများ၊ မယော ဗျူဟာအပြုံးများကိုပါ လေးလေးပင်ပင်ဖြင့် ဒုက္ခကြီးစွာ သယ်ပိုးပြန်ခဲ့ ခြင်းပင်။

အဲဒီအချိန်ကစ၍ ရယူနိုင်ခဲ့သလိုလိုနှင့် ပေးခဲ့ရသည့် ထိုအပြုံး



သောခရီးမျိုးကို နောက်ထပ်မသွားတော့ရန် သူမ ဆုံးဖြတ်ခဲ့ခြင်း ဖြစ် ကောင်းဖြစ်ပေလိမ့်မည်။

× × ×

အပြင်ဘက်တွင် မိုးက သည်းသည်းထန်ထန် ရွာနေဆဲပင် ရှိ သေးသည်။ ပြတင်းပေါက်နားမှခွာကာ အခန်းအလယ်သို့ သူမ တစ်လှမ်း ချင်း လျှောက်လာလိုက်၏။ သူမ၏ချစ်သူက သူမကို ငေးကြည့်နေသည်။

ထိုစဉ် သူမက

"ကျွန်မရဲ့မွေးနေ့ကို ဟောဒီအခန်းလေးထဲမှာ မီးပုံပွဲလုပ်ပြီးတော့ ကျင်းပမယ်. . ."

ဟု အော်ဟစ်ကြွေးကြော်ကာ နံရံတွင်ကပ်ထားသော ပြက္ခဒိန်မှ ဩဂုတ်လ ၁၀ရက်နေ့ပါ စာရွက်ကို ဖြန်းခနဲဖြဲဆုတ်ပြီး ကြမ်းပြင်ပေါ် ပစ်ချ လိုက်၏။ ထို့နောက် အခန်းထဲတွင် ပြန့်ကျဲရှုပ်ပွနေသည့် အပြုံးများကို လက်ချက်စည်းဖြင့် လှဲကျင်းကာ ပြက္ခဒိန်စက္ကူစုတ်ပေါ် စုပုံထားလိုက်သည်။

နောက်ဆုံးတွင် စားပွဲပေါ်မှမီးခြစ်ကို လှမ်းယူကာ ထောက်ခနဲ ခြစ်လိုက်ပြီး အပြုံးများကို မီးရှို့ပစ်လိုက်လေတော့သည်။

အလွန်မနှစ်သက်ဖွယ် အနံ့တစ်မျိုး ထွက်လာ၏။ မီးတောက်၏ ဖိတ်တောင့်နီကြောင်သောအလင်းသည် သူမ၏မျက်နှာကို တဖျပ်ဖျပ်လာ

www.burmeseclassic.com

www.burmeseclassic.com



ရိုက်ကာ တစ္ဆေတစ်ကောင် တုန်ရီလှုပ်ယမ်းနေသလို ကြောက်မက်ဖွယ် အသွင်အပြင်ကို ဖြစ်စေသည်။

သူမ၏ချစ်သူက အလွန်တည်ငြိမ်အေးစက်နေသည့် လေသံဖြင့်

"မင်းရဲ့မွေးနေ့က မွေးနေ့အတုကြီးပဲ၊ ခုနစ်ရက်ကို တစ်ပတ်၊ ၃၆၅ ရက်ကို တစ်နှစ်အဖြစ် သူများကပုံစံချသွားတဲ့ ပြက္ခဒိန်ကိုမှီငြိုပြီး ဘယ်နေ့ဘယ်ရက်ဆိုတဲ့ ကိန်းဂဏန်းတွေကို မှတ်သားထားရတာ မဟုတ်လား၊ ပြက္ခဒိန်ဆိုတဲ့အရာသာ မရှိခဲ့ရင် မင်းရဲ့မွေးနေ့ပွဲကို ဘယ်လိုကျင်းပနိုင်မလဲ. . ."

"တကယ်တော့ ဒါဟာ မင်းပိုင်ဆိုင်တဲ့နေ့လဲ မဟုတ်ဘူး၊ မင်းကို လူ့လောကထဲရောက်လာအောင် အမှန်တကယ် ရဲရဲရင့်ရင့် စွမ်းဆောင်ပေးခဲ့တဲ့သူက မင်းအမေပဲ၊ အဲဒီတော့ မင်းမိခင်ကို ဂုဏ်ပြုပါ၊ ဒီနေ့ဟာ မင်းမိခင် ပိုင်ဆိုင်တဲ့နေ့သာ ဖြစ်တယ်. . ."

ရှိသမျှအင်အားတို့ကို စုစည်းကာ အခန်းနံရံကို သူမ လက်သီးဖြင့် ပြင်းထန်စွာ ထိုးချလိုက်သည်။ နောက်. . .၊ ဘယ်မှာလဲ၊ ဒါဖြင့် ကျွန်မ ပိုင်ဆိုင်ခွင့်ရတဲ့နေ့ ဘယ်နေ့လဲ. . .?၊ ပြောစမ်းပါ၊ ကျွန်မဟာ လူ့ဘဝမှာ နေ့ရက်တစ်ခုတောင် ပိုင်ဆိုင်ခွင့် မရတော့ဘူးလားဟု အာခေါင်ကိုခြစ်၍ သူမ အော်ဟစ်လိုက်၏။ သူမ၏ချစ်သူက သူမကို ပြုံး၍ကြည့်ရင်း. . .



"လူတစ်ယောက်ရဲ့ ဂုဏ်သတ္တိရှိတဲ့အဖြစ်ကိုရောက်အောင် မင်းကိုယ်မင်း လောကကြီးထဲ မွေးဖွားရဲတဲ့နေ့ဟာ မင်းရဲ့မွေးနေ့အစစ်ပဲပေါ့"

(ခ)

သူမ၏ချစ်သူက 'ဒီနေ့ ကိုယ့်ဖေဖေ့စက်လှေဝင်မယ်လို့ မြိတ်ကတယ်လီဖုန်းလာတယ်။ လိုတာတွေစီစဉ်ပေးဖို့ ကိုယ် ကမ်းနားကို သွားရဦးမယ်။ ခင်လေး လိုက်ခဲ့ပါလား' ဟု ခေါ်သောကြောင့် သူမ စိတ်မပါစွာ ညည်းရင်းညူရင်း ကမ်းနားကို ရောက်ခဲ့၏။ သူမတို့နှစ်ယောက် ရောက်သွားချိန်တွင် စက်လှေက ဆိုက်ကပ်ထားပြီးနှင့်ပြီ ဖြစ်၏။ စက်လှေက အခွံသက်သက်၊ လိုက်ပါလာသူကလည်း ငါးဦးတည်းသာ။

ကုန်ပစ္စည်း သယ်ရန်ချရန် အစီအစဉ်လည်းမရှိဟု သိရ၏။ ထွန်းလင်းဦးဆိုသည့် အသားမည်းမည်း၊ ပိန်ခြောက်ခြောက် စက်လှေ အလုပ်သမားတစ်ယောက်က သူမ၏ချစ်သူကို သူ့ဖခင်ကမှာလိုက်သည့် စကားများ၊ ဝယ်ခိုင်းလိုက်သည့် ပစ္စည်းအမျိုးအမည်များနှင့် ပြန်ထွက်ခွာရန် အစီအစဉ်များကို အသေးစိပ်ပြောပြသည်။ ထိုအချိန်တွင် သူမကတော့ သင်္ဘောကုန်းပတ်ပေါ်တွင် စုပုံထားသော ကြိုးခွေများ၊ အသက်ကယ်ဘောကွင်းများ၊ ညှီစို့စို့ထိုင်းသော လေထု၏ရနံ့၊ ညစ်ပတ်ချွဲကျိနေသည့် သစ်သားကိုယ်ထည် ကျောက်ဆူးကြိုး၊ သင်္ဘောတက်မကိုင်ဘီး

www.burmeseclassic.com

www.burmeseclassic.com



စသည့်အရာများကို ရင်ခုန်တတ်လွန်းစွာ ငေးစိုက်ကြည့်နေမိပြီ ဖြစ်သည်။ စက်လှေကို ဖွဲ့စည်းထားသည့် ကိရိယာတိုင်းကို မွေးကင်းစကလေးငယ်တစ်ယောက်၏ နီရဲနုထွတ်သော ခြေလက်အစိတ်အပိုင်းများဟုပင် ထင်မိ၏။ ထိုအရာများကို သူမ၏နှုတ်ခမ်းဖြင့် ဖိကပ်နမ်းစုပ်ပစ်လိုက်ချင်စိတ်ကို မနည်းချိုးနှိမ်ထားရသည်။

ဘယ်လောက်များ အံ့ဩဖို့ကောင်းလိုက်ပါသလဲဟု ကိုယ့်ကိုယ်ကို ပြန်မေးဖြစ်၏။ (တစ်ခါမျှ မြင်ဖူးခြင်းမရှိပါဘဲလျက်) ပင်လယ်ဆိုသည့်အရာကို မြတ်နိုးတွယ်တာနေမိသည့် အချစ်စိတ်သည် သူမရင်ထဲတွင် ဘယ်တုန်းကတည်းက ကွယ်ဝှက်ရှင်သန်နေခဲ့သည် မသိ။ နောက်ငါးရက်အကြာတွင် ( သူမ၏ မရမက ပူဆာမှုကြောင့်) သူမကော ချစ်သူပါ နှစ်ဦးစလုံး ပင်လယ်ဖက်သို့ ဦးလှည့်ထားသည့်စက်လှေပေါ် ရောက်လာခဲ့ကြလေသည်။

စက်လှေ အလုပ်သမားတို့က စက်ဒှလှေပိုင်ရှင်၏ သားဖြစ်သူနှင့် ခပ်ကြောင်ကြောင် မိန်းကလေးတစ်ယောက်တို့၏ သဘာဝမကျသည့် အဆီအငေါ်မတည့်သော အချစ်ကို တအံ့တဩဖြစ်ကာ ငေးကြည့်နေကြချိန်တွင် သူမ၏ချစ်သူကတော့ သူမ၏ပခုံးကို နွေးထွေးနူးညံ့စွာ ဖက်ထားရင်း. . .

"ဒါတွေဟာ ခင်လေး စိတ်ကူးယဉ်လွန်းလို့ ဖြစ်ရတာ"

ဟု ရယ်ရယ်မောမော ပြောနေသည်။

× × ×



"မင်း စိတ်ကူးအယဉ်လွန်လို့ အခုလို ဒုက္ခရောက်ရတာကွ"

ချုပ်တည်းနိုင်စွမ်း ကင်းမဲ့စွာ ဒေါသထွက်နေသော သူမ၏ချစ်သူ ကြည့်ရင်း သူမ အံ့ဩနေရပြန်လေသည်။ ချစ်သူ၏ အမြဲလိုလို ငြိမ်နေ သော အသွင်အပြင်ကို မမြင်ရ။ သူမ အမြဲတမ်း အထင်ကြီးလေး ခဲ့ရသော သူ့စိတ်ဓာတ်အင်အားတွေ ဘယ်ရောက်ကုန်ပြီလဲဟု နှမျော သစွာ တွေးဖြစ်၏။

အသက်ကယ်လှေတစ်စင်းဖြင့် သူမတို့နှစ်ဦးသား ပင်လယ်ထဲ ်ရင်းခတ်ရင်း မျောနေသည်မှာ တစ်နေ့နှင့်တစ်ည ကြာမြင့်ခဲ့ပြီ။ တိုင်းစဲလျှင်စဲခြင်း အခြားလှေတစ်စင်းဖြင့် ပါသွားသောစက်လှေ ပ်သမားသုံးယောက်ကို ပြန်ရှာရန် သူမ အကြံပေးခဲ့သည်။ ထိုအလုပ် တို့အနေဖြင့် မုန်တိုင်းထဲတွင် စက်လှေကို ထိန်းသိမ်းရန်ကြိုးစားနေ သာကြောင့် သူတို့၏လှေပေါ်သို့ ရေနှင့်ရိက္ခာသယ်ရန် အချိန်ရမည် တ်ကြောင်း သူမ တွေးမိသောကြောင့် ဖြစ်၏။ သို့ရာတွင် သူမ၏ ကာအကြံပေးချက်အတွက် ချစ်သူထံမှ ပြန်လည်ရရှိသော ဆုလာဘ် ကြေးဝံ့မနာသော ညစ်ညမ်းစွာ ဆဲရေးလိုက်သည့်စကားလုံးများသာ ၍ နောက်. . .

"ဒီပင်လယ်ထဲမှာ ကယ်မယ့်သူမတွေ့ဘဲ ဘယ်လောက်ကြာကြာ နေဦးမယ်မှန်းမှ မသိတာ၊ ဒီကောင်တွေအတွက် အစာတွေရေတွေ ထားရဦးမှာလား သောက်သုံးမကျတဲ့ဟာမရဲ့. . .၊ ရှင်းရှင်းပြော င် မင်းကိုတောင် ငါက သထာတာ မဟုတ်ဘူး. . ."

www.burmeseclassic.com

www.burmeseclassic.com



နောက်တော့ သူမကြောင့် ဒီခရီးကိုထွက်လာမိခဲ့၍သာ ဒုက္ခရောက်ရခြင်းဖြစ်ကြောင်း၊ သူမကို အပြစ်တင်သည့်စကားများ တရစပ် ပြော၏။ ပြောရင်း မောသွားလျှင် ခဏရပ်၏။ နောက် 'သင်္ဘောတစ်စင်း စင်းနဲ့တွေ့ရင် ကောင်းမှာပဲ' ဟု ပြော၏။ လှေကို တစ်ချက်နှစ်ချက် လှော်၏။ နောက် ဟိုကောင်တွေ ဦးရှင်ကြီးကို တင်တာမြှောက်တာ သေသေချာချာ မလုပ်ဘူးနဲ့တူတယ်ဟုပြောရင်း မရှိတော့ပြီဖြစ်သော အလုပ်သမားများကို အသံကုန်ဟစ်ကာ ဆဲရေးတိုင်းထွာ၏။ နောက် လှေကို တစ်ချက်နှစ်ချက် လှော်ပြန်၏။ နောက် ရေငတ်လျှင် ရေဘူးဖွင့်၍ သောက်၏။ နောက် သူမဘက်သို့လှည့်ကာ. . .

"အခုမှ လှေတက်ကိုင်ပြီး တစ်ချိန်လုံးကုန်းရုန်း လှော်မနေနဲ့ အပိုပဲ၊ အစကတော့ဖြင့် ဒီသောက်သုံးမကျတဲ့ခရီးကို လိုက်ချင်လွန်းလို့ ဆိုပြီး ဒုက္ခပေးတာ၊ မင်းဟာ ဂြိုဟ်ကောင့်မသက်သက်ပဲ"

နောက်. . . 'အခုနေ ကျွန်းစုတွေဖက်က ငါးဖမ်းလှေတွေနဲ့ တိုးရင် ကောင်းမှာပဲ'ဟု ညည်းညည်းတွားတွား ပြောပြန်၏။ လှေကို တစ်ချက်နှစ်ချက် လှော်၏။ နောက် ရှင်ဥပ္ပဂုတ္တမထေရ်မြတ် ကယ်တော်မူပါဟု အာခေါင်ကိုခြစ်၍ အော်ပြန်၏။

သူမ ဘာမှမတတ်နိုင်။ ဝမ်းနည်းစွာဖြင့် မျက်နှာကို တစ်ဖက်သို့ လွှဲထားလိုက်ရတော့သည်။ သူပြောသမျှ ဆဲသမျှ ညည်းညူသမျှစကား



ိုင်းကို မကြားယောင်ပြုကာ လှေကိုသာ အားစိုက်လှော်နေလိုက်၏။ ခိုအခိုက်. . .

"ဟာ. . . ဟုတ်ပြီ၊ ငါနှယ်နော်. . .၊ ကယောင်ကတမ်းနဲ့ မေ့နေ ကိုက်တာ"

သူမ လှမ်းကြည့်လိုက်သောအခါ သူမ၏ချစ်သူသည် အိတ်ထဲမှ င်ခုံတစ်ရာ ဆွဲထုတ်နေသည်ကို မြင်ရသည်။

လမ်းညွှန် သံလိုက်အိမ်မြှောင်တစ်ခု။

"ဟုတ်ပြီဟေ့. . . ဟုတ်ပြီကွ၊ အရှေ့ဘက်တည့်တည့် သွားရင် တော့ တနင်္သာရီကမ်းရိုးတန်းကို ရောက်မှာပဲ၊ အဲ. . . နေဦး၊ ငါတို့ အခု ဘက်ကျွန်းစုနားကို ရောက်နေတာလား မသိဘူး၊ ဒါဆို တောင်ဘက်မှာ မ်းဆုံးကျွန်းတစ်ခုနဲ့ တွေ့နိုင်တယ်၊ အရှေ့တောင်ဘက်ဆိုရင် အကောင်း ပဲ၊ အို. . . ကျွန်းတွေ့ရုံနဲ့တော့ မဖြစ်သေးပါဘူး၊ ဒုက္ခ ဒုက္ခ၊ အရှေ့ က်ဆိုရင်ကော အစာနဲ့ရေနဲ့က လောက်ပါ့မလား. . .၊ ဟား. . . ဘာ ပ်ရမလဲ"

အရူးတစ်ယောက်လို တစ်ကိုယ်တည်း တတွတ်တွတ်ပြောရင်း လိုက်အိမ်မြှောင်ရှေ့ချကာ ယောက်ယက်ခတ်နေသည့် သူ့အသွင် ပြင်ကို မြင်နေရသည်ကပင် သူမအဖို့ အော်ဂလီဆန်စရာကောင်း ၏၊

သူမ ဆုံးဖြတ်ချက်တစ်ခု ချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ကို ရုတ်တရက်ကိုင်းချကာ သံလိုက်အိမ်မြှောင်ကို ဆတ်ခနဲ ဆွဲလုလိုက်၏။ နောက် ပင်လယ်ထဲသို့ အားကုန်လွှင့်ပစ်လိုက်တော့သည်။

သူမ သူ့ကို အေးစက်စွာ စိုက်ကြည့်လိုက်၏။ အသက်မဲ့ အဆင်ခြင်နိုင်စွမ်းမဲ့ ကိရိယာလေးတစ်ခုအပေါ်မှာ ရှင့်ရဲ့ လူ့ဂုဏ်သတ္တိရှိတဲ့ အဖြစ်ကို သက်နက်ချလိုက်ပြီလား၊ ဟောဒီပင်လယ်ရဲ့ စာမေးပွဲမှာ ရှင့်အဘိဓမ္မာတွေကို ရေမျက်နှာပြင်ပေါ် ချရေးပြီး မဖြေဆိုရဲတော့ဘူးလားဟု မျက်လုံးများဖြင့် မေးလိုက်သည်။

သူမချစ်သူက ခါးကြားမှဓါးမြှောင်ကို ဖျတ်ခနဲဆွဲထုတ်. . .

"ခွေးမ အရူးမ၊ နင်. . . နင့်ကို ငါသတ်မယ်"

ချောက်ချားရူးသွပ်နေသည့် မျက်လုံးများပြူးကျယ်ကာ ချာချာလည်နေ၏။

သူ့ပါးစပ်ထဲမှ သွားရည်များပင် စီးကျလာသည်။ သူက ဓား ကို အားပါးတရ ကိုင်မြှောက်ကာ အသံနက်ကြီးဖြင့် ကျယ်လောင်စွာအော်ဟစ်လိုက်ရင်း သူမအပေါ်သို့ ခုန်အုပ်လိုက်၏။ သူမ လက်ထဲမှ လှော်တက်ဖြင့်ဆီး၍ အားကုန်လွဲရိုက်သည်။

ရိုက်ချက်ပြင်းလွန်း[illegible]ကြောင့် သူ လှေဝမ်းထဲ ခွေခနဲလဲကျသည်။ သူ့လက်ထဲမှ ဓားမြှောင် လွင့်ထွက်လာပြီး သူမ ခြေထောက်နားသို့ ကျ၏။



စိတ်မမှန်သူတစ်ဦး၏ ဒေါသဖြင့် သူ လဲကျနေရာမှ ပြန်ကုန်းထလာရင်း. . .

"သောက်ကောင်မ၊ နင့်ကြောင့်. . . နင် လွှင့်ပစ်တာ၊ နင့်ကို ငါ သတ်မယ်. . ."

ဟု ကြုံးအော်သည်။ သူမက ခြေထောက်နားမှဓားကို ကောက်ယူလိုက်၏။

"ကျွန်မကို ရှင် သတ်နေစရာ မလိုတော့ပါဘူး"

သူပက ဓားဦးကို သူမ၏ရင်ညွန့်တည့်တည့် လှည့်၍ကိုင်ထားသည် သူမက. . .

"လူတစ်ယောက်ရဲ့ ဂုဏ်သိက္ခာရှိတဲ့အဖြစ်ကို ရောက်အောင် ကျွန်မကိုယ်ကျွန်မ ဒီနေ့ပဲ လောကကြီးထဲကို မွေးဖွားပေးလိုက်ပါ့မယ်"

သူမက ဓားဦးကို သူ့ဘက်သို့ ပြန်လှည့်သည်။

နောက်. . . ဆန့်ထုတ်လိုက်၏။

ရင်ဘတ်ကိုဖိရင်း လှေဝမ်းထဲသို့ ဖြည်းဖြည်းချင်း ပုံလျက်သား ကျသွားသည့် သူ့ကို ကြည့်သည်။

နောက်. . . သူမ လှော်တက်ကို ပြန်ကောက်ကိုင်လိုက်၏။

လှေကို စတင်လှော်ခတ်သည်။

× × ×

www.burmeseclassic.com

www.burmeseclassic.com



သူမ ဦးတည်ရာဘက်တွင် ကမ်းခြေတစ်ခု ရှိလိမ့်မည်။ ထိုကမ်း ခြေသို့ရောက်သည့်နေ့တွင် ကမ်းပေါ်၌ သူမ၏မွေးနေ့အသစ်ကို ကျင်းပ ရဦးမည်။



# ပျောက်ဆုံးနေနှင့်ပြီးသော ပြဇာတ်အခန်း (တစ်)

(သရုပ်ဖော်)

**အခန်း (နှစ်)**

- ဇာတ်လမ်းအရ ဒီအခန်းတွင် သူက မင်းသမီးကို အရက်ပုလင်း သစ်တစ်လုံး၏အဖုံးကို ဖွင့်သလို လိုးဖွင့်ဖောက်ထုတ်ပစ်ရမည် ဖြစ်သည်။
- အိပ်မက်မဟုတ်မှန်း သိလျက်နှင့် အိပ်မက်မက်နေသလို သူ ခံစားရသည်။
- သည်ဇာတ်လမ်းထဲကို ဇာတ်ကောင်တစ်ယောက်အဖြစ်နှင့် သူ မည်သို့မည်ပုံ ရောက်လာရပါသလဲ ?

ဇာတ်လမ်းအစက ဘာလဲ ?

www.burmeseclassic.com

www.burmeseclassic.com



- မင်းသမီးအဖြစ် သရုပ်ဆောင်ရသူ၏မျက်နှာကို သူ တစ်ချက် လှမ်းကြည့်ဖြစ်သည်။

- ပြုန်းခနဲ ပျို့တက်လာသော အန်ချင်စိတ်ကို မနည်းထိန်းထား လိုက်ရ၏။

- ထိုမိန်းမ၏မျက်နှာပြင်ပေါ်တွင် မိတ်ကပ်ထူလပျစ်၊ ရောင်စုံ ရွှံ့တုံးရွှံ့ခဲရွှံ့ညှပ်ဖတ်တွေ အထပ်ထပ်သုတ်လိမ်းပေကျံနေသည် နှင့် တူလွန်းသည်။ စင်ဆောင်အပေါ်ဘက်မှ ထိုးဆင်းလာသော ဆလိုက်မီးရောင်ကြောင့်လည်း အဆီပြန်သလို ပြောင်တောက် တောက် ဖြစ်နေသေး၏။

- သူ့မျက်နှာကော. . . ?။ သူ့မျက်နှာသည်လည်း သည်အတိုင်း ပင် ရှိပေလိမ့်မည်။

- သူ ဇာတ်ညွှန်းကို ပြန်စဉ်းစားကြည့်လိုက်သည်။

ပထမ သူက မင်းသမီးအနီးသို့ တိုးကပ်သွားရမည်။ နောက် . . . မင်းသမီး၏လက်ကို ခပ်ကြမ်းကြမ်း ဆွဲရမည်။ မင်းသမီး က ရုန်းမည်။ သူက. . . မင်းသမီးကို နောက်ဖက်မှ ဝင်သိုင်း ဖက်ပြီး လက်ကို လိမ်ချိုးကာ အတင်းချုပ်ထားရမည်။

- ဇာတ်ညွှန်းက သည်အတိုင်းပင် ဖြစ်သည်။

- သို့သော်. . . ထိုသို့ လုပ်ရစေလောက်သည့် အခြေခံအကြောင်း အရင်းက ဘာလဲ. . . ? ဟု သူ ပြန်တွေးသည်။



- သူ့တွင် အဖြေရခွင့် မရှိ။

- ထိုကိစ္စသည် ဇာတ်လမ်း၏အခန်းစဉ် အမှတ် (တစ်) တွင် အသေအချာ ပါဝင်နေစရာ ရှိပေသည်။

- သူ့ကို ဒီလိုဇာတ်ကောင်စရိုက်မျိုး ဖြစ်လာစေသည့် ထိုမူလ အကြောင်းရင်းခံအချက်ကို သူ မသိရ။

- သူသည် ဇာတ်ဝင်ခန်း အမှတ် (တစ်) ကို မကလိုက်ရဘဲ ဤပြဇာတ်ခွင်ထဲ ကျရောက် သရုပ်ဆောင်နေရသူ တစ်ဦး သာ ဖြစ်၏။

- သူ့တွင် ဇာတ်ညွှန်းကိုငြင်းဆန်ခွင့် မရှိ။ သူ မင်းသမီးအနီးသို့ တိုးကပ်သွားလိုက်သည်။

- ပိုက်ဆံအိတ် အစုတ်တစ်လုံးဆန်ဆန် ဆက်ဆံရမည်ဖြစ်သော ကြောင့် မင်းသမီးက သူ့ကို ရွံမုန်းစက်ဆုပ်စွာ၊ ကြောက်လန့်စွာ ပြန်ကြည့်ရမည် ဖြစ်သည်။

- သို့သော်. . . သူ့ကို ပြန်ကြည့်နေသော မင်းသမီး၏ မျက်နှာ ပေါ်မှ အမူအရာသည် ရယ်တော့မလိုလို စပ်ဖြီးဖြီးကြောင်စိစိ ဖြစ်နေသည်ကို တွေ့လိုက်ရ၏။

- ရွှံ့အိုင်တစ်ခုကို နင်းချေလိုက်သလိုမျိုး သူ့ဇာတ်ကောင် အာ ရုံဝင်စားမှုစိတ်တွေ ပျော့ပြကျသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



- သို့သော်. . . သူ ဘာမှ မတတ်နိုင်။ မင်းသမီး၏လက်ကို ဆွဲလိုက်ရ၏။
- သူ ဘယ်တုန်းကမှ ဇာတ်ဝင်ခန်း အမှတ် (တစ်) ကို ကပြခဲ့ရဖူးခြင်း မရှိကြောင်း သူ တွေးနေလိုက်သည်။

## အခန်း (သုံး)

- သည်အခန်းတွင် သူက သူ့တပည့်ဇာပြများနှင့်အတူ အရက်သောက်ရမည် ဖြစ်သည်။
- ဇာတ်စင်အလယ်ရှိ ဝါးကွပ်ပျစ်ပေါ်တွင် ပုလင်းသုံးလုံးနှင့် ဖန်ခွက်များ တင်ထားသည်ကို တွေ့ရ၏။
- သူ့တပည့်အဖြစ် သရုပ်ဆောင်ကြရမည့်သူတွေပင် ရောက်နေနှင့်ကြပြီ။
- သူ တစ်လှမ်းချင်း လျှောက်ဝင်သွားလိုက်၏။
- ဝါးကွပ်ပျစ်ပေါ် ထိုင်ချကာ ပုလင်းတစ်လုံးကိုဆွဲယူပြီး အဖုံးဖွင့်၍ နမ်းကြည့်လိုက်သည်။

သူထင်ထားသည့်အတိုင်း ရေတွေ ဖြစ်နေ၏။
- သို့သော် သူ ဘာမှ မတတ်နိုင်ပါ။ တစ်ခွက်ငှဲ့ပြီး သောက်လိုက်ရ၏။



- သူ အလွန်အကျွံ မူးပစ်လိုက်သည်။
- ဇာတ်ညွှန်းအရ မူးပြီးလျှင် ဘပည့်တစ်ယောက်ကို ခြေထောက်ဖြင့် ကန်ရမည် ဖြစ်သည်။
- သူနှင့် အနီးဆုံးလူကို ကြည့်လိုက်သည်။ သူ့ထက် အသက်ဆယ်နှစ်ခန့်ကြီးသော သူ့အစ်ကိုရင်း ဖြစ်၏။
- ဟာ !!! ဒုက္ခပဲ၊ အစ်ကိုကလည်း ဘာဖြစ်လို့ သည်နားမှာ လာနေနေရတာလဲဟု တွေးကာ သူ့စိတ်တွေ လုံးချေဆုပ်နယ်ခံလိုက်ရသလို ဖွန့်ကြေသွားသည်။
- နောက်မှ. . . ဩော် သူလည်း သူ့ဇာတ်ညွှန်းအတိုင်း နေရတာ ဖြစ်မှာပေါ့ဟု စဉ်းစားမိသောကြောင့်သာ ပြန်လည်ဖြေသိမ့်နိုင်သလိုလို ဖြစ်သွား၏။
- ဇာတ်ဝင်ခန်း အမှတ် (တစ်) မှာ ဘာတွေများ ပါခဲ့လို့ပါလိမ့်ဟု တွေးရင်း စိတ်ရှုပ်ထွေးစွာဖြင့် သူ့ခြေထောက်ကို သူ ပြန်ငုံ့ကြည့်လိုက်သည်။
- သစ်သားခြေတု တစ်ဖက်လို ခံစားရလေသည်။

## အခန်း (လေး)

- သူ သီချင်းဆိုရမည် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



- ဘာဖြစ်လို့ ဆိုရမှာလဲ. . . ဟု သူ့ကိုယ်တွင်းမှ တစ်စုံတစ်ရာက ငြင်းဆန်နေ၏။

- သူက သီချင်းဆိုတတ်သူ မဟုတ်။ အသံ မကောင်း၊ စည်းဝါး နားမလည်။

- ဒါရိုက်တာကကော ဒီ ချို့ယွင်းချက်ကို ဘာကြောင့် မသိရ တာလဲ ???

- တစ်စုံတစ်ရာ ချို့ယွင်းနေသည့် ခံစားမှုသည် သူ့ထံသို့ လှိုင်းတကူ ပေါ့ပါးစွာ ရောက်လာသည်။

- ဒါရိုက်တာ ဘယ်သူလဲ ??? ဟု သ တွေးနေစဉ်မှာပင် ဇာတ်ခုံပေါ်တွင် မီးတွေ လင်းလာ၏။

- တူရိယာပစ္စည်းများကို တီးခတ်သူ အသီးသီးက အစွမ်းကုန် အင်အားသုံးကာ တစ်ပြိုင်နက်တည်း တို့ထိလိုက်ကြ၏။

- သူ့အသံမဟုတ်သော အခြားတစ်ယောက်၏အသံဖြင့် သီချင်းတစ်ပုဒ်ဆိုနေသံကိုပင် သူ စတင်ကြားရပြီ ဖြစ်သည်။

- စိတ်မပါသော အိပ်မက်တစ်ခုကို ဖွတ်အတင်း ခေါင်းထဲခုန်ဝင်လာနိုင်ဖို့ ခဲခဲယဉ်းယဉ်း အားစိုက်ထုတ်နေရသလိုမျိုး ခံစားရ၏။

- သူ ပါးစပ်ကို ဖွင့်ချီပိတ်ချီလုပ်ကာ သီချင်းဆိုနေသလိုမျိုး သရုပ်ဆောင်သည်။



- အခြားတစ်ယောက် သီဆိုသော သီချင်းစာသားနှင့် မိမိပါးစပ် အဖွင့်အပိတ် ကိုက်ညီအောင် သရုပ်ဆောင်ရသည်မှာ ကိုယ်တိုင် သီဆိုရတာထက် ပိုပင်ပန်းကြောင်း သူ သတိထားမိ၏။

## အခန်း (ငါး)

## အခန်း (ခြောက်)

- ဇာတ်လမ်းအရ သူနှင့် အခြားဇာတ်ကောင်သုံးယောက် ဝိုင်းထိုင်ကာ စကားပြောနေကြသည်။

"...........”

"...........”

"...........”

- ဇာတ်ညွှန်းပါ စကားလုံးများအတိုင်း ပြောဆိုနေကြသည်။

- မျက်နှာဖုံး စွပ်ထားသလိုမျိုး၊ အပြုံးအရယ် မရှိ၊ စိတ်ခံစားမှု မရှိ၊ မိတ်ကပ်ဖွေးဖွေး လူသေကောင် မျက်နှာများ. .

- ပျင်းရိပျင်းတွဲ၊ အေးစက်စက်၊ ဝတ်ကျေတန်းကျေ၊ အမူအရာ များ. . .။

www.burmeseclassic.com

www.burmeseclassic.com



- အမှန်စင်စစ် စကားပြောနေကြသည်နှင့် မတူ။ တစ်ဦးလျှင် ဂါထာတစ်ပုဒ်ကျစီ (ပြီးပြီးရောဆိုသည့် သဘောဖြင့်) အလှည့်ကျ ရွတ်ဖတ်သရဇ္ဈာယ်နေကြသည်နှင့်သာ တူ၏။
- ဇာတ်ကောင် အာရုံခံစားမှုတွေ (ခပ်ပါးပါး မှန်တစ်ချပ်ခြားနေသလိုမျိုး) သူ့ကိုယ်နှင့် ထိကပ်တွယ်စုပ်မနေ။
- နံဘေးနားမှာရှိလျှက်နှင့်ပင် ဖွာလန်ကျဲကာ ပေါ့ပေါ့လွင့်မျောနေ၏။
- သူ့ခန္ဓာကိုယ်အတွင်းမှ တစ်စုံတစ်ရာက ထိုအခြေအနေကို ငြင်းဆိုနေသည်။
- ခုချိန်ထိမပြီးဆုံးဘဲ နေစိမ့်နိုင်လွန်းသော သည်ပြဇာတ်ကို သူ ကျိန်ဆဲရုံသာ တတ်နိုင်တော့သည်။
- သို့သော်. . . သူ ဆုံးဖြတ်ချက်တစ်ခု ချလိုက်သည်။
- ဇာတ်လမ်းဆုံးလျှင် သူ စင်အောက်ဆင်းမည်-

ပြဇာတ်ဒါရိုက်တာကို ရှာမည်။

နောက် သူ့အတွက် ဇာတ်ညွှန်း အခန်းစဉ် (တစ်) ကို တောင်းယူမည်။

- အခန်း (တစ်) မပါဘဲ အမြဲတမ်းလိုလို သည်အတိုင်းချည်း သက်သက် နေထိုင်သရုပ်ဆောင်သွားဖို့ မဖြစ်နိုင်တော့ဘူးဟု သူ့ကိုယ်သူပြန်၍ သတိပေးနေဖြစ်၏။



- သူ စကားပြောရန် အလှည့်ကျရောက်လာပြန်သည်။
- အလွတ်ကျက်ထားသော စကားလုံးများကို တစ်လုံးမကျန်နှုတ်တိုက် ရွတ်ဆိုပြလိုက်၏။

### အခန်း (ခုနစ်)

- သူ့ထံသို့ ဇာတ်သိမ်းခန်း ရောက်ရှိလာသည်။
- အလွန်အရေးကြီးသော အချိန်ဖြစ်ကြောင်း သူ နားလည်လိုက်၏။
- သူ့တပည့် လူဆိုးဓားပြများက မတရားချုပ်နှောင်ဖမ်းဆီးထားသော မင်းသမီးကို သူကိုယ်တိုင် ခဲရာခဲဆစ် ဝင်ရောက်ကယ်တင်ရမည်။ မင်းသမီး လွတ်မြောက်၊ သူ့လက်ထောက် ဓားပြခေါင်းဆောင်က သူ့ကို သေနတ်ဖြင့် ပစ်၊
- တီးလုံးက ချွတ်နင်းပေးနေသည်။
- စပေါ့လိုက်ထိုးကာ မှိန်ချထားရမည့်အစား ဇာတ်ခုံပေါ်တွင် မီးထိန်ထိန်လင်းနေ၏။
- မင်းသမီးက လက်ပြန်ကြိုးတုပ်လျက် အနေအထားဖြင့် ဇာတ်စင်အလယ်တွင် ကျုံ့ကျုံ့ထိုင်နေသည်။
- သူ ပြေးဝင်သွားလိုက်ပြီး မင်းသမီး၏လက်ကို ချည်နှောင်ထား

www.burmeseclassic.com

www.burmeseclassic.com



သည့်ကြိုးကို ကိုင်ကြည့်လိုက်၏။

- နဂိုကတည်းက ကြိုးကို တုပ်ထား၊ ချည်ထားခြင်းမရှိဘဲ လက်နှစ်ဖက်ကိုပူးပြီး နှစ်ပတ်သုံးပတ်မျှ ခပ်လျော့လျော့ ရစ်ပတ်ထားရုံမျှသာ ဖြစ်သောကြောင့် သူ မလာခင်ကပင် ကြိုးက ပြေနှင့်ကာ ကွင်းလုံးကျွတ် ပုံကျနေပြီး ဖြစ်သည်။

- အချည်ခံရသူ မင်းသမီးကိုယ်တိုင်က ကြိုးကို ပြန်၍ ဆုပ်ကိုင်ထားရသေးသည်။

- စိတ်ပျက်လက်ပျက်ဖြင့် မင်းသမီး၏ နောက်ကျောဘက်တွင် သူ ထိုင်ချလိုက်၏။

- ဖြေစရာကြိုးက မရှိ။ ဖြေခြင်းဖြေလျှင် ကြိုးကို ဆုပ်ကိုင်ထားသည့် မင်းသမီး၏လက်ကိုသာ ဖြေစရာရှိတော့သည်။ သို့သော်သည်အချက်ကလည်း ဇာတ်ညွှန်းထဲ မပါ။

- သူ ဟန်တပြင်ပြင်သာ လုပ်နေရ၏။ ဘာလုပ်ရန် ဟန်ပြင်မှန်းလည်း သူ့ဘာသာသူ မသိ။

- အတန်ကြာသောအခါ မင်းသမီးက ကြိုးကိုကိုင်ထားရာမှ လွှတ်ချပြီး ထရပ်လိုက်သည်။ ကြိုးပြေသွားပြီဆိုသည့် သဘော။

- သူကလည်း ဇာတ်ညွှန်းအတိုင်း ထရပ်လိုက်ရ၏။

- ထိုအချိန်တွင် ဇာတ်စင်ထောင့်မှ ဓားပြတစ်ယောက် ဝင်လာသည်။ လက်ထဲတွင် သေနတ်တစ်လက် ကိုင်လျက်။



- ထိုဓားပြက မျက်နှာကြီး အတင်းမဲ့ရွဲ့ကာ စကားကို လေးလေးပင်ပင်ဖြစ်အောင် တစ်လုံးချင်း တမင်လုပ်ပြော ပြောနေသည်မှာ နားကလောစရာ ကောင်းလှသည်။

- ပိုဆိုးသည့်အချက်မှာ ထိုစကားလုံးများကို ရေရွတ်နေသည့် ဓားပြလုပ်သူ ကိုယ်တိုင်ကလည်း ဘာပြော၍ပြောနေမှန်း သိပုံမရခြင်းပင်။

- စိတ်ပျက်ညည်းညူစွာဖြင့် ထိုဓားပြက သူ့ကို သေနတ်ဖြင့် ပစ်မည့်အချိန်ကို စောင့်မျှော်ရင်း အကင်းပါးလွန်းနေသည့် ကိုယ့်ကိုယ်ကိုသာ သူ ပြန်လည် အပြစ်တင်နေဖြစ်တော့သည်။

- ဒီကောင်က ငါ့ကို ဘာဖြစ်လို့ သေနတ်နဲ့ ပစ်မှာပါလိမ့် . . . အင်း . . . ဒီကောင်ကိုယ်တိုင်ကကော ဇာတ်ညွှန်းအခန်း (တစ်) မှာ ဘာတွေပါခဲ့သလဲဆိုတာ သိလို့လား . . . သိပုံတော့ မပေါ်ဘူး . . . ဒီပြဇာတ်မှာဝင်ကနေတဲ့ ဇာတ်ကောင်တွေအားလုံးလည်း အခန်း (တစ်) ကို ကပြခဲ့ဖူးပုံ မရဘူး . . . ဒါဖြင့် ဒါရိုက်တာ ဘယ်မှာလဲ . . . ?? တောက် !!! ဟော့ကောင် ပစ်လိုက်တော့လေကွာ . . . မြန်မြန်ပစ်လိုက်တော့ . . .

- သူ့အတွေးတွေ ယက်ကန်နေလိုက်၊ ကိုယ်ဖော့နေလိုက်၊ ပေါ်လောမျောနေလိုက်နှင့် ဖြစ်ချင်တိုင်း ဖြစ်နေသည်။

- ထိုအခိုက်တွင်ပင် ဓားပြက သူ့ကို သေနတ်ဖြင့် ဆတ်ခနဲ ထိုး

www.burmeseclassic.com

www.burmeseclassic.com



ချိန်ကာ ခလုတ်ကို ဆွဲညှစ်လိုက်သည်ကို မြင်လိုက်ရ၏။

- သေနတ်သံက ထွက်မလာ။ (တစ်ခုခု ချို့ယွင်းနေသောကြောင့် ဖြစ်ပေလိမ့်မည်)
- မည်သို့ပင်ဖြစ်စေ၊ သူ ဇာတ်ခုံပေါ် ပစ်လှဲချလိုက်သည်။ နောက် စိတ်ရှိလက်ရှိ သေပစ်လိုက်၏။
- သည်နေရာတွင် သူ သေကို သေရမည်။
- သူ သေမှ ဖြစ်တော့မည်။

**အခန်း (ရှစ်)**

- ကန့်လန့်ကာ ကျသွားသည်နှင့် တစ်ပြိုင်နက် သူ ဝုန်းခနဲ ထရပ်ကာ စင်အောက်သို့ ပြေးဆင်းခဲ့သည်။
- ပရိသတ်တစ်ယောက်မှ ရှိမနေသော ပွဲခင်းအလယ်တွင် သူ တစ်ယောက်တည်း။
- ပြဇာတ်က ဆက်လက်ကပြနေဆဲပင် ရှိသေးသည်။
- ဒါရိုက်တာ ဘယ်မှာလဲ ??? ဒါရိုက်တာ ဘယ်မှာလဲ ??? တဲ့ သွေးရူးသွေးတမ်း သူ ဟစ်အော်မေးမြန်းနေ၏။
- ဇာတ်စင်ရှေ့တွင်ကော နောက်တွင်ပါ လူတစ်ယောက်မှ ရှိမနေ။
- ဇာတ်စင်ပေါ်တွင်သာ လူများ ရှိနေကြ၏။



- ဆိုင်းသံက ငြိမ့်ငြိမ့်ညံနေသည်။
- ဒါရိုက်တာလည်း မရှိ။ ဇာတ်ညွှန်း အခန်း (တစ်) လည်း မရှိ။
- သူ ဇာတ်ရုံအပြင်ဘက်သို့ ထွက်ခဲ့၏။
- မီးလုံးရောင်စုံများ၊ ဆေးသား တောက်တောက်ပပများဖြင့် ခြယ်မှုန်း တန်ဆာဆင်ထားသည့် ဂီတ်ရှိုးပိုစတာ ခန့်ခန့်ညားညား ကြီးများကို မော့ကြည့်ရင်း အတန်ကြာအောင် ငိုင်တွေနေမိသည်။
- မနက်ဖြန်ညတွင်လည်း သည်ပြဇာတ်ကိုပင် အခန်း (တစ်) မပါဘဲနှင့် သူ ထပ်မံ ကပြရဦးမည်မှာ ပက်ပက်စက်စက် သေချာသည့်ကိစ္စတစ်ခု ဖြစ်သည်။
- တစ်စုံတစ်ရာ ပျောက်ဆုံးနေသူတစ်ယောက်က ဘာကိုခံစားရသလဲဟု သိချင်သောကြောင့် သူ့မျက်နှာကို သူ (နှုံးဖြင်းကြောင်စီစွာ) လှည့်ကြည့်လိုက်၏။

**အခန်း (ကိုး)**

- သူ အကျယ်လောင်နိုင်ဆုံး အော်ရယ်ပစ်လိုက်သည်။

❑

www.burmeseclassic.com

www.burmeseclassic.com



# ကွယ်လွန်သူတို့အကြောင်း

(ရှပ်သံ)

[၁]

ရေပြည်တွင် လက်ဖက်ရည်ဆိုင်တစ်ဆိုင် ဖွင့်ထားသည်ကို တွေ့ဆိုက်ရသောကြောင့် သူ အလွန်အံ့သြသွား၏။ ဆိုင်ရှေ့လမ်းမပေါ်တွင် လူများ၊ တိရစ္ဆာန်များ၊ ဆိုက်ကားများ ရှုပ်ယှက်ခတ်နေသည်ကို တွေ့ရသည်။ ထိုလမ်းမသည် ငရဲပြည်မှ လူ့ပြည်သို့ အပြန်လမ်းဖြစ်ကြောင်း သူ အလိုအလျောက် နားလည်နေ၏။ သူ လျှောက်လာခဲ့သည့် (ငရဲပြည်) သို့ အဝင်လမ်းသည် လက်ဖက်ရည်ဆိုင်ရှေ့နား မကျတကျတွင် ထိုအပြန်လမ်းမနှင့် ဆုံသည်။ ထိုနေရာမှ ထပ်၍ခွဲထွက်သွားသော လမ်းသွယ်ကလေးများကိုလည်း တွေ့ရသည်။ လှည်းတန်းလမ်းဆုံနှင့် ခပ်ဆင်ဆင်တူသည်ဟုပင် သူ တွေးမိလိုက်သေး၏။

www.burmeseclassic.com

www.burmeseclassic.com



လက်ဖက်ရည်ဆိုင်အတွင်းသို့ ဝင်လိုက်မည်ပြုပြီးမှ မဝင်သေး သူ ခေတ္တ ရပ်ငေးနေဖြစ်သည်။

သူ မြင်နေရသည်။

လှူပြည်သို့ဝင်ရန် အပြန်လမ်းမကြီးအတိုင်း လျှောက်သွားကြ သုံးလေးယောက်ကို သူ မြင်နေရသည်။ လမ်းမကြီးအဆုံးတွင် ဂိတ်တံခါး ဝတစ်ခု ရှိ၏။ ထိုနေရာတွင် အစစ်ဆေးခံရန် တန်းစီနေကြသူအ လည်း ရှိနေသည်။ ဂိတ်တံခါးမှအစောင့်က သူတို့ကိုစစ်ဆေးပြီး ကျေန ခွင့်ပြုမှသာလျှင် သူတို့ လှူပြည်သို့ပြန်ဝင်ခွင့် ရကြပေလိမ့်မည်။

ဘာဖြစ်လို့ သည်လောက် ရေးကြီးသုတ်ပြာနဲ့ ပြန်ချင်နေ ရတာပါလိမ့်ဟု သူ တွေးကြည့်သည်။ သူတို့တွင် လူ့ဘဝကို မက်စရာ အကြောင်းပြချက်ကောင်းကောင်း တစ်ခုစီ ရှိကြပေလိမ့်မည် ဉပမာ ဆင်ဆာမဲ့ ဗီဒီယိုကြည့်ရခြင်း၊ စည်းဝေးပွဲမှဝေသော ဒန်ပေါ မျှား စားရခြင်း၊ လှယဉ်ကျေးမယ်ရွေးပွဲကို တက်ရောက်အားပေးနိုင်ခြ သောက်ရေသန့်ဗူး ဝယ်သောက်နိုင်ခြင်း၊ မော်ဒန်ကဗျာ ဖတ်ခွင့်ရခြ

သူ ပြန်လှည့်ကာ လက်ဖက်ရည်ဆိုင်အတွင်းသို့ ဝင်လိုက် ရဲပြည်သည် (ယခင် ထင်ထားခဲ့ဖူးသလောက်) သူနှင့် စိမ်းမနေ လက်ဖက်ရည်ဆိုင်မှ လေးဖြူ၏ မဥ္ဇူရီသီချင်းဖွင့်သံ ကြားရ၏။

×××



[၂]

သေသွားသောအခါတွင်မှ အသက်ရှင်ခဲ့ဖူးကြောင်းကို သူများ ပြောပြ၍ သိရခြင်းသည် အတော်ပင် ကြေကွဲစရာကောင်းသည်ဟု သူ ခင်သည်။ သူ သေခဲ့ပြီ။ သတင်းစာတွင် ပါသောနာရေးကြော်ငြာကို သူတွေ ဖတ်ကြမည်နည်း???

ကြော်ငြာပါပြီး. . . နောက်နှစ်ရက်အကြာတွင် ထိုသတင်းစာကို ယ်မှာ လိုက်ရှာရမည်နည်း??? တကယ်တော့ တစ်နေ့တစ်နေ့ နာရေး ကြော်ငြာတွေ များလွန်းလှသည်ဟု သူ ထင်သည်။ မလိုပါ။ အကောင်း မှာ လက်ဖက်ရည်တစ်ခွက် သောက်ပစ်လိုက်ဖို့ပင် ဖြစ်သည်။ သူ က်ဖက်ရည်ဆိုင်တွင်းသို့ ရောက်ပြီ။

ချောင်အကျဆုံးနေရာတွင် ထိုင်မည်ဟု စိတ်ကူးကာ ထောင့်စွန်း းပွဲကို ကြည့်လိုက်သည်။

!!!! !

ထိုစားပွဲတွင် နာမည်ကျော်ပုဂ္ဂိုလ်ကြီးတစ်ဦး ထိုင်နေသည်ကို လိုက်ရ၏။ သူက ထိုပုဂ္ဂိုလ်ကြီးဆီသို့ ခပ်သုတ်သုတ် လျှောက်သွား ပြီး. . .

"ဒီ. . . ဒီက ဆရာကြီးနာမည်က 'လင်းယုတန်' ဟုတ်ပါတယ်

www.burmeseclassic.com

www.burmeseclassic.com



ထိုပုဂ္ဂိုလ်ကြီးက သောက်လက်စ ဆေးပေါ့လိပ်ကိုချကာ ပြန်
ကြည့်သည်။ သူက လက်ဆွဲနှုတ်ဆက်ရန်အတွက် ညာဘက်လက်
ထိုးပေးလိုက်၏။ ကျော်ကြားလှသော လူမှုရေးနှင့် အနုပညာတွေး
ရှင်ကြီးတစ်ဦးကို ငရဲပြည်တွင် လာရောက်တွေ့ဆုံ မိတ်ဖွဲ့ခွင့်ရ
အတွက် ဘုရားသခင်ဆိုသူကို လည်းကောင်း၊ ကံကြမ္မာဆိုသူကို လ
ကောင်း၊ အခြားတစ်စုံတစ်ယောက်ကိုသော် လည်းကောင်း လက်
တစ်ခုခု ပေးပို့ကာ ကျေးဇူးတင်ကြောင်း ပြောရဦးမည်။

သူက ညာလက်ကို တရမ်းရမ်းလုပ်ရင်း။

"ဆရာ့ကို အရမ်းလေးစားတယ်ဗျာ။ တကယ်ပါ။ ကျွန်တော်
ပြည်မှာတုန်းက ဆရာ့စာအုပ်တွေဆို သိပ်ဖတ်၊ သိပ်ကြိုက်ခဲ့တာ။ အဲ
မူရင်းဘာသာနဲ့တော့ မဖတ်နိုင်ဘူးပေါ့၊ ဘာသာပြန်ထားတဲ့ The li
Critic တို့ The Importance of Living တို့ ဘာညာတွေပေါ့။ အဲ
အဲဒီ ဘာသာပြန်တွေပဲ ဖတ်ရတာ။ 'ဒါနဲ့ နေပါဦး၊ ဆရာက အ
ဒီကိုရောက်လာတာလား ? လူပြည်ကို ပြန်မှာလား? "

လင်ယုတန်က ချထားသောဆေးပေါ့လိပ်ကို ပြန်ကောက်
ဖွာရင်း သူ့ကို မျက်လုံးပြူး၍ ကြည့်၏။ ပြီး.. ဘေးတွင် ထိုင်နေသေ
ငတိဘက် လှည့်ကြည့်လိုက်ပြန်သည်။

ဘေးတွင် ထိုင်နေသူကား... ကုလားအုတ်တစ်ကောင် !!!

ကျော်ကြားလှသော တွေးခေါ်ပညာရှင်ကြီးတစ်ဦးနှင့် ကုလ



တ်တစ်ကောင် အတူတူထိုင်၍ လက်ဖက်ရည်သောက်နေကြပုံကို မြင်
သည်မှာ အနည်းငယ်ထူးဆန်းသည်ဟု သူ့စိတ်ထဲ အောက်မေ့မိ၏။

"ကျုပ် အခုပဲ လူပြည် ပြန်တော့မလို့ပါ"

လင်ယုတန်၏အသံက ခပ်တိမ်တိမ်။ လက်ဖက်ရည်ဆိုင်ထဲ
နှင့် တဝုန်းဝုန်း ညပ်ပိတ်ရိုက်ခတ်နေသော လူသံ၊ သီချင်းသံတို့ကြောင့်
မည်ဟု သူ တွေးလိုက်၏။ သူက...

"ခဏလောက်တော့ ထိုင်ပါဦး ဆရာရယ်...၊ နည်းနည်းပါးပါး
ဆွေးနွေးချင်လို့ပါ"

သူ့စကားအဆုံးတွင် လင်ယုတန်၏မျက်နှာ ရှုံ့မဲ့သွားသည်ကို
ရ၏။ ဘေးမှ ကုလားအုတ်က မျက်ခုံးပင့်ကာ သူ့ကို ကြည့်သည်။
သူက လင်ယုတန်ရှေ့မှ လက်ဖက်ရည်အိုးကို ဆွဲယူကာ တစ်ခွက်ငှဲ့
၏။ 'ချူယောင်စီ' အကြောင်းက စရင်ကောင်းမလား ? တစ်ဝက်
ဝက် ဒဿနကိုပြောရင် ကောင်းမည်လား? 'မင်းစီးယပ်' အကြောင်း
ဆွေးနွေးရင် ကောင်းမည်လား?

တွေးရင်း လက်ဖက်ရည်ပန်းကန်ကို မ,ကာ တစ်ငုံသောက်
လိုက်မိသည်။

"ဖွီ" ခနဲ ပြန်ထွေးထုတ် ဖြစ်သွား၏။ အေးစက်ပေါ့ပျက်ပျက်
လက်ဖက်ရည်ကြမ်းနှင့် တို့ထိလိုက်ရသောကြောင့် ကျုံ့ဝင်သွားသည့်
သည် အချိန်အတော်ကြာသည်အထိ ပုံမှန်ပြန်မဖြစ်။ သူ မျက်နှာ

www.burmeseclassic.com

www.burmeseclassic.com



မဲ့သွားသလို လင်ယုတန်ဘေးမှ ကုလားအုတ်ကလည်း မျက်နှာကို လိုက်မဲ့သည်။ လင်ယုတန်ကိုယ်တိုင်ကကော့ မျက်လုံးကြောင်တောင်ဖွင့်လျက်သားနှင့်ပင် သူ့အဖြစ်ကို မမြင်ရသလို။ ခပ်ပေါ့ပေါ့ အမူအရာဖြင့်ပင် လက်ဖက်ရည်ကြမ်းတစ်ခွက်ကို ငှဲ့သောက်နေလိုက်သေး၏။ ထို့ကြောင့် သူက. . .

"ဘယ့်နှယ်ဟာတုန်း ဆရာရယ်၊ ဆရာရေးတဲ့ လက်ဖက်ရည်သောက်နည်းကျမ်းထဲမှာတော့ ဒီလိုဝန်းကျင်မျိုးနဲ့ ဒီလိုလက်ဖက်ရည်မျိုးကို မသောက်သင့်တဲ့ အမျိုးအစား၊ ရှောင်သင့်တဲ့ အရာတွေပါလို့ ဆိုထားပြီး အခုတော့ ဆရာကိုယ်တိုင် မြိန်ရေယှက်ရေ သောက်လို့ပါလား"

စကားကို ခေတ္တဖြတ်ကာ လင်ယုတန်၏မျက်နှာကို အကဲခတ်လိုက်၏။ ဘာမှ မပြောင်းလဲ။ မံမီရုပ်အလောင်းနှယ်၊ မျက်နှာသည် တိတ်ဆိတ်။ ထို့ကြောင့် သူကပင် ဆက်၍. . .

"အဲဒီ လက်ဖက်ရည်သောက်နည်းကျမ်းထဲမှာ ဆရာရေးသလိုပေါ့၊ သဘာဝတရားနဲ့ လူ့ယဉ်ကျေးမှုတို့ဆီကနေ ဖူးပွင့်လာတဲ့ ရသာရန့်၊ အသံနဲ့ အရောင်အဆင်းတွေရဲ့ ညီညွတ်မှုအလှတရား၊ အဲဒီမဟာအလှတရားကို ခံစားဖို့အာရုံခံကိရိယာအဖြစ် ကျွန်တော်တို့ရဲ့ ခန္ဓာကိုယ်ကို အသွင်ပြောင်းပေးမယ့် လက်ဖက်ရည်မျိုးတွေဟာ လက်ရှိခေတ်မြိုင်မျိုးဆက်တွေအတွက် သိပ်ရှားပါးနေပြီဆိုတာ ဆရာ သတိပြုမိရဲ့လား။



ဝေးဝေး မကြည့်နဲ့၊ အခု ကျွန်တော်တို့သောက်နေရတဲ့ လက်ဖက်ရည်ကိုပဲ ကြည့်၊ အတွေးအခေါ်သစ်ကို စိန်ခေါ်တဲ့. . ."

"ဟော့ကောင်. . . အရှုး၊ မင်း ဘာတွေ လာပြောနေတာလဲ"

ခပ်ပြင်းပြင်း ရိုက်ခွဲခံလိုက်ရသော မှန်တစ်ချပ်လို သူ ကွဲအက်ကြွသွားသည်။ အဘိဓမ္မာဆရာကြီးတစ်ဦး၏လျှာသည် သည်မျှ ရိုင်းရင့်သီးသော စကားလုံးများကို ဘယ်လိုများ ပက်ထုတ်လိုက်နိုင်ပါလိမ့်ဟု တွေးရင်း သူ အိုးတမ်းအမ်းတမ်း ဖြစ်နေ၏။ ဘေးတွင် ထိုင်နေသော ကုလားအုပ်က. . .

"လုပ်ပါဦးဗျာ၊ ခင်ဗျားစကား ဆက်ပါဦး"

ဟု အားနာသောမျက်လုံးများဖြင့် ထောက်ပေး၏။ သို့သော် သူ စကားဆက်ရန် မတတ်နိုင်တော့။

အတုန်တုန် အလှုပ်လှုပ်ဖြင့်ပင် နောက်ထပ်ပြောရန် အကြောင်းအရာသစ်တစ်ခုကို ကမန်းကတမ်း ရှာဖွေနေမိသည်။ အဘိဓမ္မာဆရာကြီးကတော့ ကုန်သွားသောလက်ဖက်ရည်အိုးကို မြှောက်ပြကာ ထပ်မှာ၏၊ ထို့ကြောင့် သူက. . .

"ဒါ ဘယ်နှစ်အိုးမြောက်လဲ ဆရာ?"

အဘိဓမ္မာဆရာကြီးကတော့ စိုထိုင်းပြီး ရွံရှာဖွယ်အကျိအချွဲများ ပေနေသည့် ပါးစပ်ကြီးကိုဖြဲကာ မင်းနဲ့ ဘာဆိုင်လို့လဲကွဟု ဟောက်၏။ သူက မျက်နှာကို အစွမ်းကုန်ချိုထားရင်း. . .

www.burmeseclassic.com

www.burmeseclassic.com



"ဪ. . . ဆရာ့ရဲ့ လက်ဖက်ရည်သောက် အဘိဓမ္မာထဲ ပထမတစ်အိုးကို ဆယ့်သုံးနှစ်သမီးလေးနဲ့ နှိုင်း၊ ဒုတိယအိုးကို ဆ ခြောက်နှစ်အပျိုမလေးနဲ့ နှိုင်း၊ တတိယအိုးကို အမျိုးသမီးကြီးတ ယောက်နဲ့ နှိုင်းဆိုတော့. . . အင်း. . အခုတစ်အိုးကို ဆရာ ဘယ်လိုမျ

"မုဆိုးမနဲ့သာ နှိုင်းလိုက်တော့"

အဘိဓမ္မာဆရာနှင့် စကားဆက်ပြောရန် မဖြစ်တော့မှန်း နောက်ကျစွာ နားလည်လိုက်၏။ ကုလားအုတ်က သူ့ကို မဝံ့မရဲကြ ရင်း အားနာလိုက်တာဗျာဟု ပြောသည်။ သူကလည်း ရုက်ရုက်ဖြင့် တယ်၊ ကိစ္စမရှိပါဘူး(သို့မဟုတ်) အလားတူ အဓိပ္ပါယ်ရသော စ တစ်ခုခုဖြင့် ပြီးစလွယ် တုံ့ပြန်လိုက်၏။

နောက်တော့ ထိုကုလားအုတ်ကပင် ဗုဒ္ဓမင်း၏ ပုဂ္ဂလိကဆ သဘောတရားအကြောင်း စကားစလာသဖြင့် သူနှင့် ကုလားအု လက်ဖက်ရည်အတူသောက်ရင်း ပြင်သစ်၊ ဂျာမနီ၊ အင်္ဂလန်၊ အမေ တို့၏ စက်ကိရိယာယဉ်ကျေးမှုအကြောင်း၊ လူ့ဘဝ၏အတွင်း နိယာမ Inner Law အကြောင်းစသဖြင့် ရောက်တတ်ရာရာ ပြေ ကြသည်။ ကုလားအုတ်တစ်ကောင်၏လျှာပေါ်မှ ထိုစကားများ လာသည်ကို အနည်းငယ် အံ့သြမိသော်လည်း သူ ဘာမျှမထော်

အတန်ကြာသောအခါ အဘိဓမ္မာဆရာက ဆောင့်ကြီးအော ဖြင့် လက်ဖက်ရည်ဆိုင်ထဲမှ ထထွက်သွားသောကြောင့် သူတို့



ဆိုက်၍ ထွက်ခဲ့ကြ၏။ အပြင်သို့ရောက်သောအခါ သူတို့သုံးဦးသား လမ်းခွဲလိုက်ကြသည်။ အဘိဓမ္မာဆရာက လူပြည်အဝင်ပေါက်ဆီ လျှောက်သွားနေစဉ် ကုလားအုတ်က သူ့ကိုနှုတ်ဆက်ပြီး လမ်းခွဲလေး တစ်ခုအတိုင်း လှည့်ထွက်သွား၏။ သူကတော့ နေရာတွင်ပင် ခေတ္တ ရပ်တန့်ကာ ငေးမောကြည့်နေမိသေးသည်။

လူပြည်အဝင်ဂိတ်ဝတွင် အစစ်ဆေးခံနေသော အဘိဓမ္မာဆရာ ကို လှမ်းမြင်နေရသည်။ နောက်တော့ ဝင်ခွင့်ပေးလိုက်ဟန်တူ၏။ အဘိဓမ္မာဆရာသည် တစ်ဖက်သို့ ဝင်ရောက်ပျောက်ကွယ်သွားသည်။

ကျောက်စရစ်ဆန်သော သက်ပြင်းတစ်ချက်ကို ကြိယာဝိသေသန ခဲ့စွာ ပစ်ချလိုက်ရင်း လက်ဖက်ရည်ဆိုင်ရှေ့မှ သူ လှည့်ထွက်ဖြစ်၏။

ငရဲပြည်သို့ သူ ဝင်တော့မည်။

xxx

(၃)

ပင်လယ်ကွေ့စစ်ပွဲကို သူ ဖန်တီးခဲ့သည် မဟုတ်ပါ။ အနုမြူဗုံး ကြဲချရန် တွန်းအားပေးခဲ့သူများထဲတွင် သူ မပါဝင်ပါ။ ပဋိသန္ဓေရများ၊ ပိုးကောင်များဖြင့် ဖျော်စပ်ထားသော လက်ဖက်ရည်ကျကျွဲတစ်ခွက်

www.burmeseclassic.com

www.burmeseclassic.com



ကို မည်သူမျှ တိုက်ခဲ့ဖူးခြင်း မရှိပါ။ အနီရောင်မျက်နှာဖုံးစွပ် တစ်ဦ
ကို ဘယ်တုန်းကမျှ သူ မတပ်ဆင်ခဲ့ဖူးပါ။ ပြန်ဆိုတေး လုပ်ရောင်း
သူများထဲတွင် သူ မပါပါ။ အိမ်အတက်အဆင်း လှေခါးတွင် အလှ
သဘောဖြင့် ငွေအကြွေစေ့များကို သံဖြင့်ရိုက်ကာ ကပ်ထားခဲ့ဖူးခြ
ဟည်း မရှိပါ။ သူသည် ခန့်မှန်းမေးခွန်းတစ်စုံ မဟုတ်ပါ။ သူသည်
လျှပ်စစ်မီးသီးတစ်လုံး မဟုတ်ပါ။ သူသည် သတင်းစာစက္ကူဖြင့် ထု
ထားသည့် ပေါင်မုန့်မှိုတက်တစ်လုံး မဟုတ်ပါ။ သူသည် စီးကရ
ကြော်ငြာ မဟုတ်၊ အရက်ကြော်ငြာမဟုတ်၊ အဒေါ့ဖ်ဟစ်တလာ မဟုတ်

ထို့ကြောင့် ယမမင်း၏ရုံးခန်းထဲသို့ ရဲတင်းပေါ့ပါးစွာ ဝင်လိုက်
၏။

ယမမင်း၏မျက်နှာကို စေ့စေ့ကြည့်ရင်း သူ တွေနေသည်။ မျ
ခုံးထူထူ၊ ပါးစပ်ကျယ်ကျယ်နှင့် သည်လိုပုံစံမျိုးကို သူ တစ်နေရာရာတွ
တွေ့ဖူးသည်ဟု ထင်သည်။ နောက်မှ သူ ပိုက်ဆံချေးလိုက်သော မိတ်
ဆွေတစ်ယောက်နှင့် အတော်တူနေမှန်း သတိရသွား၏။ ယမမင်းက သူ
ကိုကြည့်ကာ သက်ပြင်းတစ်ချက် ချသည်။ နောက် မိဘအမည်၊ အလုပ်
အကိုင်နှင့် နေရပ်လိပ်စာတို့ကိုမေးပြီး ဘာမှ မစစ်မေးတော့ဘဲ. . .

"ကဲ. . . မင်း လူပြည်ပြန်တော့"

ဟု တစ်ခွန်းတည်း ပြောလိုက်၏။ သူ အနည်းငယ်အံ့ဩစိတ်
ဖြင့် လှည့်ထွက်လာခဲ့သည်။ အခန်းအပြင်ဘက် ရောက်သောအခါ



မျက်နှာထား မာရေကျောရေနှင့် တံခါးစောင့်ကို မြင်ရသည့်အတွက် အနည်းငယ် စိတ်ကသိကအောက် ဖြစ်ရသေး၏။ စောစောက အခန်းထဲဝင်ခါနီး ဒီကောင် ငါ့ဆီက ပိုက်ဆံငါးဆယ် လက်ဖက်ရည်ဖိုးတောင်းတဲ့အကြောင်း ယမမင်းကို တိုင်ခဲ့ရအကောင်းသားဟု တွေးမိ၏။ နောက်တော့ သူ စိတ်ပြောင်းသွားကာ သည်အတိုင်းလှည့်ထွက်လာ ဖြစ်သည်။ ဇော်ဝင်းထွဋ်၏ သီချင်းတစ်ပုဒ်ကို သူ လေချွန်လိုက်၏။

×××

[၄]

လမ်းဆုံသို့ ပြန်ရောက်သောအခါ လက်ဖက်ရည်ဆိုင်တွင်းသို့ သူ တစ်ချက် ငဲ့ကြည့်ဖြစ်သေးသည်။ ထိုင်ချင်စိတ် သိပ်မရှိသဖြင့် လူ့ပြည် အဝင်ဂိတ်ဝသို့ ဆက်လျှောက်ခဲ့၏။

ဂိတ်တံခါးတွင် လူ ရှင်းနေသည်။ အစစ်ဆေးခံရန် သူ ရပ်လိုက် ၏။

ဘွတ်ဖိနပ်ဟောင်းတစ်ဖက်လို မျက်နှာမျိုးရှိသော ဂိတ်တံခါး စောင့်က. . .

"မင်း လူ့ပြည်ရောက်ရင် ဘယ်အိမ်မှာ သွားနေမှာလဲ ???"

www.burmeseclassic.com

www.burmeseclassic.com



"ကြုံရာပေါ့"

ဂိတ်စောင့်၏မျက်နှာ ရှုံ့မဲ့သွား၏။ ထို့နောက်. . .

"ကဲ. . . ငါးပါးသီလ ဆိုပြစမ်းကွာ"

သူ သွက်လက်စွာ ဆိုပြလိုက်နိုင်သည်။ သူ့ကိုယ်သူ ဂုဏ်ယူ မဆုံးမိပင် အစောင့်က ပျာပျာသလဲ အမူအရာဖြင့်. . .

"ဟာ. . . မဟုတ်သေးပါဘူး၊ ဟော့ကောင် မင်းပါးစပ်ဟ၊ လျှာ ထုတ်စမ်း"

သူ အနည်းငယ်ကြောင်သွားပြီး ပါးစပ်ဟကာ လျှာထုတ်ပြ လိုက်ရ၏။ အစောင့်က သူ့လျှာကို သေချာစွာကြည့်ပြီး တစ်ခွန်းတည်း ပြောလိုက်၏။

"သွားစမ်းကွာ၊ မင်းကို ဝင်ခွင့်မပေးနိုင်ဘူး"

× × ×

သူ လက်ရည်ဆိုင်ရှေ့သို့ တစ်ခေါက် ရောက်ရပြန်သည်။ စိတ် ပျက်လက်ပျက်ဖြင့် ဆိုင်တွင်းသို့ ဝင်လိုက်စဉ် ခွေးတစ်ကောင်က သူ့ရှေ့ တွင် လာရပ်သည်။ အူကြောင်ကြောင်ဖြစ်နေသော သူ့ကို ထိုခွေးက လက်ဆွဲခေါ်ရင်း

"လာပါဗျာ. . .၊ ခဏထိုင်ပါဦး၊ စိတ်မညစ်ပါနဲ့၊ ခင်ဗျားက 'ထုံးစံ'ကိုမှ မသိဘဲ လုပ်သွားတာကိုး၊ ထုံးစံသိရင် ပြေလည်သွားမှာပါ၊ ကိစ္စမရှိပါဘူး၊ ကျွန်တော် ကူညီပါ့မယ်"



ခွေးက စားပွဲထိုးလေးကို ဟော့. . . လက်ဖက်ရည်နှစ်ခွက်ဟု လှမ်း မှာ၏။ သူက ခွေးကို. . .

"ဘာလဲဗျ ??? ဘာ 'ထုံးစံ' လဲ ??"

ခွေးက တစ်ချက်ရယ်လိုက်ရင်း

"ဘာမှ ထွေထွေထူးထူး မဟုတ်ပါဘူးဗျာ၊ ဟိုကိုမဝင်ခင် ခင်ဗျား ရဲ့လျှာနဲ့ ကျုပ်ရဲ့လျှာ အလဲအလှယ် လုပ်လိုက်ရုံပါပဲ"

"ဗျာ. . ."

သူ့ပါးစပ်ကိုသူ ယောင်၍ စမ်းမိ၏။ အဘိဓမ္မာဆရာနှင့် ကုလား အုတ်တို့၏ မျက်နှာကို ဖျတ်ခနဲ ပြန်မြင်ယောင်သည်။

ကုလားအုတ်၏လျှာပေါ်မှ လိမ့်ဆင်းလာသော ဗဿနများ။

အဘိဓမ္မဆရာ၏ စိုထိုင်းပြီး ရွံရှာဖွယ်အကျိအချွဲများ ပြည့်နေ သည့် လျှာကြီး။

×××

[၅]

ဂိတ်တံခါးဝကို လှမ်းမြင်ရသည်။

သူ ခပ်သွက်သွက် ပြေးသွားလိုက်၏။ ဂိတ်စောင့်၏ ဘွတ်ဖိနပ်

www.burmeseclassic.com

www.burmeseclassic.com



ဆန်ဆန် မျက်နှာကြီးကိုပင် သဲသဲကွဲကွဲ မြင်ရပြီ။

သူ ပြေးနှုန်းကို မြှင့်လိုက်သည်။

အနီးသို့ရောက်သောအခါ ဂိတ်စောင့်၏ပခုံးကို သူ လက်နှ[illegible] ဖက်ဖြင့် အားရပါးရသိုင်းဖက်ကာ ဘွတ်ဖိနပ်စုတ်နှင့်တူသော မျက်နှ[illegible] ကြီးကို သူ့လျှာဖြင့် တပျတ်ပျတ်မြည်အောင် လျက်လိုက်၏။

× × ×

သူ့အတွက် ဂိတ်တံခါး ပွင့်သွားသည်။

တစ်ဖက်သို့ လှမ်းဝင်လိုက်ရင်း လှုပြည်ရောက်လျှင် အဘိဓ[illegible] ဆရာကို တွေ့အောင်အရင်ရှာရ ကောင်းမလား? သူ လျှာဖြင့်လျက်[illegible] မည့်သူများ၏ စာရင်းကို အရင်ပြုစုရမလား? ဆိုသည်ကို သူ စဉ်းစာ[illegible] ၍နေသည်။

❑



# ပရောမီးသယပ်(စ်) သေဆုံးခြင်း

(စတိုင်သစ်)

အပိုင်း [၁]

[illegible]မြင် (သို့မဟုတ်) အတိတ်

ဂရိ ရှေးဟောင်းဒဏ္ဍာရီတွေထဲမှာတော့ ပရောမီးသယပ်စ် (Prometheus) ဟာ တိုက်တန်နတ်မျိုးနွယ်တစ်ပါးလို့ ဆိုပါတယ်။ [illegible]ကောင်းကင်နဲ့ ကမ္ဘာမြေကြီးတို့ကနေ ပေါက်ဖွားလာတဲ့ နတ်မျိုးဆိုတော့ [illegible]တန်ခိုးသိပ်ကြီးတာပေါ့။ စကြာဝဠာတစ်ခုလုံးကိုအုပ်ချုပ်တဲ့ ဝရဇိန်မိုး [illegible]ကြီးလက်နက်ပိုင်ရှင် နတ်အားလုံးတို့ရဲ့ ဘုရင်လို့ဆိုကြတဲ့ ဇု (Zeus) [illegible]ဘော်မင်းကြီးထက်တောင်မှ ပိုပြီး ရှေးကျသေးတယ်။ ပိုပြီး တန်ခိုးကြီး [illegible]သေးတယ်လို့တောင် တချို့က ပြောကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီ ဖုနတ်မင်းဟာ သူ့ခမည်းတော် ကနိုးနပ်(ဆေတန်) နတ်မင်းကြီးကို ပုန်ကန်စစ်ခင်းပြီး နတ်တကာတို့ရဲ့ဘုရင်နေရာ ရာဇပလ္လင်ကို အရယူခဲ့တဲ့ သူပါ။ အဲဒီလို ဖခမည်းတော်နဲ့ စစ်ခင်းစဉ်အခါက ဖုနတ်မင်းကြီးဘက်က ပရောမီးသယပ်စ်နဲ့ သူ့ညီက ဝင်ကူပေးခဲ့တာပေါ့။ ဒါနဲ့ စစ်နိုင်ပြီး ဖုနတ်မင်းကြီးလည်း နတ်ဘုရင်ကြီးဖြစ်လာရော ပရောမီးသယပ်စ်တို့ ညီအစ်ကိုနှစ်ယောက်ကို ကမ္ဘာလောကကြီးမှာရှိတဲ့ တန်ခိုးသတ္တဝါတွေ ဖန်ဆင်းပေးဖို့ တာဝန်ပေးလိုက်တယ်။

ပရောမီးသယပ်စ်ရဲ့ ညီတော်မောင်ကတော့ တိရစ္ဆာန်တွေကို ခွန်အားကြီးအောင်၊ လျင်မြန်အောင်၊ ကောင်းကင်ပျံနိုင်အောင် ဖန်ဆင်းပေးလိုက်ပါလေရော။ အဲဒီမှာ ပရောမီးသယပ်စ်က စဉ်းစားတယ်။ လူတွေအတွက်ကျတော့ကော ဘာလုပ်ရရင် ကောင်းမလဲပေါ့။ သူက လူသားတွေရဲ့အကျိုးကို အမြဲတမ်း ရှေးရှုတာကိုး။ သူက 'လူဆိုတာ တိရစ္ဆာန်ထက်သာတဲ့ တန်ခိုးသတ္တဝါတော့ ရှိမှဖြစ်မယ်' လို့ စဉ်းစားတယ်။ ဒါနဲ့ ပရောမီးသယပ်စ်ဟာ ကောင်းကင်ကိုပျံတက်ပြီး 'နေ'ကရတဲ့မီးခဲတ်ကို လူသားတွေဆီကို ပေးလိုက်ပါလေရော။

ပြဿနာပေါ်ပုံက တစ်နေ့ကျတော့ ဖုနတ်မင်းကြီးဟာ လူသားတွေကို စိတ်ဆိုးပြီး မီးစတ်ကို လူသားတွေဆီကနေ ကွယ်ဖျောက်ပစ်လိုက်ပါလေရော။ ဒါပေမဲ့ ပရောမီးသယပ်စ်က မနေနိုင်ရှာဘူး။ သူက လူတွေအကျိုးရှိရာရှိကြောင်း ဆောင်ရွက်ပေးချင်တာကိုး။ ဒါနဲ့ အဲဒီမီးခဲတ်ကို ဖုနတ်မင်းကြီးမသိအောင် ခိုးပြီး လူသားတွေကို သွားပြန်ပေးလိုက်တယ်။



ဘယ်နေလိမ့်မလဲ။ ဖုနတ်မင်းကြီးက သိသွားတာပေါ့။ သူလည်း ခေသူမှ မဟုတ်တာ။ နေနတ်သား၊ လနတ်သမီး စတဲ့ တန်ခိုးရှင်တကာတို့ရဲ့ ဘုရင်ပေပဲ။ သူ့လို ဘုရင်ကြီးရဲ့အမိန့်ကို လွန်ဆန်ရကောင်းလားဆိုတဲ့ ဒေါသဟာ စိတ်ရဲ့ပင်လယ်ကို မုန်တိုင်းလို တိုက်ပစ်လိုက်တယ်။ ဒါနဲ့ပဲ ဒဏ်ခတ်တဲ့အနေနဲ့ ကော့ကေးဆပ်တောင်တန်းပေါ်မှာ ပရောမီးသယပ်စ်ကို အခိုင်အမာ ချည်တုပ်နှောင်ပြီး အရှင်လတ်လတ် လင်းတတကျေးတာ ခံရပုံများ မသက်သာလိုက်တာ။ ဒီလိုလေ နေ့တိုင်းနေ့တိုင်း လင်းတတစ်ကောင်က လာပြီးတော့ ပရောမီးသယပ်စ်ရဲ့အသည်းကို ဖောက်စားတယ်။ ဒါပေမယ့် ပရောမီးသယပ်စ်က မသေနိုင်ရှာဘူး။ လင်းတစားပြီးသွားတဲ့ အသည်းရဲ့နေရာမှာ နောက်အသည်းတစ်ခု ပြန်ပြန် ဖြစ်လာတယ်။ လင်းတက နောက်တစ်နေ့ လာစားပြန်ရော။ အဲဒီလိုပဲ အသည်းကပြန်ဖြစ်လိုက်၊ လင်းတက လာစားလိုက်နဲ့ ကြောက်စရာ၊ ကြေကွဲစရာ၊ မခံရပ်နိုင်စရာ ဝေဒနာဆိုးကြီးကို ပရောမီးသယပ်စ်ခမျာ အနှစ်ထောင်ပေါင်းများစွာ လည်စင်းခံရရှာတာလေ။ ဒုက္ခကြီးလိုက်ပုံများ။

အင်း ခံလိုက်ဦးပေါ့လေ။ လူသားတွေရဲ့ ကောင်းကျိုး၊ လူသားတွေရဲ့တိုးတက်မှုကို လုပ်ပေးချင်မိတာကိုး။ ကိုယ့်အပြစ်နဲ့ ကိုယ်ပေါ့။

xxx

www.burmeseclassic.com

www.burmeseclassic.com



အပိုင်း [၂]

**AD 3000 ခေတ်လွန်ဝတ္ထု (သို့မဟုတ်) အနာဂတ်**

သားအိမ်အထုတ်ခံထားရတဲ့ မိန်းမတစ်ယောက် ပြင်ဆင်ခြယ် သထားပုံမျိုးနဲ့ အဲဒီခေတ်ဟာ လှလှပပကြီးကို အရွယ်တင်နေတယ်။ ခေတ် လွန် တိုးတက်မှုတွေရဲ့ကြားမှာ ကော်ပတ်ရုပ်တစ်ရုပ်လို နေထိုင်နိုင်ခေ ရဲ့ သက်သက်ကလွဲလို့ ဘာမျိုးစေ့ကိုမှ ရှင်သန်အောင် စိုက်ပျိုးမပေးနိုင် တော့တဲ့ ခေတ်ကြီးပေါ့။

ဟုတ်တယ်။ အဲဒီခေတ်မှာ ကမ္ဘာမြေလူ့အဖွဲ့အစည်းဟာ သိပ်[…] ကို တိုးတက်နေပါပြီ။

တစ်နေရာက တစ်နေရာကို သွားချင်တယ်ဆိုရင် လမ်းလျှောက် စရာမလိုတော့ဘူး။ ရွေ့လျားနေတဲ့ စကြံ့လမ်းကြောင်းတွေ ရှိတယ်။ အဲဒီအပေါ်တက်ပြီး မတ်တပ်ရပ်လိုက်ရုံပဲ။

ပင်ပင်ပန်းပန်း အလုပ်လုပ်စရာ မလိုတော့ဘူး။ စားဖို့သောက် ဖို့က မပူရဘူးလေ။ ရေခဲသေတ္တာ အကြီးစားတွေထဲမှာ အသင့်လုပ်ပြီး သား စားစရာတွေက အလျှံပယ်။

ရာသီဥတုဆိုရင်လည်း တစ်နှစ်ပတ်လုံးကို အပူအအေးမျှတ[…] ရာသီဥတုတစ်မျိုးတည်း ဖြစ်နေအောင် ချိန်သားညှိထားနိုင်ပြီ။

ကဲ. . . တွေ့လား။ အားလုံး ပြည့်စုံပြီးသားပဲ။ အဲ တစ်ခု[…]



[…]တယ်။ စောစောက ပြောခဲ့သလိုပေါ့။ အဲဒီ ခေတ်လွန်အဖွဲ့အစည်း […]ဟာ မြုံနေတဲ့မိန်းမတစ်ယောက် ဖြစ်နေတာပါပဲ။ အဲဒီ ခေတ်ယဉ်ကျေး […]နေ ဘာပန်းမှ ပွင့်မလာနိုင်ဘူး။ ဘာသစ်သီးမှ သီးမလာနိုင်ဘူး။ […]ရနံ့မှလည်း လေထဲ ဝေ့ဝဲလာစရာအကြောင်း မရှိဘူး။

ဒါနဲ့ပဲ အဲဒီ သိပ္ပံလွန်ယဉ်ကျေးမှုတွေနဲ့ ခေတ်ကြီးဟာ ကိုယ် […]က သားသမီးမမွေးနိုင်တော့ သူများကို မွေးစားရတော့တာပေါ့။ […]အတိုင်းပါပဲလေ။ မိကောင်းဖခင်မဟုတ်တဲ့ ဝတ်မှုန်တွေဟာ မေထုန် […]သားစပ်နည်းနဲ့ ရွေးချယ်ယုံကြည်ခွင့် ခေါင်းပါးကျင့်ရနေတဲ့ လူတွေ […]ခေါင်းထဲကို ခပ်တည်တည်နဲ့ ဝင်သွားတယ်။ ပြီးတော့မှ မွေးစား […]ဝ (Second Nature) လို့ အမည်တပ်ထားတဲ့ ကိုးရိုးကားယား […]ကျေးမှု ကလေးဆိုးသွမ်းသွမ်းတွေ ပေါက်ဖွားထွက်ကျလာတော့ရဲ့။

မခက်ဘူးလား။ လူတွေလေ။ ကြည့်စမ်း။

ကိုယ့်သွေးမဟုတ်ဘဲ အဲဒီကလေးဆိုးတွေကို နို့စားနွားမကြီး […]ကောင်ရဲ့နို့ရည်လို အရောင်းစားခံဖို့ ယုယမှုတွေနဲ့ ပေါပေါပြုပြု […] ခုစ်ပစ်လိုက်ကြတာ။

ဟောဒီမှာ. . .

× × ×

www.burmeseclassic.com

www.burmeseclassic.com



အဲဒီခေတ်မှာ လူတွေဟာ ကိုယ်ပေါ်မှာ အဝတ်အစား မဝတ် ကြတော့ဘူး။ မလိုတော့ဘူးတဲ့လေ။ အဲ. . . လိုတာက ဘာလဲဆိုတော့ 'မျက်နှာကိုလုံအောင်ဖုံးဖို့ အဝတ်စ' ဒါပဲ။ အဲဒီခေတ်ရဲ့ အကျော်ကြား ဆုံး အရှက်ဆိုင်ရာ တွေးခေါ်ပညာရှင်ကြီးတစ်ယောက်က သူ့ရဲ့ သဘော ကျမ်းတစ်ဆူမှာ. . .

"တကယ်တော့ အရှက်ဆိုတာ ကိုယ်ပေါ်မှာရှိတာ မဟုတ်ဘူး ကိုယ်အင်္ဂါအစိတ်အပိုင်းတွေ အကျင့်စာရိတ္တပေါ်မှာ မူတည်ရာ မဟုတ် ဘူး။

အရှက်ဟာ မျက်နှာနဲ့ပဲ ဆိုင်တယ်။ ခိုးတာပဲ ဖြစ်ဖြစ်၊ ဂုဏ်... ပဲ ဖြစ်ဖြစ်၊ လိင်ဖောက်ပြန်တာပဲ ဖြစ်ဖြစ် လုပ်ချင်တာသာ လုပ်။ ဘယ် သူဘယ်ဝါ လုပ်တယ်ဆိုတာ သိဖို့မှတ်ဖို့ မျက်နှာကိုသာ မတွေ့မြင်ရ... ဆိုရင် ရှက်စရာအကြောင်း မရှိဘူးတဲ့။

ကဲ. . . ဘယ်လောက် ခေတ်မီထက်မြက်တဲ့ အတွေးအခေါ်... ကြည့်စမ်း။ ဒါကြောင့် ခေတ်သစ်လူသားတွေဟာ ကိုယ်ပေါ်မှာ အဝတ် အစား မဝတ်ကြတော့ဘူး။ မျက်နှာကိုပဲ အဝတ်စလေးနဲ့ ဖုံးထားကြတော့ တယ်။

ဪ. . . သနားစရာ ကောင်းလိုက်တာ။ ရှေးတုန်းက လူသား တွေများ အသိဉာဏ် နည်းလိုက်ကြတာလေ။ အင်္ကျီဝတ်သတဲ့။ လုံချည် ဝတ်သတဲ့။ ဘောင်းဘီ ဝတ်သတဲ့။ ကိုင်း. . . အဲဒါတွေဝတ်တော့ မီး... စတွေ၊ ချည်မျှင်တွေ အလဟဿ မဖြစ်ကုန်ပေဘူးလား။ မလိုအပ်



...နီးတီးရာ မရောက်ပေဘူးလား။ အဲဒါကြောင့် အဲဒီခေတ်လူသားတွေ ...ဖို့ ကုန်ဈေးနှုန်းကြီးတာတို့၊ ကျပ်တည်းတာတို့၊ မလောက်ငှတာတို့ ...ခဲ့ရတာ။ ဟော. . . အခုလို မျက်နှာဖုံးလေးပဲ ဖုံးထားလိုက်တော့ ...ရော။ ပိတ်စအကုန်လည်း သက်သာတယ်။ လိုရင်းလည်း ရောက် ...ယ်။ လုပ်ချင်ရာသာ လုပ်၊ ဘယ်သူ့ကိုမှ ရှက်ကြောက်နေစရာလည်း ...လိုတော့ဘူး။

ကဲ . . . ခေတ်လွန် အတွေးအခေါ်တွေဟာ မစူးရှ မပြောင် ...မြောက်ပေဘူးလား။ ခရမ်းနုရောင်တိမ်တိုက်ရဲ့ အစွန်းအနားပတ်လည်မှာ ...ရွှေရောင်နေခြည်တွေ လင်းလက်လို့ လည်ပင်းမှာ နဝရတ်ကိုးသွယ် ဆင် ...ထားတဲ့ ကျောက်ဆစ်ရုပ်ထုတွေ ပျံသန်းနေကြတယ်။ အိပ်မက်တွေ ...ာ နှင်းရည်စိုစိုနဲ့ အဝါရောင်ဝတ်မှုန်တွေ လူးနေတာ မြင်လား။

ဘီယာဖန်ခွက်ပတ်လည်မှာ ကပ်ငြိနေတဲ့ ရေမှုန်အစအနလေး ...လို အဖုအထစ်ထနေတဲ့ လူတွေရဲ့လျှာပေါ်ကို မွှေးစားသဘာဝတွေ ...ဝင်နေပြီ။ သားရဲမိစ္ဆာတစ်ကောင်က ဖျော်ပေးတဲ့အနက်ရောင် ကော်ဖီ ...စ်ခွက်ပေါ့။ ခါးသက်သက်နဲ့ အရသာရှိလိုက်တာလေ။

× × ×

လမ်းမပေါ် ကြည့်လိုက်စမ်း။ ဗိုက်ခေါက်ကြီး စူထွက်နေတဲ့

www.burmeseclassic.com

www.burmeseclassic.com



မိန်းမကြီး၊ ယောကျ်ားကြီးတွေ၊ ချိုင်းကြားမှာ ချွေးနံ့စူးစူးနဲ့ မည်းတူးနေတဲ့ လူတွေ၊ ပေါင်ခြံမှာ ချေးအလိပ်လိပ်နဲ့ ယောကျ်ား မိန်းမတွေ၊ တစ်ကိုယ်လုံးမှာရှိတဲ့ အမာရွတ်တွေ၊ အညစ်အကြေးတွေ၊ အမွေးအမျှင်တွေ အစုံအလင် လမ်းပေါ်မှာ တွန့်လိမ်စေးကပ်နေသလိုပဲ မြင်ရတယ်။ အဲ. . . မျက်နှာတွေကိုတော့ ဘယ်မြင်ရမလဲ။ မျက်နှာဖုံးစွပ်ထားတာကိုး။

ပိုက်ဆံတတ်နိုင်သူတွေကတော့ မျက်နှာဖုံးမှာ စိန်တွေစီလို့၊ ရွှေနဲ့ ထွက်တဲ့ အာအနားတွေ ကွပ်လို့၊ မြတွေ၊ နီလာတွေ ခြယ်လို့ စသည်ဖြင့်ပေါ့လေ။ အမျိုးမျိုး တန်ဆာဆင်ကြတာပေါ့။ သိတယ် မဟုတ်လား။ မတတ်နိုင်တဲ့သူတွေ ကျတော့လည်း ဒီလိုပဲပေါ့လေ။ ရိုးရိုးပဲပေါ့။ အရေးကြီးတာ မျက်နှာလုံဖို့ပဲ မဟုတ်လား။ မျက်နှာလုံပြီဆိုရင် လုပ်ချင်တာလုပ်တော့ ရပြီ။ ဟီရိုသြတပ္ပ မလို၊ ကိုယ်ကျင့်တရား မလို၊ သိက္ခာ မလို၊ ဘာညာဘာညာ ကြီးကြီးကျယ်ကျယ် စကားလုံးတွေ မလို။ ဘာမှ ကွင်းစကွင်းပိတ်နဲ့ ဘာမှ မလို။

အရှက်ကြောင့် လေးလံနေရတဲ့လူတွေရဲ့ ဝန်ထုပ်ဝန်ပိုးကို လျှော့ချပေးလိုက်တဲ့ အဲဒီအတွေးအခေါ်ကို ဖော်ထုတ်ခဲ့သူ ပညာရှင်ကြီးဟာ အဲဒီရာစုနှစ်အတွက် အကြီးမားဆုံး ဂုဏ်ပြုခံခဲ့ရပါတယ်။

× × ×



ဒီလောက်နဲ့တင် တိုးတက်မှုဟာ ဘယ် ရပ်ဆိုင်းသွားလိမ့်မလဲ။

'အရှက်'ဆိုင်ရာ တွေးခေါ်ပညာရှင်တွေဟာ ကြိုးကြိုးစားစား ဆက်လက်တွေးတော ကြံဆကြံဆဲပါပဲ။ ဟုတ်တယ်လေ။ စက္ကန့်အမျှ တိုးတက်လာတဲ့ သိပ္ပံလွန်ခေတ်ရဲ့ ယဉ်ကျေးမှုထဲမှာ ဝန်ထုပ်ဝန်ပိုးကို တတ်နိုင်သလောက် လျှော့ချပေးရမယ် မဟုတ်လား။

အရှက်မရှိလေ ကောင်းလေပေါ့။

ဒါနဲ့ပဲ သမိုင်းမှာတွင်ကျန်ရစ်စေမယ့် 'တစ်ကမ္ဘာလုံး အရှက်နည်းပါးရေးဆိုင်ရာ အတွေးအခေါ် အယူအဆ ဖလှယ်ပွဲကြီး' ကို ကျင်းပဖို့ ဆုံးဖြတ်လိုက်ကြတယ်။ အဲဒီပွဲမှာ ပညာရှင်တစ်ယောက်က. . .

"အခုဆိုရင် လူတွေဟာ အရှက်ကိုထိန်းသိမ်းရတဲ့ဝန် ပေါ့သင့်သလောက် ပေါ့သွားတာ မှန်ပါတယ်။ ဒါပေမယ့် လုံးလုံးလျားလျား ပေါ့ပါးသွားတာတော့ မဟုတ်ပါဘူး။ မျက်နှာကို အဝတ်စည်းထားရတဲ့ ဒုက္ခကြီးက ကျန်နေသေးတယ်။ ဒါကြောင့် မတော်တဆဖြစ်ဖြစ် မျက်နှာဖုံး ကျွတ်သွားတဲ့အခါမျိုးမှာ လူတွေဟာ ရှက်နေရသေးတယ်။ ကျွန်တော့်သဘောကတော့ အဲဒီ ကျန်နေတဲ့အရှက်လေးကိုပါ အမြစ်ပြတ်စွန့်ပယ်လိုက်စေချင်ပြီ"

နောက်ပညာရှင် တစ်ယောက်ကလည်း. . .

"ဟုတ်တယ်၊ မျက်နှာဖုံး တပ်နေရတဲ့အတွက်ကြောင့် ကျွန်ုပ် ငွေကြေးတတ်နိုင်သူတွေက သူတို့ရဲ့မျက်နှာဖုံးမှာ အဖိုးတန်ရတနာတွေ

www.burmeseclassic.com

www.burmeseclassic.com



ဆင်လာတာမျိုးတွေ ရှိတယ်။ ဒါကြောင့် အဲဒီလို ရတနာမဆင်နိုင်တဲ့ ချို့ငဲ့သူတွေခမျာ ရှက်သလိုလို အားငယ်သလိုလို ထပ်ဖြစ်ရပြန်တယ်။ ဒါတွေဟာ မျက်နှာဖုံးကြောင့် ဆင်ပွားဖြစ်ပေါ်လာရတဲ့ မလိုလားအပ်တဲ့ အကျိုးဆက် Side Effects တွေပဲ။ ဒီတော့ အဲဒါတွေကို ဖယ်ရှားပစ်နိုင်ဖို့ သိပ်ကို လိုအပ်ပါတယ်။ ကျွန်တော့်သဘော ပြောရရင်တော့ဗျာ အရှက်ဆိုတာ လုံးလုံးမရှိရင် အကောင်းဆုံးပဲဗျ"

ကျန်တဲ့သူတွေကလည်း. . .

"ဟုတ်ပါတယ်၊ ဟုတ်ပါတယ်၊ သဘောတူပါတယ်"

"ဟုတ်ပါတယ်၊ ကျွန်တော်လည်း ထောက်ခံပါတယ်။ ကျွန်တော်တို့အားလုံး အခုလို စုံစုံညီညီနဲ့ ရောက်လာရတဲ့ ရည်ရွယ်ချက်ကိုက ကမ္ဘာမြေပေါ်မှာ လုံးဝဥဿုံ အရှက်ကင်းမဲ့ရေးအတွက် ဘာလုပ်ကြမယ်ဆိုတာ ညှိနှိုင်းတိုင်ပင်ကြဖို့ မဟုတ်လား"

သူတို့တွေ အကြိတ်အနယ် ဆွေးနွေးကြတယ်။ သူတို့ အင်မတန်အားကိုးတဲ့ ကွန်ပျူတာခလုတ်တွေကိုလည်း တဒေါက်ဒေါက်နှိပ်ကြတယ်။ ငြင်းခုံကြတယ်။ အော်ကြဟစ်ကြတယ်။ ခုံတွေကို ဒေါသတကြီးနဲ့ ထုကြတယ်။ သူတို့ရဲ့ ကွန်ပျူတာတွေကတော့ အင်း. . . ဒေါသတော့ မထွက်တတ်ကြပါဘူး။ ဒါပေမယ့် ကိုးရိုးကားယားအဖြေတွေ အများကြီး ထွက်လာတယ်။

တိရစ္ဆာန်တွေဟာ အရှက်လုံးဝကင်းမဲ့တဲ့ သတ္တဝါတွေဖြစ်လို့ သူတို့လို အရှက်ကင်းချင်တဲ့ လူတွေအနေနဲ့ တိရစ္ဆာန်တွေကို အလေးအနက်ထားပြီး လေ့လာနည်းယူသင့်တယ်။ ဒါကြောင့် ဒီကိစ္စကို သတ္တဗေဒပါရဂူတွေနဲ့ ဆွေးနွေးရမယ်ဆိုတဲ့ အဖြေမျိုး။

အလှဟာ ကြည့်သူရဲ့ မျက်လုံးထဲမှာ ရှိတယ်ဆိုတဲ့ စကားလိုမျိုးပဲ၊ အရှက်ဟာလည်း ကြည့်သူရဲ့မျက်လုံးထဲမှာ တည်တယ်။ ဒါကြောင့် လူတွေ ရှက်နေစရာ မလိုတော့အောင် မျက်လုံးတွေကို ဖောက်ပစ်ရင်ဖောက်ပစ်၊ ဒါမှမဟုတ် တစ်မျိုးတစ်ဖုံ ခွဲစိပ်ပြုပြင်ပြောင်းလဲပစ်ဖို့ ဆေးပညာရှင်တွေရဲ့ အကူအညီလိုတယ်ဆိုတဲ့ အဖြေမျိုး။

လောဘ၊ ဒေါသ၊ မောဟ ထူပြောတဲ့စိတ်ဟာ အရှက်အကြောက်တရား ကင်းမဲ့တယ်။ ဒါကြောင့် အဆုံးစွန်အထိ အရှက်ကင်းချင်ရင် လောဘ၊ ဒေါသ၊ မောဟတွေ အစွမ်းကုန်ထူပြောအောင် ဘယ်လိုလုပ်မလဲဆိုတာ စိတ်ပညာရှင်တွေနဲ့ တိုင်ပင်သင့်တယ်။ ဒါမှမဟုတ် အရက်ချက်စက်ရုံတွေ အရက်ဆိုင်ပိုင်ရှင်တွေနဲ့ တိုင်ပင်သင့်တယ်ဆိုတဲ့ အဖြေမျိုး။

လူဟာ အတုခိုးတတ်တဲ့ သတ္တဝါတွေ ဖြစ်ခဲ့တဲ့အတွက်ကြောင့် သူတို့တွေ အကောင်းဆုံး အတုခိုးနိုင်ဖို့အတွက် ရုပ်ရှင်၊ ဂီတ၊ စာပေအနုပညာရှင်တွေကနေပြီး လုံးဝအရှက်ကင်းမဲ့တဲ့ နမူနာတွေကို ခွမ်းစွမ်းတမံ ပြသင့်တယ်ဆိုတဲ့ အဖြေမျိုး။

စုံနေတာပါပဲ။ အကြံအစည်တွေကတော့ တကယ့်ကို အကြံ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းတွေပါ။ ဒါပေမယ့် ခက်တယ်။ အကောင်းဆုံးဖြစ်အောင် ဘာ လုပ်ရမလဲ။

သူတို့ရဲ့ ဆွေးနွေးပွဲဟာ အဆုံးမသတ်နိုင်ဘူး။

× × ×

ဟိုးအဝေးက ဘယောသံသဲ့သဲ့ကလေး လေထဲ ပျံ့ဝဲလာနေတယ် ကြားသလား၊ ပီးနိုးရောင် မှုန်ပှုန်ဖျိုးဖျတဲ့ မြက်ခင်းပြင်ကျယ်ပေါ် လိမ္မော် ရောင်နှုတ်ခမ်းတွေ တအိအိကြွေကျနေလေရဲ့။ မနက်ဖြန်ဆိုရင် ဘယ် လိုငှက်တွေ လာကြလိမ့်ဦးမှာလဲ။

ဘဝဟာ ရေခဲခြပ်တစ်ခုပေါ့ကွယ်။ တုတ်သေးသေးလေး တစ် ချောင်းပေါ်မှာ ချိုမြိန်မှုရေခဲအစအနတွေ ဝိုင်းအုံတွယ်ကပ်နေတာ ဟိုရိုသြတပွဆိုတာ ကြားဖူးလား။ ဟုတ်ပြီ၊ ဟုတ်ပြီ။ အဲဒီစကား တွေကို အနက်ရောင် သေတ္တာတစ်လုံးထဲ ထည့်ပါ။ သတင်းစာဟောင်း တစ်စောင်နဲ့ ရစ်ပတ်ထုပ်ပိုးပါ။ ရေနံသုတ်ပါ။ ချိတ်ပိတ်ပါ။ ပြီးတော့ ကတ္တီပါအိတ်နဲ့ ရေဆိပ်ချလိုက်ပါ။ ဟုတ်တယ်လေ။ စိတ်ခေတ်တွေ ကျန်းမာရေးမကောင်းမှတော့ လှလှပပ ကွပ်မျက်လိုက်ခြင်းဟာ ဆေး ပါပဲ။ ပွင့်ချပ်၊ ပွင့်ဖတ်တွေ၊ ဝတ်မှုန်တွေနဲ့ ရက်လုပ်ထားတဲ့ ဆေးရုံပေါ့။

ရုပ်ဝတ္ထုတိုးတက်မှုတွေက တီးမှုတ်ဟစ်ကြွေးလိုက်တဲ့ အနုပညာ



ခဲ့ တေးသွားတစ်ပိုဒ်ဟာ အသုဘချခါနီးဆဲဆဲ ရေအိုးကိုခွဲလိုက်တဲ့ အသံ ပဲ။ ကဲ အာဠဝီတံခါးကပဲ စောင့်ပါကွယ်။

နောက်ဆုံးတော့ သူတို့တွေ အဖြေတစ်ခုကို ရလိုက်ကြတယ်။

'အရှက်ဟာ ကြည့်သူရဲ့ မျက်လုံးထဲမှာ ရှိတယ်' ဆိုတဲ့ အယူ အဆကို လက်ခံလိုက်ကြတယ်လေ။ ကဲ. . . ဒီတော့ လုံးဝ အရှက်ကင်း အောင် ဘယ်လိုလုပ်ကြမလဲ။ မျက်လုံးတွေကို ထိုးဖောက်ပစ်လိုက် ဖို့တော့ ဖြစ်နိုင်ဘူး။ အကောင်းဆုံးကတော့ လူတွေရဲ့မျက်လုံးကို တိရစ္ဆာန် တွေရဲ့မျက်လုံးနဲ့ အစားထိုး လဲလှယ်ပစ်လိုက်ဖို့ပဲ၊ ဟုတ်တယ်၊ ဒါ ကောင်း တယ်။ ဒါပေမယ့် ကမ္ဘာပေါ်မှာရှိရှိသမျှ လူတစ်ယောက်ချင်းစီကို ခွဲစိပ် ကုသပေးရမှာနော်။ မလွယ်ဘူး။

ကဲ. . . ဒီထက်ကောင်းတဲ့နည်း၊ သက်သာလွယ်ကူတဲ့နည်းကို ကြံကြပါဦးဆိုတော့ နောက်ဆုံးအဖြေတစ်ခုပဲ ထွက်လာတယ်။ ဘာလဲ ဆိုတော့. . .

ဒီ. . . ရိုးရိုးမျက်လုံးတွေနဲ့ပဲ ကြည့်လို့မြင်လို့ရအောင် လုပ်ပစ် လိုက်ဖို့။ ရှင်းရှင်းပြောရရင် အမှောင်ချလိုက်ဖို့။ ကဲ. . . မကောင်းဘူး လား။ ကမ္ဘာမြေကြီးတစ်ခုလုံးကို အမှောင်ချလိုက်မယ်လေ။

× × ×

အဲဒီ အကြံအစည်ကိုပဲ အကောင်အထည်ဖော်ဖြစ်သွားပါတယ်။ သိပ္ပံပညာရှင်တွေရဲ့ အကူအညီနဲ့ ကမ္ဘာမြေကြီးကို ဖုံးအုပ်ဖို့ ကြက်ဥခွံပုံစံ

www.burmeseclassic.com

www.burmeseclassic.com



ခေါင်မိုးကြီးတစ်ခု လုပ်လိုက်ကြတယ်။ ပြီးတော့ နေရောင်၊ လရောင် ကြယ်ရောင်တွေ တိုးလို့မပေါက်နိုင်အောင် စေ့စေ့စပ်စပ်နဲ့ ကမ္ဘာ ကြီးတစ်ခုလုံးကို ဖုံးကာပစ်လိုက်ကြလေရဲ့။

အားလုံး မှောင်အတိ ကျသွားတယ်။

ကဲ. . . မျက်နှာဖုံးတွေ ချွတ်လိုက်တော့။ မလိုတော့ဘူးလေ တစ်ယောက်တစ်ယောက် သဲသဲကွဲကွဲမှ မမြင်ရတော့တာ။ ဘာ ရှက်စရာ လိုသလဲ ဟုတ်တယ် မဟုတ်လား။

ကိုင်း. . . လူသားတွေအားလုံး အစွမ်းကုန် အရှက်ကင်းလွတ် ခွင့်ကို လွတ်လွတ်လပ်လပ်ကြီး ရသွားပါပြီ။

× × ×

ပြတ်ရွေ့တောင်တန်း

ရင်ဘတ်နှစ်ခြမ်းကိုကြည့်ပြီး

နှလုံးသားက ဘယ်ဘက်ပါသွားရမလဲဆိုတာ. . .

ဝေခွဲရခက်နေတုန်းပဲလား။

နားရွက်တွေ 'အ'သွားကြပေါ့။

ဂျူတီချိန်မရှိတဲ့ အိပ်မက်တွေ မက်ပေါ့။

ညနေခင်းကတော့ ပက်လက်မျောသွားခဲ့တော့တယ်။

×××



အပိုင်း [၃]

AD 3000 ခေတ်လွန်ဝတ္ထုပုံပြင် (သို့မဟုတ်)

အတိတ်နှင့် အနာဂတ်ကို ပေါင်းစည်းခြင်း

ပရောမီးသယပ်စ်ရဲ့ပုံပြင်က မဆုံးသေးပါဘူး။ ဂရိဒဏ္ဍာရီအရ ဆိုရင် နောက်ဆုံးမှာ ပရောမီးသယပ်စ်ရဲ့ ဝေဒနာခံစားနေရတဲ့ အဖြစ် ကို မကြည့်ရက်လို့ ဟာကျူလီ (Hercules) က လာပြီးကယ်တင်ပါတယ်။ ဟာကျူလီကတော့ သိတဲ့အတိုင်း အင်မတန် ခွန်အားဗလကြီးပြီး သန်မာ တာကိုး။ သူက ပရောမီးသယပ်စ်ရဲ့အသည်းကို နေ့တိုင်းလာစားနေတဲ့ သင်းတကို သတ်၊ ချည်နှောင်ထားတဲ့ သံကြိုးတွေကို ဆွဲဖြတ်ပစ်လိုက် တော့ ပရောမီးသယပ်စ် လွတ်မြောက်သွားတာပေါ့။

× × ×

ပရောမီးသယပ်စ် လွတ်မြောက်သွားပါပြီ။ ကဲ. . . သူ ဘာလုပ် လေ။

× × ×

အမြတ်မ်း လူသားတွေရဲ့ အကျိုးရှိရာရှိကြောင်းကို တစ်ခုခု လုပ်ပေးချင်နေတဲ့ ပရောမီးသယပ်စ်ဟာ သူ့ကို ချည်နှောင်ထားတဲ့

www.burmeseclassic.com

www.burmeseclassic.com



သံကြိုးတွေ ပြေသွားတာနဲ့တစ်ပြိုင်နက် ကမ္ဘာမြေကြီးဆီကို ငုံ့ကြည့်လိုက်တယ်။

အို. . . ကမ္ဘာမြေတစ်ခုလုံး မှောင်လို့ မည်းလို့ပါလား။ သူ့ရင်ဘတ်တစ်ခုလုံး ဖြန်းခနဲရှုံ့ဝင်သွားသလို ခံစားလိုက်ရတယ်။ နံရိုးတွေဟာ နှလုံးသားကို သံပရာသီးတစ်လုံးကို ညှစ်ချသလို ရက်ရက်စက်စက် ဖျစ်ညှစ် ချေမွလိုက်တာပေါ့။

လူသားတွေအတွက် ငါ ယူပေးခဲ့တဲ့မီးကို ဇုနတ်မင်းကြီးက ကွယ်ဝှက် ထားလိုက်ပြန်ပြီလို့ သူ့စိတ်ထဲ အောက်မေ့သွားတယ်။

လူသားတွေ ဒုက္ခရောက်နေကြရှာမယ်။ မှောင်ကြီးမည်းမည်းထဲမှာ လူတွေဟာ မီးကို အသုံးမချတတ်တဲ့ဘဝနဲ့ တိရစ္ဆာန်သာသာ နေထိုင်ရှင်သန်နေကြရရှာမယ်။

သူ စဉ်းစားရပြီလေ။ ဘာလုပ်မှာလဲ။ ဒီတစ်ခါ မီးကို လူသားတွေဆီ သွားထပ်ပေးပြန်ရင်လည်း ဇုနတ်မင်းကြီးက ပြစ်ဒဏ်ခတ်ပြန်ဦးတော့ပယ်။ အသည်းကို လင်းတကျွေးခံရတဲ့ ဝေဒနာဟာ သက်သာဘာမှတ်လို့။ တောင်တန်းပေါ်မှာ သံကြိုးနဲ့ချည်နှောင်ခံထားရတဲ့ မရေတွက်နိုင်အောင် ကြာညောင်းခဲ့ပြီးသား အချိန်ကာလပေါင်းများစွာဟာ သူ့ဘဝတစ်ခုလုံးကို ကျောက်တုံးတစ်တုံးလို တဗျစ်ဗျစ်မြည်ပြီး ကွဲကြေသွားအောင် ထုချေခဲ့ပြီးပြီ။ သူ့လက်ကျန်ဘဝ ကျောက်တုံးအပိုင်းအစကလေးကိုပဲ ထပ်ပွတ်ရိုက်ထုခတ်ပြီး မီးညှိပေးရဦးမှာလား။ အား. . . ဆိုးလိုက်တဲ့ ဝေဒနာ။



ဒါပေမယ့် တစ်ဘက်ကကြည့်ရင်ကော လူသားတွေရဲ့ကျဆုံးခန်းကို ဒီအတိုင်း ထိုင်ကြည့်နေရက်မှာလား။ လူစင်စစ်ကနေ တိရစ္ဆာန်တွေလို အမွေးထူကြမ်းကြမ်းတွေနဲ့ ကမ္ဘာမြေပေါ် လူးလိမ့်ညည်းတွားနေကြမယ့် လူသားတွေကို သူ မေ့ပစ်လိုက်ရမှာလား။

ပရောမီးသယပ်စ်အတွက်တော့ အဲဒီဝေဒနာက ပိုဆိုးပါတယ်။

အို. . . ဖြစ်ချင်ရာ ဖြစ်စေတော့။ ပရောမီးသယပ်စ်ဟာ နက္ခတ်တာရာသစ်တစ်လုံးဆန်ဆန် နိုင်မာလင်းလက်မှုတွေကို ပွေ့ချီပြီး ကမ္ဘာမြေပေါ် ဆင်းသွားလိုက်တယ်။

× × ×

ခြေထောက်တစ်ဘက် ကမ္ဘာမြေပေါ် ထိလိုက်လိုက်ချင်းမှာပဲ ပရောမီးသယပ်စ်ဟာ သူ့လက်ထဲကမီးတုတ်ကို ထွန်းညှိလိုက်တယ်။

× × ×

ကမ္ဘာမြေတစ်ခုလုံး လင်းပသွားလိုက်တာ။ မှောင်မိုက်ခြင်းရဲ့ ပင်ချည်အထွေးအမျှင်တွေ ဖျိုးဖျိုးဖျစ်ဖျစ် တွန့်လိမ်လောင်ကျွမ်းသွားပြီ့ လင်းမှန်တိုင်းဟာ လူသားအားလုံးရဲ့ မျက်နှာပေါ်ကို ဖြန်းဆို ဖြတ်ချလိုက်ပုံ. . .

www.burmeseclassic.com

www.burmeseclassic.com



အဲဒီမှာပဲ ပရောမီးသယပ်စ်ဟာ သူ့ကို ဒေါသထွက်၊ ရန်လိုနေတဲ့ လူသားသန်းပေါင်းများစွာရဲ့ မျက်လုံးအကြည့်တွေကို အံ့သြတကြီး ရင်ဆိုင်လိုက်ရတော့တယ်။

× × ×

မီးရောင်အောက်မှာ အရှက်ကင်းချင်တိုင်း ကင်းနေတဲ့ လူသားတွေ၊ ယုတ်မာချင်တိုင်း ယုတ်မာ၊ ညစ်ညမ်းချင်တိုင်း ညစ်ညမ်းနေတဲ့ အပြုအမူတွေ။ စောစောက အချိန်အထိတော့ အားလုံးဟာ မှောင်ထဲမှာ ဖြစ်ချင်တိုင်း ဖြစ်လို့ကောင်းနေကြတာကိုး။ အခု ပရောမီးသယပ်စ် ရောက်လာမှ သူတို့ရဲ့ လွတ်လပ်စွာ အရှက်ကင်းမဲ့နေမှုကို မီးတုတ်တစ်ချောင်းနဲ့ အနှောင့်အယှက်ပေးလာတဲ့ ပရောမီးသယပ်စ်ရဲ့အပေါ်ထို လူတွေရဲ့ဒေါသနဲ့ ရန်ငြိုးတွေဟာ တဝုန်းဝုန်းစုပြုံပြီး ပြုတ်ကျထိမှန်သွားတော့တယ်။

ဓားဆွဲသူ ဆွဲ၊ တုတ်ကိုင်သူက ကိုင်၊ ခဲကောက်သူက ကောက် ပုဆိန်နဲ့၊ ဝါးချွန်နဲ့၊ သံဆူးနဲ့၊ အနီးအပါးမှာတွေ့သမျှ ပစ္စည်းအားလုံးကို လက်နက်လိုဆွဲကိုင်လို့ ပရောမီးသယပ်စ်ဆီ တစ်ဟုန်ထိုးပြေးဝင်လာကြတယ်။

ပရောမီးသယပ်စ်ကတော့ မီးရောင်အောက်မှာ မြင်ရတဲ့လူ



တွေရဲ့ စက်ဆုပ်စရာမြင်ကွင်းကို အံ့သြတကြီး ငေးကြည့်ရင်း ငိုင်နေမိတုန်းပဲ။

သူ့ခမျာ သေဆုံးသွားတဲ့ နောက်ဆုံးစက္ကန့်ပိုင်းအထိ အံ့သြနေခဲ့ရတာပါ။ လူတွေရဲ့အကျိုးကို သယ်ပိုးချင်တဲ့ ပရောမီးသယပ်စ်ဟာ သူ့ကိုယ်သူ ဘယ်သူ့လက်ချက်နဲ့ အသက်ထွက်သွားမှန်းတောင် မသိလိုက်ရှာဘူး။

(၁၉၉၇)

❑

www.burmeseclassic.com

www.burmeseclassic.com



# ဝါကျများ

(ရန့်သစ်)

**AD 2972**

- ကျွန်တော့်မှတ်ပုံတင်ကဒ်ပြား ပျောက်ဆုံးသွားပါသည်။
- ကျွန်တော် ဘယ်သူလဲ ??? ဘယ်သူက ကျွန်တော်လဲ ???
- မသိ

**AD 2032**

။ ကျွန်တော် ဝတ္ထုတစ်ပုဒ် ရေးနေသည်။

။ ထိုဝတ္ထုထဲတွင် ဇာတ်ကောင်မှာ ကျွန်တော် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



၅၈ ။ ။ထိုဇာတ်ကောင် ကျွန်တော်သည် တိရစ္ဆာန်ရုံတစ်ရုံသို့ သွား
ရင်းက ကလီယိုပါထရာနှင့် ဆုံ၏။

၇ ။ ။သူမက သူတို့ဒေသတွင် နောက်ထပ် ကျွန်တော်တစ်ယောက်
ရှိသေးသည်ဟု ပြောသည်။

၄၂ ။ ။မယုံသဖြင့် ကျွန်တော် လိုက်သွား၏။

၈၉ ။ ။ထိုအခါ ကျွန်တော်နှင့် ကျွန်တော် ဆုံသည်။

၂၀ ။ ။ထိုကျွန်တော်သည် ပန်းဆိုးတန်းတွင် စာအုပ်ဟောင်းတစ်အုပ်
ကို ဝယ်ရန် ဈေးဆစ်နေ၏။

၈၃ ။ ။ရောင်းသူက "မလျှော့နိုင်ဘူးဗျာ" ခပ်မာမာပြောရင်း အလကား
ပေးနေသည်။

၂၇ ။ ။ဆောင့်ကြောင့်ထိုင်ပြီး စာအုပ်ရောင်းနေသူကို ကြည့်လိုက်မှ
စပါတာကပ် ဖြစ်နေကြောင်း တွေ့ရ၏။

၇၄ ။ ။ထိုအချိန်တွင် ကျွန်တော့်ဘေးသို့ ဂျူးလီယက်ဆီဇာ ရောက်
လာပြီး

"ဟော့ကောင် မင်းနာမည် ဘယ်သူလဲ"

ဟု မေးလိုက်သည်။

၈ ။ ။ကျွန်တော်က ကြောင်အမ်းအမ်းဖြင့် ဘာပြန်ဖြေရမှန်းမသိ
ဖြစ်နေသည်ကို တွေ့ရ၏။

၃ ။ ။သူတို့နှစ်ယောက်ကြားတွင် ကျွန်တော် တစ်ခုခု ဝင်ပြောဖို့
ကောင်းမှန်း သိသော်လည်း ဘာပြောရမှန်း မသိပါ။



၅၆ ။ ။ထိုအချိန်တွင် ကျွန်တော်က ဖြေလိုက်သည်။

"ကျွန်တော့်နာမည်ကို ကျွန်တော်ကိုယ်တိုင်က သိချင်နေ
တာ၊ မှတ်ပုံတင်ပျောက်နေတာ ကြာပြီဗျ"

၉၃ ။ ။ထိုကျွန်တော်ကို ကျွန်တော် သနားသွားသည်။

၆ ။ ။ထို့ကြောင့် သူ့ကို ကျွန်တော့်မှတ်ပုံတင်လေး ပေးလိုက်မည်
ဟု စိတ်ကူးပြီး အိတ်ထဲနှိုက်လိုက်သည်။

၆၅ ။ ။ထိုအခါမှပင် ကျွန်တော့်မှတ်ပုံတင် ပျောက်နေခဲ့တာ ကြာပြီ
ဖြစ်ကြောင်း ပြန်သတိရမိတော့၏။

၇ ။ ။ဂျူးလီယက်ဆီဇာက ခေါင်းရမ်းပြီး ထွက်သွားသည်။

၄ ။ ။ကျွန်တော်က ဂျူးလီယက်ဆီဇာနောက် ပြေးလိုက်သွားသော
ကြောင့် ကျွန်တော်တစ်ယောက်တည်း ကျန်ရစ်ခဲ့၏။

၂ ။ ။ထိုအချိန်တွင် အာကာသယဉ်မှူး အမ်းစထရောင်း ရောက်လာ
ပြီး -

"ဟော့ကောင် မင်း ငါနဲ့ လိုက်ခဲ့မလား" ဟု မေး၏။

[illegible] ။ ။ကျွန်တော်က ခင်ဗျား အာကာသယဉ် ဘယ်ကို သွားမှာမို့လို့
လဲ၊ မြေနီကုန်းကိုလားဟု ပြန်မေးလိုက်ရာ. . .

"မဟုတ်ဘူးကွ၊ ကမ္ဘာဆိုတဲ့ ဂြိုဟ်ကိုသွားမှာ၊ အဲဒီမှာ ငါ
တို့လိုပဲ လူတွေ နေကြတယ်"

"အဲဒီမှာ ဘာတွေပေါ်သလဲ ??? ကျွန်တော်တို့နဲ့ တော်
တော် တူသလား ???"

www.burmeseclassic.com

www.burmeseclassic.com



"အင်း. . . ကွာတာတွေလည်း ရှိ၊ တူတာတွေလည်း ရှိမှာ ပေါ့။ အဲဒီမှာ ကြွပ်ကြွပ်အိတ် ပေါ်တယ်။ အလှူခံ ပေါ် တယ်။ ကြားကား ပေါ်တယ်။ ဆေးလိပ်နဲ့ အရက်ကြော်ငြာ ပေါ်တယ်။ ဂျာနယ် ပေါ်တယ်။

ကျူရှင် ပေါ်တယ်။ ဗေဒင်ဆရာပေါ်တယ်။ အများကြီးပဲ ပျော်စရာကြီးနေမှာ။ ကဲ. . . မင်းလိုက်မယ်ဆိုရင် အာဏာ သယာဉ်စီးလက်မှတ်ဝယ်ကွာ"

၉၈ ॥ ॥ ကျွန်တော့်မှာ မှတ်ပုံတင်မရှိသောကြောင့် လက်မှတ်ဝယ်၍ မ နိုင်ပါ။

၄၉ ॥ ॥ အမ်းစထရောင်းက စိတ်ပျက်လက်ပျက်ဖြင့် နှုတ်ဆက်ပြီး ဆိုင် ကားတစ်စင်း ငှားစီးကာ ပြန်သွားသည်။

၅ ॥ ॥ သူက ထားဝယ်အထိ ပြန်ရမည် ဖြစ်၏။

၁၂ ॥ ॥ ကျွန်တော် ပန်းဆိုးတန်းမှထွက်လာပြီး တစ်ဖက်ရှိ ရှောင်ဝေ လီဖေးလမ်းထဲသို့ ဝင်လိုက်သည်။

၃၀၆॥ ॥ ထိုလမ်းထဲရှိ 'ရွှေဝယ်ထွန်း' လက်ဖက်ရည်ဆိုင်ထဲတွင် စာရေး



ဆရာနှစ်ယောက် နွေးထွေးချစ်ခင်စွာ အပြင်းအထန် ငြင်းခုံနေ ကြသည်။

၈၁ ॥ ॥ လမ်းဝေါ်တွင်ကား မောင်ဂိုမာရီနှင့်အဖွဲ့က တစ်ဖက်၊ ရွှမ်းမဲ တို့အုပ်စုက တစ်ဖက် သဲသဲမဲမဲ တိုက်ခိုက်နေကြသည်။

၁ ॥ ॥ လူတွေ ဝိုင်းအုံကြည့်နေကြသည်။

၂၁ ॥ ॥ ရွှမ်းမဲနှင့် မောင်ဂိုမာရီ တို့၏တိုက်ပွဲကို ဝိုင်းကြည့်နေကြခြင်း မဟုတ်ပါ။ စာရေးဆရာနှစ်ယောက်၏ ဆွေးနွေးပွဲကိုသာ စိတ် ဝင်တစား ဝိုင်းကြည့်နေကြခြင်းဖြစ်ပါသည်။

၃၀ ॥ ॥ ရွှမ်းမဲနှင့် မောင်ဂိုမာရီတို့က တိုက်လက်စစစ်ပွဲကို ရပ်တန့်ပစ် လိုက်ကြ၏။

၂၃॥ ॥ သူတို့ကို စိတ်မဝင်စားဘဲ စာရေးဆရာနှစ်ယောက်ကိုသာ စိတ် ဝင်စားရကောင်းလားဟု တွေးကာ လူများကို စိတ်ဆိုးမာန်ဆိုး ဖြင့် ကြည့်သည်။

၁၃ ॥ ॥ သမိုင်းဆိုသည့်အရာကို သူတို့ကိုင်ဆောင်ထားသော သံထည် ပစ္စည်းများဖြင့် တည်ဆောက်၍ရသည်မဟုတ်ကြောင်း မောင်ဂို မာရီကော ရွှမ်းမဲပါ မသိကြသည်မှာ သနားစရာကောင်းပါ သည်။

၅၀ ॥ ॥ ကျွန်တော် တွေးရင်း ဝမ်းနည်းလာသောကြောင့် လမ်းတစ်ဖက် ကိုကူးပြီး ချင်းမိုင်အားကစားကွင်းဘက်သို့ ထွက်ခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



၁၈ ။ ။ အားကစားကွင်းထဲရှိ စင်မြင့်ပေါ်တွင် မတ်တတ်ရပ်နေသော ဂျူးလိယက်ဆီဇာကို တွေ့လိုက်ရပြန်သည်။

၆၆ ။ ။ သူ့ဘေးတွင်ရပ်နေသော ကျွန်တော့်ကိုပါ မြင်ရ၏။

၁၀ ။ ။ ရုတ်တရက် ဂျူးလိယက်ဆီဇာ လဲကျသွားသည်။ ဓားဖြင့် ဝိုင်း ထိုးကြသူများထဲတွင် ကျွန်တော်ပါ ပါနေသည်။

၂၉ ။ ။ ဂျူးလိယက်ဆီဇာက လဲကျနေရာမှ ကျွန်တော့်ကို လှမ်းကြည့် ပြီး. . .

"ဩော်. . . ဘရူးတပ်စ်၊ မင်းလဲ ပါသကိုး"

၅၂ ။ ။ ကျွန်တော့်နာမည် ဘရူးတပ်စ်? ဟုတ်သလား? မဟုတ်ဘူး လား? မှတ်ပုံတင်မရှိသောကြောင့် ကျွန်တော် မသိပါ။

၆၂၀။ ။ အိုကေ၊ (ကျွန်တော်သာ ဘရူးတပ်စ်ဖြစ်လျှင်) သည်နေရာတွင် ဘရူးတပ်စ် ပြောရမည့် ဂန္ထဝင်မြောက်စကားတစ်ခွန်း အသေ အချာ ရှိခဲ့ဖူးပါသည်။

၄၄၁။ ။ သို့ရာတွင် ထိုစကားကို ကျွန်တော် မေ့နေသောကြောင့် မပြော ဖြစ်လိုက်ပါ။

၅၅ ။ ။

၃၀ ။ ။ ယခု. . .

၉၉ ။ ။ ကျွန်တော်ကတော့ ဘရူးတပ်စ်ဟူသော ဇာတ်ကောင်ပါရှိသည့် ဝတ္ထုတစ်ပုဒ် ရေးချင်နေသည်။



**AD 1997**

- ကျွန်တော့်အမည်မှာ ဘရူးတပ်စ်ဖြစ်သည်။
- ကျွန်တော် ယခုအချိန်အထိ ဝတ္ထုတစ်ပုဒ် မရေးရသေးပါ။
- ကျွန်တော့်မှတ်ပုံတင် ပျောက်နေပါသည်။ တွေ့လျှင် ပြန်ပေးကြပါ၊ ကျေးဇူးဆပ်ပါမည်။

❑

www.burmeseclassic.com

www.burmeseclassic.com



အောက်ပါ စာအုပ်များကို ကိုးကားပါသည်။

၁။ Krenzon J and Winer H.E (1980)

Echocardiography; Quick, safe and non-invasive

(စာမျက်နှာ 65-81)

၂။ Charles V.Mann, RCG Russell, NS Williams(1995)

Short Practice of Surgery, 22 nd Edition

(စာမျက်နှာ 32-50)

၃။ F.C Schlosser (1885)

Weltgeschichte fur das deutsche volk, Vol,

XVII (စာမျက်နှာ 295-311)

၄။ Denis Diderot (1805)

Le neveu de Rameau, 1st Edition (စာမျက်နှာ 7)

မှတ်ချက် ။ ။ ဝါကျများနှင့် စာအုပ်များသည် မည်သို့မျှ သက်ဆိုင်ခြင်း မရှိပါ။

(၁၉၉၇)



# စက်ဘီး မစီးတတ်တဲ့မြို့

(ရှုပ်သံ)

[၁]

နောက်ကျလွန်းနေသော အချိန်တစ်ခုကို ကျောပိုးအိတ်ထဲတွင် ထည့်ယူသယ်ပိုးလျက် ဘူတာရုံပုပုကလေးအတွင်းသို့ သူ ဝင်လာခဲ့လေသည်။ စကြာလမ်းအတိုင်း ဖြတ်လျှောက်မသွားသေးဘဲ ခေတ္တရပ်တန့်ကာ နောက်သို့ ပြန်လှည့်ကြည့်လိုက်သောအခါတွင် သူ စီးလာခဲ့သည့်ရထားသည် ကုန်းမြေပေါ်တွားတက်နေသည့် မီးကျောင်းတစ်ကောင်၏ အားစိုက်မှုမျိုးဖြင့် မြေကြီးကို ရင်ဘတ်တစ်ခုလုံး စုတ်ပြတ်ပုံထွက်သွားမတတ် ပွတ်တိုက်ကာ သံလမ်းပေါ်သို့ပြန်တက်ရန် ကြိုးစားနေသည်ကို တွေ့ရ၏။ ရထားပေါ်တွင် တစ်စုံတစ်ရာတို့ များစွာပါသွားကြပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



ဝပ်းနည်းမည်ဆိုလျှင် ထိုတစ်စုံတစ်ရာတို့နှင့် မိတ်ဆွေမဖွဲ့လိုက်ရသည့်အတွက်သာ ဝမ်းနည်းဖို့လိုအပ်သည်ဟု သူ တွေးနေမိ၏။

ဘကယ်တော့ သံလမ်းမရှိသော ထိုမြို့၏ဘူတာရုံကလေးတွင် ဆင်းကျန်နေရစ်ခဲ့သူမှာ သူတစ်ယောက်တည်းပင် ဖြစ်သည်။

[၂]

မိမိ၏ကလေးဘဝကို တစ်စစီဖွဲ့ချွေကာ နံရံပေါ်တွင်ပင်အပ်များဖြင့် ထိုးစိုက်ခင်းကျင်းပြသထားသည့် ပြတိုက်အိုတစ်ခုနှင့်တူသော မြို့ကလေးသို့ နှစ်ပေါင်းနှစ်ဆယ်ကျော်ကြာပြီးမှ ပြန်ရောက်လာပုံရသည့် အော်ပရာတစ်ခု၏ ဇာတ်ဝင်ခန်း ဆန်လှသည်။

သူသည် ဇာတ်ပင်းသား ခပ်ညှိုးညှိုးတစ်ယောက်၏ အမူအရာမျိုးဖြင့် ခြေကို တစ်လှမ်းချင်း တရွတ်တိုက်ဆွဲကာ ဘူတာရုံကလေးထဲမှ ထွက်လာခဲ့၏။

နှင်းစက်နှင်းငွေ့တို့ဖြင့် စိုထိုင်းနေသည့် မြေနီလမ်းကလေး ယပ်းဘေးတစ်ဖက်တစ်ချက်ဆီမှ ရှည်လျားညွတ်ကိုင်းကျနေသည့် အစိမ်းရိုင်းရိုင်း မြက်ပင်အုပ်များ. . . မဲမှောင်စွတ်စိုသော ချိုင့်ဝှမ်းများ၊ စေးပျစ်နက်ပုပ်သော တစ်ခုလပ်တစ်လင်ကွာ မိုးတိမ်များ. . .၊ နောက် ဆည်းဆာနှောင်းချိန် နေအလင်းပျပျ. . .။



ထိုအရာအားလုံးတို့သည် ရေခဲသေတ္တာတစ်လုံး၏ အစိတ်အပိုင်း
...း ဖြစ်ကြ၏။ ထိုရေခဲသေတ္တာထဲတွင် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်
...သည် အေးခဲတတ်စွာဖြင့် ပကတိအတိုင်း မပုပ်မသိုး ရှိနေကြပေလိမ့်
...ည်။ ထို့ကြောင့်ပင် ကာလသုံးပါး၏ အကဲဖြတ်တန်ဖိုးသည် တူညီလျက်
...တိတရားတစ်ခုကို ပေါက်ဖွားစေပေလိမ့်မည်။ ပကတိတရားသည်
...င်းအကျီထဲတွင် ရှိ၏။ ကိတ်မုန့်အပုံအခွဲ့များထဲတွင် ရှိ၏။ သစ်သား
...ခြစ်ဗူးထဲတွင် ရှိ၏။ ထို့ကြောင့် ဖြစ်၏။ ဖြစ်ခြင်းရှိ၍သာ ဖြစ်၏။
...ည်းဆုံးတော့ သည်မြို့ကလေး၏အစွန်မှ ထင်းရှူးပင်အိုကြီးသည်
...ခြားမြို့မှ ထင်းရှူးပင်မဟုတ်ဘဲ သည်မြို့ကလေး၏ထင်းရှူးပင်သာ
...နေမည်မှာ သေချာနိုင်လွန်းသည်။

ယခုတော့ ပုပ်သိုးစေတတ်သော ဘက်တီးရီးယားပိုးမွှားများနှင့်
...တူ သူ ရောက်ရှိခဲ့လေပြီ။

တကယ်တော့ သည်မြို့ကလေးသို့ သူ ပြန်လာခဲ့သည်မှာ
...ကြောင်းကိစ္စကြောင့်သာ ဖြစ်၏။

တစ်ခုက တစ်ချိန်က သူမနိုးပါပဲနှင့် နိုးသည်ဟု အစွပ်စွဲခံရသော
...တစ်ခုကို ဖြေရှင်းရန်. . .

နောက်တစ်ခုက အပြာရောင်ဝတ်စုံနှင့် ကောင်မလေးကို ...
...ရန်။

www.burmeseclassic.com

www.burmeseclassic.com



[၃]

မြို့ကလေး ဘယ်မှာလဲ??? ကုန်းမြင့်တစ်ခုပေါ်တွင်ရပ်ကာ အောက်ဘက် ဖုန်းဆိုးလွင်ပြင်ကြီးဆီသို့ သူ ငေးကြည့်နေသည်။ နှင်းငွေ့တို့ဖြင့် ပြည့်နေသော ဂန်ကြီးတစ်ခုကို ငုံ့ကြည့်နေရသကဲ့သို့ ရှိ၏။ ဖိုးငယ်စဉ်ကလေးဘဝက သည်နေရာမှရပ်၍ ငုံ့ကြည့်လိုက်သည်နှင့် တစ်ပြိုင်နက် မြို့ကလေးသည် ကြောင်တစ်ကောင်နှယ် သူ့ကိုလာ၍ ပွတ်သီးပွတ်သပ် လုပ်တတ်သည်။

တဖွားဖွား ပလုံစီထနေသော နှင်းမြူနှင်းမှုန်တွေထဲ ဝိုးတဝါးအုတ်ကြွပ်အနီရောင် အိမ်ခေါင်မိုးများကို အပေါ်စီးမှမြင်ရသည့် ကြည်နူးမှုအရသာ၊ လွန်ခဲ့သော စက္ကန့်အစိတ်အပိုင်းတစ်ခုအထိ မှတ်ဆိတ်ရိတ်ဘလိတ်ဓားဆန်ဆန် ချိုမြိန်နေဆဲ။

ယခုတော့. . .။ နှင်းမြူများ၏ဇာကို တဖြည်းဖြည်းချင်း ဆွဲဖွင့်လိုက်သည်။ နှင်းငွေ့မှုန်တို့ ပွေ့ပိုက်ထားသောအရာဟူ၍ နှင်းငွေ့နှင်းမှုန်တွေသာ ရှိတော့သည်။ မြို့ကလေး. . . ဘယ်မှာလဲ???

ဝန်ချီစက်တစ်ခု၏ ခရမ်းရောင်မကျတကျ ကြီးမားလေးလံမှုသည်လည်းကောင်း၊ တံဆိပ်ခေါင်းတစ်လုံး၏ လှောင်ရယ်သံသည် လည်းကောင်း၊ လျှပ်စစ်အော်ဂင်တစ်ကောင်၏ အလိုက်မသိတတ်မှုသည်လည်းကောင်း၊ ခရီးဆောင်အိတ်တစ်ယောက်၏ ရိုးသားသောဟန်ဆောင်



မှုသည် လည်းကောင်း၊ စူးစူးဝါးဝါးအော်သံတစ်ခု ဘယ်ကထွက်ပေါ်လာသည်ကို ဖြေရှင်းပေးနိုင်သည့် အချက်အလက်များ မဟုတ်ကြပါ။ ထိုအော်သံသည် နာကျည်းမှု၏ အော်သံလား၊ ပျော်ရွှင်မှု၏ အော်သံလားဆိုသည်ကိုလည်း မဝေခွဲတတ်ပါ။ အနည်းဆုံး အော်သံဟုတ်မဟုတ်ကိုပင် မဝေခွဲတတ်ပါ။

သူ နောက်ထပ် ခြေလှမ်းနှစ်လှမ်း လှမ်းလိုက်သောအခါတွင် ခန်းအိုးတစ်လုံးထဲသို့ ရောက်သွား၏။ မြို့ကလေး ဘယ်မှာလဲ??? ဖောင်တိန်အဟောင်း၊ အဝတ်လှန်းကြိုးတန်း၊ စီးကရက်ဘူး၊ ခြေအိတ်၊ ဘာမှ မဟုတ်တော့ပါ။

သူ နောက်ထပ် ခြေလှမ်း ခြောက်ဆယ့်ခုနှစ်ဆယ်ခန့် ထပ်လှမ်းလိုက်သောအခါ တောင်ပိန္နဲပင်ကြီးတစ်ပင်အောက်သို့ ရောက်၏။ မြေပြင်ညီညာသော ထိုနေရာတစ်ဝိုက်တွင် သူနှင့်အပြာရောင်ဝတ်စုံ ဝတ်ထားသည့် ကောင်မလေးတို့ ငယ်ငယ်က စက်ဘီးစီး သင်ခဲ့ကြဖူးသည်။

သူတို့ကို စက်ဘီးစီး သင်ပေးသည့် အဘဦးမာဗင်ကို သူ လွမ်းဆွတ်နေမိသည်။ သူနှင့် ကောင်မလေးတို့ ပထမဦးဆုံး စက်ဘီးစီး သင်ခဲ့ကြသည့် ပန်းခရမ်းနုရောင်ညနေခင်းတစ်ခုကို သူ လွမ်းဆွတ်နေမိသည်။ ထိုညနေက သူကော ကောင်မလေးပါ စက်ဘီးနှင့်အတူ ဇောက်ထိုးမှောက်ထိုး လဲကျနေခဲ့ပုံများကို သူ လွမ်းဆွတ်နေမိသည်။ အရေပြားစုတ်ပြတ်ပေါက်ပြဲသွားသည့် တံတောင်ဆစ်နှင့် ဒူးတို့ကို တံတွေးဆွတ်တို့ကာ တ

www.burmeseclassic.com

www.burmeseclassic.com



ကျွတ်ကျွတ် ညည်းညူနေခဲ့သော ကောင်မလေး၏ အသံလှလှကလေး တစ်ပင်ကို သူ လွမ်းဆွတ်နေမိသည်။ နာကျင်မှုဖြင့် ရှုံ့မဲ့နေကြသော သူတို့နှစ်ယောက်၏ မျက်နှာများကိုကြည့်ကာ အဘဦးမာဒင်က. . .

'အနာခံနိုင်မှပေါ့ကွ၊ လူလေးတို့ရဲ့၊ စက်ဘီးစီးတယ်ဆိုတာ ဒဏ်ရာမရဘဲ အနာတရမဖြစ်ဘဲနဲ့တော့ မြန်မြန်ဆန်ဆန် တတ်သွား၊ ကျွမ်းကျင်သွားမှာ မဟုတ်ဘူး၊ တျိတ်မှိတ်ခံစမ်းပါကွာ၊ သက်သာမနိုချင်ကြပါနဲ့'

ဟု ပြောခဲ့ဖူးသည်ကို သူ ပြန်လွမ်းဆွတ်နေမိ။ သပိတ်လွယ်ငှက်များ ပန်းဝတ်ဆံမှုန်များနှင့် နေရောင်ခြည်တို့၏ ကမ်းခြေ. . .

ငါးမျှားချိတ်ဖြင့်မျှားသလို တိမ်တွေကို စက္ကူစွန်၊ ရစ်လုံးတို့ဖြင့် သူတို့နှစ်ဦးသား ထိုင်မျှားခဲ့ကြသည့် ကွင်းပြင်မြင့်လေးတစ်ခုလည်း မရှိတော့ပါ။

ထိုနေရာတွင် ပီကေဟုခေါ်သော အပျင်းပြေဝါးစရာ နိုင်ငံခြားဖြစ် ချွင်းဂမ်း၊ ကပ်စေးနဲ၊ အမွှေးခဲမျိုးစုံရောင်းသည့် စတိုးဆိုင်ကြီးတစ်ဆိုင် ဖွင့်ထားသည်ကို တွေ့ရ၏။

ထို ပီကေဆိုသည့် စားစရာကို သူ အလွန်ရွံရှာစက်ဆုပ်သည်။ စတင်စားကာစတွင် အရသာရှိသလိုလို ထင်ရသော်လည်း မိနစ်ပိုင်းအတွင်းတွင် ပျော့ပြဲနေသည့်ရော်ဘာတစ်တုံးကို ဝါးနေရသလို ဖြစ်လာ၏။ မျိုချဖို့လည်း မကောင်း၊ အဟာရလည်း မဖြစ်။ နောက် ဟိုနေရာကပ်၊ သည်နေရာကပ်နှင့် အလွန်ညစ်ပတ်သည်။



သည်ကြားထဲ ထိုပီကေကို တပြုံပြုံဝါးနေရရုံဖြင့် အားမရသေးဘဲ နှုတ်ခမ်းဝတွင်ကပ်ကာ ပူဖောင်းမှုတ်တတ်ကြသူများကိုလည်း သူ တွေ့ဖူး၏။ နောက်. . . ပူဖောင်းက ဖောက်ခနဲ ပေါက်၊ ပီကေအစအနများက ပါးစပ်တစ်ဝိုက်တွင် ဟိုတစ်စသည်တစ်စ အန်ဖတ်ဖြူဖြူတွေလို ကပ် . . . အို. . .

ရွံစရာကောင်းသည့် အတွေးများနှင့် သူ့အာခေါင်သည် သဘာဝမတည့် ပျို့တက်လာ၏။

သူ ပီကေအရောင်းဆိုင်ကိုကျော်၍ လှမ်းကြည့်လိုက်သည်။ နှုတ်မှလည်း သွေးရူးသွေးတမ်း အော်ဟစ်ဖြစ်သွား၏။

မြို့ကလေး ဘယ်မှာလဲ???

[၄]

ကင်းမြီးကောက်တစ်ကောင်လို တရွရွတလှုပ်လှုပ် ရွေ့ကာရွေ့ကာ လမ်းလျှောက်လာနေသော လူတစ်ယောက်ကို တွေ့သည်။ ထိုသူနှင့် ငယ်ငယ်တုန်းက မိတ်ဆွေဖြစ်ခဲ့ဖူးသည်ဟု သူ့စိတ်ထဲထင်၏။ ထိုသူနှင့် စကားပြောမည်ဟု သူဆုံးဖြတ်၍ ရသွားသည်။

၁။ နှုတ်ဆက်၊ စကားလုံးများအသံ

၂။ စကားလုံးများအသံ

www.burmeseclassic.com

www.burmeseclassic.com



၃။ စကားလုံးများအသံ

၄။ စကားလုံးများအသံ

သွားဦးမယ်နော်(သို့မဟုတ်) အလားတူ အဓိပ္ပါယ်ရသော အ[illegible] ရေရွတ်မှုတစ်ခုကို ပြုပြီးနောက်တွင် သူ့ခရီးသူ၊ ကိုယ့်ခရီးကိုယ် ဆ[illegible] ရန်သာ ရှိတော့သည်။ ပျောက်ဆုံးသွားသော မြို့ကလေးအကြောင်း [illegible] လိုက်မည်ဟု စိတ်ကူးသော်လည်း မမေးဖြစ်တော့။ လူတစ်ယောက်[illegible] တစ်ယောက် ဆုံတွေ့ခြင်းသည် မိန်းမပျက်ဆန်ဆန် စကားလုံးများ[illegible] ဟီရိသြတ္တပ္ပကင်းမဲ့စွာ လှန်လှော့ပြသရုံမျှနှင့်ပင် ရှုစရာကောင်[illegible] အကြောင်းလုံလောက်သွားပြီ ဖြစ်သည်။

အပြာရောင်ဝတ်စုံနှင့် ကောင်မလေးဆီသို့သွားရန် ခြေထော[illegible] များကို ချိုးလှည့်လိုက်၏။ သူ။

ထိုအခိုက်တွင် သစ်ပင်များ၏ အမှောင်ရိပ်ထဲမှ တဖြည်းဖြ[illegible] ချင်းထွက်လာသည့် အဘဦးမာဒင်ကို သူ တွေ့လိုက်ရခြင်း ဖြစ်[illegible] (ဇာတ်ကောင်နှစ်ယောက်ကို မဆုံဆုံအောင် စိတ်ညစ်စရာဇွတ်အတ[illegible] ဖန်တီးပြီး ဆုံခိုင်းထားသည့် ခပ်ညံ့ညံ့ဝတ္ထုတစ်ပုဒ်ထဲမှ ဇာတ်ဝင်[illegible] ဆန်လှသော်လည်း သူ ဘာမှမတတ်နိုင်။ အဘမာဒင်နှင့် ဆုံပစ်လို[illegible] ရန်သာ ရှိတော့သည်။)

၁။ မင်း ဘာဖြစ်လို့ ပြန်လာတာလဲ

၂။ အပြာရောင်ဝတ်စုံနဲ့ ကောင်မလေးကို လက်ထပ်ဖို့

၃။ မဖြစ်နိုင်တာပဲ



အဘမာဒင်က မဖြစ်နိုင်ကြောင်း ပြောရသည့်အကြောင်းရင်းကို သူ ကောင်းမွန်စွာ နားလည်သည်ဟု ထင်လိုက်သောကြောင့် ပြုံးဖြစ်သွား။

သူသည် မြို့ကလေးက ထွက်ခွာမသွားခင်က အဖြစ်အပျက်တွေကို မျက်စိထဲမှာ ပြန်မြင်လာ၏။

တောင်ပိန္နဲပင်ကြီးအောက်မှာ သူနှင့်ကောင်မလေးနှစ်ဦးတည်း မတ်တပ်ရပ်နေသည်။ ကောင်မလေးက ပြော၏။

ကျွန်မမှာ ကိုယ်ဝန်ရှိနေပြီ။

ဘယ်သူနဲ့လဲဟု မေးမည်ကြံပြီးမှ သူ့ပါးစပ်နှစ်ခြမ်းကို မဆွဲခွာဖြစ်၊ ကောင်မလေးလည်း သိမှာမှမဟုတ်ဘဲလေဟု တွေးလိုက်မိသောကြောင့် ဖြစ်၏။

နောက်တော့ ကောင်မလေး ကွယ်လွန်သွားသည်။ ကြောင်ပေါက်စလေးတစ်ကောင်လို ခေါင်းကိုငုံ့ဝှက်၍ ကွယ်လွန်သွားခြင်း ဖြစ်သည်။ သူမကို ထင်းရှူးပင်ကြီးတစ်ပင်၏အောက်တွင် ဂူသွင်းသဂြိုဟ်ပြီးသည့်နေ့တွင်ပင် သည်မြို့ကလေးကို သူ စွန့်ခွာခဲ့၏။ သူ ထွက်သွားပြီးနောက်ပိုင်းတွင် မြို့မှလူများစွာတို့က သူ့အပေါ် စွဲချက်တစ်ခု တင်လိုက်ကြသည်။

"ဒီကောင် ငါတို့မြို့က ပလက်ဖောင်းတွေကို ခိုးယူထွက်ပြေးသွားတယ်"

သည်အကြောင်းတွေ အားလုံးကို သူ နားလည်ခဲ့ပြီး ဖြစ်သည်။ ထို့ကြောင့် အဘမာဒင်ကို သူ ပြုံးပြလိုက်ပြီး. . .

www.burmeseclassic.com

www.burmeseclassic.com



၄။ ဖြစ်ပါတယ်၊ အခု သူမရဲ့အုတ်ဂူဆီ သွားမယ်။ သူမရဲ့ခေါင်းရင်းက ထင်းရှူးပင်ကြီးကို သက်သေထားပြီး လက်ထပ်မယ်။

၅။ မရတော့ဘူး၊ အခု အဲဒီနေရာမှာ အဲဒါတွေ ဘာမှမရှိတော့ဘူး။

၆။ ဘာ. . . ဒါဖြင့် အခု အဲဒီနေရာမှာ ဘာတွေရှိနေသလဲ

၇။ ပလတ်စတစ် အရုပ်ဆိုင်တစ်ဆိုင်။

၈။ ဘယ်သူဖွင့်တာလဲ။

သည်တစ်ခါတွင်တော့ သည်မြို့ကလေး၏ ပလက်ဖောင်းများကို တကယ်ခိုးယူသွားရန် သူ ဆုံးဖြတ်လိုက်သည်။

(၅)

အတောင်ပံဖြင့်မပျံဘဲ နှုတ်သီးဖြင့်ပျံတတ်သော ငှက်များကို သူ ...န်းသည်။ ဘဝဆိုသည်မှာ ဆက်ကပ်အဖွဲ့တစ်ခု တည်ထောင်ခြင်း မပုဘ်ခဲ့ပါ။



'ငါတို့အားလုံးဟာ ဘုရားသခင်ရဲ့ မဟာအိမ်တော်စုကြီးထဲက မိသားစုတစ်စိတ်တစ်ပိုင်းတွေ ဖြစ်တယ်' ဟု မိုက်ကယ်ဂျက်ဆင်ဆိုသည့် မနုမနပ်အဆိုတော်တစ်ယောက်က ဆိုသွားခဲ့ဖူးသည်ကို ပြန်အမှတ်ရလာသည်။ ထိုသူနှင့် လိုင်ယိုနယ် ရစ်ချီတို့ ပေါင်းရေးသောသီချင်းတစ်ပုဒ်တွင် ဖြစ်၏။

အတော်ကို ပေါ်တီးပေါ်ပျက် ဆိုတတ်ရေးတတ်တဲ့ ကောင်တွေပဲ ဟု သူ ရေရွတ်လိုက်မိ၏။ သူကတော့ (တတ်နိုင်လျှင်) ကျန်သော မိသားအားလုံးကို အမြဲပြတ်စွန့်လွှတ်ကြောင်း သတင်းစာတွင် ကြော်ငြာထည့်ချင်နေသည်။

ထိုရေရွတ်လိုက်သော စကားများသည်ပင် တစ်ချိန်က ပလက်ဖောင်းများကို သူ မခိုးခဲ့ကြောင်း အဘမာဒင်ကို ဖြေရှင်းလိုက်ခြင်း ဖြစ်၏။ အဘမာဒင်က သူ့စကားများကို သေချာစွာ နားထောင်ပြီးနောက် ပြုံးလိုက်သည်။ ထို့နောက်. . .

၁၀။ အဲဒီကတည်းက မင်းကို စွဲချက်တင်တဲ့လူတွေထဲကပဲ မင်းနဲ့ တိုးတိုးတိတ်တိတ် နှစ်ယောက်ချင်းတွေ့ဖို့ ကြိုတ်ပြီးလှုပ်ရှားခဲ့ကြတဲ့သူတွေရှိတာ မင်း မသိလိုက်ရဘူးကိုး။

၁၁။ ဘာလုပ်ဖို့ဆိုတဲ့လဲ။

၁၂။ မင်း ခိုးသွားတယ်ဆိုတဲ့ ပလက်ဖောင်းတွေကို သူခိုးဈေးနဲ့ ဝယ်ပြီး အမြတ်တင် ပြန်ရောင်းဖို့ပေါ့။

www.burmeseclassic.com

www.burmeseclassic.com



စက်ဘီးစီး သင်စဉ်ကရခဲ့သော တံတောင်ဆစ်မှ အမာရွတ်ကို သူ ပြန်စိုက်ကြည့်နေဖြစ်သည်။ ပီကေတွေကို ရှုတယ်။

[၆]

မုန့်လုံးရေပေါ်ဆယ်သလို အရိုးရှည်တပ် ဆန်ခါတစ်ခုဖြင့် မြို့ကလေးကို နှင်းထုများကြားမှ မွှေခပ်ဆယ်ယူရန် သူ ကြိုးစားမိသေးသည်။ မရ။ နှင်းမှုန်တွေသာ ပါပါလာသည်။ မြို့ကလေးကို ဘယ်တော့မှ ပြန်ရှာတွေ့တော့မည် မဟုတ်ဟု သူ ဆင်လိုက်မိသည်။

သို့သော် သူ မှားသွားသည်။

[၇]

ထိုနေ့ညတွင်ပင် မြို့ကလေး ပြန်လာသည်။

ည၌ အတော်ကြီးနက်မှ ပြန်ရောက်လာခြင်း ဖြစ်၏။

ဆိုက်ကားတစ်စင်းပေါ်တွင် ပြည့်တန်ဆာမတစ်ယောက်နှင့် ကျောချင်းကပ် ထိုင်လျက်သား လိုက်ပါလာသည်။

အရက်တွေ အလွန်အကျွံမူးပြီး ဇက်ကျိုးနေသောကြောင့် ဆိုက်ကားပေါ်မှအဆင်းတွင် ပြည့်တန်ဆာမနှင့် ဆိုက်ကားဆရာတို့က ဖေး ကာတွဲ၍ ချရသည်။



မြို့ကလေး၏ပါးစပ်ထဲတွင် အရက်နံ့ကိုဖုံးကွယ်ဖို့ရန် ပီကေတွေ အပြည့်အသိပ် ဝါးလျက်။

မျက်ရစ်မပါသော ကုမ္ပဏီတစ်ခုက တည်ခင်းဧည့်ခံသည့် ညစာ စားပွဲတစ်ခုသည် မြို့တစ်မြို့ဖြစ်ခဲ့ပါလျှင် ထိုမြို့သည် စက်ဘီးစီးတတ် နိုင်မည် မဟုတ်ပါ။

(၁၉၉၇)

www.burmeseclassic.com

www.burmeseclassic.com



# ငှက်ပျားမိသွှများ

(ရုပ်ရှင်စတား)

[ တစ် ]

အပြာရောင် ကတ္တီပါသားမှာ ရေမှုန်ပန်းဖွားတွေ သီးနေသလို မျိုး ကောင်းကင်ကြီး နုစိုနေလိုက်တာ မိသန္တာရယ်။ ကြည့်စမ်း. . . အမွေး ပွထနေတဲ့ အပြာရောင်ယုန်တစ်ကောင်ရဲ့ ကျောကုန်းကို လက်ဖဝါးနဲ့ မထိတထိ ပွတ်သပ်ပုံမျိုးနဲ့ အဲဒီကောင်းကင်ကြီးရဲ့ ကျောကုန်းကို ပွတ် သပ်ပါရစေ။ ငါ ကြည်နူးကြည့်ချင်လို့ပါ မိသန္တာ။

ကောင်းကင်ဆိုတာ ဘာလဲ မိသန္တာ၊ ကောင်းကင်ဆိုတာ ခြေဖ ဝါးလား၊ လက်ဖဝါးလား၊ ခေါင်းလား၊ ရင်ဘတ်လား၊ ကောင်းကင်ဆိုတာ ကိုယ်လုံးကိုယ်ထည်လား၊ အဝတ်အစားလား၊ ရွှေချည်ဆင် အမျှင်အယှက်

www.burmeseclassic.com

www.burmeseclassic.com



တွေနဲ့ နံနက်ခင်းပိုက်ကွန်ကို ဆွဲတင်လိုက်ပါတော့ မိသန္တာ။ ကောင်းကင်ဆိုတာ မြင်ရုံမြင်ရပြီး ဖမ်းလို့မမိတဲ့ ရွှေငါးတစ်ကောင်ပါကလား မိသန္တာ။

ပြီးတော့ ရွှေငါးတစ်ကောင်ရဲ့ ခန္ဓာကိုယ်အကြေးခွံတွေပေါ်မှာ ရေမှုန်ရေမွှားတွေ ကပ်တင်နေတဲ့ပုံမျိုးနဲ့ ကောင်းကင်ကြီးတစ်ခုလုံးမှာ ရေမှုန်ရေမွှားတွေ ပြည့်နေတာ။ အရောင်တွေများတောင် တဖျပ်ဖျပ်ပြေးလို့။ ဟောဟိုမှာ သက်တံ့ကွေးကွေးကြီးကိုတွေ့လား မိသန္တာ။ နင်ငါ့ကို ချစ်တယ် မဟုတ်လား။ ကဲ. . . ကြည့်. . . နင် မဖြေနိုင်တာဘူး အဲဒါပဲ။ ဘဝဆိုတာ နွမ်းရိပါးလုပ်နေတဲ့ ဆိုတ်ကားတာယာတစ်လုံးလို ခပ်ရွှယ်ရွှယ် ခဲလုံးလေးတစ်လုံးတိုတောင်မှ မနင်းရဲလောက်အောင် ဖြစ်တတ်တာမျိုးပေါ့။ အဆင်မသင့်ရင် မြက်တစ်ပင်စူးတာနဲ့တင် ဘီးပေါက်သွားနိုင်တယ်လေ။ အဲဒီတော့ မိသန္တာ ထမင်းစားပါ၊ ရေသောက်ပါ၊ အိပ်မက်မက်ပါ၊ ကျန်းမာရေးကို ဂရုစိုက်ပါ၊ ညနေခင်းမှာ လမ်းလျှောက်ပါ။ လမ်းလျှောက်ရင်း ကောင်းကင်ပြာကြီးကို မော့ကြည့်ချင်ကြည့်ဦး။ အင်းပြောရင်းဆိုရင်းနဲ့ ကောင်းကင်ပြာကြီးက ပါလာပြန်ပြီ။ ဘာဖြစ်လို့ စကားက အဲဒီလို ပြန်ပြန်လည်သွားတယ် မပြောတတ်ဘူး။

ခက်တော့ ခက်သားလား မိသန္တာရယ်၊ ဦးနှောက်ဆိုတာ စာအုပ်တစ်အုပ်လို မဖတ်ချင်တဲ့အခါ အဖုံးပိတ်ထားလိုက်လို့ ရတာမှမဟုတ်တာ။



ဟောဒီမှာ ငါ့နှလုံးသားက ကောင်းကင်ပြာကြီးတစ်ခုအကြောင်းကို ထုတ်လွှင့်နေပြန်ပြီ။ လွန်ခဲ့တဲ့ ကိုးနှစ်လောက်တုန်းက နင်နဲ့ငါနဲ့ အတူထိုင်ကြည့်နေခဲ့ကြတဲ့ ကောင်းကင်ပြာကြီးပေါ့ မိသန္တာ။

× × ×

ကြည့်လေ. . .။

ပိုးအိမ်မျှင် တိမ်အမှိုက်တွေ ငြိမ်ငိုက်နေကြတဲ့ ကောင်းကင်ပြာကြီး တအိအိလွင့်နေပုံ။

အဲဒီကောင်းကင်ကြီးထဲ ငှက်တွေ တိုးဝင်ပျံသန်းလာ. . .။

အဲဒါပဲ မိသန္တာ၊ ငါကြောက်တာ အဲဒါပါပဲ။ ဟင့်အင်း ငါ သိသွားပြီ။ ငါ စိတ်စွဲနေတာက ကောင်းကင်ကြီးကိုကြောက်တာ မဟုတ်ပါဘူး။ အဲဒီကောင်းကင်ကြီးထဲ တိုးဝင်ပျံသန်းလာတဲ့ ငှက်တွေကို ကြောက်တာပါ။

www.burmeseclassic.com

www.burmeseclassic.com



ငှက်တွေ. . . ! မိသဒ္ဒါ ငှက်တွေ။

[ ၁-က ]

သဲခင်းသာဝယ်၊ သီတာကြည်လဲ့၊ ငှက်သံနွဲ့နှင့်၊ လွမ်းဖွယ်မြိုင်ခြေ မြူခိုးဝေ။ သူ ပြန်လာခဲ့သည်။ လွမ်းဖွယ်မြိုင်ခြေ၊ မြူခိုးများ မဝေလှသေး။ သူ ပြန်လာခဲ့သော ရွာကလေး။ အမေ ရှိသည်။ သူငယ်စဉ်က ခြေရာများ ရှိသည်။ သူငယ်စဉ်က ဝိဉာဉ်များ မရှိတော့၊ သူ့ဇာတိရွာကလေးသို့ သူ ပြန်လာခဲ့သည်။ သူ ပြန်လာခဲ့သောအခါ သူ့ဇာတိရွာကလေးသည် သူ့ဇာတိရွာကလေး မဟုတ်တော့ဘဲ ဖြစ်နေသည်။

လယ်ကွင်း၊ တောစပ်၊ သစ်ပင်အုပ်အုပ်၊ ရေအိုင်စပ်စပ်၊ ငှက်များ ကွင်းပြင်ကျယ်ကျယ်၏ရနံ့၊ ပန်းများ ပွင့်ကြသည်။ သို့သော် ဗီဒီယိုရုံများ ရှိနေပြီ။ သက်တံ့ကွေးကွေးက မြွေတစ်ကောင်နှယ် လယ်ကွင်းထဲ တိုးဝှေ့လျှောတိုက်ပြေးဝင်သွားရန် ကြိုးပမ်းနေ၏။ သို့သော် ဘောင်းဘီတိုတို ဝတ်ထားသော ကောင်မလေးတစ်ယောက် ရွာလယ်လမ်းမတစ်လျှောက် တရုတ်စက်ဘီးတစ်စီးကို စီးလာသည်။ သာနယုန်ဝယ်၊ ပင်စုံညိုနွဲ့၊ စိမ်းစိုနွဲ့နှင့် တောင်သွဲ့မြောက်ဖီ၊ လေသိမ်းချိုက၊ ကရိကရာ၊ ကမြူးလာသို့၊ စိမ်းနုလန်းစိုသော သစ်ပင်ဝါးပင်များ လေအဝှေ့တွင် ယိမ်းကြသည်။ လေပြည်သည်ပင် သစ်နေ၏။ တော၏ရနံ့၊ တောင်၏ရနံ့သည် သူ့ရင်ထဲ



တိုးဝင်သည်။ သူကော ဘယ်လောက်ထိ သစ်လွင်နိုင်ဦးမှာပါလဲ။ ရွာကလေးရေ. . . မင်းကော ဘယ်လောက်ထိ သစ်လွင်ခဲ့ပြီးပြီလဲဟု သူ့စိတ်ထဲက မေးဖြစ်၏။ သူ ပြန်မရောက်သော ကိုးနှစ်လောက်အတွင်း ရွာကလေးမှာ အရက်ဆိုင်ခြောက်ဆိုင် ထွန်းကားခဲ့ပြီးပြီ။

× × ×

သူ ပြန်လာခဲ့ပြီ။ ကျွန်းပင် အရွက်ဖားဖားတွေပေါ်မှာ နံနက်ခင်းပေါ်မှာ အင်ဂျင်စက်သံတွေပေါ်မှာ၊ သူ ရေးဆွဲခဲ့သော ပန်းချီကားတွေပေါ်မှာ၊ ဝတ်တစ်လှည့် ပြတ်တစ်လှည့် ထမင်းလုပ်တွေပေါ်မှာ၊ လျှပ်စစ်မီးသီးအကျွမ်းတွေပေါ်မှာ၊ ဂျက်ဆင်ပေါလော့ခ်ရဲ့အပေါ်မှာ၊ အညာစားကော်ရည်တွေရဲ့ အပေါ်မှာ၊ ယုံကြည်ချက်တွေရဲ့ အပေါ်မှာ၊ မြို့ပြရဲ့ ထမီရေသိနား အပေါ်မှာ၊ ဝင်ကိုးရဲ့ နေကြာပန်းတွေ အပေါ်မှာ၊ ရှုသွပ်မှုအနုပညာအပိုင်းအစ အကွဲအကြေတွေ အပေါ်မှာ။ နောက်. . . လမ်းပေါ်မှာ။

သံကြိုးခတ်ခံထားရသော ရေအိုးစင်မှရေခွက်များကို သူ မုန်းသည်။ ထို့ကြောင့် သူ ပြန်လာခဲ့သည်။ လည်ပင်းအကျီစ ဟိုက်လွန်းသော ကြော်ငြာမင်းသမီး၏ နံရံကပ်ပိုစတာများကို သူ မုန်းသည်။ ထို့ကြောင့် သူ ပြန်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ပူအိုက်လွန်းသော ရာသီဥတုများကို သူမုန်းသည်။ မီးသတ်ဥဩ
သံများကို သူမုန်းသည်။ ကိုယ့်မီးကိုယ် ပြန်သတ်နေရုံနှင့်ပင် ကျေနပ်နေ
ကြသော လူများကို သူမုန်းသည်။

ကလေးသူငယ်နာ ကုထုံးကြမ်းကိုလည်းကောင်း၊ ရွှံ့ယိုသီးတို့
လည်းကောင်း၊ ဆက်ဆံရေးညံ့သော လက်ဖက်ရည်ဆိုင် စားပွဲထိုးတို့
လည်းကောင်း၊ ကွန်ပျူတာဒီဇိုင်းဆန်းကို လည်းကောင်း၊ သားရေကြိုး
လည်းကောင်း၊ ကတ္တရာလမ်းမကို လည်းကောင်း၊ ရှောင်းတန်းဝင်စာအုပ်
အဖုံး လှလှများကို လည်းကောင်း သူ မုန်းတီးသည်။ သည်းမခံနိုင်စရာ
များကို သည်းခံကြည့်သောအခါ သူ့ကိုယ်သူ သည်းခံ၍မရလောက်
အောင် မုန်းတီးလာသည်။ ထို့ကြောင့် သူ ပြန်လာခဲ့သည်။

သူ ပြန်လာခဲ့သည်။

အမေ့အိမ် အလွမ်းတွေပေါ်မှာ. . .။

ပြီးတော့ သူမရဲ့ အိပ်မက်ဟောင်းတွေပေါ်မှာ. . .။

[ နှစ် ]

မောလိုက်တာ မိသန္တာရယ်၊ ရွာကို ပြန်မလာခင်တုန်းကလည်း
မောတယ်၊ ရွာကို မြင်ရတော့လည်း မောတယ်၊ ရေတစ်ခွက်ပေးစမ်းပါ
. . . မိသန္တာ။

ဩော်. . . ရေဆိုလို့ ပြောရဦးမယ်။ ငါ ရန်ကုန်မြို့ ရေလည်



ခေါင်မှာ ကြွက်တက်နေရတဲ့ ကာလတစ်လျှောက်လုံး နင့်ကို သိပ်သတိ
ရတာပဲ မိသန္တာ။ ဘာ. . . မဆိုင်ဘူး ဟုတ်လား။ အင်း. . . ဟုတ်တော့
ဟုတ်ပါတယ်လေ။ ငါကတော့ ဆိုင်မယ်ထင်လို့ ပြောလိုက်မိတာ။ အစ
ကတည်းက နည်းနည်းတော့ ကြောင်ပါတယ်လို့ ထင်သား။ ငါ အဲလို
ဖြစ်ဖြစ်နေတာ ကြာပြီ။

အင်းပေါ့၊ ရန်ကုန်မှာ နေကတည်းကပေါ့။ ငါ ပြောသားပဲ ရွာ
ကို ပြန်မလာခင်တုန်းကလည်း မောတယ်ဆိုတာ အဲဒါပေါ့။

ရန်ကုန်ဆိုတာ အလုံးလား၊ အပြားလား၊ အဝိုင်းလား၊ လေး
ထောင့်လား၊ ဟင့်အင်း၊ ကိုးနှစ်လုံးလုံးနေခဲ့တဲ့ ရန်းကန်နေခဲ့တဲ့ ငါ ကိုယ်
တိုင် မသိခဲ့ပါဘူး မိသန္တာ။ ကိုးနှစ်လုံးလုံး မီးလောင်နေခဲ့တာပါ။

ခက်ရချည်ရဲ့ မိသန္တာရယ်၊ ရန်ကုန် အနုပညာလောကလေ။ ငါလို
ကြောင်ကြောင် ပန်းချီဆရာတစ်ယောက်အတွက် ဘယ့်နှယ်လုပ်
အဆင်ပြေနိုင်ပါ့မလဲ ထားတော့၊ ငါမပြောနဲ့ ပိကာဆိုနဲ့ ဗင်ဂိုး နှစ်ယောက်
ပေါင်းပြီး ရန်ကုန်အနုပညာအသိုင်းအဝိုင်းထဲ ခြေချဖို့ ကြိုးစားကြည့်။
ငါးနှစ် အချိန်ပေးမယ်။ တစ်နှစ်ဆိုတဲ့အချိန်က တိုလွန်းလို့ ကျန်တဲ့
ကာလမှာ စကားတွေသာ မတတ်သွားရင် နေရမယ်။

"သိပ် အဆင်မပြေဘူးဗျ"

ဆိုတဲ့စကားတစ်ခွန်းတော့ သူတို့ ကောင်းကောင်းတတ်သွားမှာ
သေချာတယ်။

www.burmeseclassic.com

www.burmeseclassic.com



ငါ့ကိုယ်ငါ ပန်းပဲဖိုထဲက သံတုံးတစ်တုံးလို ထုနှက်ပြီး ခေါက်သွန်ခဲ့တယ်။ ငါ့ရဲ့ခြေထောက်တွေကို ဇော်ဂျီဖိုလ်ဝင်သား ကျွေးခဲ့တယ်။ ငါ့ရဲ့ လက်တွေနဲ့ မိုးကြိုးကို ဖော်စပ်ခဲ့တယ်။ ငါ့ရဲ့ မျက်နှာကိုကြည့်ဖို့ မှန်ထို ငါကိုယ်တိုင် ဆေးကြောခဲ့တယ်။

ငါ့ရဲ့ကတုတ်ကျင်းကို ငါ့ရင်ဘတ်ထဲမှာ ငါကိုယ်တိုင် တူးခဲ့တယ်။ ငါ့ရဲ့ခံတပ်ကို ငါစားမယ့်ထမင်းလုပ်တွေနဲ့ ပုံပြီးတည်ဆောက်ခဲ့တယ်။ ငါ့ခံတပ်ပတ်လည်က ကျုံးကို ငါ့နှလုံးသွေးတွေနဲ့ ဖြည့်စီးစေခဲ့တယ်။ ငါ လွှင့်တင်ဖို့အလံကို ငါ့ဆံပင်တွေနဲ့ ယက်လုပ်ခဲ့တယ်။ အားလုံးပြီးတော့ ငါ့စခန်းကို ငါကိုယ်တိုင် ရန်သူ့လက်အပ်ပြီး ငါ ပြန်လည် ဆုတ်ခွာခဲ့ တာပါ မိသန္တာ။ အဲဒါ ငါ ညံ့သလား။ ကိုယ့်ကိုကိုယ်မို့လားတော့ မသိ ဘူး။ ငါကတော့ အခုထိ ငါ့မှာ သတ္တိတွေရှိနေသေးတယ်လို့ ထင်နေတုန်း ပဲ။ အင်း. . . ဟုတ်ချင်မှလည်း ဟုတ်မှာပါလေ။ တကယ်တော့ အဲ 'တကယ်တော့' ကိုယ်တိုင်ကိုက တကယ်တော့လို့ ထည့်ထည့်ပြောရမယ့် မရေရာမှုတစ်ခုပါ။ **'တကယ်တော့'မှာ ဟန်ချက် မရှိဘူး။ အို. . . နောက် ပြီးတော့ အဲဒီတကယ်တော့ဟာ ငါ့ဘဝရဲ့ ဟန်ချက်တွေအားလုံးကို ဖျက် ဆီးပစ်ခဲ့တာပါ။ တကယ်တော့ ငါဟာ ခပ်ညံ့ညံ့ကောင်တစ်ကောင် အဖြစ်နဲ့ပဲ ကျန်ရစ်တော့တာပဲလေ။ တကယ်တော့ မိသန္တာ တကယ် တော့. . .။**

ဟင့်အင်း နင့်မှာ လုံးဝအပြစ်မရှိဘူး မိသန္တာ။ အဲဒီစကားတွေ



ပြောခဲ့တုန်းက နင် လုံးဝမှန်ခဲ့တယ်။ မှားယွင်းနေတာက 'တကယ်တော့' ပါ။ ငါ မှတ်မိသေးတယ်။ နင်နဲ့ငါ နောက်ဆုံး စကားပြောခဲ့ကြတာလေ။ အဲဒီတုန်းက ညနေခင်းဟာ သိပ်ပျူငှာတာပဲ။ နင်ဟာ ညနေခင်းကို စကား လုံးတွေနဲ့ ထွန်းညှိခဲ့တာပေါ့။ ရွှေရောင်တွေ တောက်ပလို့ လေပြည်ထဲ မှာ စည်းဝါးကျနေတဲ့အချစ်တွေ ပါလာတယ်။ ကကြိုးဆင်ထားတဲ့ အသံ ဝိတနဲ့ တိမ်တွေ၊ လေလာလျှင် သမ်းမိုန်မှိတ်ပါလို့ ရွှေဝါဆင် ပန်းတိမ် လိပ်တွေက လွန်းလက် ချိတ်ဆွဲကာနှောင်၊ လဲဝါရောင်ကွယ် တစ်ခြမ်း၊ တိမ်နှင်းဆီ ထိန်လင်းစွာ တကြည်ကြည်နဲ့၊ တစီစီ တိမ်ပိတုန်းတွေက ရုံးစုပျံသန်းနေကြတာ။ ပျံသန်းနေကြတာ နှင်းဆီရောင်တိမ်တွေချည်းပဲ မဟုတ်ဘူးလေ မိသန္တာ။ မြင်လား မြင်လား မိသန္တာ။ ငှက်တွေ ဟိုမှာ ငှက်တွေ။

အဲဒီတုန်းက ဟောဟိုရေအိုင်အစပ်နားက သစ်ပင်အောက်မှာ နင်နဲ့ငါ ထိုင်ခဲ့ကြတယ်။ ကောင်းကင်ပြာကြီးကို အတူကြည့်ကြဖို့ နင်က ငါ့ရင်ခွင်ထဲမှာ၊ ရာသီကလည်း အခုလို မိုးစပ်စပ်ရာသီလေ။

ရွှီးခနဲ လေချွန်သံတစ်ချက် ကြားလိုက်ရတယ်။ လှမ်းကြည့်လိုက် တော့ ရေစစ်စလီငှက်တစ်ကောင်။

ငါ ငေးကြည့်နေမိတယ် ငှက်ကို။

နင် ငေးကြည့်နေတယ် ငှက်ကို။

ငှက်တွေအကြောင်း နင် ပိုနားလည်မှာပေါ့။ နင်က သတ္တဗေဒ

www.burmeseclassic.com

www.burmeseclassic.com



နဲ့ ဘွဲ့ရထားတာပဲ။ ငါလို ပန်းချီကျောင်းဆင်းတစ်ယောက်ထက်စာရင် နင်က စကားတွေ အများကြီးပြောအား ပိုရှိတဲ့သူပါ။ ဒါပေမဲ့ နင် အခ နေ့က စကားသိပ်မပြောဘူး။ တိတ်နေတယ်။

တောင်ပံကို လေးလေးတွဲ့တွဲ့ အားစိုက်ခတ်တတ်တဲ့ ရေစစ်ငှ ငှက်တွေကို ငေးကြည့်နေ၊ မရမ်းရောင်တိမ်တွေက တဖြည်းဖြည်းပါးလျား လိုက်လာ။ ညနေအလင်းဟာ တဖြည်းဖြည်း ရွှံ့ဆန်ဆန်လာ။ တကယ် တော့ ညနေခင်းအလင်းတင် ရွှံ့ဆန်လာတာ မဟုတ်ဘူး။ ညနေခင်းကြ တစ်ခုလုံးဟာ ရွှံ့တုံး၊ ရွှံ့ရုပ်တစ်ရုပ်လို ညနေခင်းဟာ ရွှံ့စောင်းယိုစီး ဟင်အင်း ဟင့်အင်း ညနေခင်းတင် မကပါဘူး။ ငါ့ဘဝကြီးတစ်ခုလုံး ဟန်ချက်ကိုပါ ပြောင်းပစ်လိုက်ဖို့ 'ဟန်ချက်' ဆိုတဲ့ စကားလုံးကို စပြီးသုံးခဲ့တာ မဟုတ်လား မိသန္တာ။

"ငှက်တစ်ကောင်ရဲ့ ကိုယ်ခန္ဓာကို ဖွဲ့စည်းထားတဲ့ပုံဟာ သိ စိတ်ဝင်စားစရာ ကောင်းတယ် ကို၊ ငှက်တစ်ကောင် လေထဲမှာပျံနိုင် အဓိကလိုတာက သူ့ခန္ဓာကိုယ်ရဲ့ ဟန်ချက်ကို ထိန်းထားဖို့ပဲ. . ."

နင့် စကားထဲမှာ လေငွေ့နွေးနွေးတွေ ပါလာတယ်လို့ ငါ ထင်ရေ တယ်။ မဟုတ်ရင်လည်း ကိစ္စမရှိဘူးလေ။ ဒါ ငါ့ဘာသာငါ ထင်တဲ့ကိ ပဲ။ ဆက်စမ်းပါဦး မိသန္တာ။

"ငှက်တစ်ကောင်ရဲ့ ဟန်ချက်ဟာ သူ့ခန္ဓာကိုယ်ရဲ့အလယ်ဗဟို မှာ ရှိတယ်၊ ကို. . . သိလား၊ အဲဒီဟန်ချက် ပျက်မသွားအောင် ခေါင်း



ပိုင်းနဲ့ အမြီးပိုင်း၊ ဘယ်ဖက်နဲ့ ညာဖက်တွေမှာ အလေးချိန်မျှမျှတတ ရှိနေတာပေါ့"

သစ်ရွက်တွေကြားကနေ နင့်ပါးပြင်ပေါ် ကျလာတဲ့ အလင်းကွက် ထဲမှာ ဘာတွေပါလာသလဲ မိသန္တာ။ ဝတ်မှုန်တွေလား။ ကတ္တီပါစိတ်ကူး တွေလား။ အချစ်တွေလား။ မြစ်တစ်စင်းလား။ အနာဂတ်တွေလား။ သြော်. . . နင့်စကား မဆုံးသေးဘူးကိုး၊ ပြောတော့ မိသန္တာ၊ ပြော. . .။

"အဓိကလှုပ်ရှားရမယ့် အစိတ်အပိုင်းတွေ၊ ကြီးကြီးမားမားရှိရ မယ့် အစိတ်အပိုင်းတွေ၊ ဥပမာ ပေါင်တံ၊ အတောင်ပံအရင်းပိုင်းတွေဆို ယည်း ဟန်ချက်နားမှာပဲ ရှိရတယ်၊ တွေ့လား ကို"

ငါ ခေါင်းညိတ်ပြလိုက်မိတယ် ထင်တယ်။

"လူ့ဘဝမှာလဲ ဒီလိုပဲထင်မါရဲ့ ကိုရယ်၊ ဟန်ချက်ပေါ့၊ ဟန်ချက် ဟာ သိပ်အရေးကြီးတယ်"

ပန်းအိုးတစ်လုံးထဲ ပန်းတွေမထိုးစိုက်ဘဲ မျှော်လင့်ချက်တွေ ပစ် ထည့်လိုက်တော့ တို့ဘဝတွေကို ထမင်းအိုး၊ ဟင်းအိုးတွေနဲ့ တည်ဆောက် ကြ၊ ငါ ဘာလုပ်ရမလဲ မိသန္တာ။

"ကို့ဘဝရဲ့ ဟန်ချက်ဟာ ပန်းချီပဲ၊ အဲဒီပန်းချီနဲ့ ဘဝတစ်ခုလုံး ကို ထိန်းနိုင်ဖို့ဆိုတာကလည်း စောစောကပြောခဲ့သလို အရေးကြီးတဲ့ အင်္ဂါတွေ၊ လှုပ်ရှားနိုင်မယ့် အစိတ်အပိုင်းတွေက ဟန်ချက်ရဲ့အနီးအနား မှာ ရှိမှဖြစ်မှာ၊ ကို့ကို ပံ့ပိုးမယ့်ဆရာသမား၊ မိတ်ဆွေ၊ အနုပညာအသိုင်း အဝန်း၊ အဲဒါတွေ ရှိဖို့"

www.burmeseclassic.com

www.burmeseclassic.com



သစ်ပင်တောအုပ်တွေ အမှောင်ထဲနစ်ကာနီးဆဲဆဲပေါ့ မိသန္တာ အဲဒီ နောက်ဆုံးအခိုက်အတန့်ကလေးကို အခုထိ ငါကောင်းကောင်း မှတ်မိနေခဲ့တယ်။

"အဲဒါတွေရှိဖို့ဆိုတာကလဲ ကို ရန်ကုန်ကိုသွားမှဖြစ်မယ်"

အဲဒါ နင်ပြောတဲ့ နောက်ဆုံးစကားပါပဲ။ အဲဒီအချိန်မှာပဲ တန်းပျံငှက်တွေ အုပ်စုဖွဲ့ပျံသန်းလာနေကြရဲ့။

အဲဒီစကားတစ်ခွန်းအတွက်နဲ့ ငါ့ဘဝဟာ ကိုးနှစ်လုံးလုံး ငှ တစ်ကောင်လို ပျံသန်းနေခဲ့ရ၊ ဩော် ငါကတော့ အခုမှ အိပ်တန်းပြန် ရတာပါကွယ်။

အလဲလဲအကွဲကွဲနဲ့ အိပ်တန်းပြန်ခဲ့ရတာပါ။ ငှက်တစ်ကော ဖြစ်တဲ့ ငါဟာ၊ ငှက်တွေကို ကိုးနှစ်စာကြောက်လန့်ခဲ့ရ၊ ဩော်. . . နင် ငါ့ကို ချစ်တယ် မဟုတ်လား မိသန္တာ။

[ ၂-ခ ]

သူ့ကို အမေ ကြိုနေသည်။ ရွာမှာ ငှက်တွေရှိနေတုန်းပဲလာ အမေ. . .။ အမေ ဘာမှမပြော။ အမွေးအတောင်များသည် ပေါ ကြကြောင်း သူသိသည်။ ပေါ့ပါးစရာ ဘာတစ်ခုမှမရှိဘဲ ကိုယ့်ကို အမွေးအတောင်စုံပြီဟု ထင်ခဲ့သော သားတစ်ယောက်ကို အမေ ဘ လို ခံစားချက်နဲ့ ကြိုဆိုခဲ့ပါသလဲ။



ရင်အုပ် နီနီငှက်များ၊ ပန်းဝတ်ဆံနှင့် ရာမယဏဇာတ်တော်ကို သူကြည့်ခိုက် လက်တွန်းလှည်းတစ်စီး အိမ်ရှေ့မှ ဖြတ်သွားသည်။ တိတ် ခွေတစ်ခွေကို ဖွင့်လိုက်ပါ။ နံနက်ခင်းရဲ့အသံကို ကြားရလိမ့်မည်။ အမေ့ ကို မြင်ရရုံဖြင့်ပင် သူ့တစ်ကိုယ်လုံး နံနက်ခင်း ဖြစ်သွားခဲ့၏။

သန္တာ့အကြောင်းရော အမေ သိမှာပေါ့။ တစ်ရွာထဲနေမှာပဲ၊ အင်္ဂအင်း မပြောပါနဲ့၊ ကျွန်တော် သိပြီးနေပါပြီ။ သိတယ် သိတယ် ဆို တာ ဘာလဲ။ မော်တော်ကားတစ်စင်းကို သိသည်။ စားသောက်ဆိုင် တစ်ဆိုင်ကို သိသည်။ ဈေးကွက်စီးပွားရေးကို သိသည်။ ယောကျ်ား တစ်ယောက်ကို သိသည်။ သိသည်ဆိုသည်မှာ ဘာမှမဟုတ်ဘဲ သိလိုက် ခြင်းသာ ဖြစ်သည်။ တန်ဖိုးကို သိ၍မရပါ။ အနုပညာတစ်ခုကို သိ၍ ရပါ။ သိသည်ဆိုသည်မှာ. . .

သို့သော် သူ သိပါသည်။ မိန်းမတစ်ယောက်၏ ခင်ပွန်းအဖြစ် မှာ ဘာတွေ လိုအပ်သလဲဆိုသည်ကို သူသိသည်။ ဆင်းရဲခြင်းဆိုတာ ဘာလဲ သူ သိသည်။ နောက်ဆုံး သူ တကယ်သိသည်ကတော့ သူမကို သိသည်။ သေချာပါတယ် အမေရယ်၊ ကျွန်တော်လေ မိသန္တာကို သိတယ်။ ထုတ်တယ်။ သူ ယောကျ်ားယူသွားတာ ကျွန်တော် သိတယ်။ ရန်ကုန် ကတည်းက သိတာပါ။ အင်း သူ့ယောကျ်ားက ရွာမှာ စားသောက် ဆိုင်ဖွင့်ထားတယ်။ ဩော် အရက်ကို အဓိကထား ရောင်းတာကိုး။ အင်း ပေါ့လေ၊ ဒါ ထုံးစံပါပဲ။ ကျွန်တော် သိတယ်။ ဟုတ်တာပေါ့ အရေးကြီး

www.burmeseclassic.com



တယ်။ ပိုက်ဆံရှိဖို့ အရေးကြီးတာ၊ အင်း. . . အင်း၊ စကားရောသွား သူတို့ဆိုင်က အမြည်းက ကောင်းတာလား၊ သိတယ် သိတယ်၊ ဟု တယ်လေ။ ဒါလည်း အရေးကြီးတာပါပဲ အမေရယ်။ အရေးကြီးတာ အားလုံးကို သူသိသည်။

သူသိတာတွေ များလွန်းနေပြီ။ အရေးကြီးတာတွေအား ကို လေပွေတစ်ချက် မွှေတိုက်သွားသည်။ မုန်တိုင်းရှိခြင်းကို မည်သူ ကြေငြာချက် မထုတ်ပြန်။ ပျံသွားသော ငှက်များအကြောင်းကို သိ နေလိုက်၏။ လိုက်ဖက်တယ်၊ မလိုက်ဖက်ဘူးဆိုတာ ဘယ်သူက အ အဖြတ်ပေးမှာလဲ။ အဆုံးအဖြတ်ဆိုသည်မှာ နောက်ဆုံးအချိန်တွင် ပြ လိုက်ခြင်းကို ခေါ်ပါသလား။ မသန္တာ သူ့ကို နောက်ဆုံးအချိန်တွင် ပြ သွားသည်။

× × ×

သိတာတွေအားလုံးကို မြေမြှုပ်ပစ်လိုက်ပါတော့။ ဆော့ခ မသိဟုပြောခြင်းကို သူ သိသလိုလို ရှိသည်။ ပန်းပုရုပ်တစ်ခု၏ရှင် များ ဟင်းလင်းပွင့်နေကြ၏။ သိခြင်းကို မသိဖို့ဆိုသည်မှာ အတော် ခက်ခဲကြောင်း သူ သိသည်။ သူသည် သိခြင်းကိုသိ၍ သိရန် ကြောင်း သိနေရာမှ သိလိုက်၏။

× × ×



လမ်းမကြီးတစ်ခုက ငှက်တွေအပေါ် နင်း၍ လျှောက်သွားသည်။ အထက်ဆိုသည်မှာ မရှိပါ။ အောက်ဆိုသည်မှာ မရှိပါ။ ကောင်းကင်ဆိုသည်မှာ ကိုယ့်ခေါင်းအထက်တွင် ရှိနေသည်ဟု ဟုတ်ယောင်ထင်စေရန် လှည့်စားထားသော ဗလာဟင်းလင်းတစ်ခုမျှသာ ဖြစ်ကြောင်း သူ ခံစားရသည်။ သူ ဗလာ ဖြစ်နေသည်။

သူ အိမ်ပြန်ရောက်နေကြောင်း သိရ၍ ရပ်ဆွေရပ်မျိုးများ လာရောက်လည်ပတ်ကြသည်။ သူ ဗလာ ဖြစ်နေ၏။ ဟဲ့ နင် အဆင်ပြေရဲ့လား။ နင်ကလဲ နေစိမ့်လိုက်တာ၊ တစ်ခေါက်မှတောင် ပြန်လာဖော်မရဘူး၊ အေးလေကွာ၊ မင်း ရန်ကုန် ပြန်ဦးမှာလား၊ ဒီမှာပဲ နေပါကွာ။ တို့နဲ့အတူ လုပ်စား၊ မငတ်ဘူးဟ၊ ကိုဒွေးတောင် သူ့လယ်တစ်ခြမ်းရောင်းပြီး စီးပွားရေးထလုပ်တာ ဘယ်မှာ အဆင်ပြေလို့လဲ၊ ဒီလိုပဲပေါ့။ ငါတို့အိမ် ထမင်း လာစားဦးနော်။ ဟောကောင် ရိုးဟိုဘက်က အရက်ဆိုင်သွားရအောင် သိလား။ မင်းရည်းစားရဲ့ယောကျ်ား ဖွင့်ထားတာ၊ အမြည်းကောင်းတယ် မောင်၊ နက်ဖြန် ငါ လာခေါ်မယ်။ ပြီးခဲ့တဲ့ သီတင်းကျွတ်က သိပ်မစည်ဘူးကွ၊ အေးလေ ရွာသီတင်းကျွတ်မှာ ပွဲမဝင်နိုင်တာ ကြာပါပကော။ ဦးဇင်းဦးပဏ္ဍိတက မင်း ရောက်နေတယ်ကြားလို့ မေးနေတယ်။ အင်း. . . အင်း၊ ဟုတ်ကဲ့၊ အင်း. . . အင်း၊ ဝတ်ကျေတန်းကျေ အပြုံးနှင့်အတူ သူ ဗလာ ဖြစ်နေ၏။

သူ ဗလာ ဖြစ်၏။ အမေ့တဲ စုတ်စုတ်နုတ်နုတ်ကလေးထဲတွင်

www.burmeseclassic.com

www.burmeseclassic.com



ပလတ်စတစ်ရေသန့်ဘူးခွံ လေးငါးဘူး တွေ့ရသောကြောင့် သူ အံ့ဩ မိသည်။ ရယ်ချင်သလိုလည်း ဖြစ်မိ၏။ သူ မရယ်နိုင်။ ပါးစပ်တစ်ခုလုံး ထုံကျင်ကိုက်ခဲ တောင့်တင်းနေသည်။ ရွာလယ်လမ်းမပေါ်တွင် မိုင်းလ် ဆဲဗင်း စီးကရက်ဘူးခွံများ ရှိသည်။ ယခင်က ကျူဖျာပေါ် စာရေးထား သည့် အငြိမ့်ကြော်ငြာကို တွေ့ရသည်။ ယခုတော့. . . ဆေးနက်သုတ် ထားသည့် သစ်သားသင်ပုန်းပေါ်တွင် ရောင်စုံမြေဖြူများဖြင့် ယနေ့ည 'ကိုယ်ကျိုးနည်းအောင် ချစ်ကြမယ်' ဗီဒီယိုဇာတ်ကား၊ မင်းသား ဘယ်သူ . . . မင်းသမီးဘယ်သူ. . . ဟူသည့် ဆိုင်းဘုတ်များကို တွေ့ရသည် သူ့မေးရိုးတွေ သံချေးတက်ပတ္တာဖုံးတစ်ခုလို ကျပ်တောင့်နေ၏။ သူ့ ငါးနှစ်သားကလေးတစ်ယောက်၏ ပါးစပ်မှ ဆဲလိုက်သံ သူ ကြားရသည်။ သူ ရယ်၍ မရတော့။ ရွာကလေးလည်း ရယ်၍မ တော့။ ရွာကလေးမှာ မေးခိုင်ရောဂါပိုး ဝင်နေပြီ။

တစ်စုံဟစ်ရာသည် ရွာကလေးကို ပြုစားခဲ့ပြီ ဖြစ်သည်။

× × ×

သူမကို သူ သိပ်တွေ့ချင်သည်။ နင့်ကိုကော ဘယ်သူ ပြု လိုက်ပြီလဲ မိသန္တာ။ သူ ရောက်နေတာ နှစ်ရက်သုံးရက် ရှိသွားပြီ။ ကို သူ သိပ်တွေ့ချင်သည်။ အမေကော. . .



"ဟဲ့ သန္တာတို့ဆိုင်ဖက် တစ်ချက် လျှောက်လိုက်ပါဦး၊ သူလဲ နင့် ကို တွေ့ချင်မှာပေါ့၊ ခဏတဖြုတ်ဖြစ်ဖြစ် သွားလိုက်ဖို့ကောင်းတယ်"

အမေ သိပ်အလိုက်သိတာပဲ၊ နက်ရှိုင်းလွန်းသော တွင်းတစ်ခုထဲ သို့ သူ ပြုတ်ကျသွားသည်။ အေးခနဲ၊ တွင်း၏အောက်ခြေနှင့် အရှိန်ပြင်း စွာ ရိုက်တော့မည်ကို သူ သိနေသည်။ ရိုက်ပြီ။

ငြိမ့်ခနဲ ဖြစ်သွား၏။ နူးညံ့ထူအိ ငြိမ့်စက်သော မွေ့ယာတစ်ခု ပေါ် ကျသွားသည်။ နက်ရှိုင်းသလောက် နူးညံ့သောအောက်ခြေရှိသည့် တွင်းတစ်တွင်းသည် အမေတစ်ယောက်၏ သားတစ်ယောက်အပေါ် နားလည်ခြင်း ဖြစ်သည်။

ဟုတ်ကဲ့၊ ကျွန်တော် သွားလိုက်ပါ့မယ် အမေ။

ဟန်ချက်ပျက်နေတဲ့ ငှက်တစ်ကောင်အဖြစ်နှင့် သူမထံ သူ ပျံ သန်းသွားတော့မည်။ မိုးငွေ့ပါသော လေအေးအေး၏ အရောင်အဆင်း ကို သူ ရှူရှိုက်ရသည်။ မုတ်သုံသည် သစ်ရွက်အကိုင်းအဖျားများအပေါ် တိုးတိတ်စွာ ခိုနားနေ၏။ နေခြည်တွေ ပျပျမှိုင်းခဲ့ပြီ။ ခဲသေးသေး လုံးလုံး ကလေးများဖြင့် ပြည့်နေသောလမ်းကလေး၏ ဝဲယာတစ်ဖက်တစ်ချက် ဆီမှ မြက်ပင်များ လှုပ်ရှမ်းသွားကြသည်။ ရေအိုင်စပ်စပ်အနီးတွင် ဝဲပျံ ဆင်းသက်တတ်သော ငှက်များကို မြင်ရ၏။ အိတ်တဲစက်မြိတ်အစွန်း တွင် တွဲလောင်းခိုနေသော ရေတစ်စက် မြေပေါ်ပေါက်ခနဲ ပြုတ်ကျ သွားသည်။ ဟန်ချက်ပျက်၍ ထိုးကျလာသော ငှက်တစ်ကောင်ဟုပင် သူ့ အောက်မေ့ချင်ချင် ရှိလေသည်။

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



[ သုံး ]

စိတ်ကူးရဲ့ပန်းခုံများမှာ နှလုံးသားတွေကို သပ်ပိုးတင် အားရှိပါး ရှိ မောင်းနှင်ပစ်လိုက်ချင်ပါရဲ့ မိသန္တာ၊ အတိတ်တွေကို ဖွင့်ပစ်ဖို့ ကိုလို နိုနယ်သင် ရှာမရသေးပါ ကလားကွယ်။

နင့်အရက်ဆိုင်ထဲ ငါဝင်လိုက်တဲ့အချိန်. . .

ကောင်တာမှာ ထိုင်နေတဲ့နင်က ငါ့ကို လှမ်းအကြည့်. . .

ဟော. . . ကြည့် ကြည့်၊ နင့် အမူအရာလေး ပြောင်းသွားပြီ။ အဲဒီအမူအရာမျိုးကလေးကို ငါ ချစ်တာ မိသန္တာ။ ဒါသာ ပြဇာတ်ဘဝဆိုရင် အခုဆို မင်းသမီးနဲ့မင်းသား ပြန်ဆုံတဲ့အခန်းမှာ ဆလိုက်မီးရောင်တွေ ငင်ပေါ်မှာ ဝန်းဝိုင်းကျဲအောင် ထိုးပစ်လိုက်လိမ့်မယ်။ ကားဝိုင်းကလည်း ပြုန်းပြုန်းခြိမ်းခြိမ်း ကြပ်နိုင်သလောက်ကြမ်းအောင် ပစ်ခတ်တီးပြလိုက်လိမ့်မယ်။ ပြီး. . . ပြန်တိတ်ဆိတ်သွားလိမ့်မယ်။

ငါတို့နှစ်ယောက်ကတော့ အစကတည်းက တိတ်တိတ်ဆိတ်ဆိတ်ပါပဲနော် မိသန္တာ။ ငါ့မှာ ပြဇာတ်ကဖို့ စကားလုံးတွေ ပါမလာဘူး။ ရင်ဘတ်ဟောင်းလောင်းနဲ့ ငှက်တစ်ကောင်ဟာ ငါပါကွယ်။ ငါ နင့်ကို နည်းနည်း ပြုံးပြလိုက်မိသားပဲ။ ဟုတ်ချင် ဟုတ်မယ်၊ ငါ့မှာ ရွာအပြန် သက်ဆောင်ဆိုလို့ အကျီမှာ ဝက်ဆီအကွက်စွန်းသလို သောကတွေ စွန်းထင်းပေကျံနေတဲ့ မပြုံးတတ်ပြုံးတတ် နှုတ်ခမ်းတွေရယ်၊ အကွာရာမရှိတဲ့ စကားငုံ့နည်းနည်းပါးပါးရယ်၊ ဒါပဲ ပါပါတယ်။



ဟုတ်တယ် မိသန္တာ၊ ငါ့အပြုံးတွေဟာ အပျော်မဆန်တော့ဘူး။ ခဲလောက် ညစ်ပတ်နေတဲ့ ငါ့နှုတ်ခမ်းတွေကို ရွာဘေးက စမုံချောင်းမှာ လျှော်ဖွတ်ပစ်ရဦးမယ်။ ငါ့နှလုံးသားကို မြေဆီဩဇာကောင်းတဲ့ ဟောဟို လယ်ကွက်ထဲမှာ ချစိုက်ရဦးမယ်။

ကဲ. . . ဘာငိုင်နေတာလဲ မိသန္တာ။

ဟန်ချက်ညီတဲ့ငှက်တွေက ပျံသန်းသွားကြပြီ။ သြော်. . . ဒါနဲ့ အသားဖြူဖြူ မျက်ပေါက်ကျဉ်းကျဉ်းနဲ့ နင့်ခင်ပွန်းသည်ကော မမြင်ပါလား မိသန္တာ။

[ ၃-က ]

သူ ဝင်လာခဲ့ချိန်တွင် ဆိုင်ထဲ၌ လူသူမရှုပ်ထွေးလှသေး။ စားပွဲသုံးလေးဝိုင်းတွင် သောက်စားနေသူများ ရှိ၏။ ကောင်တာကို သူတစ်ချက်ကြည့်လိုက်သည်။ နောက်. . . မျက်နှာလွှဲလိုက်ပြီး ထောင့်အကျဆုံး စားပွဲရှိရာသို့လျှောက်သွားကာ ထိုင်ချလိုက်၏။ သူနှင့် မျက်နှာချင်းဆိုင် စားပွဲတွင်ထိုင်ကာ အရက်သောက်နေကြသူများကို မြင်လိုက်ရသောအခါ သူ့ရင်ထဲ ကျဉ်တက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ရွာကလေးရဲ့ အရက်မဟာက်ခင်မှာ နေညိုနေပြီလား။ ကာလ သတ်မှတ်စနစ် ပြောင်းလဲခဲ့ပြီ။ ကောင်တာမှ လျှောက်လာကာ သူ့အနီး သို့လာရပ်သော သူမကို မော့အကြည့်တွင် သူမလည်း ပြောင်းလဲနေပြီ ဖြစ်ကြောင်း တွေ့ရ၏။ ခါး အတန်ငယ် တုတ်လာသည်။ အသား ပိုဖြူ လာသည်။ ကျောက်ပတ်တီးစီးထားသလို လက်မှာရွှေလက်ကောက် တွေ ပြည့်နေသည်။ သူ့ရင်ထဲမှာ ပေါ့တော့တော့ ဖြစ်နေ၏။

"နင်. . . အရက်သောက်မလို့လားဟင်. . ."

ဘာလဲ. . . အဲဒါ ဘာစကားလဲ. . .၊ ချစ်သူကို ပထမဦးဆုံး နှုတ်ဆက်တဲ့စကားဟာ ဒါလား။ ဟုတ်တယ် မိသန္တာ၊ ငါ အရက်သောက် မလို့ပါ။ နင် ရောင်းတဲ့အရက်ကို သောက်ကြည့်ချင်လို့ပါ။

သူ ခေါင်းညိတ်ပြလိုက်၏။

အရက်တစ်ပိုင်းယူခဲ့၊ အမြည်းတစ်ပွဲပါယူခဲ့ဟု စားပွဲထိုးကလေး ကို လှမ်းမှာနေသည့် သူမအသံကို သူ ကြားရသည်။ သူမကို ထပ်မ ကြည့်ဖြစ်စေရန် သူ့မျက်လုံးများကို နံရံထဲရိုက်သွင်းထားလိုက်၏။ သူမ ကြောင်တက်တက်ဖြင့် စားပွဲဘေးတွင် အနည်းငယ်ကြာအောင် ရပ်နေ သေးသည်။ ပြီးမှ တုံ့ဆိုင်းစွာဖြင့် ကောင်တာဖက်ဆီ လှည့်ထွက်သွား၏။

စားပွဲထိုးကလေးက အရက်ပုလင်းနှင့် ဖန်ခွက်၊ သောက်ရေဘူး များ လာချသောအခါတွင်မှ သူ့ကိုယ်ကို တည့်တည့်ပြန်လှည့်ဖြစ်သည်။ ခဏအကြာတွင် ပူပူနွေးနွေး အမြည်းတစ်ပန်းကန် ရောက်လာ၏။ အမြည်းပန်းကန်ကို သူ ရှိရာ စားပွဲစွန်းတွင် ချသည်။



သူ့တစ်ကိုယ်လုံး တုန်တက်သွား၏။

လှည့်ထွက်ရန်ပြင်နေသည့် စားပွဲထိုးကလေး၏လက်ကို သူ ဖမ်း ဆွဲထားပြီး မေးလိုက်သည်။

"ညီလေး ဒါ ဘာလဲ"

စားပွဲထိုးကလေးက သူ့ကို ခပ်ငေးငေးကြည့်ရင်း ဖြေသည်။

"ငှက်ကြော်လေ အစ်ကို၊ ငှက်တစ်ကောင်လုံးကို ပုံမပျက် ကြော် ထားတာ"

သူ့နားထဲက လေတွေ တဝူးဝူးထွက်လာနေသလို ခံစားရ၏။

"ကျွန်တော်တို့ဆိုင်က ဒီအမြည်းနဲ့ နာမည်ကြီးနေတာ အစ်ကိုရ၊ စားကြည့်ပါ။ ငှက်အရှင်တွေ လှောင်ထားပြီး လတ်လတ်ဆတ်ဆတ် ကြော်တာ၊ သိပ်ကောင်းတာ အစ်ကို"

ကောင်တာဆီ သူ လှမ်းကြည့်သောအခါ သူမ မျက်နှာလွှဲနေ၏။

× × ×

သစ်ပင်ကြီးအောက်တွင် ထိုင်နေ၊ ငှက်များ ပျံသန်းသွား၊ ရေ ချင်းငပ်တွင် သူ့ရင်ခွင်ထဲ သူမ ငေးကြည့်၊ ကောင်းကင်ပြာထဲ၊ ငှက်များ ၏ ဟန်ချက်သည်၊ ဘဝနှင့်လှုပ်ရှားနိုင်သော အစိတ်အပိုင်းများ၊ ဟန်

www.burmeseclassic.com

www.burmeseclassic.com



ချက်အနီးတွင်၊ သစ်ပင်တောအုပ်နှင့် ငှက်များ၊ အမှောင်ထဲနစ်ကာနိုး သည့်ရင်ခွင်ထဲ. . . ။

× × ×

ဝက်ဆံတွေ လေအတိုက်မှာ ကြွေလိုက်ကြတာ မိသန္တာရယ်။ ကမ္ဘာမြေတစ်ပြင်လုံး နူးညံ့ဖွေးလှုပ်သွားမတတ်ပါပဲ။

ဒါပါပဲ မိသန္တာ၊ လူတချို့က အတွေးအခေါ်ကို စားကြတယ်။ လူတချို့က အသားကို စားကြတယ်။

BURMESE CLASSIC

ငါက ငှက်တစ်ကောင်ရဲ့ အတွေးအခေါ်ကို စားတယ်။ နင်နဲ့ လူအများစုက ငှက်တစ်ကောင်ရဲ့အသားကို စားတယ်။

အသားစားတော့ ပရိုတိန်းဓာတ် ရသတဲ့။ အတွေးအခေါ်တွေဆို တာကတော့ အရက်နဲ့မြည်းတဲ့အခါ အသားလောက် မချိုဘူးပေါ့လေ။ ဘာဓာတ်တွေ ရသလဲတော့ ငါလဲမသိဘူး။

× × ×

အခုနေ လယ်ကွင်းအစပ်သစ်ပင်ရိပ်မှာ လေတဖြူးဖြူးနဲ့ ရှိနေမှာပေါ့လေ။ လေထဲမှာ ဝဲပျံလွင့်မျောလာတဲ့ ဂီတသံ၊ ငှက်ကျေးသံ၊ သစ်ရွက်ခတ်သံ၊ ပတ္တလားသံ၊ မိသန္တာ ငါ့လက်ကို ရဲရဲတွဲပါ။ ညနေချိန် နေ



နေတဲ့ ရွာအစွန်ရှုခင်းဟာ သိပ်လှတာ။ ရေစပ်စပ်နဲ့ တောအုပ်လည်း ာပဲ။ အရိပ်ကျနေတဲ့ လယ်ကန်သင်းရိုးလည်း လှတာပဲ။ အဲဒီလို ဲ မိသန္တာ။ အဲဒီလိုပါပဲ။

ဟောဒီညနေဟာလည်း အရင်ညနေတွေလိုပါပဲ။ ဒါပေမယ့် ရင်ညနေမှ မဟုတ်တော့ဘဲ မိသန္တာ။ ငါလည်း ပြောင်းလဲသွားခဲ့ပြီ။ ကလေးလည်း ပြောင်းလဲသွားခဲ့ပြီ မိသန္တာ။ ငါက အတွေးအခေါ်တွေ စားရင်းစားရင်း တခြားဒေသတစ်ခုကိုရောက်ပြီး ပြောင်းလဲသွားခဲ့ ရွာကလေးကတော့ မြေကြီးထဲ ခြေသည်းတွေစိုက်ဝင်တွယ်ကုတ် း ဘယ်မှရွေ့လျားခွင့်မရလိုက်ဘဲ ပြောင်းလဲသွားရတာ။ သြော် ရွာလေးက အသားစားတတ်သကွဲ့။ သွားကြပါစို့ရဲ့ မိသန္တာ၊ သွားကြပါ သွားကြပါစို့. . . ။

ညှို့မှုန်မှုန် ညနေအညှိုးမှာ မိုးချုပ်ခဲ့ပြီ မိသန္တာ. . . ။

(၁၉၉၇)

❑

www.burmeseclassic.com

www.burmeseclassic.com



# အလင်းကျွမ်း

(သရဖူ)

## ၁။ အခင်းအကျင်း

ရှောင်ဇေလီဇေ လမ်းမကြီးနှင့် သီရိချတ်ချိုင်းလမ်းမတို့ဆုံရာ ထောင့်ရှိ စက်ရုံတစ်ရုံ။

ထိုစက်ရုံတစ်ခုလုံးကို သံပြားများဖြင့် အလုံပိတ်ကာထားသည်။

ပြတင်းပေါက်များ မရှိ။

မည်သူမျှ အတွင်းကို လှမ်းမမြင်နိုင်။ စက်ရုံထဲမှ လူတစ်ဦးတစ်ယောက်မျှလည်း အပြင်သို့ထွက်လာခြင်း မရှိ။

www.burmeseclassic.com

www.burmeseclassic.com



ထိုစက်ရုံ၏ဝင်းတံခါးထိပ်တွင် 'အတွေးအခေါ် ထုပ်လုပ်ရေး
ချရေးစက်ရုံ' ဟူသော ဆိုင်းဘုတ် တင်ထား၏။

× × ×

## ၂။ မျက်စိမမြင်နှင့် ၉၆ မိုဒယ်လ်ဂျူးရင်းသိဝရီ

စက်ရုံတံခါးမကြီး၏ ရှေ့တည့်တည့်တွင် မျက်မမြင်တစ်ယော
လာရပ်၏။

မလွယ်ပေါက်တံခါးတွင် တပ်ဆင်ထားသော အလိုအလျော
အချက်ပေးစက်က အသံမြည်လာသည်။

"ဘာကိစ္စရှိလို့လဲ???"

"ကျွန်တော့်ခေါင်းမှာ အတွေးအခေါ်တစ်မျိုးလောက် ဝယ်
ချင်လို့ပါ. . ."

ဟု မျက်မမြင်က ပြန်ဖြေ၏။

တံခါးမကြီး လျှောခနဲပွင့်သွားသောအခါ မျက်မမြင်က အတွ
သို့ လှမ်းဝင်လိုက်သည်။

ဂျူတီကုတ်အဖြူ ဝတ်ဆင်ထားသူတစ်ယောက်က သူ့လက်
ဆွဲ၍ခေါ်သွားပြီး ခုံတစ်လုံးတွင် ထိုင်ခိုင်း၏။



"ခင်ဗျားက ဘယ်လိုအတွေးအခေါ်မျိုး လိုချင်တာလဲ???"

"ဒီလိုဗျ၊ ကျွန်တော်က မွေးကတည်းက မျက်စိမမြင်တာပါ၊ ဒါ
. . . သဘာဝရဲ့ခြင်းချက်ပဲလို့ သူများတွေ ပြောပြောနေတာ ကြားရ
တော့ သဘာဝဆိုတာ ဘယ်လိုဟာမျိုးလဲလို့ သိချင်လာတယ်၊ သဘာဝ
ဟာ ကောင်းတဲ့သဘော ရှိသလား၊ ဆိုးတဲ့သဘော ရှိသလား၊ နောက်ပြီး
. . . အဲဒီသဘာဝကြီးကို လူက ဘယ်လိုတုန့်ပြန်ရသလဲဆိုတာ သိချင်
လာတယ်၊ အဲဒီတော့ အဲဒါတွေကို တွေးနိုင်မယ့် အတွေးအခေါ်မျိုး ဝယ်
ချင်တယ်၊ ရမလား?. . ."

"အင်း. . . ရပါတယ်၊ ကဲ. . . လာဗျာ၊ နည်းနည်းပါးပါး စမ်းသပ်
ကြည့်ကြတာပေါ့"

နောက်ထပ် သိပ္ပံပညာရှင်သုံးယောက် ထပ်ရောက်လာပြီး မျက်
မမြင်ကို ဆွဲခေါ်သွားကြပြန်သည်။ အခန်းတစ်ခုထဲတွင် အချိန်အတော်
ကြာ စမ်းသပ်ကြပြီးနောက် တစ်ယောက်က ပြောလိုက်သည်။

"ကဲ. . . ရပြီ၊ သူ့အတွက် ဟားဒျူးရင်း(Herr Duhring) ရဲ့
သဘာဝဒဿနကို ပြန်ပြင်မွမ်းမံထားတဲ့ ၉၆ ခုနှစ်ထုတ် မိုဒယ်လ်
အသစ် တပ်ပေးလိုက်"

မျက်မမြင်၏ဦးခေါင်းအတွင်းသို့ ပလပ်ခေါင်းတစ်ခု ထိုးထည့်
လိုက်ကြသည်။ ထို့နောက် ပြန်လည်ပြင်ဆင်မွမ်းမံပြီး (Reconditioned)

www.burmeseclassic.com

www.burmeseclassic.com



ဟားဒျူးရင်း သဘာဝဒဿန၊ ၉၆ ထုတ် မော်ဒယ်လ်ဟု ရေးထားသည့် စာတမ်းပါ ခလုတ်တစ်ခုကို နှိပ်လိုက်၏။

× × ×

## ၃။ မျက်မမြင်နှင့် ခရိုချေး

တစ်နှစ်ခန့်ကြာသွားပြီးနောက် ထိုမျက်မမြင် ပြန်ရောက်လာ ပြန်သည်။

"ဘာဖြစ်လာရပြန်ပြီလဲ ကိုယ့်လူ..."

ဟု စက်ရုံကြီးမှ သိပ္ပံပညာရှင်များက ဝိုင်းမေးကြ၏။ မျက်မမြင်က ခေတ္တမျှငိုင်နေပြီးနောက်...

"အခုဗျာ ကျွန်တော် ဘယ်လိုဖြစ်နေတယ် မပြောတတ်ပါဘူး တစ်မျိုးကြီးပဲ၊ ခင်ဗျားတို့ တပ်ပေးလိုက်တဲ့ အတွေးအခေါ်တွေ ရပြီး နောက်မှာ ကျွန်တော် သဘာဝကြီးအကြောင်း တွေးတယ်၊ လောကကြီး အကြောင်း တွေးတယ်၊ ကြေကွဲဝမ်းနည်းစရာတွေ၊ ပျော်ရွှင်ကြည်နူး စရာတွေ၊ အစုံအစုံပေါ့ဗျာ၊ ဒီမှာတင် ကျွန်တော့်ရင်ထဲ တစ်မျိုးဖြစ်လာ တယ်...။ အခု အဲဒါကို ဟိုဒင်းလုပ်ချင်တယ်၊ ဟိုဗျာ... ကျွန်တော် အနုပညာ ဖန်တီးချင်တယ်"



သိပ္ပံပညာရှင်များ အချင်းချင်း ထစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြ၏။ မျက်မမြင်က ဆက်၍

"အဲဒါ အနုပညာနဲ့ပတ်သက်တဲ့ အတွေးအခေါ်လေး ဘာလေး ကျွန်တော့်ကို ရောင်းပါလားဗျ"

သိပ္ပံပညာရှင်တစ်ယောက်က

"ကဲ... သူ့ကို ခေါ်သွား၊ လိုအပ်တဲ့ စိတ်ပိုင်းဆိုင်ရာ စစ်ဆေးမှုတွေလုပ်၊ မှတ်တမ်းထဲမှာထည့်၊ သူ ဖန်တီးချင်တဲ့ အနုပညာပုံစံမျိုး ကို အသေအချာမေး၊ ပြီးရင် မှတ်တမ်းတွေအားလုံးယူလာပြီး ဒေါ်ပရေး ရှင်းခန်းနံပါတ်(၁၀၈) (Q) ကို လိုက်လာခဲ့"

သုံးနာရီခန့်ကြာသောအခါ မျက်မမြင်နှင့်အတူ သိပ္ပံပညာရှင် သုံးယောက်စလုံး အော်ပရေးရှင်းခန်းထဲ ရောက်လာကြသည်။

တစ်ယောက်က မှတ်တမ်းများကို လှန်လှောပြီး

"ကျွန်တော်တို့ သုံးသပ်ချက်အရ ဒီလူနဲ့အကိုက်ညီဆုံးကတော့ ဘဲနက်ဒက်တိုခရိုချေး (Benedetto Croce) ရဲ့ ဒဿနပဲ၊ အဲဒါကို ပြန် ပြင်မွမ်းမံထားတဲ့ပုံစံကလည်း Reconditioned 97 မော်ဒယ်လ်အသစ် ထွက်ပြီးသား အသင့်ရှိပါတယ်၊ အဲဒါ တပ်ပေးလိုက်ရမလား"

ကြီးကြပ်သူက မှတ်တမ်းများကို ယူကြည့်သည်။ နောက်...

"ကောင်းတယ်၊ နေဦး... နေဦး၊ အဲဒီအထဲမှာ အီမန်နျူရယ်ကန့် (Immanue Kant) ဒဿနမော်ဒယ်လ်အသစ်ပါ တွဲထည့်ပေးလိုက်"

www.burmeseclassic.com



မျက်မမြင်၏ ဦးခေါင်းအတွင်းသို့ ပလပ်ခေါင်းများ ထိုးသွင်းကြသည်။

နောက်. . . ခလုတ်နှိပ်လိုက်၏။

× × ×

## ၄။ မျက်မမြင်နှင့် အလင်း

တစ်နှစ်ခွဲခန့် ကြာသွားပြီးနောက်. . .၊

အတွေးခေါ်ထုပ်လုပ်ရေး စက်ရုံကြီးဆီသို့ မျက်မမြင် ပြန်ရောက်လာပြန်၏။

"ဘုရားရေ. . . ခင်ဗျား ဘာဖြစ်လာပြန်ပြီလဲ?"

မျက်မမြင်က သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်ပြီး ကုလားထိုင်ပေါ်တွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။

သိပ္ပံပညာရှင်များ ဝိုင်းလာကြ၏။

"ကိုင်း. . . ပြော၊ ဟေ့လူ ဘာတုန်း၊ ဘာထပ်လိုချင်သေးလို့လဲ၊ စီးပွားရေးလုပ်ဖို့ အတွေးအခေါ်လား၊ ဘာ ထပ်လုပ်ပေးရဦးမှာလဲ၊ ပွဲထားသာ လုပ်ပါဗျာ၊ တက်ကျမ်းရေးဖို့ အတွေးအခေါ်လား၊ ဘာလဲ. . ."

မေးခွန်းတွေ စုံသွားသည်။



မျက်မမြင်က ခေါင်းကို သွက်သွက်ခါအောင် ရမ်းလိုက်ပြီး. . .

"မဟုတ်ဘူး. . . မဟုတ်ဘူး၊ ကျုပ်လိုချင်တာ အဲဒီအတွေးအခေါ်တွေ မဟုတ်ဘူး"

"ဒါဖြင့် ခင်ဗျား အခုလာတာ ဘာလိုချင်လို့လဲ???"

"အလင်း. . ."

တစ်ယောက်တစ်ပေါက် ဆူညံနေကြသော သိပ္ပံပညာရှင်များ ချက်ခြင်း တိတ်ဆိတ်သွားကြ၏။

. . . အတော် ကြာသွားသည်။

. . . အတော် ကြာသွားသည်။

. . . အတော် ကြာသွားသည်။

နောက်မှ တစ်ယောက်က. . .

"ဟုတ်ပြီလေ၊ ခင်ဗျား ဒီမှာ ခဏထိုင်စောင့်နေဦး၊ ကျုပ်တို့ အစီအစဉ် သွားလုပ်လိုက်ဦးမယ်"

စက်ရုံတွင်းရှိ သိပ္ပံပညာရှင်များအားလုံးကို အရေးပေါ်အချက်ပေး၍ ခေါ်ကာ လူစုလိုက်ကြ၏။ ထို့နောက် အစည်းဝေးခန်းထဲထိုင်ကာ ဆွေးနွေးကြသည်။

နံနက် ၁၀နာရီကတည်းကစသော အစည်းအဝေးသည် ညနေ ၅နာရီထိုးသည်အထိ မပြီးသေး။

နောက်ဆုံးတွင် အလင်းနှင့်ပတ်သက်သော အချက်အလက်များ

www.burmeseclassic.com

www.burmeseclassic.com



အားလုံးကို မျက်မမြင်၏ဦးခေါင်းအတွင်းသို့ ထည့်ပေးရန် သဘောတူလိုက်ကြရတော့၏။

...တစ်ယောက်က အလင်း၏လှိုင်းသဘာဝနှင့် အမှုန်သဘာဝ သီဝရီကို အချက်အလက်တစ်ခုအဖြစ် စက်အတွင်းသို့ ထည့်သည်။

...နောက်တစ်ယောက်က အမြင်အာရုံနာ့ဗ်ကြော (Optic Nerve) နှင့် နာ့ဗ်ကြောကြက်ခြေဆုံ (Optic Chiasma) တို့ အကြောင်းကို အချက်အလက်တစ်ခုအဖြစ် ထည့်သည်။

...နောက်တစ်ယောက်က တစ်စက္ကန့်လျှင် မိုင်ပေါင်း ၁၈၆၀၀၀ သွားနိုင်စွမ်းရှိသည့် စွမ်းအင်တစ်မျိုးဟူသည့် အချက်ကို ထည့်သည်။

...နောက်တစ်ယောက်က ဦးနှောက်သား (Cerebral Cortex) ၏ ကယ်လ်ကရိုင်းဟကွဲကြောင်းပတ်လည်ရှိ 'အမြင်နယ်' နှင့်ပတ်သက်သော အချက်အလက်များကို ထည့်သည်။

...နောက်တစ်ယောက်က မျက်လုံးအိမ်အနောက်ဘက်ရှိ အမြင်အာရုံလွှာ (Ratina) ကို ဒုက္ခမပေးသော ဖြာထွက်စွမ်းအင်တစ်မျိုးဟူသည့် အချက်အလက်ကို ထည့်သည်။

...နောက်တစ်ယောက်က ရော့ဒ်ဆဲလ် (Rod Cell) နှင့် ကုမ်းဆဲလ် (Cone Cell) များ အကြောင်း ထည့်သည်။

...နောက်တစ်ယောက်က မြင်နိုင်သော လှိုင်းအလျား ၄၀၀၀ နှင့် ၇၇၀၀ (အမ်းစထရွမ်ယူနစ်) အကြားရှိ ရောင်စဉ်ခုနစ်မျိုးအကြောင်း ထည့်သွင်းသည်။



စက်အတွင်း၌ အချက်အလက်အားလုံးကို ထားသိုပြင်ဆင်ပြီးနောက် မျက်မမြင်ကို အော်ပရေးရှင်းအခန်းအတွင်းသို့ ခေါ်သွင်းလာကြသည်။

နောက် မျက်မမြင်၏ ဦးခေါင်းအတွင်းသို့ ပလပ်များထိုးသွင်းကြသည်။ နောက် ခလုတ်များကို တစ်ပြိုင်နက်တည်း နှိပ်ချလိုက်သောအခါ...

"အား"

## ၅။ တောင်းကစ်

သွက်သွက်ခါအောင် ရူးသွားပြီဖြစ်သော မျက်မမြင်သည် စက်ရုံထဲမှ ဒယိမ်းဒယိုင် ခြေလှမ်းများဖြင့် ထွက်လာ၏။

ရှောင်ဇေလီလမ်းမကြီး၏ ပလက်ဖောင်းပေါ် စမ်းတဝါးဝါး လျှောက်လာရင်း လမ်းဘေးကွမ်းယာသည် ကလေးတစ်ယောက်၏ဗန်းကို ဝင်တိုက်ပစ်လိုက်သည်။

"ဟာ...သွားပါပြီဗျာ၊ တောက်...ဟေ့လူ၊ ခင်ဗျား"

မျက်စိမမြင်သော လူတစ်ယောက်မှန်း သိလိုက်ရသောကြောင့် ကွမ်းယာသည်ကလေး ပါးစပ်ပိတ်သွား၏။

နောက်...

www.burmeseclassic.com

www.burmeseclassic.com



"ကဲ. . . ကဲ ဟိုဘက်ကသွား၊ ညာဘက်ကို ကပ်လျှောက်၊ ခင်ဗျား ဗျာ လက်က တောင်ဝှေးလေး ဘာလေး ကိုင်လာရောပေါ့"

"ဘာ. . . တောင်ဝှေး ဟုတ်လား၊ တောင်ဝှေးဟာ အမှုန့်လား လှိုင်းလား၊ နောက်ပြီး Optic နာ့ဗ်ကြောတွေနဲ့ ဘယ်လိုပတ်သက်သလဲ"

"ဟာ၊ ဒုက္ခပါပဲ၊ ဘယ်လိုဖြစ်လာတာလဲ မသိဘူးဗျာ၊ သွား. . . သွား"

မျက်မမြင်က ခေတ္တမျှရပ်၍ တွေနေ၏။ နောက်. . .

"မသိဘူးဆိုတာ မင်းရဲ့လိုအပ်ချက်ပဲ၊ ဟောဒီမှာ အတွေးအခေါ် စက်ရုံကြီးတစ်ခုလုံး ရှိနေတာ၊ မင်းအတွေးအခေါ် တစ်ခုခုဝယ်ပြီး တပ် ဆင်သင့်တယ်၊ ဒါမှ. . . မင်းရဲ့ 'မသိဘူး' ဆိုတဲ့နေရာမှာ 'သိတယ်' ဆို တဲ့ စကားလုံး ရောက်လာမှာ"

ကွမ်းယာသည်ကလေးက တခစ်ခစ်ကျိတ်ရယ်လိုက်၏။ မျက် မမြင်က ဆက်ပြောနေပြန်သည်။

"အခုပဲ. . . ငါ ဒီကထွက်လာတာ၊ ငါ့ကို အလင်းနဲ့ပတ်သက်တဲ့ အတွေးအခေါ်တွေ တပ်ဆင်ပေးလိုက်တယ်၊ အခုဆိုရင် အလင်း အကြောင်း ငါသိတာတွေ အများကြီးပဲ၊ ကိုင်း. . . မင်းရော သိရဲ့ လား. . ."

ကွမ်းယာသည်ကလေးက မအောင့်နိုင်တော့ဘဲ အော်ရယ်ပစ် လိုက်ပြီး



"မဟုတ်သေးပါဘူးဗျာ၊ အလင်းဆိုတာ သဘောတရားတွေနဲ့ သိလို့ ရနိုင်တဲ့အရာ မဟုတ်ဘူးဗျ၊ ခံစားရတဲ့အရာ၊ အဲဒါကိုခံစားဖို့ ခင်ဗျားမှာ မျက်လုံးတွေမှ မရှိဘဲ၊ ခင်ဗျားကိုယ် ခင်ဗျား အလင်းကို သိ ပြီလို့ စိတ်ထဲကထင်နေတာပါ။ အင်းပေါ့လေ ခင်ဗျားကို တပ်ဆင်ပေး လိုက်တဲ့ အဲဒီစက်ရုံက လူတွေကိုယ်တိုင်က အပြင်ကို တစ်ခါမှထွက် တာ မဟုတ်ဘူး၊ အပြင်အပက အလင်းဆိုတာကို တစ်ခါမှ မြင်ဘူးကြ တဲ့လူတွေ မဟုတ်ဘူး၊ သူတို့မြင်ဖူးကြတာက စာအုပ်ကြီးတွေထဲမှာ ရေး ထားတဲ့ 'အလင်းရဲ့အဓိပ္ပာယ်' သက်သက်ပဲ"

မျက်မမြင်က ထိတ်လန့်အံ့ဩသွားသည်။

"ဘာ. . . ဘယ်လို၊ ဟာ. . . မဟုတ်သေးဘူး ထင်တယ်"

ဟု ပြောရင်း သူ့မျက်လုံးကို သူ့လက်ဖြင့် ပြန်စမ်းကြည့်လိုက် သည်။ နောက်. . .

"မဟုတ်ဘူး ချာတိတ်၊ မင်း မှားနေပြီ၊ ဒီစက်ရုံထဲကလူတွေက တကယ့်ပညာရှင်တွေက၊ သူတို့ကို သွားမစော်ကားနဲ့၊ မင်း. . . ဟိုဒင်း မင်း မသိပါဘူးကွာ၊ မင်း နည်းနည်းပါးပါးလောက် အတွေးအခေါ်လေး ဘာလေး ဝယ်တပ်ကြည့်စမ်းပါလားကွာ. . . နော်"

ကွမ်းယာသည်ကလေးက ဟက်ဟက်ပက်ပက် ရယ်မောရင်း. . .

"နေပါစေတော့ဗျာ၊ ဘဝဆိုတဲ့ အရာကိုယ်တိုင်က မျက်စိကန်းနေ တဲ့အရာတစ်ခုပဲ၊ အဲဒီအထဲကို အတွေးအခေါ်ထည့်ပေးလိုက်လို့ကော ဘာတွေ ထူးလာမှာတဲ့လဲ"

www.burmeseclassic.com

www.burmeseclassic.com



မျက်မမြင်က ခေါင်းတရမ်းရမ်းဖြင့် သူ့လမ်းကို စမ်းတဝါးဝါး ဆက်လျှောက်သွားသည်။ ကွမ်းယာသည်ကလေးက သူ့နေရာမှာသူ ရပ် လျှက်သား . . .

သူ့ခေါင်းပေါ်က ကောင်းကင်ကြီးကို မော့ကြည့်နေသည်။

(၁၉၉၅)

× × ×

- အထက်ပါ အချက်အလက်များအားလုံးကို ကျွန်တော်ကိုယ်တိုင် ငြင်းဆိုပါသည်။
- အဘယ်ကြောင့်ဆိုသော် ယင်းတို့ကို စကားလုံးများဖြင့် ဖွဲ့စည်းထားခြင်းကြောင့် ဖြစ်ပါသည်။

မင်းခိုက်စိုးစန် (၁၉၉၇)



# ကမ္ဘာသစ်ရဲ့ နံနက်စာ

(ရန့်သစ်)

တတိယကမ္ဘာစစ်ကြီး ပြီးဆုံးသွားပြီးတဲ့ နောက်တစ်နေ့ နံနက် င်းမှာ တိမ်တွေဟာ နှင်းဆီပန်းတွေလို ပွင့်နေကြတယ်။ အရွက်ကျဲကျဲ တဲ့ဝေါဝေါနဲ့ နှင်းဆီပွင့်တွေပေါ့။ ခြောက်သွေ့အားငယ်မှုနဲ့အတူ လှုပ နေလိုက်ကြပုံများ။

ခြောက်သွေ့မှာပေါ့။ ကမ္ဘာမှာ လူသားရယ်လို့ တစ်ယောက်မှ အသက်ရှင် မကျန်ရစ်ခဲ့တော့ဘူးလေ။ ချကလီးယားအဆိပ်ငွေ့တွေ ာ အိမ်မက်ထဲမှာ မြူတွေဆိုင်းသလို ဝိုးတဝါးဝေ့ဝဲအုံ့ဆိုင်း မှိုင်းပျနေ ကြလေရဲ့။

ဘယ်သူတွေ ဘယ်လောက်အထိ မိုက်မဲခဲ့ကြသလဲ။ ဘယ်သူတွေ ဘယ်လောက်အထိ လိမ္မာခဲ့ကြသလဲ။ အိပ်ရာဝင်ပုံပြင်များ မလိုတော့ပါ။

www.burmeseclassic.com

www.burmeseclassic.com





ချိုရိမှုးဝေသော အလွမ်းတယောများ မလိုတော့ပါ။ ချစ်ခြင်းတရားရဲ့ လည်ဆွဲဘယက်တွေ ဆင်နေစရာ မလိုတော့ပါ။ မိုးလုံးမှိုင်းသော ခရမ်းပြာ သစ်ခွတွေ ပွင့်နေစရာ မလိုတော့ပါ။ သဲစပ်စပ်ချောင်းကလေး နံဘေးမှာ အမှတ်တရတစ်ခုခု ထားရစ်စရာ မလိုတော့ပါ။ ချစ်သူ၏ လက်အစုံဖြင့် ထိုးပေးသော သိုးမွှေးဆွယ်တာတစ်ထည် မလိုတော့ပါ။ လွမ်းသူ့ပန်းချေ တစ်ခု ပို့ပေးရန် မလိုတော့ပါ။

အားလုံး ပြီးသွားပါပြီ။

× × ×

သက်ရှိလူသားတွေ ကင်းမဲ့ပြီး ခြောက်သွေ့နေတဲ့ ကမ္ဘာကြီးရဲ့ မိုးကုပ်စက်ဝိုင်း အထိအစပ်ဟာ လေအတိုးမှာ လွင့်နေ၊ ပြတ်နေတဲ့ကြိုး တစ်ချောင်းလိုပါပဲ။

အဲဒီအချိန်မှာ ကမ္ဘာမြေကြီးပေါ် လူသားတွေ မျိုးတုံးသွားမယ့် အဖြစ်ကို တခြားဂြိုဟ်တစ်ခုပေါ်ကနေ လှမ်းပြီး ဝမ်းနည်းပက်လက် ငေး ကြည့်နေတဲ့သူ တစ်ယောက်တော့ ရှိလေရဲ့။ အင်း. . . သူ့ကိုတော့ 'လူ' လို့ သတ်မှတ်ချင်လည်း ရတယ်။ မသတ်မှတ်ဘူးဆိုရင်လည်း ဖြစ်ပါ တယ်။ တစ်ချိန်တုန်းကတော့ ကမ္ဘာမြေပြင်ပေါ်မှာ အသက်ရှင်နေထိုင် သွားခဲ့ဖူးတဲ့ 'လူတစ်ယောက်'ပါပဲ။

သူ့နာမည်က 'ချားလ်စ်ဒါဝင်' ပါ။ လူ့ဘဝမှာတုန်းက 'အဆင့် ဆင့် ပြောင်းလဲရွေ့တက်ခြင်း သီအိုရီ' ကို ဖော်ထုတ်တင်ပြခဲ့သူပေါ့။ လူ ဆိုတာ မျောက်က ဆင်းသက်လာတာဆိုတဲ့ အဆိုပြုချက်ဟာ သူ ပြော ခဲ့တာလေ။

ချားလ်စ်ဒါဝင်ဟာ လူ့ဘဝကနေ သေသွားပြီးတဲ့နောက် ကမ္ဘာ မြေနဲ့ မလှမ်းမကမ်းက ဂြိုဟ်တစ်ခုပေါ်ကို ရောက်သွားခဲ့တယ်။ အဲဒီ ဂြိုဟ်မှာပဲ နေထိုင်ရင်းက သူ သံယောဇဉ်တွယ်ရာ ကမ္ဘာမြေကို နကွတ် တာရာကြည့်မှန်ပြောင်းတစ်လက်နဲ့ လှမ်းကြည့်နေခဲ့တာပေါ့။ အခုလို သူ့မျက်စိရှေ့မှာတင် ကမ္ဘာမြေရဲ့နောက်ဆုံး နျူကလီးယားစစ်ပွဲကြီး ဖြစ်ပြီး လူသားတွေမျိုးတုံးသွားတာကို မြင်လိုက်ရတော့ သူ အရမ်းဝမ်း နည်းသွားတယ်။

မွေးနေ့လက်ဆောင်တစ်ခုလို ချစ်ခြင်းတွေနဲ့ လှလှပပထုတ်ပိုး ထားတဲ့ ကမ္ဘာမြေကြီးအတွက် သူ ဘာလုပ်ပေးရင် ကောင်းမလဲ။

ကြေကွဲဆွေးမြေ့မှုဆိုတာ အဲဒါပါပဲ။ အဆိပ်ထက် ပြင်းတာပေါ့။ တစ်စထက်တစ်စ ပါးလှပ်အားနည်းလာရင်း နောက်ဆုံး ဘဝကြီးကို ကိုယ်တစ်ခြမ်း သေသွားစေတတ်တာ။ ငှက်တစ်ကောင် တောင်ပံခတ် ဝံ့မျိုးနဲ့ သူ့နှလုံးသားဟာ ခုန်နေတယ်။ ဝုန်းခနဲထပျံဖြစ်မယ့် ငှက်တစ် ကောင် ထင်ပါရဲ့။

နောက်ဆုံးတော့ သူ ဆုံးဖြတ်လိုက်တယ်။

ကမ္ဘာမြေမှာ ပြန်လည်ရှင်သန်ဖို့အတွက် လူသားမျိုးနွယ်ရဲ့အစ ဖြစ်ပါတဲ့ သတ္တဝါတစ်ကောင်ကောင်ကို ကမ္ဘာမြေပေါ် ပို့လွှတ်ပေးဖို့ကို လေ။

ဘယ်သတ္တဝါကို ပို့မလဲ။ ဟုတ်လား။ အို. . . သိသဲ့အတိုင်းပဲလေ။

www.burmeseclassic.com

www.burmeseclassic.com



'မျှောက်'ပေါ့။ လူဆိုတာ မျှောက်က ဆင်းသက်လာတာပဲဟာ။ မျှောက်တစ်ကောင်ကို ကမ္ဘာမြေပေါ် ပို့ပေးလိုက်မယ်လေ။ ပြီးရင် အဲဒီကောင်ဟာ တဖြည်းဖြည်း လူဖြစ်လာမှာပေါ့။ ဟုတ်တယ် မဟုတ်လား။

ချားလ်စ်ဒါဝင်ရဲ့အကြံဟာ သိပ်ကောင်းပါတယ်။ သိပ်လှပပါတယ်။ သုဘရာဇာတစ်ယောက်က လက်ရာအမြောက်ဆုံး ဖန်တီးလိုက်တဲ့ အသုဘခေါင်းတစ်လားတစ်လုံးရဲ့ လှပပုံမျိုးပဲလားတော့ မသိဘူး။

ဒါနဲ့ပဲ ချားလ်စ်ဒါဝင်ဟာ သူ နေထိုင်တဲ့ဂြိုဟ်ပေါ်မှာ မျှောက်တစ်ကောင်ကို ရှာလိုက်တယ်။ ပြီးတော့ သူ့အကြံကို ပြောပြလိုက်တယ်။ မျှောက်ကလည်း သဘောတူရှာပါတယ်လေ။ သွားပါမယ်ပေါ့။ ဒါနဲ့ ချားလ်စ်ဒါဝင်ဟာ မျှောက်ကို ဘယ်နေ့ဘယ်ရက် သူ့အိမ်ကို အရောက်လာခဲ့ပါလို့ ချိန်းဆိုလိုက်လေရဲ့။ မျှောက်က ခေါင်းလည်း ညိတ်လိုက်ရော ဝမ်းသာအားရနဲ့ သူ့အိမ်ကို ပြန်ပြေးတယ်။ အဲဒီနေ့ကစပြီး ချားလ်စ်ဒါဝင်ဟာ သူ့အိမ်ရဲ့တံခါးမကြီးကို ပိတ်လိုက်တာ မဖွင့်တော့ဘူး။ အထဲမှာ တကုပ်ကုပ်နဲ့ အလုပ်များနေတယ်လေ။ မျှောက်ကို ကမ္ဘာမြေပေါ် ပို့လွှတ်ဖို့အတွက် တစ်ယောက်စီးဒုံးပျံလေးတစ်ခု တီထွင်နေတာပေါ့။ အရေးပေါ်ဆင်းသက်ဖို့အတွက် လေထီးတစ်လက်လည်းပါရဲ့။

အဲ. . . တိုတိုပြောရရင် ချိန်းထားတဲ့နေ့ရောက်ရော ဆိုပါတော့။

အချက်ပြလိုက်တာနဲ့ တစ်ပြိုင်နက် အားရပါးရ သီးပစ်လိုက် ဖွင့်ပစ်လိုက်ဖို့ စောင့်ဆိုင်းနေတဲ့ သစ်ကိုင်းတစ်ကိုင်းရဲ့ မျှော်လင့်မှုမျိုးနဲ့ ချားလ်စ်ဒါဝင်ဟာ သူ့ရဲ့မျှောက်အလာကို ငြိမ်ငြိမ်လေး ထိုင်စောင့်နေတယ်။



ချိန်းထားတဲ့အချိန် မရောက်ခင် နှစ်မိနစ်အလိုမှာပဲ အိမ်တံခါးခေါက်သံ ကြားလိုက်ရတယ်။ တစ်စုံတစ်ရာ လွတ်ကျသွားသလို ပြုန်းစားကြီးထွက်ပေါ်လာတဲ့ လှိုက်လှဲတဲ့အသံနဲ့ ဒါဝင်ကြီးက

"ဝင်ခဲ့လေကွာ"

လို့ လှမ်းပြောလိုက်တယ်။

သူ မျှော်လင့်ထားတဲ့အတိုင်းပဲ မျှောက်ဝင်လာပါတယ်။ ဒါပေမယ့် အိမ်ထဲ တစ်လှမ်းနှစ်လှမ်းဝင်ပြီး ရပ်နေရဲ့။ စိတ်ရှုပ်နေပုံ၊ အားနာကြောက်လန့်နေပုံရတဲ့ မျက်လုံးတွေနဲ့လည်း ဒါဝင်ကြီးကို လှမ်းကြည့်လို့။ တစ်ခုခုပြောဖို့ မေးဖို့ အားယူနေသလိုပဲ။ ဒါနဲ့ ဒါဝင်ကြီးက

"ဟေ့ကောင် ဘာဖြစ်လို့လဲ လာလေကွာ"

မျှောက်က

"ဆရာကြီးခင်ဗျား ဒီမှာ ပြဿနာတစ်ခု ဖြစ်လို့"

ဒါဝင်ကြီးက

"ဘာလဲကွ"

လို့ လှမ်းမေးရင်း တံခါးဝဆီ ခပ်သုတ်သုတ်လေး သွားလိုက်တယ်။ အဲဒီတော့မှပဲ မျှောက်ရဲ့နောက်မှာကွယ်နေတဲ့ သတ္တဝါတစ်ကောင်ကို မြင်ရတော့ရဲ့။

ဆိတ်တစ်ကောင်ပါ။

"မင်းက ဘာဖြစ်လို့ ပါလာရတာလဲ မောင်ရွှေဆိတ်ရဲ့"

ဆိတ်က ဘာမှပြန်မဖြေဘဲဖြစ်နေတုန်း မျှောက်ကဝင်ပြီး

"ဆရာကြီးခင်ဗျား၊ သူက လူသားမျိုးနွယ်တွေ စတင်ဖြစ်ပေါ်

www.burmeseclassic.com



လာဖို့ဆိုရင် ကျွန်တော့်အစား သူ့ကိုသာ ပို့သင့်တယ်လို့ ပြောနေ တယ်"

"ဟော့. . . ဟုတ်လား၊ ဘာဖြစ်လို့လဲကွ၊ ဆိုစမ်းပါဦး၊ မစ္စတာ ဆိတ်ရဲ့. . ."

"ဒီလိုပါ ဆရာကြီး၊ ကျွန်တော့်အထင်တော့ လူဆိုတာ ဆိတ် နေ ဆင်းသက်လာတာ ထင်တာပဲ"

"ဟော. . ."

ဒါဝင်ကြီး မျက်လုံးပြူးသွားတယ်။

"လူသားတွေ မျိုးမတုန်းခင်တုန်းက ကျွန်တော်လဲ ကမ္ဘာမြေ နေခဲ့ရတဲ့ကောင်ပါ ဆရာကြီး၊ ကျွန်တော် လူတွေကို အသေအချာ လာကြည့်ဖူးပါတယ်။ အဲဒီလို လေ့လာရင်းနဲ့ လူတွေရဲ့အကျင့် ကျွန်တော်တို့ဆိတ်တွေနဲ့ အတော်တူနေတာကို သွားတွေ့ရတယ် ခင် ဆရာကြီး သတိထားမိမလား မသိဘူး၊ သူတို့ရဲ့ ယိုးစပ်တွေကိုလေ၊ တွေဟာ ဘယ်တော့မှ သူတို့ပါးစပ်ကို အနားမပေးဘူး၊ အမြဲတမ်း ပါး တွေကို လှုပ်ရွလှုပ်ရွ လုပ်နေလေ့ရှိတယ် ခင်ဗျ"

ဒါဝင်ကြီး ကျောထဲစိမ့်သွားတယ်။ သူ့ရှေ့မှာရပ်ပြီး စကားပြော နေတဲ့ ဆိတ်ရဲ့ပါးစပ်ကြီး လှုပ်နေပုံကိုကြည့်ပြီး သူ့ပါးစပ်လှုပ်နေပုံ စိတ်ကူးထဲမှာ နှိုင်းယှဉ်ကြည့်လိုက်မိလို့။

"လူတွေဟာ အဲဒီပါးစပ်ကြီးတွေနဲ့ တောင်စဉ်ရေမရတွေ ပြော လား ပြောရဲ့၊ ဝေဖန်လား ဝေဖန်ရဲ့၊ အတင်းပြောလား ပြောရဲ့၊ တချို့ ကလဲ အဲဒီပါးစပ်ကြီးနဲ့ပဲ ဟိုလူ့မြှောက်လိုက်၊ ဒီလူ့နှိမ်လိုက်၊ ကတုံး



တတိုက် လုပ်လိုက်နဲ့၊ ဟုတ်တိပတ္တိလည်း အလုပ်ဖြစ်အောင် မလုပ်ဘဲ ငြင်းတယ်၊ ခုံတယ်၊ သီချင်း ဆိုတယ်၊ ကွမ်းယာ စားတယ်၊ အရက် သောက် တယ်၊ ကုမ္ပဏီတွေက အလကားဝေတဲ့ ဆေးလိပ်တွေဆိုလည်း ရောဂါ ဖြစ်မှန်းသိသိနဲ့ သောက်တာပဲ၊ ပါးစပ်မှ အငြိမ်မနေနိုင်တာ"

ချားလ်စ်ဒါဝင်က ယောင်ရမ်းပြီး ခေါင်းညိတ်မိလျက်သား ဖြစ် သွားလို့ သူ့ဇက်ပိုး သူ ပြန်ရိုက်ပစ်လိုက်ရသေးတယ်။

"အကြောင်းမရှိ အကြောင်းရှာပြီး အဲဒီပါးစပ်နဲ့ အလုပ်လုပ်ကြ လွန်းလို့ ပြဿနာတွေ တက်လိုက်တာ မနည်းဘူး၊ ဒါလည်း မမှတ်ဘူး၊ မွေးကတည်းက သေတဲ့အထိ အဲဒီပါးစပ်တစ်ပေါက်ကို လှုပ်ရွလှုပ်ရွ လုပ်လို့ မဆုံးနိုင်ဘူး၊ အဲဒီအကျင့်ဟာ ကျွန်တော်တို့ဆိတ်တွေနဲ့ အတော် တူတယ် ဆရာကြီးရဲ့၊ ဒါကြောင့် လူဆိုတာ ဆိတ်ကနေ ဆင်းသက်လာ တာပဲ ဖြစ်ရမယ်၊ ဒီတော့ ဆရာကြီးရယ်၊ ကမ္ဘာမြေပေါ် လွှတ်ချင်းလွှတ် ရင် ကျွန်တော့်ကို လွှတ်သင့်ပါတယ်"

ကိုင်း ဘယ့်နှယ်ရှိစ။ ချားလ်စ်ဒါဝင်က ခေါင်းကို ပွတ်သသ်ပဲ့လုံ ဟုတ်သလိုလိုနဲ့ ယောင်တိယောင်ဝါး လုပ်နေတယ်။ အတော့်ကို အူ ကြောင်ကြောင် ဖြစ်နေပုံပဲ။ ဟုတ်တယ်လေ၊ ပြဿနာက ခွတီးခွကျနဲ့။ အဲဒီအချိန်မှာပဲ. . .

"ဒီလိုချည်း တစ်ဖက်သတ် ပြောလို့ ဘယ်ရမလဲ ဆေိတ်ရဲ့၊ ဆရာ ကြီးခင်ဗျာ၊ တကယ်ဆိုရင် ကမ္ဘာမြေပေါ် သွားသင့်တဲ့သူက ကျွန်တော်ပါ၊ ကျွန်တော့်ကို လွှတ်ပါ"

အားလုံးရဲ့ခေါင်းတွေဟာ မော်တော်ကားလော်ယာရင်ကို ဆွဲ

www.burmeseclassic.com

www.burmeseclassic.com



လှည့်လိုက်သလို အိမ်တံခါးဝဆီကို တညီတည်း လည်သွားကြတယ်။ အိမ်ဝမှာတော့ ဝက်တစ်ကောင်။

ဝက်က ခပ်တည်တည်ပဲ။ အိမ်ထဲဝင်ချလာပြီး. . .

"ဆရာကြီးခင်ဗျား၊ တကယ်တော့ လူဆိုတာ ဝက်ကဆင်းသက်လာတာပဲ ဖြစ်ပါတယ်။ ကျွန်တော်လဲ တစ်ချိန်တုန်းက ကမ္ဘာမြေပေါ်မှာ လူသားတွေနဲ့အတူတူ နေခဲ့ဖူးသူပါ။ ကျွန်တော် လူတွေကို လေ့လာကြည့်တဲ့အခါ လူအတော်များများရဲ့ အမူအကျင့်ဟာ ကျွန်တော်တို့ ဝက်တွေရဲ့ အကျင့်နဲ့တူနေတာကို တွေ့ရတယ်ခင်ဗျ"

သွားပါပြီ။ တကယ့်ကို ရှုပ်ကုန်ပါပြီ။ ဒါဝင်ကြီးကတော့ သူ့ခေါင်းကို လက်နဲ့ဖိပွတ်ရင်း အင်း. . . သိပ်တော့ မဆက်စပ်လှဘူးထင်တယ်လို့ စဉ်းစားနေမိတယ်။ 'ဝက်တူ' ဆိုရင် သစ်သားဘောင်တွေ၊ စက်ပစ္စည်းတွေမှာတပ်တဲ့ အရစ်ဖော်ထားတဲ့ သံချောင်းကလေး ဖြစ်ပေမယ့် 'လူ...' ဆိုရင်တော့ ထုံထုံထိုင်းထိုင်း အတီးအတလူတစ်ယောက်လို့ ဆိုရာရောက်နေမှာပေါ့လို့လည်း မဆီမဆိုင်တွေ လျှောက်တွေးဖြစ်နေလေရဲ့။ ဝက်ကတော့ စကားကို အမျှင်မပြတ်အောင် ဆက်ပြောနေတုန်းပါပဲ။

"ဆရာကြီးပဲ စဉ်းစားကြည့်လေ၊ လူတွေဟာ မွေးလာကတည်းက စားလိုက်တဲ့အစားဆိုတာ အို စုံနေတာပဲ၊ ဘာမှ မရှောင်ဘူး၊ လော[illegible]ကလည်း ကြီးတတ်ပြန်သေးတော့ တစ်နေ့တည်းမှာ တစ်ခါစားပြီးလဲ နော[illegible]မရ၊ နှစ်ခါစားပြီးလဲ မတင်းတိမ်နဲ့၊ စားပြီးရင်းစားဖို့ပဲ စိတ်ကူးနေတော့တာပဲ၊ အမြဲတမ်း နှုတ်သီးနဲ့ ဟိုနေရာလေး စပ်စပ်စပ်စပ် ကော်[illegible]ကြည့်လိုက်၊ ဒီနေရာလေး စပ်စပ်စပ်စပ် မွှေကြည့်ဖွကြည့်လိုက်နဲ့၊ အ[illegible]မရွေး နေရာမရွေး ပစ္စည်းပစ္စယမရွေး စားဖို့ပဲ အရေးကြီးနေတာ။



"ဘာမှလဲ စဉ်းစားတွေးခေါ်မှု မရှိကြဘူး၊ စားပြီးရင် ကိုယ်လုံးဖိုင့်ဖိုင့် အတ္တဘောကြီးတွေကို အိခနဲပစ်လှဲချလိုက်ပြီး အိပ်တော့တာပဲ၊ အိပ်ခံတော့တာပဲ၊ ဒါနဲ့ပဲ ဗိုက်ကြီးတွေ ရွှဲရွှဲလာရော၊ တစ် စားဖို့၊ နှစ် အိပ်ခံဖို့၊ သုံး ထုံပေပေကြီး နေထိုင်ဖို့အတွက်နဲ့ပဲ ဘဝကြီးတစ်ခုလုံးကို အသုံး[illegible]ချ အချိန်ကုန်ဆုံးပစ်လိုက်ကြတာ မဟုတ်လား ဆရာကြီး. . .။

"ဒါကို ကြည့်ရုံနဲ့ လူဟာ ဝက်က ဆင်းသက်လာတယ်ဆိုတာ သေချာပါတယ်၊ ဒီတော့ ကျွန်တော့်ကိုသာ ကမ္ဘာမြေပေါ် သွားခွင့်ပေးပါ ဆရာကြီး"

ချားလ်စ်ဒါဝင်ကတော့ မျက်ခုံးကြီးတွေကို တဖုံ့တသြကြီး၊ ပင့်မ[illegible]ပြီး ဝက်ကို ငေးကြည့်နေရာက "အိမ်း မင်းပြောတာလည်း ဟုတ်သလို[illegible]ကွ" လို့ ခပ်တိုးတိုး ရေရွတ်လေရဲ့။ ဘေးကိုလှည့်ကြည့်လိုက်တော့ မျောက်က ငုတ်တုတ်ကလေး ထိုင်လို့။ မျက်လုံးကလေး ပေကလပ် ပေကလပ်နဲ့။ သူလည်း ဘာပြောရမှန်းမသိ ဖြစ်နေတဲ့ပုံပဲ။

မစ္စတာဆိတ်နဲ့ မစ္စတာဝက်ကတော့ တစ်ကောင်နဲ့တစ်ကောင် [illegible]တောင်ပေပေ ကြည့်နေကြလေရဲ့။ လိုအပ်ရင် အပြတ်အသတ် ဆော်မယ် [illegible]တီးမယ်ဆိုတဲ့ မျက်နှာပေးမျိုးတွေနဲ့။ အဲဒီအချိန်မှာပဲ မျောက်က တံခါးဝ[illegible] လှမ်းကြည့်ပြီး. . .

"ဟော. . . လာပြန်ပြီ နောက်တစ်ကောင်"

လို့ ပြောလိုက်တယ်။ အိမ်ထဲကို ဝင်လာသူကတော့ ကြက်ကုလား[illegible]တ် တစ်ကောင်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ဒါဝင်ကြီးက ဆိုးပြီး သူ့ကို...

"ဘာလဲ၊ မင်းကကော လူဆိုတာ ငှက်ကုလားအုတ်က ဆင်းသက်တာလို့ ပြောဦးမလို့လား"

ငှက်ကုလားအုတ်က ခုန်ဆွခုန်ဆွ ဖြစ်သွားပြီး...

"ဟာ... ဟုတ်လိုက်လေ ဆရာကြီးရယ်၊ သိတယ် မဟုတ်လား ကျွန်တော်တို့ ငှက်ကုလားအုတ်တွေအကြောင်း၊ ကျွန်တော်တို့ ငှက်ကုလားအုတ်တွေဟာ ကိုယ့်ကို အန္တရာယ်ပေးမယ့် သတ္တဝါတစ်ကောင်ကောင်ကို မြင်တာနဲ့ တစ်ပြိုင်နက် မြေကြီးထဲမှာ ကိုယ့်ခေါင်းကိုကိုယ် အတင်းထိုးမြှုပ်ပြီး ဝှက်ထားလိုက်တတ်တယ်။ အဲဒီတော့ မျက်လုံးကို သဲတွေဖုံးပြီး ရန်သူကို ကိုယ်က မမြင်ရတော့ဘူးပေါ့။

"အဲဒီလို ကိုယ်က အန္တရာယ်ကို မမြင်ရရင်ဘဲ အပြန်အလှန်သဘောပေါ့၊ အန္တရာယ်ကလဲ ကိုယ့်ကို မမြင်ရတော့ဘူးလို့လို့ ငါတော့ လုံခြုံသွားပြီလို့ အောက်မေ့ပစ်လိုက်ကြတာ၊ တကယ်ဆို ကိုယ့်မှာ ခေါင်းကလေးပဲမြှုပ်ပြီး ကိုယ်လုံးကြီးက ဘွားဘွားပေါ်နေတယ်ဆိုတာကိုတော့ ထည့်မစဉ်းစားဘူးလေ။ ကိုင်း... ကျွန်တော်တို့ ငှက်ကုလားအုတ်တွေဟာ ဘယ်လောက် ရယ်စရာကောင်းလိုက်တဲ့ သတ္တဝါတွေလဲလို့။

အင်း... လူတွေလဲ ဒီလိုပဲ ဆရာကြီးရဲ့၊ ကိုယ့်အတွက်ကို ကိုယ်ကာကွယ်ဖို့ အသေအလဲကြိုးစားရင်းနဲ့..."

ဒါဝင်ကြီးလည်း လုံးဝသည်းမခံနိုင်တော့ဘူး။

"ဟေ့ကောင် တော်တော့..."

လို့ အော်ပစ်လိုက်တယ်။ စုတ်ထားယ်လေ။ သူတို့ ပြောနေတာတွေ



ဘူးထောင်နေလို့ကတော့ ဆုံးမှာမဟုတ်တော့ဘူး။ အပြန်အလှန်ပြောနေကြမှာပဲ။ အားလုံးကလည်း သူ့ဟာနဲ့သူ မှန်နေသလိုလို၊ မဖြစ်ဘူး၊ မဖြစ်ဘူး။ တစ်ခုခုတော့ သေသေချာချာ ဆုံးဖြတ်ရတော့မယ်။

သတ္တဝါ လေးကောင်ကလည်း အချင်းချင်း ကွိကွိကွကွတွေဖြစ်၊ ရှုပ်နေကြပြီ။ တစ်ကောင်နဲ့တစ်ကောင် ထသတ်ကုန်ရင် မလွယ်ဘူး။ အားလုံးက ဝရုန်းသုန်းကား လုပ်မယ့်ကောင်တွေချည်းပဲ။ ဗရုတ်သုတ်ခတွေချည်းပဲ။ အင်း... လူနဲ့နီးစပ်တဲ့ ကောင်တွေချည်းပဲဆိုတော့ လောက်တော့ ရှိမှာပေါ့လေလို့ ဒါဝင်ကြီး တွေးလိုက်တယ်။

အဲဒီလို သူတွေးနေတဲ့အချိန်မှာပဲ အခြေအနေက တင်းမာရာက တင်းမာလာပါပြီ။ မဖြစ်ချေဘူး။ ကဲ...။

"ဒီမှာ..."

ဒါဝင်ကြီး စကားစလိုက်တော့ သတ္တဝါလေးကောင်စလုံးက အာရုံစိုက်ပြီး နားစွင့်လိုက်ကြလေရဲ့။ ဒါဝင်က မျက်လုံးတစ်ချက် ဝေ့ကြည့်လိုက်ပြီး ခေါင်မြင့်ခန့်ညားတဲ့အသံနဲ့...

"မင်းတို့လေးကောင်ထဲက ဘယ်အကောင်ဟာ လူဖြစ်မယ့်အကောင်လည်းဆိုတာ ငါလဲ မဆုံးဖြတ်တတ်ဘူး။ အဲဒီတော့ မင်းတို့လေးကောင်စလုံးကို ဒုံးပျံပေါ်တင်ပြီး ကမ္ဘာမြေပေါ် လွှတ်လိုက်ရတော့မှာပဲ၊ တစ်ခုတော့ ရှိတာပေါ့ကွာ၊ ငါ့ဒုံးပျံက အစတုန်းက တစ်ယောက်စည်းအတွက် ရည်ရွယ်ပြီးလုပ်ထားတာဆိုတော့ မင်းတို့လေးကောင်စလုံး တစ်ပြိုင်းကြီးစီးဖို့တော့ မလွယ်ဘူး၊ ဘာတွေဖြစ်ကုန်မလဲဆိုတော့ ငါလဲ မပြောတတ်ဘူး၊ မပျက်ပါစေနဲ့လို့ပဲ ဆုတောင်းရတော့မှာပေါ့ကွာ၊

www.burmeseclassic.com

www.burmeseclassic.com



လေထီးကလည်း တစ်ခုတည်းရှိနေတာကွ၊ ကဲ. . . ဘယ်လိုလဲ၊ ဖြစ်မလား မလိုက်ရဲတဲ့ကောင် နေခဲ့ပေါ့ကွာ"

ဘယ်နေလိမ့်မလဲ။ အားလုံး လိုက်မှာပေါ့။ ဒါမှ ပြေလည်မှာ မဟုတ်လား။

ဒုံးပျံအတွင်းခန်းက အတော်လေး ကျဉ်းပါတယ်။ နံရံမှာ ခလုတ် တွေကလည်း ပြည့်လို့။ မတော်တဆ မထိမိအောင် အတော်သတိထား နေရတယ်။ သတ္တဝါလေးကောင်ခမျာ မလှုပ်သာမလှည့်သာနဲ့ပေါ့လေ အင်း. . .။ ဘယ်တတ်နိုင်မလဲ။

ဒါဝင်ကြီးကတော့ မျက်စိစုံမှိတ်ပြီး ဒုံးပျံလွှတ်တဲ့ခလုတ်ကို နှိပ် ချလိုက်တယ်။

၅၊ ၄၊ ၃၊ ၂၊ ၁၊ ၀ သွားလေရော့လပါယ်။

ဒါဝင်ကြီးဟာ ကမ္ဘာမြေဆီ ဦးတည်ပျံသန်းသွားနေတဲ့ သူ့ရဲ့ ဒုံးပျံကို မှန်ပြောင်းတစ်လက်နဲ့ စောင့်ကြည့်နေတယ်။ မီးခိုးငွေ့တွေ ဝေဝါး မှုန်ရီနေတဲ့ မြင်ကွင်းထဲမှာ နှင်းဆီတစ်ပွင့် လွင့်လာတယ်။ အဲဒါဟာ မျှော်လင့်ချက်ပါပဲ။ ပန်မယ်ဆို ဆီးကြိုယူပြီး ပန်လိုက်တော့လေ။ ခရော ဆံနွယ်စုတွေ အကြားမှာပေါ့ကွယ်။

ဒုံးပျံဟာ ကမ္ဘာမြေပြင်နဲ့ နီးသထက်နီးလာပါတယ်။ အဲဒီအချိန် မှာပဲ ဒုံးပျံတစ်ခုခုတော့ ဖြစ်နေပြီလို့ အောက်မေ့ရတဲ့လှုပ်ရှားမှုတွေ ပေါ် လာရတယ်။ ဟာ. . . ဘာတွေ ဖြစ်ကုန်ပြီလဲ. . .။ ဘယ်ကောင်က ဘယ်ခလုတ်ကို လက်ဆော့ပြီး သွားနှိပ်လိုက်ပြီလဲ။ ဒါမှမဟုတ် အထဲမှာ



လေးကောင် ရန်ဖြစ်ရင်းနဲ့ မတော်တဆ တစ်ခုခုကို သွားဖိမိလိုက်တာ လား။

အို. . . တွေးမနေနဲ့။ ဖြစ်တာတော့ အားလုံးဖြစ်နိုင်တာချည်းပဲ ဥစ္စာ။

ဒုံးပျံဟာ ကမ္ဘာမြေပြင်နဲ့ အတော်နီးကပ်နေပြီ။ အဲဒီအချိန်မှာ ဒုံးပျံဟာ သွက်သွက်ခါ ယိမ်းယိုင်ထွက်သွားတယ်။ ဟာ. . . ဒုက္ခပဲ။ ဒုံးပျံရဲ့နံရံတစ်ဖက် ပွင့်ကန်ထွက်သွားပြီလေ။

သေပါပြီ။ မျက်စိ တစ်မှိတ်အတွင်းမှာပဲ လက်ခနဲ ဖြစ်သွားတယ်။ လိမ္မော်ရောင်မီးပွင့်ကြီး ဝင်းဝင်းတောက်သွားတာ။ ဒုံးပျံအစိတ်စိတ် အမွှာမွှာ ပေါက်ကွဲထွက်သွားပါပြီ။

"သွားပါပြီကွာ"

လို့ ရေရွတ်ရင်း ဒါဝင်ကြီးဟာ မျက်နှာလွှဲလိုက်တော့မယ် ကြံရုံ ရှိသေး လေထီးတစ်လက် ပွင့်သွားတာကို မှန်ပြောင်းထောင့်နားမှာ ရိပ်ခနဲ လှမ်းမြင်လိုက်ရတယ်။

ဟာ. . . ဘာကောင်လဲ? ဘာကောင်လဲ?

မျက်စိကို အတင်းပြူးပြဲပြီးကြည့်ပေမယ့် သိပ်သေးငယ်လွန်းတော့ မသဲကွဲဘူး။ အိပ်မက်ထဲမှာ ငှက်မွေးတစ်မျှင် ဝေ့ဝဲကျပုံမျိုးနဲ့ လေထီးဟာ ကမ္ဘာမြေပေါ်ကို တအိအိကျသွားလေရဲ့။ သတ္တဝါလေးကောင်ထဲက တစ် ကောင်ကောင်တော့ ဖြစ်မှာပေါ့လေ။ ဘာကောင် ဖြစ်မလဲ. . .။

× × ×

www.burmeseclassic.com

www.burmeseclassic.com



နောက်ကမ္ဘာ အသစ်တစ်ခုအတွက် လူသားဟာ ဘယ်ကာ[illegible] စတင် ပေါက်ဖွားလာလေမလဲ. . .။ ဆိတ်ကလား. . .။ ဝက်[illegible] လား. . .။ မျောက်ကလား. . .။ ငှက်ကုလားအုတ်ကလား. . .။

အင်း. . . တတိယကမ္ဘာစစ် မဖြစ်ခင်က လူတွေ ဘယ်လိုနေထိုင် ကျင့်ကြံရှင်သန် တည်ဆောက်ခဲ့ကြသလဲ။ သူတို့ရဲ့အနေအထိုင် အကျ[illegible] စရိုက်နဲ့ လိုက်ဖက်ကိုက်ညီတဲ့ သတ္တဝါတစ်ကောင်ကောင်တော့ ရမှာ[illegible] လေလို့ ဒါဝင်ကြီး တွေးလိုက်တယ်။

(၁၉၉၇)

❏



# စိတ်အင်နားရှား

(သရဖူ)

မီးရထားတစ်စင်း ဖောက်ဝင်လာနေသည့် အခိုက်အတန့်တွင် ရထားသံလမ်း ခုံးကျော်တံတားပေါ် ကရပ်လျက် ငုံ့ကြည့်နေခဲ့ဖူးပါသလား?။

မျက်နှာမူရာ အရပ်တည့်တည့်ဆီမှ လာနေသော သံမဏိမြွေကြီး၏ အလျားလိုက်ကိုယ်ထည်သည် ခြေဖဝါးအောက်သို့ တွန့်တွန့်လွန့်လွန့် တိုးဝင်လာနေသည်နှင့်အမျှ မိမိ၏ခြေထောက်နှစ်ချောင်းကိုပါ တရွတ်တိုက် ဆွဲယူသွားသည်ဟု အောက်မေ့ရသော ထိုခံစားမှုမျိုးသည် ဒိုင်ယာရီတွင် မပျက်မကွက် ရေးမှတ်ထားရလောက်အောင် တန်ဖိုးရှိကြောင်း အသိအမှတ်ပြုဖူးပါသလား?

www.burmeseclassic.com



များသောအားဖြင့် (မသိမသာဖြစ်စေ၊ သိသိသာသာဖြစ်စေ၊ တုန် ယင်သွားသော) ခြေထောက်နှစ်ချောင်းမှလာသည့် ခံစားမှုများသည် မော်ကွန်းထိုးဂုဏ်ပြုခံရခြင်း မရှိခဲ့ကြပါ။

သို့သော် ခြေထောက်နှစ်ချောင်းမှလာသော ခံစားမှုများသည် ခြေထောက်ရှစ်ချောင်းမှ လာကြခြင်း ဖြစ်၏။

. . . . . . . . . . . .

ဤအကြောင်းကို သူ့တွင် ခြေထောက်နှစ်ချောင်းစလုံး မရှိတော့ သောအခါတွင်မှ နားလည်လာရခြင်း ဖြစ်သည်။

[ ၁ ]

"ဘာမှ မစိုးရိမ်ပါနဲ့ဗျာ၊ အားလုံး ကောင်းသွားမှာပါ"

ဆရာဝန်၏ အသံသည် သံပိုက်လုံးဟောင်းတစ်ချောင်း၏ အခေါင်းထဲမှ တိုးဝှေ့ထွက်လာရသည်နှင့် တူနေသည်။ ခြောက်ကပ် အက်ကွဲနေ၏။ ဗလုံးဗထွေး ဖြစ်နေ၏။ စိတ်မချမ်းမြေ့ဖွယ်ရာ ဖြစ်နေ၏။

ဆရာဝန်၏ အညိုရောင်မျက်လုံးများကို သူ ကြာရှည်စွာ စိုက် ကြည့်ဖြစ်နေသည်။ နောက် သူ့မေးရိုးနှစ်ခုကြားမှ ညည်းသံလိုအသံ တစ်ခုဖြင့် အင်း. . . ဟု ဆိုလိုက်သည်။ စကားသံမဆန်ဘဲ အားစိုက်၍ လေးလေးပင်ပင် ဆွဲယူလာရသော အသက်ရှူသံကို တွန်းချထုတ်လိုက်



ည်နှင့် ပို၍တူလေသည်။ ဆရာဝန်က ကြမ်းပြင်ပေါ်သို့ မျက်စိအကြည့် ှ အသာလွှဲသွား၏။

"အားလုံး ကောင်းသွားမှာတဲ့လား ဆရာရယ်၊ ခြေထောက်နှစ် ချောင်းစလုံး ဖြတ်လိုက်ရတဲ့ လူတစ်ယောက်အဖို့ အားလုံးဟာ ကောင်း ားနိုင်စရာ ရှိသေးလို့လား"

မျက်ရည်တွေ စီးကျနေပြီလား မပြောတတ်။ အသံတွေ တုန်နေ ်းတော့ သိသည်။ သို့သော် ထိန်းမနေချင်တော့။

သည်အာရုံတစ်ခုတည်းနှင့်ပင် စိတ်မှာ ဒေါ်ပိလှပါပြီ။

အလိုလိုနေရင်း အင်အားတွေ ကုန်ဆုံးသွားသလို ခံစားရ၏။ နောက်. . . ဦးနှောက်၊ ဦးနှောက်တစ်ခုလုံး ပျက်စီးသွားရင် ကောင်း ယ်။ ဘာကိုမှ မခံစားချင်တော့လို့ပါ။ မခံစားနိုင်တော့လို့ပါ။ အမေ ား? အမေ သားကို ဖက်ထားပါ။ ဟင့်အင်း. . . အမေ၊ မရဘူး၊ တစ် ယာက်ယောက် တန်ခိုးရှင်တစ်ယောက်ယောက်ကို ခေါ်ပေးပါ။ တစ် ယာက်ယောက်ပေါ့၊ ကယ်ပါ၊ ကျွန်တော့်ကို ကယ်ပါဦး။

"အားမငယ်ပါနဲ့ဗျာ၊ ခင်ဗျားထက် အများကြီးဆိုးတဲ့သူတွေ ကောင် ရှိတာ၊ စိတ်ကိုဖြေပါ ဦးစည်သူ၊ အားလုံးဟာ ဒီလိုပါပဲ။ စစချင်း ာ အရမ်းခံစားရတာပေါ့ဗျာ။ ကျွန်တော်တို့ ကိုယ်ချင်းစာပါတယ် င်း. . . နောက်တော့လည်း အဆင်ပြေသွားမှာပါ။ ကံကြမ္မာဆိုတာ းတဲ့အလှည့်ရှိသလို ကောင်းတဲ့အလှည့်လည်း ရှိတတ်တာပဲ"

www.burmeseclassic.com



ဘယ်သူ ပြောနေတာလဲ?။ သြော်. . . ဒါ ဆရာဝန်လား။ ဆရာ သူ့မျက်စိထဲတွင် ထောင်ပေါင်းများစွာသော ဖန်ပြွန်ပေါင်းစုံကို မြင်သည် အနီရောင်အရည်များ ဖန်ပြွန်တွေထဲ တစီးစီးဝဲကတော့ ထိုးစီးဝင်နေ အကျိရှုည်ရှုည်ပွပွ၊ ဖြူဖြူဖွေးဖွေး. . . အား. . .။ ကောင်းကင်ကြီး ဖြူ နေလိုက်တာ။ ဟင်. . .! ကောင်းကင်ဆိုတာ အပြာရောင် မဟုတ် လား။ အပြာ. . . ပြာ. . . နီ။

ဖျတ်ခနဲ သူ သတိပြန်ဝင်လာသည်။ ဆရာဝန်၏လက်တစ် က သူ့ပခုံးကို ကိုင်လျက်သား။ သွားဦးမယ်ဟု နှုတ်ဆက်နေသော အ သူ ခေါင်းညိတ်ပြလိုက်ရသည်။ နှုတ်ခမ်းတွင်မူ အားမရှိတော့။

ဆရာဝန် ထွက်သွားရာဖက်ဆီသို့ မျက်စိတဆုံး စိုက်ငေးကြ ရင်း ငိုင်နေဖြစ်၏။

"ဦးစည်သူ ခဏလှဲလိုက်ပါလား"

သူနာပြုဆရာမပြောသံကို ကြားရ၏။ လက်မောင်းနှစ် အောက်မှ မွေးကိုင်လာသည်ကို အလိုက်သင့်မျှော်ကာ အိပ်ရာပေါ် ချလိုက်သည်။

ခေါင်းအုံးနှင့်ခေါင်း ထိလိုက်သည်နှင့် တစ်ပြိုင်နက် မျက်ဝန်း မှ မျက်ရည်တို့ ဒလဟော သွန်စီးကျလာတော့သည်။



[ ၂ ]

အဖြူရောင် ခရက်ဆီဒါကားကို သူကိုယ်တိုင်မောင်းလာနေသည်။ ဟင်. . . မဟုတ်သေးပါဘူး။ ကားကို သူကိုယ်တိုင်မောင်းစရာမှ မလိုတာဘဲ။ ဒရိုင်ဘာကို ခေါ်လိုက်လေ။ ဒရိုင်ဘာက ထိုင်လျက်သားဖြစ်နေ။ ကားကို မောင်းထွက်လိုက်တော့လေ။ သူ့ခြေထောက်တွင် အတောင်ပံတစ်စုံ ပေါက်လာသည်။ နန်းတော် ခန်းမဆောင်တစ်ခုအတွင်းရှိ သလွန်ပေါ်သို့ သူ ရောက်နေပြန်၏။ သလွန်ပေါ်မှ ခြေချရန်ဟန်အပြင်တွင် ရွှေသို့ဝေါယာဉ်တစ်စီး အသင့်ရောက်လျက်သား ရှိသည်။ အခြွေအရံများက ဝေါကိုမလိုက်သောကြောင့် ခန္ဓာကိုယ်တစ်ချက် သိမ့်ခနဲ လှုပ်သွား။ ဟော အတောင်ပံတွေ အတောင်ပံတွေ သူ့ကုမ္ပဏီရုံးခန်းအတွင်း ရောက်နေမှန်း တွေ့လိုက်ရပြန်သည်။ ဆိုဖာထဲသို့ သူ့တစ်ကိုယ်လုံး နစ်မြုပ်ဝင်နေ၏။ ဆုံလည်ကုလားထိုင်ကို အသာလှည့်လိုက်၊ သူ လေထဲမျောပါသွား။ ကိုကာကိုလာဘူးကိုယူရန် ရေခဲသေတ္တာတံခါးကို ဆွဲဖွင့်လိုက်သည်။ သူ့လက်များသည် ကားတံခါးဘောင်ကိုကိုင်မိလျက်သား ဖြစ်နေ၏။ ဝဲဘက်ယာဉ်ကြောတွင် ဒတ်ဆန်းကားနှစ်စီး လုမောင်းလာ၊ သူ ဘာမှ မခံစားရ။ သူ့ဒရိုင်ဘာ အောင်ကို ကားဂီယာတို့ ကျွမ်းကျင်စွာ ပြောင်းလိုက်။ ရုတ်တရက် မြင်ကွင်းထဲ ကလေးတစ်ယောက်။ လှည့်၊ စတီယာရင်ကို လှည့်ချ။ ကျော်တက်၊ ဒတ်ဆန်းကားခေါင်းကြီး တည့်တည့်ပြေးဝင်လာ။ နီး. . . နီး. . .!

www.burmeseclassic.com

www.burmeseclassic.com



"အား!!!"

ဖျတ်ခနဲ သူ လန့်နိုးသည်။ တိတ်ဆိတ်သော အနက်ရောင်ရေကန်ထဲတွင် ညသည် အနည်ထိုင်နေဆဲ. . .။

သူ့ဝိညာဉ်ပင်လျှင် ချွေးစေးတွေထဲ နစ်လို့။ သုတ်မပစ်ဖြစ်။ တစ်လက်မမှ မရွေ့လျားချင်။ သူလေထဲ ပြန်လွင့်မျောသွားပြန်သည်။ ဟင်. . . ! လေထဲလွင့်နေတာ မဟုတ်။ သူ လမ်းလျှောက်နေတာ။ ခြေထောက်၊ ဟော ခြေထောက်တွေ အကောင်းပကတိ။

အို. . . မဖြစ်နိုင်ဘူး။ ငါ အိပ်မက် မက်နေတာကလား။ ဟုတ်တယ်။ အိပ်မက်။ ကြည့်စမ်း. . . ဒီအချိန်လေးမှာကို ပြန်အိပ်ပျော်သွားလိုက်တာ။

အမှတ်တမဲ့ ခြေထောက်ကို မြှောက်မလိုက်မိသည်။ အံ့သြဖွယ်ရာပင်။ စောင်နှင့်ထိနေသော ခြေဖဝါး၏ ခံစားမှုကိုရ၏။ ဟင်. . . ဒါ အိပ်မက် မဟုတ်။ သူ ချွေးစက်တွေကို ကမန်းကတမ်း သုတ်ပစ်လိုက်သည်။ သေချာအောင် ခြေထောက်ကို ထပ်မြှောက်ကြည့်မိပြန်သည်။ ခြေဖဝါးမှ ခံစားမှု၊ ခြေသလုံး. . . အို. . . ။

"ငါ့ခြေထောက်. . . ငါ့ခြေထောက်"

တိတ်ဆိတ်မှုကို ရိုက်ခွဲပစ်ချလိုက်သည့်အသံကြောင့် သူနာပြုက ခြင်ထောင်ကို ကမန်းကတမ်း မတင်၏။

"ဘာဖြစ်လို့လဲ ဦးစည်သူ"

ဟု တုန်တုန်လှုပ်လှုပ် မေးသည်။



"ငါ့ခြေထောက်တွေ ရှိနေသေးတယ်၊ ငါ့ခြေထောက်. . . "

သူနာပြုက သက်ပြင်းတစ်ချက် ချလိုက်သည်။

"ပြီးတာတွေ ပြီးသွားခဲ့ပြီပဲ ဦးစည်သူ၊ စိတ်ကို ဒုက္ခရောက် မခံပါနဲ့လေ၊ ဒီလိုပါပဲ လူနာအများစုဟာ ခြေထောက်တို့လက်တို့ ဖြတ်ပြီးကာစမှာ ဖြတ်လိုက်တဲ့အစိတ်အပိုင်းတွေ ရှိနေသေးသယောင်ယောင် ခံစားရတတ်တာ ဓမ္မတာပါပဲ၊ ဖြစ်သမျှကို အမှန်အတိုင်း အကောင်းဆုံး မြင်နိုင်အောင်သာ ဆင်ခြင်ပါ။ ဦးစည်သူ ကြားဖူး သိဖူးမှာပါလေ၊ ယောနိသောမန သိကာရ ဆိုတာ"

ခြေထောက်ရှိရာသို့ လက်ဖြင့်အစိုးရိမ်ကြီးစွာ ကမန်းကတမ်း လှမ်းအုပ်ကိုင်လိုက်သည်။ စောင်၊ အောက်မှာ မွေ့ရာ၊ နောက် တုံးတိတိ ပြတ်နေသော ဒူးဆစ်ငုတ်တိုနှစ်ဖက်။

ငိုစရာမျက်ရည် မရှိတော့သောကြောင့် သူ့မျက်ဝန်းတွေ ပူလောင်လာသည်။

[ ၃ ]

ပြတင်းခန်းဆီးစ ညင်ညင်သာသာ လူးသည်လွင့်သည်ကို မြင်ရ၏။ မိုးသင်းချိန်ဟု သိသာလောက်သည်။ မြေရနံ့တွင် နွေ၏အငွေ့အသက် ကြွင်းသည်ဆိုရုံသာ ရှိတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံမှာတုန်းက ဒီလောက်အထီးကျန်မဆန်ဟု သူ ထင်သည်။ ဆေးရုံမှဆင်းပြီးနောက် ကိုယ့်အိမ်ကိုယ်ရာ ပြန်ရောက်သောအခါတွင် ချို့ငဲ့မှုက ပို၍သိသာလာသည်ဟု အောက်မေ့ရ၏။ ကိုယ်သာ ဆုံးရှုံးခြင်း ကြီးစွာ ပြောင်းလဲခဲ့ပြီကော ဟူသည့်အသိဖြင့် ပို၍ကွဲကြေကွဲတတ်ရ လေသည်။

ဇနီးသားသမီးရှိခဲ့လျှင်လည်း အကောင်းသားဟု စိတ်တွင် ဖြစ်မိ၏။

ယခုတော့ သူ့အထွေထွေမန်နေဂျာ ဦးစံသိန်း၊ ထမင်းချက် ဥယျာဉ်မှူးလင်မယား။ တာဟီရခိုင်းရန်ခေါ်ထားသော သူ့ကုမ္ပဏီမှ အထူး သမားလေး မောင်ကြိုင်၊ နောက် အထူးသူနာပြုတစ်ဦး။

တစ်အိမ်လုံးသည် နိမိတ်ဆိုးတစ်ခုဆန်ဆန် တိတ်ဆိတ်လျက်

ယခင်ကကော?။ ဒီလို တိတ်ဆိတ်မှုမျိုး ရှိခဲ့မှာပါပဲ။ ငါ သ မထားမိလို့ နေမှာပါဟု သူ တွေးကြည့်သည်။

တစ်ရက်ခြား နှစ်ရက်ခြားဆိုသလို သူ့ကုမ္ပဏီလုပ်ငန်းနှင့် ဆ စပ်နေသော စီးပွားဖက်များက လာရောက်သတင်းမေး အားပေးနှစ်သိ ကြ၏။ ထိုအခါမျိုးတွင်မှ ငိုချင်လျက်လက်တို့ဖြစ်ကာ ပို၍ဝမ်းပန်းတန ခံစားရပြန်တော့၏။ သူတို့တတွေ၏ ပြောစကားတွင် အားမတက် မသန်စွမ်း အားကစား ဘာ. . . ညာ။ ဒီအကြောင်းအရာတွေချည်း ပြန်တလဲလဲ။ ငြီးငွေ့နားခါးလွန်းလှပြီ။ သူနှင့် ဒီအကြောင်းတွေနှင့် ဘာ



ဆိုင်။ မပတ်သက်ချင်။ သူ လိုချင်သည်က 'ထွက်ပေါက်' ။ ဖြေဆေး တုတ်။

"ဦးစံသိန်း"

အနားတွင်ရှိသော ဦးစံသိန်းက . . .

"ဘာလဲ မောင်စည်သူ၊ ဘာလိုချင်လို့လဲ၊ ဘာလုပ်မလို့လဲ"

ဟု ပျာပျာသလဲ မေး၏။ သူ လက်ကာပြလိုက်သည်။ စကား ပြောကြရအောင်ဗျာဟု သူက ဆိုလိုက်သောအခါ ဦးစံသိန်း တအံ့တသြ ကြည့်၏။ သူ့ဆီက ထွက်လာမည့် စကားသံကို မျှော်လင့်ရင်း ကနုတ် န်းကွပ်ကုလားထိုင်ငယ်ကို သူ့ရှေ့တည့်တည့်သို့ ရွှေ့ထိုင်သည်။

"ခြေထောက်ဆိုတာ ဘာတွေလဲ ဦးစံသိန်း. . ."

"ဘယ်လို?. . ."

"ကျွန်တော် မေးတာက ခြေထောက်ဟာ ရွှေ့လျားနိုင်ဖို့အတွက် အသုံးချခံပစ္စည်း သက်သက်ပဲလားလို့၊ ဘာဖြစ်လို့ မေးရသလဲဆိုတော့ ခဲဒီလိုရွှေ့လျားဖို့ သက်သက်အတွက်သာဆိုရင် ကျွန်တော့်အတွက် ခြေ ထောက်ရှိမှဖြစ်တာ မဟုတ်ပါဘူး. . ."

ဦးစံသိန်း ခေါင်းတစ်ချက် ဆတ်ညိတ်သည်။ သူက ဘီယာသံဘူး ခံဘူးကို ဖောက်လိုက်ရင်း. . .

"ဦးစံသိန်း အသိပဲလေ၊ ကျွန်တော့်ဘဝမှာ ခြေထောက်တွေ ပေါ် အားကိုးကြီးစွာ မှီခိုခဲ့ရတဲ့ကာလရယ်လို့ မရှိခဲ့သလောက်ပဲ၊

www.burmeseclassic.com

www.burmeseclassic.com



ဒက်ဒီတို့ရှိစဉ်ကတည်းက ဆိုပါတော့။ အိမ်မှာလဲ အိမ်မှာမို့လို့၊ ရုံးခ[illegible] လဲ ရုံးခန်းမှာမို့လို့၊ ဆိုဖာ၊ ဆက်တီ၊ ဒန်းလော့၊ ကူရှင်၊ ဝရင်းဘတ်[illegible] လမ်းသွားချင်ရင်လဲ ကားပေါ်ထိုင်လိုက်သွားရုံလေးပဲ၊ ဘယ်[illegible] ကျွန်တော့်ခြေထောက်တွေကို အသုံးချရတာ. . .၊ မလိုပါဘူး။ ဒါပေ[illegible] ဒါပေမယ့်. . . ဦးစံသိန်းရယ်၊ အခု အဲဒီခြေထောက်တွေ မရှိတော့[illegible] ကို ကျွန်တော် ဘာလို့ ဒီလောက်တောင် ကျွမ်းကျွမ်းခြစ်ခြစ် ခံစား[illegible] ရတာလဲ. . .?၊ ဖြေစမ်းပါ ဦးစံသိန်း၊ ကျေးဇူးပြုပြီး ကူညီတဲ့အ[illegible] ဖြေလိုက်စမ်းပါ. . ."

ဦးစံသိန်း သူ့ကို တစ်ချက် စိုက်ကြည့်သည်။ လည်ချောင်း[illegible] တစ်ချက် ပြု၏။ နောက်. . .

"အင်္ဂလိ၊ အင်း. . . ပြီးတော့ ပညတ်ကြောင်ပေါ့ကွယ်၊ ဒီလို[illegible] လူမှန်ရင် အခုပြဌာန်းထားတဲ့အတိုင်း ခြေ၊ လက်၊ ခေါင်း၊ ခါး၊ လည်[illegible] အစုံအလင် ပုံပန်းမပျက် ရှိနေရမယ်လို့ ဆိုထားသယောင်ယောင်၊ [illegible] သဘာဝမနောက ပညတ်နေတယ်။ ဒါကို အမှတ်တမဲ့နဲ့ တို့တွေက လ[illegible] မိလျက်သားလဲ ဖြစ်နေတယ်။ အဲဒီကတဆင့် ငါ့လက်၊ ငါ့ခြေရယ်လို့ [illegible] ကို ပီပြင်စေတယ်"

သူ နားလည်သလို ရှိ၏။ ဘိယာကို မော့သောက်လိုက်[illegible] ဦးစံသိန်းကို မေးတစ်ချက်ဆတ်ပြကာ ဆက်ပြောပါဦး ဦးစံသိန်းဟု စ[illegible] ထောက်လိုက်သည်။



"ဒီတော့ ဥပမာ ခြေသန်းကလေးဆိုပါတော့၊ ဒီခြေသန်းကလေး[illegible]ရဲ့အသုံးဝင်မှုဟာ နည်းလွန်းလှပါတယ်။ ဒါပေမယ့် မွေးလာတဲ့ ကလေး တစ်ယောက်မှာ ခြေသန်းမပါဘဲ နေကြည့်စမ်း၊ ဘယ်မိဘကမှ ကိစ္စ မရှိ ပါဘူး။ ခြေသန်းဆိုတာ သိပ်မှအသုံးမဝင်တာပဲလို့ ပြောမလဲ၊ မပြောဘူး [illegible]အင်္ဂါမစုံလင် ဖြစ်ရလေခြင်းလို့သာ ငိုချင်းချမှာ၊ မောင်စည်သူ သဘော [illegible]ပေါက်လား။ အဲဒါ အတ္တပဲ။ ခြေသန်းလေးတစ်ချောင်း အပေါ်မှာတောင် [illegible]ထားတဲ့အတ္တ"

သူ ကြာမြင့်စွာ ငိုင်နေဖြစ်သည်။ အတွေးတို့သည် ဇာပ်စုဖွဲ့ပျံ [illegible]သန်းသွားကြသော ကြိုးကြာငှက်တို့နှင့်အတူ ရောနှောပျံသန်း၊ အဝေး [illegible]ကောင်းကင်၊ ရေကန်တစ်ကန်ကိုတွေ့၊ ကြာပန်းများ၊ နံဘေးမှာ ရွှံ့ညွန် [illegible]များ။

"ဦးစံသိန်း၊ အဲဒီစွဲလမ်းမှုဟာ ခန္ဓာကိုယ်ကိုမှီပြီးဖြစ်တာပေါ့နော်"

ဦးစံသိန်း ဘီယာဘူးကိုကိုင်ရင်း ဟုတ်တာပေါ့ဟု ပြန်ဖြေ၏။ [illegible]သူက ဆက်၍

"ဒါဆို ခန္ဓာကိုယ်ကြီးပါ ပျက်စီးသွားရင် အဲဒီစွဲလမ်းမှု ပျောက် [illegible]သွားမှာပေါ့၊ ဟုတ်တယ် မဟုတ်လား. . ."

ဦးစံသိန်းက အမှတ်တမဲ့နှင့် ဦးခေါင်း ညိတ်လိုက်တော့မ[illegible] ရှိ [illegible]ပြီးမှ ပြန်းခနဲ သူ့စကား၏အတိမ်အနက်ကို သဘောပေါက်သွားကာ [illegible]ဆိတ်လန့်တကြား မော့ကြည့်. . .။

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး မောင်စည်သူ၊ မဟုတ်ဘူး။ အဲဒီသဘော လုံး
မဟုတ်ဘူး။ မကြံကောင်း မကြံအပ်တာတွေ မတွေးပါနဲ့ မောင်စည်သူ
ရယ်၊ အဖန်ငါးရာ ငါးကမ္ဘာတဲ့"

သူ ရက်စက်စွာ ပြုံးဖြစ်၏။ ကြာပန်းနံ့ဘေးရှိ ရွံ့ညွန်အနှည်
အနှစ်တို့ကို ပုံဆောင်ခဲသဏ္ဍာန် မြင်ရသည်။

[ ၄ ]

မြက်ခင်းတို့သည် တစ်ခါမှ မစိမ်းခဲ့ဘူးသလို စူးစူးရှားရှား စိမ်း
ကြသည်။ ကုန်သည်လေ၏ ရနံ့ထဲတွင် စကားပန်းရနံ့တို့ ရောယှက်ပါ
လာသည်ဟု အောက်မေ့ရ၏။ ခြံဝင်းစပ်တစ်လျှောက် နွယ်တက်နေသော
ဆောင်တော်ကူး အခက်အလက်တွေဆီသို့ အကြည့် ရောက်ဖြစ်သည်။
ခြံထောင့် စိန်ပန်းပင် အကိုင်းအထက်ဆီမှ ငှက်ငယ်တစ်ကောင်၏ တေး
ဆိုသံကို ကြားနေရသည်။

ဝတ္ထုစာအုပ်ကို ပေါင်ပေါ်တင်ကာ ဖြန့်ဖတ်နေသော်လည်း စိတ်
သည် ပျံ့လွင့်ချင်၏။ အန်အက်စ်အေ အထူးအေးဂျင့် အမှတ်သုံး
စိုးအောင်. . . စင်သီယာ၊ မြန်မာ့ရိုးရာ ဗန်တိုပညာကို မင်းက လေ့စား
သစ္စာဖောက်တို့ရဲ့ သွားရာလမ်း၊ ရေဒီယိုကွန်ထရိုးလ်. . . ဦးစက္ကီ။
စိုးအောင်သည် တံခါးကို ဖျတ်ခနဲတွန်းဖွင့်ဝင်ကာ ကိုယ်တစ်ပတ် လှိမ့်



လိုက်သည်။ ဒူးထောက်လျက် ကျ၏။ သေနတ်ကို ဆွဲထုတ်ခွင့် မရလိုက်။
တစ်ဖက်လူ ဝင်လာ၏။ စိုးအောင် ခုန်ကန်လိုက်သည်။ အင်း. . . ခုန်ကန်
ဘယ်ဆိုတော့ ခြေထောက်နဲ့ပေါ့လေ။ သူ့ခြေထောက်က လေထဲမှာ တန်း
နေမလား၊ ခပ်ကွေးကွေးလား၊ ငါ့ခြေထောက်. . .၊ အင်း. . . ငါ့မှာ ခြေ
ထောက်တွေသာရှိရင်. . . အို!!!

လွင့်သွားသောအတွေးကို ဖျပ်ခနဲ ဖမ်းကိုင်စုချိန်ရန် မနည်း
ကြိုးစားလိုက်ရ၏။ သူ ချောက်ချားနေပုံမှာ ကိုယ့်အာရုံကိုပင် ပြန် ထိတ်
လန့်စရာ ကောင်းလွန်းနေသည်။ မြက်ခင်းစိမ်းစိမ်းသည် သူ့အကြည့်
အတွင်းသို့ ဝင်လာ၏။ ဒီမြက်ခင်းတွေအပေါ်ကို ဖိနပ်မပါဘဲ ခြေဖဝါး
ချက်သက် နင်းလျှောက်ရရင် ဘယ်လိုများနေမလဲ။ ငါ့မှာ ခြေထောက်
တွေ ရှိတုန်းက နင်းခဲ့ဖူးသလား။ အင်း. . . နင်းချင်လည်း နင်းခဲ့ဖူးမှာ
ပေါ့။ ခြေဖဝါး၏ အတွေ့အာရုံသည် မည်သို့ရှိခဲ့သည်ကို သူ မမှတ်မိ
တော့။ ယခုတော့. . .။

"ဖောင်း. . ."

ကျယ်လောင်သောအသံတစ်ခုကြောင့် သူ လန့်သွားသည်။ အသံ
လာရာဆီ ချာခနဲလှမ်းကြည့်ဖြစ်၏။ လေးခွနှင့်ပစ်လိုက်ခြင်း ဖြစ်နိုင်သည်။
ပစ်သူကိုမူ ရိပ်ခနဲသာ တွေ့လိုက်ရ၏။

စောစောက တေးဆိုနေသော စိန်ပန်းပင်ထက်မှ ငှက်ကလေး
ခုမှ မြက်ခင်းပေါ်တွင် သွေးရူးသွေးတမ်း ဖျပ်ဖျပ်ခါ၏။ အဖြစ်အပျက်များ

www.burmeseclassic.com

www.burmeseclassic.com



က မြန်ဆန်လွန်းလှသည်။ ငှက်ခတ်သမားသည် ခြံဝင်းအပြင်သို့ ကျ မည်အထင်နှင့် ပစ်လိုက်ခြင်း ဖြစ်မည်။ သို့သော် ထိချက်အရှိန် ပြင်းလွန်းလှသဖြင့် ငှက်ကလေးသည် ခြံဝင်းအတွင်းသို့ လွင့်လွင့်စင် ထိုးကျလာခဲ့. . .။

ငှက်၊ မြက်ခင်းစိမ်း၊ အမွေးဖွာလန်၊ ထွန့်ထွန့်လူး. . .။

"ငှက်ကို မြန်မြန်သွားကောက်လိုက်လေကွာ"

ဟု သူ့နံဘေးတွင်ရှိနေသော မောင်ကြိုင့်ကို စိတ်လှုပ်ရှား အော်ဟစ်ပစ်လိုက်မိသည်။ သေသွားပြီဟု သူ့စိတ်ထဲ တစ်ချက် လိုက်သော်လည်း မောင်ကြိုင်က ငှက်ကလေးကို လက်ခုပ်နှစ်ဖက် အသာအယာမွေ့ကိုင်ကာ သူ့ဆီသို့ ပြေးလာရင်း မသေသေးဘူး မသေသေးဘူးဟု ဝမ်းပန်းတသာ အော်ဟစ်လာသည်။

စိမ်းပြက်သောရသတစ်မျိုး သူ့ငယ်ထိပ်ကို ဖောက်ကန်ခုန် သွားသလို ခံစားလိုက်ရ၏။ သို့သော် သူ့အနားသို့အရောက် မောင်ကြိုင် တုံ့ဆိုင်းတုံ့ဆိုင်း ဖြစ်နေဟန်ဖြင့် ရုတ်တရက် သူ့ဆီ ချ မလာဘဲ 'ဒါပေမယ့် ဆရာ' ဟု မရဲတရဲ စကားစ၏။ ဘာဖြစ် မောင်ကြိုင်ဟု သူ စကားထောက်လိုက်သည်။ တိုးသက်အားဖျော့ မောင်ကြိုင့်အသံကို အဝေးကြီးက လာသလိုမျိုး သူ ကြားရ၏။

"ဒါပေမယ့်. . . ခြေထောက်နှစ်ချောင်းစလုံး ကျိုး. . . သွား တယ်. . . ဆရာ. . ."



[ ၅ ]

လှောင်အိမ်တံခါးကိုဖွင့်ကာ ရေခွက်ကို ငှက်ကလေးနှင့် ပို၍နီး ရာအတွင်းဖက်သို့ တွန်းသွင်းပေးလိုက်၏။ အစာခွက်ကော ရေခွက်ပါ အရာ မယွင်းသည့်အတွက် သူ အစဉ်းစားရ ခက်နေသည်။ ခြေနှစ်ချောင်းကျိုး သွားသည်မှအပ အခြားထိခိုက်ဒဏ်ရာမရှိ။ သို့တိုင် ဘာကြောင့် အစာ ရေစာကို မတို့မထိသည်ကို တွေးကြည့်၍မရ။

ငှက်ကလေးက မလှုပ်။ စောစောပိုင်းက တဖျပ်ဖျပ် ရိုက်ခတ်နေ သော တောင်ပံတွေပါ ငြိမ်ကျသွားခဲ့ပြီ။ အမောလှိုင်းထန်နေသော ရင် အုံကိုကြည့်၍သာ အသက်ရှင်နေသေးမှန်း သူ နားလည်ရသည်။ ပျံနိုင် သည့်အချိန်တွင် ပျံသန်းသွားပါစေတော့ဟု စိတ်ကူးကာ လှောင်အိမ် တံခါးကို ပြန်မပိတ်ဘဲ သည်အတိုင်းထားလိုက်သည်။

ထို့နောက် ငှက်ကလေးကို သူ စိုက်ကြည့်နေဖြစ်၏။

× × ×

ငှက်ကလေးကို သူ စိုက်ကြည့်နေဖြစ်သည်။

ညနေသည် သူ့ဦးခေါင်းပေါ်မှကျော်ကာ အောက်သို့တရှိန်ထိုး ထိုးစိုက်၍ ကျသွား၏။

× × ×

www.burmeseclassic.com

www.burmeseclassic.com



ငှက်ကလေးကို သူ စိုက်ကြည့်နေဖြစ်သည်။

အစာခွက်၊ ရေခွက်သည် အရာမယွင်းသေး။ ဘာ့ကြောင့် အစာ မစားတာလဲ?၊ အနည်းဆုံး ရေသောက်ဖို့တော့ ကောင်းပြီဟု သူ ငေး ကြည့်သည်။ သူ့အတွေးထဲတွင် 'ခြေနှစ်ချောင်း' နှင့် 'အသက်ရှင်မှု' ကို ခက်ရာခက်ဆစ် ဆက်စပ်ကြည့်နေမိ၏။ ငှက်. . .၊ အစာ. . . အသက်. . .၊ ခြေ. . .။

နေ့တစ်နေ့၏ အလင်းသည် ပြင်းစပြုလာ၏။

× × ×

ငှက်ကလေးကို သူ စိုက်ကြည့်နေဖြစ်သည်။ အရာမယွင်းသေး ရေခွက်၊ အစာခွက်တို့ကို လည်းကောင်း၊ စက္ကန့်များစွာ ခြားနားပြီးသည့် နောက်မှ ငွေ့ငွေ့သာသာ လှုပ်နိုင်တော့သော ရင်ဖုံကိုလည်းကောင်း သူ ကြည့်ဖြစ်သည်။ ဇီဝဆိုသည့် သဘောကို သူ စဉ်းစား၍မရ။ ပိုင်ဆိုင် မှုအပေါ် မှီ၍ဖြစ်သော အားနှင့်အတ္တ။ သူတွေးသည်။ သဘာဝကပေး သော အတ္တ၊ ထိုအတ္တ၏ အား၊ ခန္ဓာကိုယ်၏အရွေ့နှင့် စိတ်၏ဦးတည် ချက်၊ ထိုအရာများ၏ လောင်စာ။ အတ္တသည် ခန္ဓာကိုယ်အစုအဝေး တို့ကိုမှီ၍ ဖြစ်သည်ဆိုလျှင်. . .။



ခြေထောက်မဲ့သွားသောငှက်သည် ဆက်လက်၍ ခန္ဓာကိုယ်ကို ပါ တစ်ပါတည်း စွန့်ပယ်လိုက်ရန် ကြိုးစားနေသည်လား။

ညနေသည် တံစက်မြိတ်စွန်းကို တွဲလောင်းခိုလျှက်သား ရှိ၏။

× × ×

ငှက်ကလေးကို သူ စိုက်ကြည့်နေဖြစ်သည်။

ရင်ဘတ်ပင် လှုပ်ရှားမှု မရှိတော့။ အစိတ်အပိုင်းတစ်ခု ပျက်စီး မှုသည် ဘဝ၏ဦးတည်ရာဆီသို့ တွန်းပို့သောအတ္တ၏ အားလောင်စာဆီ ခန်းခြောက်သွားစေခြင်း တစ်မျိုးဖြစ်ကြောင်း သူ ရှာဖွေတွေ့ရှိပြီဟု ယုံကြည်ချင်သည်။

ပြတင်းဝမှလာသော လေသည် စကားမှုန့်ရနံ့သင်းသင်းကို သယ် ဆောင်၍ သူ့ကို တိုးခတ်ဝင်လေသည်။

× × ×

ငှက်ကလေး သေပြီ။

သူ ကြိုးစား၍ ပြုံးဖြစ်၏။ ကြာပန်းနံ့ဘေးက ရှုံ့ညွန်တွေကို ပုံဆောင်ခဲသဏ္ဌာန် မြင်ရပြန်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ ဘာတွေကို ရွေးချယ်ခဲ့သလဲ?။ ဘာတွေကို တာဝန်ထမ်း မလဲ?။

မိုးသက်လေငွေ့သည် ရင်ကို အေးစေဖော် မရ။

[ ၆ ]

နောက်တစ်နေ့မနက်တွင်. . .

သူ့ရုပ်အလောင်းကို အိပ်ရာပေါ်၌ တွေ့ကြရလေသည်။

[ ၇ ]

တိုက်ဆိုင်စွာပင် ထိုနေ့ညနေပိုင်း၌. . .

ငှက်ကလေးသည် နှုတ်သီးကလေးကို မော့ကာမော့ကာနှင့် ရေခွက်ထဲမှ ရေကိုသောက်ရန် စတင်ကြိုးစားနေသည်ကို အားလုံးက တအံ့တသြ မြင်လိုက်ကြရ၏။

(၁၉၉၅)

❑



# ကျွန်တော်နဲ့ ပီကာဆို

(ရတနာသစ်)

[ ၁ ]

ကျွန်တော့်သူငယ်ချင်း၏အမည်မှာ 'ပီကာဆို' ဖြစ်ပါသည်။ သစ်ပင်များ၊ ခြုံနွယ်ပိတ်ပေါင်းများနှင့် သွားတိုက်ဆေးဘူးများရှိသောဒေသ ... တောကြီးမျက်မည်းဟု ခေါ်၏။

× × ×

www.burmeseclassic.com

www.burmeseclassic.com



[ ၂ ]

ကျွန်တော့်သူငယ်ချင်း ပီကာဆိုသည် ပန်းချီဆရာ မဟုတ်
သို့သော် အရှေ့တောင်အာရှဆိုင်ရာ ထုံးသုတ်ကျွမ်းကျင်သူတစ်ဦး ဖြ
သည်။ သူက ထိုကိစ္စသည် အလေ့အကျင့်များခြင်းနှင့် ဆိုင်သည်ဟု ဆို
အဖြူရောင်ချိုးငှက်နှင့် ငြိမ်းချမ်းရေးသင်္ကေတအကြောင်း သူ မကြာ
ပါ။ သူသည် ဘူမိဗေဒဘွဲ့ရ ရေဒီယိုပြင်ဆရာတစ်ယောက် ဖြစ်
ဒေါ်လာဈေးကွက် မတည်ငြိမ်မှုကြောင့် အိမ်ကို မဝယ်ဘဲ ငှားရမ်း
ရသည်ဟုလည်း မကြာခဏ ပြောလေ့ရှိသည်။ သူ နေ့စားဝင်လုပ်
ရေဒီယိုပြင်ဆိုင်၏အမည်မှာ 'ဒေါ်လာ' ဖြစ်ပါသည်။

သူ ငယ်စဉ်က စာအလွန်ကြိုးစားသည်။ ကြီးလာသောအ
တွင်လည်း စာအလွန်ကြိုးစားသည်။ နောက်. . . စာအလွန်ကြိုး
သည်။ ထို့အပြင် စာအလွန်ကြိုးစားသည်။ ထို့ကြောင့် သူသည် အလွ
ကြိုးစားသူတစ်ယောက် ဖြစ်နေရ၏။ အလွန်ကြိုးစားသူသည် သူဖြစ်
သူ့တွင် အလွန်ကြိုးစားမှုမှလွဲ၍ ဘာမှမရှိပါ။ အလွန်ကြိုးစားလျက်
ထမင်းနပ်မမှန်သော သူလိုလူများကို ဆုတစ်ခုခု ချီးမြှင့်ပေးသင့်ကြောင်
အာဆီယံအဖွဲ့ကိုဖြစ်စေ၊ နေတိုးအဖွဲ့ကိုဖြစ်စေ၊ ကမ္ဘာ့ကုလသမဂ္ဂ
ဖြစ်စေ ကြုံရာအဖွဲ့အစည်းတစ်ခုကို တင်ပြပေးရန် ကျွန်တော့်ကို မကြာ
ခဏ လာရောက်တိုက်တွန်းတတ်၏။

အစ္စရေးဝန်ကြီးချုပ် ယစ်ဇက်ရာဘင်ကို လုပ်ကြံသည့်ကိစ္စမှာ စိတ်



င်စားဖွယ် မကောင်းလှပါ။ ဂိုဒါမေယာလက်ထက်တွင် ပါလက်စတိုင်း
ယ်မြေများအား သိမ်းယူခြင်း၊ ပီအယ် (L) အိုအဖွဲ့နှင့် တိုက်ခိုက်ခြင်း၊
ါလက်စတိုင်းအာရပ်များအား နှင်ထုတ်ခြင်း၊ ထို့နောက် ငြိမ်းချမ်းရေး
ယူခြင်း၊ ထို့နောက် သိမ်းပိုက်နယ်မြေများ ပြန်ပေးခြင်း၊ ထို့နောက် ဟို
ာဒီဟာ လျှောက်လုပ်ခြင်း စသည်ဖြင့် နေရာတကာ စပ်စပ်စပ်စပ် ဝင်ပါ
နေသော ထိုပုဂ္ဂိုလ်မျိုးကို လူမုန်းများသည်မှာ မဆန်းပါဟု ကျွန်တော့်
သူငယ်ချင်း ပီကာဆိုက အကြောင်းပြ၏။ ထိုပုဂ္ဂိုလ် အခု မသေလည်း
တစ်နေ့နေ့ ဗီလိုပုံမျိုးနဲ့ သေမှာပဲဟုလည်း သူက ပြောသေးသည်။

သူ အံ့ဩသည့်ကိစ္စအား မည်သူနှင့်မျှ ငြိမ်းချမ်းရေးမယူတတ်
သော၊ ဟိုဟာဒီဟာ စပ်စပ်စပ်စပ် ဝင်မပါတတ်သော သူ့လို မဟာပုဂ္ဂိုလ်
ကြီးကို တစ်ပေပတ်လည်မျှပင် မပြည့်သော သူ့ဝမ်းဗိုက်က လုပ်ကြံနေ
ခြင်း ဖြစ်သည်။ လွန်ခဲ့သည့်ဆယ်နှစ်ခန့်က ကျွန်တော့်ဆေးခန်းသို့ သူ
ရောက်လာပြီး. . .

"သူငယ်ချင်း ငါနဲ့မိန်းမ ငါ့သားသမီးတွေရဲ့ အစာအိမ်ထဲကို
ရခဲသေတ္တာတစ်လုံးစီလောက် ထည့်ပေးပါလား"

ကျွန်တော် အလွန်အံ့ဩသွားသည်။

"ဘာဖြစ်လို့လဲ"

ဟု ပြန်မေးလိုက်၏။ သူက

"အစာအိမ်ထဲ ရောက်သွားတဲ့အစာတွေ ကြာရှည်ခံအောင်လို့"

ဟု ဖြေသည်။ ထို့ပြင်. . .

www.burmeseclassic.com

www.burmeseclassic.com



"မင်းက ဆရာဝန်ပဲဟာ အစာအိမ်ကိုခွဲစိပ်ပြီး ရေခဲသေတ္တာ ထည့်၊ ပြန်ချုပ်လိုက်ရင် ရမှာပါ၊ လုပ်ပေးစမ်းပါကွာ"

ကျွန်တော် ခေတ္တမျှ စဉ်းစားလိုက်၏။ နောက်. . .

"မလွယ်ဘူးထင်တယ် ပီကာဆို၊

မတော်တဆ မင်းအစာအိမ်ထဲက ရေခဲသေတ္တာ သွားလို့ ပြန်ပြင်ဖို့ စပယ်ယာပစ္စည်း ဝယ်ထည့်ရမယ်ဆိုရင် အကုန် အရမ်းများလိမ့်မယ်ထင်တယ်"

သူ ငိုင်နေ၏။ နောက်တော့ ဘာမှမပြောဘဲ ကုပ်ကုပ်ကုပ် နှင့် ထပြန်သွားသည်။

ကျွန်တော်နှင့်ပီကာဆိုသည် ငယ်သူငယ်ချင်းများ ဖြစ်ကြ၏။

× × ×

[ ၃ ]

တစ်နေ့က ကျွန်တော့်ဆေးခန်းသို့ ပီကာဆို ရောက်လာသည်။ ဆေးခန်းထဲသို့ ဝင်လျှင်ဝင်ချင်း

"သူငယ်ချင်း ငါတော့ ဒုက္ခရောက်နေပြီ"



ဟု စတင်ငြီးတွားး၏။ ကျွန်တော်က. . .

"ဘာဖြစ်လို့လဲ. . ."

"ငါ့ခေါင်းထဲမှာ ရုပ်ရှင်ပြနေတယ်"

"ဘာကားလဲ၊ တွမ်ဟင့် (K) ပါလား၊ ရှယ်ရွှန်စတုန်း ပါလား၊ ထက်ထက်မိုးဦး ပါလား"

"မဟုတ်ဘူးကွ၊ ဘာတွေမှန်းလည်း မသိဘူး၊ ရှုပ်နေတာပဲ"

ကျွန်တော်က ထုံးစံအတိုင်း ပညာရှိလေသံဖြင့် စိတ်ကိုငြိမ်ငြိမ်ထားသင့်ကြောင်း၊ စိတ်ညစ်စရာများကို မတွေးသင့်ကြောင်း၊ ယောနိသောမနသိကာရ ဘာ. . . ညာဖြင့် လျှောက်ပြောပြီး စိတ်ငြိမ်ဆေး သောက်ရန် ပေးလိုက်သည်။ သူက

"ရမယ် မထင်ဘူးကွ၊ ငါ့ဟာက တော်တော်ဆန်းတယ်၊ စိတ်ရောဂါတော့ မဟုတ်ဘူးနဲ့တူတယ်၊ တကယ် ဖြစ်နေတာ၊ မယုံရင် မင်း ကြည့်ပါလား"

ပြောပြောဆိုဆိုနှင့် သူက သူ့ညာဖက်မျက်လုံးကို ဆွဲဖြုတ်လိုက်၏။ ထိုနေရာ အပေါက် ဖြစ်သွားသည်။

အမှန်ပင် သူ့ခေါင်းထဲ၌ အဆက်အစပ်မဲ့ ရုပ်ရှင်ဇာတ်ကားတစ်ကား ပြနေသည်ကို တွေ့လိုက်ရ၏။

ကျွန်တော် စိတ်ညစ်သွားသည်။

× × ×

www.burmeseclassic.com

www.burmeseclassic.com



[ ၄ ]

နောက်တစ်ကြိမ် သူ ရောက်လာသောအခါတွင် သူ့မျက်နှာသည် မိုးစိုထားသည့် အပေါ်စားသားရေဖိနပ်ကို မီးကင်ပြီးအခြောက်ခံထား သလို တွန့်လိမ်ခွေစောင်းနေ၏။

"ဟေ့ကောင်၊ ငါ့ရောဂါက ပိုပြီးဆိုးလာပြီကွ၊ အခု ဦးနှောက်ထဲမှာ သွားတိုက်ဆေးတွေ ဖြစ်ကုန်ပြီ၊ ပြီးတော့ ခေါင်းနဲ့အပြည့် သစ်ပင်တွေ အများကြီး ပေါက်နေကြတယ်"

ကျွန်တော် ချောင်းကြည့်လိုက်သောအခါ သူ ပြောသောစကားများ လုံးဝမှန်ကန်ကြောင်း တွေ့လိုက်ရ၏။ သူ့ဦးခေါင်းခွံသည် ဆေး ကြီးမျက်မည်းတစ်ခုကို ဖုံးအုပ်ထားသော အမာစားခေါင်းမိုးတစ်ခု ဖြစ်နေ ပေပြီ။

"မင်းခေါင်းထဲက တောကြီးထဲမှာ ကျားတွေ၊ ဆင်တွေရော ရှိသေးလား"

"ဆင်တော့ မရှိဘူးကွ၊ ကျားတော့ ရှိတယ်၊ ဝံပုလွေလည်း ရှိ တယ်၊ ခွေးအတွေလည်း ရှိတယ်၊ ငါတောင် တစ်ခါတစ်ခါ အူချင်သလို လို၊ ကိုက်ချင်ခဲချင်သလိုလို ဖြစ်တတ်သေးတယ်"

ကျွန်တော် လန့်သွားသည်။ ဒါဖြင့် အခု မင်း ဘယ်လိုလုပ်နေ သလဲဟု မေးလိုက်၏။ ပီကာဆိုက...

"မနက်မနက် သွားတိုက်တဲ့အခါ ငါ့ခေါင်းထဲက သွားတိုက်ဆေး တွေ ထုတ်ထုတ်ပြီးတိုက်တယ်၊ ပိုက်ဆံ မကုန်တော့ဘူးပေါ့"



ကျွန်တော်က...

"ဟာ... သိပ်မလုပ်နဲ့ကွ၊ တော်တော်ကြာ မင်းဦးနှောက်တွေ ကုန်သွားဦးမယ်"

ပီကာဆိုက

"အေး၊ ဟုတ်သားပဲကွ"

ဟု ပြန်ပြော၏။

[ ၅ ]

ညကြီးသန်းခေါင် ပီကာဆို ကျွန်တော့်ထံ ရောက်လာ၏။ သူ့ ခေါင်းပေါ်တွင် ဦးထုပ်တစ်လုံး ဆောင်းထားသည်။ ကျွန်တော့်ကို တွေ့ သောအခါ ဘာမှမပြောဘဲ သူ စိုက်ကြည့်နေသည်။ အတော်ကြာသွား၏။ ထို့နောက် ဦးထုပ်ကို သူ ဆွဲချွတ်လိုက်သည်။ ကျွန်တော် အသေအချာ သတိထား၍ ကြည့်နေမိ၏။ နှစ်မိနစ်နှင့် စက္ကန့်လေးဆယ်ကြာသောအခါ သူ့ဦးခေါင်းခွံတစ်နေရာသည် အပြင်သို့ ဖောင်းစူထွက်လာသည်ကို မြင် ရသည်။ ချက်ချင်းပင် ထိုနေရာသည် ပူဖောင်းပေါက်သလို ပေါက်သွား ပြီး ထိုအပေါက်မှ ဖွန်းနှင့်ခက်ရင်းတစ်စုံ ထွက်ကျလာ၏။ မကြာခင် နောက်တစ်နေရာမှ ပူဖောင်းတစ်လုံး ထွက်လာပြန်သည်။ ထိုပူဖောင်း ပေါက်သွားသောအခါ လင်းတတစ်ကောင် ပျံသန်းထွက်သွား၏။

သူက ဦးထုပ်ကို ပြန်ဆောင်းထားလိုက်သည်။ သူ့မျက်နှာ ဖြူဖပ် ဖြူရော် ဖြစ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



သူ ပြန်သွားပြီးသောအခါ ကျွန်တော့်ဦးခေါင်းခွံထဲသို့ ရုပ်ရှင်တ တစ်ကား စတင်ပြသနေပြီဖြစ်ကြောင်း တွေ့လိုက်ရတော့၏။

ကျွန်တော် အလွန်အမင်း တုန်လှုပ်ချောက်ချားသွားသည်။

× × ×

[ ၆ ]

ပီကာဆိုကို နေ့လည်တစ်နာရီတွင် ကျွန်တော့်အခန်းသို့ လာ ချိန်းဆိုလိုက်သည်။ အခန်းထဲသို့ ဝင်လျှင်ဝင်ချင်း သူ့ကို ကျွန်တော် ဆီးပြောလိုက်၏။

"ဟောကောင် ပီကာဆို၊ ငါ့ခေါင်းမှာလဲ ရုပ်ရှင်ပြနေပြီကွ၊ ကြာ သစ်ပင်ပေါက်တာတို့ ဘာတို့ ဆက်ဖြစ်လာတော့မယ် ထင်တယ်"

ပီကာဆိုက သူ့ခေါင်းပေါ်မှဦးထုပ်ကို လက်တစ်ဖက်ဖြင့် ဖိ ရင်း . . .

"ပြဿနာပဲ၊ ငါလဲ အခြေအနေ အတော်ဆိုးနေပြီကွ၊ မင်း ငါ့ တစ်ခုခုလုပ်ပေးဖို့ စိတ်မကူးမိဘူးလား . . ."

ကျွန်တော် အတန်ကြာအောင် တွေနေမိသည်။ ဆုံးဖြတ်ရ မှားယွင်းသွားမည်ကို စိုးရွံ့နေရသောကြောင့် ဖြစ်၏။ နောက်ဆုံး ကျွန်တော်က

"ငါတော့ မင်းကို ခွဲစိပ်ကုသလိုက်ချင်တယ်၊ အောင်မြင်မ



မအောင်မြင်ဘူးဆိုတာတော့ မသေချာဘူးနော်၊ ကြိုးစားကြည့်ကြတာ ပေါ့"

ပီကာဆို ခေါင်းညိတ်ပြကာ သဘောတူလိုက်သောကြောင့် ခွဲစိပ်ရန် ပြင်ဆင်ကြရတော့၏။ ကျွန်တော့်အနေဖြင့် အာရုံကိုတည်ငြိမ်အောင် ထိန်းသိမ်းရသည်မှာ မလွယ်ကူလှပါ။ ဦးခေါင်းခွံတွင်း၌ ပြသနေသော ရုပ်ရှင်က အလွန်ပင် စိတ်အနှောင့်အယှက်ပေးပါသည်။

အားလုံး ပြင်ဆင်ပြီးစီးသွားသောအခါ ပီကာဆိုက ခုတင်ပေါ် တက်၍ ပက်လက်လဲလျောင်းလိုက်၏။

ခွဲစိပ်မှုကို စတင်ရန်အတွက် ကျွန်တော် သူ့ကို မေ့ဆေးပေးလိုက်သည်။

သူ . . . ငြိမ်သက်သွားသည်။ သူ မေ့သွား၏။ သူ . . . ငြိမ်သက်။

သူ . . . မေ့မျော . . . ။ မေ့ . . . ။

သူ . . . အဆုံးမဲ့ မေ့မျောသွားပြီ ဖြစ်သည်။ မည်သည့်အခါတွင်မှ သူ ပြန်လည် သတိရလာတော့မည် မဟုတ်ပါ။ ခွဲစိပ်ကုသရန် မလိုတော့။

စာကြွင်း။

ကျွန်တော့်ခေါင်းထဲတွင် ပြသနေသော ရုပ်ရှင်များနှင့်ပတ်သက်၍ တိုင်ပင်ရန်အတွက် မိတ်ဆွေဆရာဝန်တစ်ဦးထံသို့ ကျွန်တော် အပြေးအလွှားသွားဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ရောက်သောအခါတွင် မြန်းစားကြီးစကားစရန် ခက်နေသော ကျွန်တော်နှင့် ပီကာဆိုအကြောင်း အစကာစပြောမှ ဇာတ်ရည်လည်သွား လိမ့်မည်ဟု ကျွန်တော် တွက်လိုက်သည်။ သို့သော် ကျွန်တော့်ပါးစပ်မှ စကားတစ်လုံးမျှ ထွက်မလာနိုင်ခင်မှာပင် မိတ်ဆွေဆရာဝန်က သူ့ညာ ဖက်မျက်လုံးကို ဆွဲဖြုတ်လိုက်၏။

ချောင်းကြည့်လိုက်သောအခါတွင်ကား သူ့ဦးခေါင်းထဲ၌ ရုပ်ရှင် ကားတစ်ကား ပြသနေသည်ကို မြင်လိုက်ရလေတော့သည်။

× × ×

ကျွန်တော့်ကို မေ့ဆေးပေးရန် သူ့ကို တောင်းဆိုမိသည်။ သူ့ကို မေ့ဆေးပေးရန် ကျွန်တော့်ကို သူက ပြန်တောင်းဆိုနေပြန်သည်။

နှစ်ယောက်သား အပြင်းအထန် ငြင်းခုံနေလိုက်ကြသည်မှာ ည သန်းခေါင် ရောက်လုနီးအချိန်အထိ မပြီးသေး. . .။

(၁၉၉၆)

❑



# ကမ်းမဲ့သည်းဆာ

(ရှပ်သံ)

[ ၁ ]

လူသေထည့်သည့် ခေါင်းတစ်လုံးကို ပခုံးပေါ်ထမ်းရင်း သူ လျှောက်လာသည်။

[ ၂ ]

ငါ သိပ်မေ့နေပြီလားဟု သူ့ကိုယ်သူ ပြန်မေးလိုက်၏။ အသံမှ ပြန်စရာမရှိ။ မောနေရင်ကော ဘာတတ်နိုင်မှာတဲ့လဲဟူသော မေးခွန်း ယခု၏အသံသာ သူ့ရင်ဘတ်အခွံ၏နံရံကို ရိုက်ခတ်သွား၏။ အင်း. . .

www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက်ဟာ ကိုယ်မေးတဲ့မေးခွန်းအတွက် ကိုယ်ကိုယ်တိုင်မှာ တောင် အဖြေမရှိတာ အတော်ဆိုးတာပဲ။

ကိစ္စမရှိပါဘူးလေ။ မေးခွန်းဆိုတာကလည်း အမြဲတမ်း အဖြေ ကို တောင့်တနေတဲ့အရာ ဖြစ်ချင်မှဖြစ်တာပါ။ သူ နားမလည်နိုင်တော့ မေးခွန်းဆိုတာ ဘာလဲ. . . အဲ. . . ဟိုဟာမျိုးလည်း ဖြစ်နိုင်သည် နေဦး. . . မပြည့်စုံသေး. . . ဒီဟာမျိုးလည်း ဖြစ်နိုင်သည်။ ဟင့်အင်း. . ဒါလည်း အားလုံးကို မခြုံငုံမိသေးပါဘူး။

အဓိပ္ပါယ်သတ်မှတ်ချက်ဆိုသော အရာကပင်လျှင် အတော် မပြည့်စုံသော ကမောက်ကမကိစ္စ ဖြစ်နေလေသည်။ ဖွင့်ဆိုချက်တို့ သည် ဘယ်သောအခါတွင်မှ ပြည့်ဝလုံလောက်ကြလိမ့်မည် မဟုတ် အမြဲတမ်း အဟာရချို့တဲ့နေသောအရာ ဖြစ်ပါသည်။ ပရိုတိန်းဓာတ် မပြည့်ဝသောရောဂါကို ကွာရှာကော (Kwashiork) ဟု ခေါ်သည်။ ဖွင့် ဆိုချက် မပြည့်ဝသောရောဂါကို ဘာဟု ခေါ်ရမည်လဲ။ ဒဿနိကပညာ ရပ်သည် သုံးလေးနှစ်သားမှာပင် တစ်ကိုယ်လုံး ဖောရောင်နေပြီ။ ထား ပါတော့။ ငါ ဘာမှ မပြောတော့ပါဘူးလေဟု သူ စိတ်ကူးလိုက်သည်။

သူ ပခုံးပေါ်မှ ခေါင်းတလားကို လက်ဖြင့်အသာထိန်းထား ကျန်လက်တစ်ဖက်ဖြင့် နဖူးပေါ်မှ ချွေးကို သုတ်လိုက်၏။

ဟော. . . ရှေ့မှာ ချောင်းကမ်းနဖူးကို ရောက်ပြီ။



[ ၃ ]

လတာပြင်ချောင်းရေအစပ်တွင် မတ်တပ်ကွယ်လွန်နေကြသော ကျူပင်ငုတ်များကို မြင်ရသည်။ ရေသည် မီးခိုးရောင် ထနေ၏။ အမည် မသိသော ငှက်တစ်ကောင်တလေ နားနေကြသည်။ အမည်မသိသော အရပ်မှလာသည့် အမည်မသိသော ငှက်တစ်ကောင်တလေ နားနေကြ သည်။ အမည်မသိသော အရပ်မှလာ၍ အမည်မသိသော ရပ်ဝန်းဒေသ ဆီသို့သွားကြမည့် ငှက်ထစ်ကောင်တလေ နားနေကြသည်။

တိမ်ခိုးတိမ်မျှင်တွေ နာကျင်စွာ တောက်ပနေကြသည်။ မသေ ချာမှု တစ်ချို့တလေနှင့် အပြာရောင်ပြေပြေစွန်းနေသော ကောင်းကင် တစ်ခု ရှိသည်။ (အဲဒါဟာ ကောင်းကင် ဟုတ်မဟုတ်တော့ မသေချာ) မိုးရွာတော့မည်လား။ ခရမ်းနုရောင်အလွှမ်းနှင့် ကမ်းပါးအဟောင်းတစ် ခု ရှိသည်။ ရီဝေထိုင်းမှိုင်းလေးကန်နေသော တိမ်အတောင်ပံတချို့ ရှိ သည်။ လသာသည်ကို တစ်ခါမှ မမြင်ဖူးသော ဗိုင်းငင်သူတစ်ယောက် ရှိသည်။ ပြင်သောခဏ (အတွက် နက္ခတ်ကောင်းမည့်အချိန်) ကို ထိုင် စောင့်လျက် တစ်သက်လုံး မျှတ်နေရသူတစ်ယောက်လည်း ရှိသည်။ ငှက် ကုလားအုတ်များ မရှိပါ။ မပျံတတ်သော ပင်ဂွင်းငှက်များလည်း မရှိပါ။ ဖျင်းရိစွာ အစိမ်းရောင်လက်ပသော ယုံကြည်စိတ်ချမှု နည်းနည်းပါးပါး တော့ ကျန်ရှိနေပါသေးသည်။ ယုံကြည်လိုက်ကြပါ။

ချစ်သူကပေးသော အိပ်မက်ကို ယုံကြည်ပါ။ ပန်းပွင့်တစ်ပွင့်ကို

www.burmeseclassic.com



ချစ်သူအမှတ်ဖြင့် တစ်စက္ကန့်အတွင်းမှာ တစ်ဘဝလုံးစာ နမ်းရှိုက်လိုက်ရသည်ဟု ပြောခြင်းကို ယုံကြည်ပါ။ ချစ်သူသည် လိမ္မော်ရောင်သီချင်းတစ်ပုဒ်ဖြစ်ကြောင်း ယုံကြည်ပါ။ ချစ်သူမှာ အချစ်ရှိကြောင်း ယုံကြည်ပါ။ ချစ်သူဟု ကိုယ့်စိတ်အထင်နှင့် သတ်မှတ်ထားချက်ကို ယုံကြည်ပစ်လိုက်ပါ။ အနည်းဆုံး မဂ္ဂဇင်းထဲက ဗေဒင်ဟောစာတမ်းတွင် သင် အခုအပတ်ကံကောင်းလာပြီဟု ရေးထားလျှင် ယုံကြည်ပစ်လိုက်မိကြတာပဲ မဟုတ်ဘူးလား။ ထို့ကြောင့် ဖြစ်နိုင်လျှင် ယုံကြည်ပါ။ မယုံကြည်ဘဲနေထိုင်တတ်နိုင်သည်ဆိုလျှင်တော့ စာနှင့်စကားလုံးများကို စတင်မယုံကြည်တတ်ဖို့ရန် သတိပေးခဲ့ပါဦးမည်။ ယုံကြည်ဆိုသည်မှာ တရုတ်တစ်ယောက်၏အမည် မဟုတ်ပါ။ ငါ ဘာမှ မပြောတော့ပါဘူးလေ၊

ဘာကိုမှ မယုံကြည်ချင်လောက်အောင် ဖြစ်နေသူတစ်ယောက်သည် အသုဘခေါင်းတစ်လုံးကိုထမ်းလျှက် ချောင်းကမ်းပါးတွင် ထိုင်နေ၏။

[ ၄ ]

သူ ချောင်းကမ်းပါးအစပ်သို့ ရောက်လာချိန်၌ ကူးတို့လှေပေါ်တွင် ခရီးသည် ပြည့်လုပြည့်ခင် ဖြစ်နေ၏။ နောက်တစ်ယောက် နှစ်ယောက်ဆိုလျှင် ကူးတို့လှေ ထွက်တော့မည်။



သူ နောက်ဘက်လှည့်ကြည့်လိုက်သောအခါ ခြင်းတောင်းတစ်လုံးကို မနိုင်မနင်း ခေါင်းပေါ်ရွက်လာသော မိန်းမကြီးတစ်ယောက်ကို မြင်ရ၏။

အင်း. . . လှေပေါ်မှာ နေရာသိပ်ကျန်တော့တာ မဟုတ်ဘူး။ ငါနဲ့ဟောဒီခေါင်းနဲ့ဆိုရင် အတော်ကျပ်သွားမှာ. . . ခေါင်းက နေရယူတာ လူတစ်ယောက်စာမှ မကဘဲ။ နောက်ပြီး ငါလိုက်သွားရင် ဟိုမိန်းမကြီးက နောက်တစ်ခေါက် ကူးတို့ပြန်အလာထိ ထိုင်စောင့်နေရလိမ့်မယ် . . . သနားပါတယ်။

သူ မသာခေါင်းကို ဘေးချပြီး အသာဆက်ထိုင်နေလိုက်၏။ မိန်းမကြီးက သူ့နံဘေးနား ရောက်လာသည်။ သူနှင့် သူ့ဘေးမှအခေါင်းကို တစ်ချက်လှမ်းကြည့်ပြီး ခြေလှမ်းတုံ့သွားသည်ကို မြင်ရ၏။ ထိုမိန်းမကြီး၏ပါးစပ်မှ အမလေးတော်၊ ကျက်သရေမရှိလိုက်တာ (သို့မဟုတ်) အလားတူ စကားတစ်ခုခု ရေရွတ်လိုက်သံကို မသဲမကွဲ ကြားရသည်။ သူ အနည်းငယ် စိတ်တိုချင်သလိုလို ဖြစ်သွား၏။

ငါ့ကိုများ အသုဘခေါင်းကြီးနဲ့မို့ ကျက်သရေမရှိဘူးတဲ့။ ငါက သူ ခရီးထောင့်မှာစိုးလို့ စေတနာထားပြီး တမင်နေရစ်ခဲ့လို့ပဲ ဒီအခေါက် ကူးတို့နဲ့ သူ လိုက်ခွင့်ရတာကို မသိရှာဘူး၊ အတော်ဆိုးတဲ့ မိန်းမကြီးဟု တွေးမိသည်။ စေတနာဆိုတာ ဘာလဲ။

စေတနာဆိုသည်မှာ ဆေးကုခန်းအမည်လည်း ဖြစ်နိုင်သည်။ စေတနာဆိုသည်မှာ ရေခဲမုန့်လည်း ဖြစ်နိုင်သည်။ အပြာရောင်စိတ်ကူး

www.burmeseclassic.com



ယဉ့်မှုတစ်ခုလည်း ဖြစ်နိုင်သည်။ ရွှေချည်ထိုးထားသည့် ဘဝအောင်ချ… အဟောင်းတစ်ခုလည်း ဖြစ်နိုင်သည်။ ခြေသည်းခွံတစ်ခုလည်း ဖြစ်နိုင်… သည်။

စေတနာဆိုသည်မှာ အလုပ်ကို အကောင်အထည်ပေါ် စေသော… ရည်ရွယ်သည့်စိတ်လည်း ဖြစ်နိုင်သည်။ မိမိ၏ ယုတ်ညံ့သောအလှုပ်… ဖုံးကွယ်ရန် သုံးနှုန်းသည့် စကားလုံးလည်း ဖြစ်နိုင်သည်။ ဥပမာအား… စားဝတ်နေရေးသောကတွေနဲ့ နစ်မွန်းနေရတဲ့လူတွေကို အားလပ်ချိန်… ပျော်စေ၊ စိတ်ချမ်းသာစေချင်လို့ အပေါ်စားဟာသနဲ့ ပေါ့ရွှတ်ရွှတ် … ချေးနှမ်း အနုပညာတွေ ဖန်တီးပေးရတာပါဟု ခပ်ဖွင်းဖွင်း နှာ… ဗွီဒီယိုဒါရိုက်တာ တစ်ယောက်ယောက်က ပြောနိုင်သည် မဟုတ်လား

ဒါ့အပြင်လည်း စေတနာဆိုသည်မှာ ဘာမှမဟုတ်ဘဲ ဖြစ်နေ… ဖြစ်နေနိုင်သေးသည်။ ငါ ဘာမှ မပြောတော့ပါဘူးလေ၊

ကုန်းဘောင်ပျဉ်ပြားပေါ် ထိုမိန်းမကြီး တက်သွားသည်ကို ကြည့်… နေလိုက်သည်။ ခန္ဓာကိုယ်အလေးချိန်ကြောင့် ခြေလှမ်းတစ်လှမ်း… လိုက်တိုင်း ကုန်းဘောင်ပျဉ်ပြားက ညွတ်ပဲ့ညွတ်ပဲ့ ဖြစ်နေ၏။ မိန်းမကြီး… က သူ့ခေါင်းပေါ်မှ တောင်းကြီးကိုလည်း ထိန်းရသေးသည်။ ကြည့်… သည်မှာ မသက်သာလှ။

မိန်းမကြီးကို ကြည့်ရင်းကြည့်ရင်း သူ သနားလာမိ၏။ အင်း. . . ဈေးရောင်းရင်းက ပြန်လာတာဖြစ်မယ် ထင်တယ်။ ဒီအသက်အရွယ်…



…ကြီးနဲ့ ဈေးရောင်းရတာတော့ လွယ်မှာ မဟုတ်ဘူး။ ကြည့်ရတာ အားကိုး…လောက်တဲ့ သားထောက်သမီးခံ မရှိလို့ ဒီလိုခဲခဲယဉ်းယဉ်း ရှာဖွေစား…သောက်နေရတာပေါ့။ အဆင်မှ ပြေပါ့မလား၊ မဂ္ဂဇင်းတွေထဲမှာ ပါတတ်…ဂါထာတွေကျက်ပြီး ရွတ်နေမလား၊ အဆောင်တွေ၊ လက်ဖွဲ့တွေ ဈေး…တောင်းအောက်မှာ ကပ်ထားမလား၊ အင်း. . . လုပ်ချင် လုပ်နေမှာ၊ …လို မိန်းမကြီးတွေပုံစံမျိုးက ဆင်ခြင်ဉာဏ်ထက် တန်ခိုးဣဒ္ဓိပတ်ကို…ပြီးယုံကြည်အားကိုးမယ့်ပုံမျိုး၊ အယူသည်းမယ့် အစွဲအလမ်းကြီးမယ့်…မျိုး။ အင်းပေါ့လေ. . . ဒါကြောင့်လည်း စောစောက ငါသယ်လာတဲ့…သုဘခေါင်းကြီးကိုမြင်တော့ နှာခေါင်းရှုံ့သွားတာပေါ့. . .။

သူ မိန်းမကြီးကို အလိုလိုနေရင်း ခွင့်လွှတ်ပြီးသား ဖြစ်သွား…သည်။ ကြည့်စမ်း စောစောက ငါ့စေတနာကို နားမလည်တဲ့မိန်းမကြီး…ဆိုပြီး ဒေါသဖြစ်လိုက်ရတာ. . .။ အခုတော့ ဆင်ခြင်ဉာဏ်နည်းရှာ…တယ်ဆိုပြီး သနားနေပြန်ပြီ. . .။

သူ ဒေါသဖြစ်သည်ကို လည်းကောင်း၊ သနားသည်ကိုလည်း…ကောင်း ထိုမိန်းမကြီး သိမည် မဟုတ်ပါ။

ထိုမိန်းမကြီး ပါသွားသောကူးတို့လှေသည် ကမ်းမှခွာသွားပြီ။

ငါကတော့ တစ်ထိုင်တည်းမှာ ဘာဖြစ်လို့ စိတ်အမျိုးမျိုးပြောင်း…နေတာလဲဟု ပြန်တွေးကြည့်လိုက်၏။ သူ မသိပါ။ ထိုမိန်းမကြီး မသိပါ။ …သူ မသိပါ။ ထိုမိန်းမကြီးက သူ့ကို မသိသလို သူကလည်း ထိုမိန်းမကြီး

www.burmeseclassic.com

www.burmeseclassic.com



၏ ပကတိအစစ်အမှန် အရှိတရားကို မသိနိုင်ပါ။ သူ့စိတ်တူးဖြ
စိတ်ဆိုးလိုက်၊ သနားလိုက် လုပ်နေခြင်း ဖြစ်၏။ မသိလျှင်လည်း
သည့်အတိုင်း ဘာကြောင့် မနေနိုင်သနည်းဆိုသည်ကို သူ မသိပါ

သူ မသိပါ။ ဟောဟိုက ကုံကောင်ပင်ပေါ်မှာနားနေတာ ည
လား၊ ကျီးကန်းလား၊ အော်မြည်ကျူးရင့်သံ မကြားရမခြင်း သူ မသိသေး
ဟိုးအဝေးက ခပ်ဖြူဖြူဟာ နှင်းလေား၊ မြူလေလား၊ သူ မသိသေး။ မြ
ခင်းစိမ်းစိမ်းပေါ် တစ်စုံတစ်ရာ ပြေးလွှားသွား၏။ လေထဲမှရနံ့အ
စေးထန်းထန်း စိုစိစိ။ ပညာရှိ၏အမျက်သည် အပြင်သို့မထွက်ဘူး
လျှင် ဘယ်ထဲဝင်သွားသလဲ။ မတော်ရာနေရာကို ဝင်သွားလျှင်ဖြင့် မခ
ရပေဘူးလား။ သူ မသိပါ။ ထားလိုက်တော့ မသိတာတွေ များနေပြီ

ဝါ ဘာမှ မပြောတော့ပါဘူးလေ. . . ။

[ ၅ ]

အနက်ရောင် မျက်နှာဖုံးစွပ်ထားသော မသိခြင်းတစ်ခုသည်
အဝေးမှပျံသန်းလာနေ၏။ လွမ်းရမှာလား၊ ဖမ်းထားလိုက်ရမှာလား
ပျားရည်ဖြင့်စားရသော ဝမ်းနှုတ်ဆေးကို ချိုသည်ဟုပြောကြပါလျှင်
ပျားရည်ပင်စိုက်ထားသော ခပ်ညံ့ညံ့ကဗျာများကို ဝမ်းနှုတ်ဆေးအဖြ
ရောင်းလိုပါသည်။



ပျိုမျစ်နုနယ်သောအချစ်သည် လည်းကောင်း၊ ပျိုမျစ်နုနယ်
သာနှလုံးသားသည် လည်းကောင်း၊ ပျိုမျစ်နုနယ်သော စကား၊
လက်ာတို့သည် လည်းကောင်း၊ လုပမှုးယစ်ဖွယ်ကောင်းသည်ဟု
င်သူများအတွက် ပျိုမျစ်နုနယ်သော ဝါးလုံးတစ်ချောင်းကို လက်
ာင်အဖြစ် ပို့လိုက်ပါမည်။ မျှစ်ဟု သဘောထား၍ ချက်စားကြပါ။

တကယ်တော့ နုနယ်ကြစတမ်းဆိုလျှင် ဝက်ပျိုသားကို တုတ်ထိုး
ပ်စားရသည်မှာ အကောင်းဆုံး။ နှင်းဆီပျိုတစ်ပင်မှာ ပိုးကျနေသည်။
သတ်ဆေး ဖျန်းပေးပါ။ နုပျိုသောအရွယ်မှန်လျှင် ပိုးကျလွယ်တတ်
ည်ကို သတိထားကြ။ သူ ယခုအချိန်ထိ ညနေစာ မစားရသေး။ သူလို
ူတွေ ဘယ်လောက်များနေပြီလဲ။

ဘာထရန်ရပ်ဆဲလ် တစ်ဝိသ်ာနှင့် ယန်းပေါလ်ဆတ် တစ်ဝိဿာ
ို စတုဒိသာချက်ကျွေးလို့မှ မဝရင် ဒီအတိုင်း ငတ်ကြပေ့စေပေါ့။ ဟိုး
ပြင်မှာ လင်းတတစ်ကောင် ဝဲနေသည်။ ခပ်ကျဲကျဲဖျော်ထားသော
က်ဖက်ရည်တစ်ခွက်ထဲတွင် ယင်တစ်ကောင်နှင့် မှောင်မည်းညစ်ပေ
နသော စိတ်ဓာတ်တစ်ခု ကျသေနေ၏။

ရေညှိတက်နေသော ကျောက်တုံးကလေးများ ဆယ့်သုံးလုံးတိ
ိ ရှိသည်။ စမ်းချောင်းကလေးတစ်ခု ရှိသည်။ ပုန္နေးသောအနမ်းတစ်ခု
ှိသည်။ နားလည်စွာဖြင့် တမင်တကာ ဆုံအောင်ကြည့်ဖြစ်သော
အကြည့်တစ်ခု ရှိသည်။ အဲဒါ. . . မင်း သိလား။

www.burmeseclassic.com

www.burmeseclassic.com



ခွေးဟောင်၍ တောင်မရွှေ့တုသော စကားပုံကို ခွေးတ
ဖူးသောကြောင့် ဟောင်မြဲဆက်ဟောင်နေသည်၊ သောင်ယံသဲက
လိုလို ခင်းသာတယ်ကိုဟုသော ပတ်ဖျိုးသံ ကြားရပြီ။ ကြည်လင်တော
ပသည့် မိုးကုပ်စက်ဝိုင်းအစမှာ လှေတစ်စင်း တွေ့လား။ လာ. . .
ကြမယ်၊ သီချင်းတွေဆိုလို့. . . လှေတစ်စင်းနဲ့. . .။ ရသစွ
ညာညာမငြင်းဘဲ ရွာရှေ့ယာခင်းတစ်ခင်းကို ရောင်းကာ နှိုးဂျော့
သွားကြသည်။

ငါ ဘာမှ မပြောတော့ပါဘူး၊

[ ၆ ]

ကူးတို့လှေက ဟိုတစ်ဖက်ကမ်းဆီက ခရီးသည်များ တင်ဆော
ကာ သူရှိရာဘက်ကမ်းဆီ ပြန်လှော်ခတ်လာသည်ကို တွေ့ရသည်။

အဲဒီခရီးသည်တွေဟာ ဘာလုပ်ကြတာလဲဟု သူ တွေးကြ
လိုက်၏။ အမျိုးမျိုး ဖြစ်နိုင်သည်။ အလုပ်သွားဖို့၊ ဈေးရောင်းဖို့၊
ဝယ်ထွက်ဖို့၊ သူငယ်ချင်းမိတ်သင်္ဂဟတွေနှင့် တွေ့ဆုံဖို့၊ အတင်းအဖျင်း
ပြောဖို့၊ လက်ဖက်ရည်ဆိုင်ထိုင်ဖို့၊ ဆွေတွေမျိုးတွေဆီ လည်ပတ်ဖို့၊
ချေးဖို့၊ ချေးထားသောငွေကို ပြန်ဆပ်ဖို့၊ တောင်းပန်ဖို့၊ ရန်ဖြစ်ဖို့၊ ငြင်း
ခုန်ဖို့၊ စော်ကားဖို့၊ အစော်ကားခံဖို့ အင်း. . . ဆက်တွေးနေရင် ဆုံး
မှာ မဟုတ်ဘူး။



ဟိုဘက်ကမ်းကနေ သည်ဘက်ကမ်းကို လာလိုက်၊ သည်ဘက်
မ်းကနေ ဟိုဘက်ကမ်းကို ပြန်သွားလိုက်။

အဲဒီလို ရည်ရွယ်ချက် အမျိုးမျိုး၊ ရုပ်ရည်လက္ခဏာ အမျိုးမျိုး၊
တ်နေစိတ်ထား အမျိုးမျိုးနဲ့ လူတွေဟာ လှေတစ်စင်းထဲမှာ သူလိုငါလို
ာမှမကွဲမပြား အတူတူရောနှောပါလာတာ နည်းနည်းတော့ ရယ်စရာ
ကာင်းမနေဘူးလားဟု သူ တွေးကြည့်လိုက်သည်။ ကဲ. . . ဒီအရော
အနှောတွေကို ဘယ်လိုသန့်စင်ထုတ်ပစ်မလဲ။ ရေသန့်စက်လိုမျိုး လူသန့်
က်တွေ တီထွင်ရင် မကောင်းဘူးလား။

ဟာ့်အင်း၊ မကောင်းသေးပါဘူး။ အရပ်ကောင်းမှ အလောင်းလှ
ယ်လို့ ဆိုတယ် မဟုတ်လား။ သူတို့ပတ်ဝန်းကျင် သူတို့အရပ်နဲ့ ရော
ရောနှောနှော နေတတ်သလိုပဲ နေပစေပေါ့။ သူတို့အလောင်း လှဖို့
လောက်သာ အရေးကြီးတယ်လို့ ထင်နေရှာတဲ့ သတ္တဝါတွေပဲ။ ပစ်ထား
လိုက်. . .။ သူ စိတ်ကို ဖုံးဖုံးချလိုက်သည်။ ငါ ဘာမှ မပြောတော့ပါ
ဘူးလေ။

လှေက သည်ဘက်ကမ်းကို ဆိုက်ပြီ။ ခရီးသည်များ တစ်ယောက်
ကျန် ကုန်းပေါ်တက်သွားသည်အထိ သူ စောင့်နေလိုက်၏။ အားလုံး
ရှင်းသွားမှ သူ့ဘေးနားချထားသော အသုဘခေါင်းကို ကောက်ထမ်းပြီး
လှေဆီသို့ ဆင်းလာခဲ့သည်။

လှေဝမ်းထဲမှရေများကို ခပ်ထုတ်ပစ်နေသော ကူးတို့လှေသမား

www.burmeseclassic.com

www.burmeseclassic.com



က မော့အကြည့်တွင် သူ့ကို မြင်သွား၏။ ချက်ချင်းပင် ထိတ်ထ
တကြားနှင့်

"ဟာ. . . ဟာ ခင်ဗျား ကျွပ်လှေပေါ် ဘာလို့ အခေါင်း
သယ်လာတာတုန်း။ အဲဒါကြီးတင်လို့ ဘယ်ဖြစ်မလဲ၊ ပြန်ယူသွား. . .
ယူသွား. . ."

သူက လှေပေါ်နင်းထားမိသော ခြေတစ်ဖက်ကို ပြန်ရုပ်
၏။ သို့သော် လှည့်မထွက်ဖြစ်သေး။ ခဏ ရပ်နေလိုက်သည်။ လှေသ
ကလည်း သူ့ကို ကြောင်စီစီဖြင့် ရပ်ကြည့်နေ၏။ အချိန်အတော်
သည်အထိ နောက်ထပ်ခရီးသည်တစ်ယောက်မှ ထပ်ရောက်မလာ
နေကလည်း မြင့်လှပြီ။

လှေသမားက တစ်စုံတစ်ခုကို စဉ်းစားမိဟန်ဖြင့်. . .

"ဒီလိုလုပ်ဗျာ. . . ခင်ဗျား ကျွန်တော့်လှေကို စင်းလုံးငှားပါ
ဒါမှရမယ်၊ မဟုတ်ရင် တခြားခရီးသည်တွေနဲ့ ခင်ဗျား အခေါင်း
မလွယ်ဘူးဗျ. . ."

သူ ခေါင်းခါပြလိုက်သည်။ သူ့မှာ လှေတစ်စင်းလုံးကို ငှား
ပိုက်ဆံ မရှိပါ။ လှေသမားကလည်း အတော်အကြုံရခက်နေပုံ ပေါ်
အခြားခရီးသည်ကလည်း တစ်ယောက်မှ မရှိ။ ဒီအခေါင်းနှင့်လူ
မတင်လျှင် ဟိုဘက်ကမ်းကို သည်အတိုင်း လှေလွတ်သက်သက် ပြ
တော့မည်။ ကူးတို့သမားက အနည်းငယ် စိတ်လျှော့လိုက်ဟန်ဖြင့်. . .



"ခင်ဗျား ခေါင်းထဲမှာ အလောင်းပါသလား"

ဟု လှမ်းမေး၏။ သူ တစ်ချက် တွေခနဲ ဖြစ်သွား၏။ အလောင်း
ပါသလား. . .။ သူ ထမ်းထားရသည်မှာ အတော်ပေါ့သည်။ အလောင်း
တော့ မပါလောက်ဟု သူ တွက်ပြီး ခေါင်းခါပြလိုက်၏။

"ဒါဖြင့် အလွတ်ပေါ့၊ အင်း. . . အသစ်ဆိုရင်တော့ သိပ် ကိစ္စ
ရှိပါဘူး"

သူ ထပ်စဉ်းစားရပြန်သည်။ ခေါင်းအဖုံးက သံများဖြင့် အသေ
ပ်ပိတ်ထားသည်။ အထဲမှာ ဘာမှမရှိဘဲနှင့်တော့ ပိတ်ထားမည် မထင်၊
သူ ထပ်၍ ခေါင်းခါပြရပြန်လေသည်။ ကူးတို့သမားက အံ့သြတကြီးဖြင့်

"ဟာ. . . ဒါဖြင့် ခင်ဗျား အခေါင်းထဲက ဘာလဲ. . ."

မေးခွန်းကြောင့် သူ့ရင်ဘတ်တစ်ခုလုံး လင်းခနဲဖြစ်သွားသည်
တောက်မေ့ရ၏။ အား. . . ငါဆိုတဲ့ကောင်က တယ်ညံ့ပါလားကွယ်။
သည်မေးခွန်းသည် သူ့ကိုယ်သူ တစ်ခါမျှ ပြန်မမေးခဲ့ဘူးသည့် မေးခွန်း။
ဖို့လည်း စိတ်ကူးမရခဲ့။

ကြည့်စမ်း. . . ငါ့မှာ ဟိုဟာဒီဟာ လျှောက်စဉ်းစားနေလိုက်ရ
အဓိပ္ပါယ်ဖွင့်ဆိုချက်တွေ၊ တိမ်တွေ၊ ယုံကြည်စိတ်ချမှုတွေ၊ ဒေါသ
တွေ၊ သနားတာတွေ၊ ဟိုဟာတွေ၊ ဒီဟာတွေ၊ အင်း. . . လူတွေရော
လေ။

သူသည် အခြားအရာများအကြောင်းကိုသာ တစ်လျှောက်လုံး

www.burmeseclassic.com

www.burmeseclassic.com



တွေးလာခဲ့သည်။ သူကိုယ်တိုင် ထမ်းထားသောခေါင်းထဲမှာ ဘာပါသ
ဆိုသည့် မေးခွန်းကိုတော့ တွေးဖို့မေ့နေခဲ့၏။ တွေးရကောင်းမှန်း မသိ
လူဆိုသည်မှာ ကိုယ့်အကြောင်းကို ကိုယ် အမေ့လျော့တတ်ဆုံးသတ္တ
ဖြစ်ပေလိမ့်မည်။

ယခုတော့ သူထမ်းလာသောအခေါင်းထဲတွင် ဘာပါလာသည်
သူကိုယ်တိုင် ပြင်းပြင်းပြပြ သိချင်လာ၏။

သူ ခေါင်းအဖုံးကို ရိုက်ချိုးဖွင့်ပစ်လိုက်သည်။

[ ၇ ]

ခေါင်းထဲတွင် သူ၏လျှာကို သူ ပြန်တွေ့ရလေသည်။

(၁၉၉၇)

❑



# ကင်းဆာ

(ရုပ်ရှင်စတား)

ချောင်းဆိုးရလွန်းသောကြောင့် သူ မောနေသည်။ (သူ့သူငယ်ချင်း ဆရာဝန်ကို စိတ်၏အတွင်းပိုင်းတစ်နေရာမှ လှမ်းမြင်နေသည်) ချောင်းဆိုးတိုင်း ထွက်ထွက်လာတတ်သော သွေးစတွေ. . . သွေးစတွေ (သူ့သူငယ်ချင်း ဆရာဝန်ကို မြင်ယောင်သည်)၊ အခန်းကျဉ်းလေးထဲမှာ သူတစ်ယောက်တည်း. . . သူတစ်ယောက်တည်း. . . (သူ့သူငယ်ချင်းဆီ သူ သွားနေပုံကို မြင်အောင်ကြိုးစား၍ စိတ်ကူးကြည့်သည်။)

'ငါ့ရောဂါကို ဆရာဝန်သွားပြရင် ကောင်းမလား?' ဟု သူ တွေးသည်။ (သူ့သူငယ်ချင်း ဆရာဝန်ကို သူ မြင်ယောင်ပြန်၏)

ချောက်ချားစရာ!!! ချောက်ချာစရာ!!! ချောက်ချားစရာ!!!

www.burmeseclassic.com

www.burmeseclassic.com



"တကယ်လို့ ဆရာဝန်က ငါ့ရောဂါကို 'ကင်ဆာ'လို့ အမည်တပ်လိုက်ရင်. . . အား!!! မဖြစ်ဘူး၊ ငါ မသွားဘူး"

(သူ့အတွေးကို သူ့ဘာသာသူ ပြန်ကြားသွားမည်ကို စိုးရိမ်ကြောက်လန့်စွာ. . .)

အတွေးကို သူ ရပ်ပစ်လိုက်၏။

"မနက်ဖြန် ငါ ရုံးတက်ရဦးမယ်၊ ညနေကျရင် ဒီအခန်းကို ပြန်လာမယ်"

ကလေးငယ်တစ်ယောက်ကို သင်ပေးသလိုမျိုး သူ လုပ်ရမည့်အလုပ်များကို သူ့ကိုယ်သူ ပြန်ပြောပြနေလိုက်သည်။

ထိုအခိုက်အတန့်တွင် သူ့မျက်နှာသည် ကြင်လင်စွာပြုံးနေလေသည်။

[ ၁ ]

မှောင်နေသော အခန်းငယ်ကလေး၏ ညာဘက်ထောင့်တွင် စာရေးစားပွဲတစ်လုံး ရှိမည်။ ထိုအပေါ်တွင် ရေနှင့်ကျောက်စရစ်ခဲများသာ ထည့်ထားသည့် လည်ပင်းရှည်ရှည်နှင့် အစိမ်းရောင်ပန်းအိုး ခပ်သေးသေးတစ်လုံး ရှိမည်။ စားပွဲရှေ့နံရံတွင် သစ်ပင်နှစ်ပင်နှင့် ပင်လယ်ကမ်းခြေပုံပါရှိသည့် အရောင်မွဲခြောက်ခြောက် ရုပ်ပုံကားချပ်တစ်ခု ရှိမည်။ နံဘေးစာအုပ်စင်ပုပုကလေးအပေါ်တွင် စာအုပ်အဟောင်း ဆယ့်လေးငါးအုပ် ရှိမည်။ ပြတင်းပေါက်ဘေးတွင် ပက်လက်ကုလားထိုင်



တစ်လုံး။ နောက်. . . ရေအိုးစင်၊ . . . ဖျာအဟောင်းတစ်ချပ်. . .။

သော့လှည့်ဖွင့်ကာ အခန်းတံခါးကို တွန်းဝင်လိုက်သည်။

ကျင့်သားရနေသော လက်များက မီးခလုတ်ကို စမ်း၍ ဖွင့်ဖြစ်သွား၏။ ထို့နောက် သူ အလွန်အမင်း စိတ်ပျက်သွားရပြန်သည်။

စောစောက သူ့စိတ်ထဲမှ ရွတ်ဆိုကြည့်မိသည့် မြင်ကွင်းသည် ဟောင်းနွမ်းစွာ ပုံသေကျလျက် သူ့ကိုစောင့်ကြိုနေ၏။ တစ်စက်ကလေးမလွဲ။ စားပွဲ၊ ကုလားထိုင်၊ ပန်းအိုး၊ စာအုပ်စင်၊ သောက်ရေအိုး. . . အားလုံးသည် ထပ်တလဲလဲ ကျက်မှတ်ပြီးသား အမြောက်အလီပေါင်းတစ်ခုလို ငြီးငွေ့စရာ ကောင်းလွန်းနေ၏။ ဝတ္ထုရားကျေလွန်းစွာ ပုံစံသေနေသော ထိုအရာများကြားတွင် သူ အကြိမ်ပေါင်းတစ်ထောင်ခြောက်ရာကျော် ဟောင်းနွမ်းနေရပြန်သည်။

အဝတ်အစား မလဲသေးဘဲ ပက်လက်ကုလားထိုင်ဆီသို့ တန်းသွားပြီး လှဲချပစ်လိုက်၏။ ပြတင်းပေါက်မှနေ၍ အောက်ဖက်သို့ငုံ့ကြည့်လိုက်သည်။ ကြည့်စမ်း. . . ဘယ်လောက်များ ဟောင်းနွမ်းနေတဲ့ အရာတွေပါလဲ. . .?

ကားလမ်း၊ ပလက်ဖောင်း၊ လူများ၊ ကားများ၊ ဆိုင်းဘုတ်များ၊ မီးချောင်းများ၊ သူနေသော လေးထပ်တိုက်အမြင့်သည် မျက်နှာစာမြင်ကွင်းကို မကျယ်လွန်း၊ မကျဉ်းလွန်းဘဲ မြုံငုံမြင်နိုင်ရန် လုံလောက်ပါသည်။

ဒါကော. . . ဘာထူးသလဲ!!! ဆုံချက်နှင့် ဆုံတာကို ပုံသေချိန်

www.burmeseclassic.com

www.burmeseclassic.com



ညှိထားသော မှန်ဘီလူးတစ်ခု၏ အဝမှကြည့်နေရသလိုပါပဲ။ ခပ်ဝါးဝါး . . . ခပ်သေးသေး. . .။ ဒါပဲ. . . နေ့တိုင်း ဒါပဲ. . .။

မျက်နှာကို ပြတင်းပေါက်မှ ပြန်ဆွဲယူလိုက်သည်။ ရုံးဆင်းကတည်းက ဘာမှ မစားရသေးသည်ကို သူ သတိရသွား၏။ ပက်လက်ကုလားထိုင်မှ ထသည်။ ထမင်းစားခန်းဆီသို့ သွားရန် ခြေလှမ်းပြင်၏။ သူ သွားမည်။ ကြောင်အိမ်ကို ဖွင့်မည်။ တစ်ခုခုကို ယူမည်။ ကြက်ဥ ဖြစ်ဖြစ် တွေ့လျှင် ကြော်မည်။ ကော်ဖီတစ်ခွက် ဖျော်မည်။ ပေါင်မုန့် ကင်မည်။ သို့မဟုတ် ကြော်မည်။ သို့မဟုတ် ယိုသုတ်မည်။ ပြီးလျှင် စားမည်။ ပြီးလျှင်. . . ပြီးလျှင်. . .

လက်ပတ်နာရီပေါ်သို့ သူ့မျက်လုံးများ ပြုတ်ကျသွား။ ရောမ ဂဏန်းများပေါ် ဖြတ်နင်းသွားသော လက်တံနှစ်ခု. . . နောက် သည် ဂဏန်းတွေပေါ် နောက်တစ်ခါ ထပ်ဖြတ်၊ နောက်. . . တစ်ခါ နောက်. . . တစ်ခါ နာရီလက်တံတို့၏ ခြေရာများကြောင့် ကိန်းဂဏန်း ဆယ့်နှစ်လုံးပေါ်တွင် ချိုင့်ခွက်အကြီးစားများ ဖြစ်နေကြ၏။

သူ့စိတ်ကူးထဲတွင် နာရီလက်တံတွေ ကောင်းကင်ပေါ် တစ်ချို့ ပင်လယ်ထဲတချို့ သီးခြားကင်းလွတ်စွာ ရောက်သွား. . . ပြီး. . . နည်း စနစ်မဲ့ ပျော်ရွှင်ခုန်ပေါက်နေကြ. . .။

[ ၂ ]

သူ နိုးလာသောအခါ ရုံးပိတ်ရက် ဖြစ်မှန်းမသိ ဖြစ်နေ၏။



[ ၃ ]

ကော်ဖီသောက်ပြီးနောက် လုပ်စရာကုန်သလို ဖြစ်သွားသောကြောင့် သူ ခဏမျှ ကြောင်တောင်တောင် ဖြစ်နေသေးသည်။ ထို့နောက် မြို့ထဲလျှောက်သွားပြီး နေ့လည်စာကို အပြင်မှာတစ်ခုခု ဝယ်စားရန် စိတ်ကူးရသွား၏။

အဝတ်အစားလဲပြီး သူ အောက်သို့ဆင်းခဲ့သည်။ လေးထပ်အမြင့်မှ အောက်ဆုံးအထိ ဆက်သွယ်ထားသော များပြားရှည်လျားလှသည့် လှေကားထစ်များသည် တစ်နည်းတစ်ဖုံ အံ့သြဖွယ်ကောင်းသည်ဟု သူ ထင်သည်။ သူက မမောဘဲ လှေကားထစ်များက မောနေကြသည်ဟု လည်း စိတ်ထဲက အောက်မေ့မိ၏။

ပလက်ဖောင်းပေါ်ရောက်သောအခါ သူ ခဏမျှ ရပ်ငေးနေသေးသည်။ ဘာမှ ထူးထူးခြားခြား မရှိ။ ရင်းနှီးအသားကျလွန်းသောကြောင့် သူ့မျက်လုံးများထဲသို့ နစ်မြုပ်ဝင်နေသည်ဟုပင် ထင်စရာကောင်းနေသည့် မြင်ကွင်း။

ကားများ. . . လူများ. . . ပလက်ဖောင်း. . . တိုက်တာ. . . ဆိုင်းဘုတ်များ. . . ဈေးသည်များ. . .

ရိုးစင်းလွန်း၊ ဟောင်းနွမ်းလွန်းမှုအပေါ် တအံ့တသြဖြစ်ရလွန်း၍ သူ့လာရင်းကိစ္စကို မေ့လျော့သွားသည်။ နောက်ဆုံး ဘယ်လိုမှ ပြန်သည်စဉ်းစား အစဖော်မရတော့သောကြောင့် တိုက်ပေါ် ပြန်တက်ခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



(အပေါ်ဆုံးထပ် မရောက်မီ တစ်ထပ်အလို) သူ့အခန်းသော့ တည့်တည့် အခန်းရှေ့အရောက်တွင် ရပ်ကာ တံခါးဝကို သူ ခဏမျှငေး ကြည့်နေဖြစ်၏။

ဆန်းတော့ အဆန်းသား။ ဒီအခန်းထဲမှာ အဘိုးကြီးတစ်ယောက် နေချင်နေမယ်၊ ဒါမှမဟုတ် အသက် လေးဆယ့်ငါးနှစ်လောက် မိန်းမ ဝဝကြီးတစ်ယောက်၊ ဒါမှ မဟုတ် မိသားစုတစ်စု၊ ဒါမှမဟုတ် စိတ်ဓာတ် ယဉ်စရာ ချောချောလှလှ ကောင်မလေးတစ်ယောက် ဖြစ်ချင်ဖြစ်မယ်။ ငါ့ခြေထောက်တွေအောက်မှာ သူ အသက်ရှင်နေတာ သူကိုယ်တိုင် လည်း မသိဘူး၊ ငါလည်း မသိဘူး။ သူ့ခေါင်းပေါ်မှာ ငါရှိနေတာ သူ ကော. . . ငါကော. . . မသိကြဘူး. . .။ တကယ်ဆို ဒီကိစ္စကို ထည့် စဉ်းစားဖို့ မကောင်းပေဘူးလား. . .

သူတွေးနေစဉ် ရုတ်တရက် အခန်းတံခါးပွင့်သွားပြီး ဆံပင်ရှည် ရှည် ရှုပ်ပွပွနှင့် မုတ်ဆိတ်ကျင်စွယ်များ တပ်ဆင်ထားသည့် သေးသွေး ပိန်လှီသော ဦးခေါင်းတစ်လုံး ထွက်ပေါ်လာသည်။ ဖြူဖပ်ဖြူရော် မျက် လုံးတစ်စုံသည် သူ့ကို စိုက်ကြည့်လျက်သား။ သူကလည်း ပြန်လည် စိုက်ကြည့်နေဖြစ်၏။ သူ့ခြေထောက်အောက်တွင် နေထိုင်သူကို အမှတ် တရ ရှိချင်လွန်းလှသောကြောင့် ဖြစ်သည်။

တံခါးသည် ပို၍ပွင့်ဟသွားပြီး ထိုသူ၏ ကိုယ်လုံးသည် အပြင် ဘက်သို့ ရောက်လာ၏။ ခန္ဓာကိုယ် သေးသေးပုပုကို ခေါင်းမှစွပ်ရသော ၁တ်ရုံရှည်ကြီးတစ်ထည်ဖြင့် ဖုံးအုပ်၊ ခါးတွင် ကြိုးဖြင့် စည်းနှောင်ထား



"ဝင်မလား"

ထိုသူက သူ ခေါင်းညိတ်ပြပြီး အခန်းထဲ လိုက်ဝင်သွား၏။ အခန်း ထဲတွင် ကင်းဗတ်စများ၊ စက္ကူများ၊ စုတ်တံ၊ ဆေးဗူးများ၊ ပြန့်ကျဲ. . .။ ဆွဲပြီး၊ ဆွဲလက်စ ပန်းချီကား (ဟု ထင်ရသည့် အရာများ) ကစဥ့် ကလျား. . .။

သူ့ကိုယ်သူ မိတ်ဆက်ခြင်းကိစ္စသည် ချောမွေ့လျှင်မြန် သမား ရိုးကျစွာ ပြီးဆုံးသွားခဲ့သည်။ ထိုနောက် သူက. . .

"ခင်ဗျား ပန်းချီဆရာလား"

"အင်း. . . ဆိုပါတော့လေ. . . အမှန်တော့ ကျုပ်က ဆေးရောင် တွေနဲ့ ဆော့ကစားနေတာဗျ"

"ဟုတ်တယ်ဗျာ. . . ခင်ဗျား ပန်းချီဆရာပါ၊ ဒီလို ဝတ်ရုံဖားဖား ကြီးဝတ်ပြီး ပန်းချီဆွဲတဲ့ နိုင်ငံခြားက ပန်းချီဆရာကြီးတွေပုံကို မဂ္ဂဇင်း စာအုပ်တွေထဲမှာ ကျုပ် မြင်ဖူးတယ်ဗျ"

ပန်းချီဆရာက ခေတ္တမျှ ငြိမ်နေသည်။ နောက် သူ့ကိုယ်သူ ပြန် ငုံ့ကြည့်သည်။

"ကျုပ်မှာ အဝတ်အစားတစ်စုံပဲ ရှိတယ်၊ အဲဒါ အခု လျှော်ထား တာနဲ့ ဝတ်စရာမရှိလို့ စောင်ကို အလယ်က အပေါက်ဖောက်ပြီး စွပ်ထား တာ"

"ဪ. . . ဪ"

သူတို့နှစ်ဦး စကားများ ဆက်ပြောကြသည်။ ထို့နောက် လျှင်မြန်

www.burmeseclassic.com

www.burmeseclassic.com





စွာ မိတ်ဆွေဖြစ်သွားကြ၏။ မိတ်ဖြစ်ဆွေဖြစ် အထိမ်းအမှတ်ဖြင့် ပန်းချီ ဆရာက သူ့တွင်ရှိသော ဆေးပေါ့လိပ်နှစ်လိပ်အနက် တစ်လိပ်ကို တိုက် သည်။ သူ ဆေးပေါ့လိပ် သိပ်မကြိုက်၊ သို့သော် ပန်းချီဆရာ စိတ်ကျေ နပ်စေရန် သောက်လိုက်သည်။

[ ၄ ]

တနင်္လာနေ့၊ ရုံးကို သူသွား၊ စားပွဲမှာ ထိုင်၊ ဘေးစားပွဲက လူက နှုတ်ဆက်၊ ရောက်ပြီလား၊ အင်း၊ စောတယ်နော်၊ ဟုတ်ကဲ့။ နွယ်နွယ် ထွန်းဟုအမည်ရှိပြီး သူမကိုယ်သူမ နွယ့်ကလေး. . . နွယ့်ကလေး. . . ဟု စကားထဲ ထည့်ပြောတတ်သော စာရေးမလေး ရောက်လာ၊ သူ့ကို ပြုံးပြ၊ သူက ပြန်ပြုံးပြ။ (ခက်သည်က သည်ကောင်မလေးကို သူ ကြိုက် နေသည်ဟု တစ်ရုံးလုံးက ထင်ကြသည်။ ကောင်မလေးကိုယ်တိုင်က လည်း ထင်နေရှာ၏။) ကောင်မလေးက သူ့ရှေ့ခုံတွင် ဝင်ထိုင်၊ စကား စပြော၊ ရောက်တာကြာပြီလား၊ စောစောကပဲ၊ လက်ဖက်ရည် သွား သောက်ကြရအောင်၊ ကောင်းသားပဲ၊ ရှင်က ဒကာခံမှာမို့လို့လား၊ ရှေ ့ တယ်၊ ရုံးကင်တင်းရောက်၊ စကားပြော၊ ဟိုရုပ်ရှင် ကြည့်ပြီးပြီလား ဟင့်အင်း၊ ဟိုရုပ်ရှင်ကော၊ အင်း၊ ကောင်းတယ်နော်၊ ဟုတ်တယ်၊ သိပ် ကောင်းတာပဲ၊ ဆေးလိပ်သောက်၊ စကားပြော၊ လက်ဖက်ရည်သောက် စကားပြော၊ ရေနွေးသောက်၊ ဟိုဝတ္ထုဖတ်ကြည့်ပါလား၊ သိပ်ကောင်းတာ ပြော်. . . ဟုတ်လား၊ စကားပြော၊ ရေနွေးသောက်၊ လက်ဖက်ရည် ဘက်၊ ပိုက်ဆံရှင်း၊ ရုံးပေါ်ပြန်တက်။

[ ၅ ]

ရုံးပိတ်ရက်ဖြစ်သဖြင့် ပန်းချီဆရာ၏အခန်းသို့ သူ သွားသည်။ နှင့် ပန်းချီဆရာတို့သည် ရက်သတ္တပတ်ပေါင်းများစွာကို ဆေးလိပ်ထဲ သို့လိပ်၍ နှစ်ဦးသဘောတူ သောက်ပစ်လိုက်ကြ၏။

"ဗိုမယ်. . . ပန်းချီဆရာ"

". . . ဟင်၊ ဘာတုန်း"

သူ့ကို လှည့်မကြည့်၊ ပန်းချီဆွဲနေရင်းက ခပ်လေးလေးအသံ ထူးသည်။

"ကျုပ်လည်း ပန်းချီဆွဲမယ်ဗျာ"

စကားမတုံ့ပြန်။ သည်လိုပင်. . . ပန်းချီဆွဲနေသည့်အခိုက်တွင် ချီဆရာသည် စကားပြောလေ့မရှိ။ သူလာမည်။ ထိုင်ကြည့်နေမည်။ ခါတစ်ရံ သူ ရောက်နေသည်ကိုပင် သိပုံမရ။ သူ ညောင်းလျှင် လျှင်. . . ထပြန်၊ ဒါပဲ။

"ခင်ဗျား အရင်က ပန်းချီဆွဲဖူးလို့လား"

"ဟင့်အင်း. . ."

ပန်းချီဆရာသည် သူ့စုတ်တံကို အစိမ်းရောင်ဆေးဗူးထဲသို့ နှစ်

www.burmeseclassic.com

www.burmeseclassic.com





လိုက်ပြီး ကင်းဗတ်စပေါ် တပြန်းပြန်းမြည်အောင် ရိုက်ပစ်လိုက်၏။ ပြီး ပြုံးမိသက်နေပြန်သည်။

"ကောင်းတယ်၊ အရင်က မဆွဲဖူးဘူး၊ အခု ဆွဲမယ်၊ အဲဒါ. . . ကောင်းတယ်"

ပန်းချီဆရာ၏ စကားအဆုံးတွင် ထိုင်ရာမှ သူ ထသည်။ ထို့နောက် ကင်းဗတ်စ၊ ဆေးဗူး၊ စုတ်တံများ သွားဝယ်၏။

[ ၆ ]

ရုံးမှ ခွင့်တစ်လယူပြီး သူ ပန်းချီဆွဲသည်(သို့မဟုတ်) ဆေးရောင်များနှင့် ဆော့ကစားသည်။ အကိုင်းမဲ့သစ်ပင်တွင် ငှက်တစ်ကောင် စောက်ထိုးနားနေပုံကို သူ ဆွဲသည်။ ရွှေယိုသီးတစ်လုံး၏ ထိပ်ဝတွင် လီဗာတစ်ခု တပ်ဆင်ထားပုံကို သူ ဆွဲသည်။ ကုလားထိုင်တစ်လုံးမှ အမြစ်များပေါက်ထွက်နေပုံကို သူ ဆွဲသည်။ ဘီယာဗူးခွံများဖြင့် ပြုလုပ်ထားသော တံခါးတစ်ပေါက်ပုံကို သူ ဆွဲသည်။ ဖတ်လက်စ စာအုပ်ပေါ် ဇွန်းနှင့်ခက်ရင်းတစ်စုံ ဖောက်ဝင်စိုက်လျက်သား ရှိနေပုံကို သူ ဆွဲသည်။ လူများ တွယ်ဖက်ကုတ်ကပ်နေကြသော အစုအပုံကြီးထဲသို့ တုတ်တစ်ချောင်း လျှိုသွင်းထားသည့် ရေခဲခြစ်ပုံကြီးတစ်ခုကို ဆွဲသည်။ ပါးစပ်ဟနေသော မိန်းမတစ်ယောက်၏ မျက်နှာကို လူတစ်ယောက်က ဘောလုံးဂိုးတိုင်ပိုက်များအကြား လုံးထွေးသွားအောင် ကန်ထည့်လိုက်ပုံကို ဆွဲသည်။ မြင်းတစ်ကောင် လက်ဖက်ရည်သောက်နေပုံကို ဆွဲသည်။

ကင်းဗတ်စများ မဝယ်နိုင်တော့သည့်အခါ ကြွေသိပ်မပါသော စက္ကူကတ်ထူပြားများဝယ်ပြီး ဘိုင်နာဆေးဖြင့် ဆွဲ၏။ စက္ကူများ ကုန်သော် ရုံပေါ်တွင် သဘော်ဆေးဖြင့် ဆွဲ၏။

တစ်လခန့်ကြာသောအခါ တစ်ကိုယ်တော် ပန်းချီပြပွဲလေးတစ်ခုကို သူ့အခန်းတွင် ကျင်းပနိုင်ခဲ့သည်။ ပြပွဲ၏အမည်ကို 'ပါးစပ်များ' ဟု ပေးလိုက်၏။ ကြွရောက်အားပေးချီးမြှင့်သည့် တစ်ဦးတည်းသော ပရိသတ်မှာ သူ့မိတ်ဆွေ ပန်းချီဆရာသာ ဖြစ်သည်။

"ကောင်းသားပဲဗျ၊ ခံစားလို့ ရပါတယ်"

အိမ်သာနံရံတွင် ရေးဆွဲထားသည့် နောက်ဆုံးပန်းချီကားကို ကြည့်ပြီးသွားသော ပန်းချီဆရာက ပြောသည်။ ထို့နောက် မျက်ခုံးများကိုကြုတ်၍ တစ်စုံတစ်ရာကို အတန်ကြာအောင် စဉ်းစားနေပြီးမှ. . .

"ဒါပေမယ့် တစ်ခုခု လိုနေသလိုပဲဗျ၊ ဘာလဲဆိုတာတော့ ခင်ဗျား ဘာသာ ခင်ဗျားမှပဲ သိမှာပဲ"

ပန်းချီဆရာ၏ မျက်နှာကို ဆတ်ခနဲမော့ကြည့်ပြီး သူ လက်ဖျောက်တစ်ချက် တီးလိုက်၏။ နောက်. . .

"ဟုတ်တယ်ဗျ၊ ကျုပ်လဲ အဲသလိုပဲ ခံစားနေရတယ်၊ ဒါကို ရှင်းပစ်ဖို့ လိုအပ်တယ် မဟုတ်လား"

"အသေအချာကို လိုအပ်တာပေါ့၊ ဒါနဲ့ နေစမ်းပါဦး. . . ခင်ဗျားရဲ့ Masterpiece က ဘယ်မှာတုန်း"

www.burmeseclassic.com

www.burmeseclassic.com



သူက ပခုံးတစ်ချက်တွန့်လိုက်ပြီး Masterpiece ဆိုတာ ဘာလဲဗျ. . . ဟု ပြန်မေးလိုက်၏။ ပန်းချီဆရာက ဆေးပေါ့လိပ်ကို မီးညှိဖွာရှိုက်၏

"လွယ်လွယ်ပြောရရင်ဗျာ. . . ပညာရှင်တွေ အုံချီးသွားလောက်မယ့် အားလုံးက အသိအမှတ်ပြုသွားလောက်အောင် ပြည့်ဝတဲ့၊ နောက်ပြီး. . . ဒီပန်းချီကားရေးဆွဲသူဟာ ဘာလဲဆိုတာကို အမိပ္ပာယ်ဖွင့်ပြသွားမယ့် လက်ရာမြောက်ပန်းချီကားကို ပြောတာပေါ့၊ ဒါပဲဗျ. . . ပန်းချီဆရာတိုင်းမှာ သူ့ရဲ့ Masterpiece ကို ဆွဲဖို့ တာဝန်အကြီးအကျယ်ရှိတယ်"

သူ ခေတ္တမျှ ကြောင်နေသည်။

ထို့နောက်. . . ကျယ်လောင်စွာ ရယ်မောပစ်လိုက်၏။

[ ၇ ]

သူ ရုံးပြန်တက်၏။ ထုံးစံအတိုင်း နွယ်နွယ်ထွန်း သူ့ရှေ့တွင် လာထိုင်သည်။ အလွန် အင်မတန် ဟောင်းနွမ်းနေသော ကောင်မလေး နွယ်နွယ်ထွန်း. . .။ ထိုင်သည်။ ကောင်မလေး. . .။ ဟောင်းနွမ်း. . .။

"ဒီအပတ် ပရိုမိုးရှင်းအော်ဒါမှာ ကျွန်မနာမည် ပါတယ်"

"ဪ. . ."

"ဟင်! ရှင့်လေသံကြီးကလဲ စိတ်မပါသလိုကြီး၊ ဘာလဲ၊ ကျွန်မအတွက် ဝမ်းမသာလို့လား"

မဟုတ်ပါဘူးဟု သူ ပြန်ဖြေလိုက်သည်။ စကားသံကို အထက်နိုင်ဆုံး သွက်သွက်လက်လက် ဖြစ်စေရန် အားထုတ်။



"တစ်ခုခု ကျွေးမယ်လေ၊ ပြီးခဲ့တဲ့တနင်္ဂနွေက တစ်ရုံးလုံးကို အိမ်မှာဖိတ်ပြီး အုန်းနို့ခေါက်ဆွဲကျွေးတာ အဲဒါ ရှင်တစ်ယောက်တည်း ကျန်နေတာပေါ့၊ နေ့လယ်ကျရင် အပြင်ထွက်ပြီး သွားစားကြရအောင်နော်"

ခေါင်းညိတ်လျှင် ကောင်းမည်လား။ နှုတ်က ဟုတ်ကဲ့ဟု ဖြေလျှင် ကောင်းမည်လားဟု သူ စဉ်းစားသည်။ စကားအားဖြင့်ဖြေလျှင် ပိုလေးနက်ရာရောက်မည်ဟု သူ တွက်၏။

ဟာ. . . နေဦး၊ ပြုံးပြ၊ အရင်ပြုံးပြဦးမှ။ ပြီးမှ. . . ဖြေ။

ထိုအစီအစဉ်အတိုင်း သူ လုပ်ဖြစ်သွား၏။

[ ၈ ]

နွယ်နွယ်ထွန်းနှင့်အတူ နေ့လယ်စာသွားစားပြီး ပြန်လာသောအချိန်တွင် ရုံးအဆောက်အဦးကြီးတစ်ခုလုံးသည် နဂိုနေရာတွင်ပင် ငြိမ်သက်စွာ ရှိမြဲရှိလျှက် နေသေးသည်။

သူ စားပွဲတွင် ပြန်ထိုင်သည်။ နွယ်နွယ်ထွန်းက. . . ရုံးအဆင်းကျရင် မသန်းအေးတို့၊ ရှယ်လီတို့နဲ့ ရုပ်ရှင်သွားကြည့်ကြဖို့ ချိန်းထားတာ ရှိသေးတယ်၊ လိုက်ဦးမလားဟု ခေါ်သည်။ သူ ခေါင်းခါပြလိုက်၏။ ဟောင်းနွမ်းမှုကို အကျီအသစ်တစ်ထည် ဝတ်မပေးလိုပါ။

www.burmeseclassic.com

www.burmeseclassic.com



[ ၉ ]

နှုဆင်းပြီး နောက်ထပ်သုံးနာရီကျော်မျှ ကြာသည့်တိုင် လမ်းပေါ်တွင် သူ ရွှေ့လျားနေဖြစ်သည်။ ကောင်းကင်သည် မထုတက်တော့ နေရာမှ တစ်ဆင့်တက်၍ တင်းတင်းမာမာ နက်မှောင်လာ၏။ မာကျူ မီးတွေ လင်းလက်။ အစစ်အမှန်ကောင်းကင်ကြီး မှောင်သွား။ သူ ရွှေ့ လျား။ အတုအယောင် မီးအလင်းတွေ ပိုတောက်ပလာကြ။ အိမ်ပြန်ဖြ သူ ရွှေ့လျား။

သူ ရွှေ့လျားနေသည့်လမ်းကြောင်းသည် ကမ္ဘာကြီးလည်ပ သော ဦးတည်ရာအရပ်နှင့် တစ်ထပ်တည်းကျသလား??? သို့မဟုတ် ဆန့်ကျင်သလား??? တစ်ပေရှည်သော မျဉ်းဖြောင့်တစ်ကြောင်းသည် ရီလေတစ်ဗတီဥပဒေသအရ မိုင်လေးဆယ်အလျားရှိ မျဉ်းကွေးတစ် ကြောင်း ဖြစ်သည်ဟု သူ ဖတ်ဖူး၏။ သူ၏အရွှေ့သည် ခြေတစ်လှမ်း လျှင် မိုင်တစ်ရာခန့် ခရီးပေါက်နေပါသလား? ခြေမလှမ်းဘဲ ရပ်နေလျှင် ကော စကြာဝဠာ၏နှိုင်းရအရွှေ့သည် သူ့အပေါ် သက်ရောက်ပါ့မလား။

ထိုအချက်ကို အဖြေထုတ်ရန် လက်ရှိရောက်နေသည့် နေရာတွင် တုံ့ခနဲ ရပ်ပစ်လိုက်သည်။ ထို့နောက် ရှေ့သို့ တစ်လက်မမျှ ရောက် မသွားစေဘဲ ရပ်မြဲနေရာ၌သာ ပြန်ကျစေရန် အထူးသတိထားပြီး ခုန်ဆွ ခုန်ဆွ လုပ်ကြည့်သည်။ နောက်မှ သူ၏အရွှေ့ကို 'နေ' ပေါ်မှ ထိုင်၍ ပေတံတစ်ချောင်းဖြင့် ထိုင်စောင့်တိုင်းတာပေးမည့်သူ မရှိကြောင်း



သတိရသွားသောကြောင့် ထိုစမ်းသပ်ချက်ကို လက်လျှော့လိုက်ရတော့၏။

ကိစ္စမရှိပါ။ သူသည် စကြာဝဠာနှင့်ချီ၍ တွေးဆအဆုံးအဖြတ် ပေးရလောက်သော အလုပ်ကို လုပ်မနေပါ။ သူသည် အလွန်သေးငယ် သော အမှုန်တစ်ခုသာ ဖြစ်၏။ သူသည် အရေး မပါပါ။ ထို့ကြောင့် သူ သည် စကြာဝဠာထဲမှ လွတ်မြောက်နေသည်။ မေ့လိုက်တော့. . .။ စကြာဝဠာကို ဘောင်းဘီအိတ်ထဲ ထည့်ယူလာစရာအကြောင်း မရှိ။

× × ×

ညဥ့်နက်. . .။ မှောင်ရိပ်ကျသော လမ်းသွယ်တစ်ခု၏ ထောင့် ချိုးကို ကွေ့ဝင်လိုက်သည်။ ဟိုး. . . ရှေ့ခပ်လှမ်းလှမ်းတွင် ရပ်ထား သော ဆလွန်းကားတစ်စီး၊ ကားဘေးတွင် လူသုံးယောက်။ ငြိမ်ငြိမ် သက်သက် ရပ်စကားပြောနေကြသည်တော့ မဟုတ်။

ယောကျ်ားနှစ်ယောက်နှင့် မိန်းမပျိုတစ်ယောက်. . .။

ယောကျ်ားနှစ်ယောက်က မိန်းမပျိုကို လက်မောင်းတစ်ဖက် တစ်ချက်ဆီမှ အတင်းဆွဲကာ ကားဆီသို့ခေါ်. . .။ မိန်းမပျို တွန်းထိုး၊ ရုန်းကန်၊ ထွန့်ထွန့်လူး၊ လူးလွန့်၊ ဆ. . . က. . . မ. . . ရ. . . ရ. . . နဲ . . . စ. . . အ။

နီးကပ်လာ၍ အသေအချာကြည့်လိုက်သောအခါ ထိုမိန်းမပျို ကို သူ မှတ်မိသွား၏။ . . . . . . . . . နွယ်နွယ်ထွန်း။

www.burmeseclassic.com



ရုပ်ရှင်မှအပြန်တွင် တစ်စုံတစ်ရာကြောင့် ခရီးဖင့်နေခဲ့ပြီး သည် သို့ ကြုံရခြင်းဖြစ်မည်ဟု သူ တွက်သည်။ ရုန်းကန်ရလွန်း၍ စိတ်ရော ရှားမောပန်းနေသော သူမ၏လည်ပင်းကို မြင်ရလောက်သည်အထိ ကပ်လာ. . .။ သူမက သူ့ကို မြင်သွား၏။ လှမ်းခေါ်ရန် ကြိုးစားသည်။ မျှော်လင့်ခြင်း၊ အားကိုးခြင်း၊ အသနားခံခြင်းတို့ဖြင့် ပစ်ပေါက်လိုက်သော သူ့မျက်လုံးကို ဟာရောက်ထိစင်သွားကြ၏။

သူ နောက်ပြန်လှည့်လိုက်၏။ အေးအေးဆေးဆေးပင် လျှောက်၍ လာရာလမ်းအတိုင်း ပြန်ထွက်ခဲ့သည်။ သူမကို ကူညီရန် အတွက် သူ့ကိုယ်သူ ကူညီရန်ပါ လိုအပ်လာသည်ဆိုပါက ထိုကိစ္စကို စွမ်းဆောင်ရန် သူ့တွင် အရည်အချင်း မရှိပါ။

အခြားလမ်းတစ်ခုဖြင့် သူ့တိုက်ခန်းဆီသို့ လျှောက်လာခဲ့သည်။

လမ်းလျှောက်ရင်း လေချွန်ရသည်မှာ အရသာရှိသည်ဟု သူ့ ငယ်ချင်းတစ်ယောက် ပြောဖူးသည်ကို အမှတ်ရလိုက်သောကြောင့် သူ သီချင်းတစ်ပုဒ်ကို လေချွန်လိုက်၏။

[ ၁၀ ]

မှောင်နေသောအခန်းငယ်ကလေး၏ ညာဘက်ထောင့်တွင် စာ ရေးစားပွဲတစ်လုံး ရှိမည်။ နောက်. . . အစိမ်းရောင်ပန်းအိုး၊ စာအုပ် စင်၊ ပြတင်းပေါက်၊ ပက်လက်ကုလားထိုင်၊ သောက်ရေအိုး၊ ဖျာအဟောင်း



ဘစ်ချပ်. . .။ ထို့ပြင် အချိန်အနည်းငယ်အထိ သစ်လွင်နေခဲ့ပြီးမှ ယခု ဟောင်းနွမ်းသွားပြီဖြစ်သော ဆေးရောင်စုံပါးစပ်များနှင့် နံရံ၊ ကင်းဗတ်စ၊ စုတ်တံ၊ ဆေးဗူး. . .။

အခန်းတံခါးဝကို တွန်းဖွင့်ဝင်လိုက်သည်။ မီးခလုတ်ကိုဖွင့်ပြီး ပက်လက်ကုလားထိုင်ဆီသို့သွားကာ ထိုင်ချလိုက်၏။ နောက်ထပ် ဘယ်တော့မျှ လှုပ်ရှားတော့မည်မဟုတ်ဟု ထင်မှတ်ရလောက်အောင် ကြာမြင့်စွာ သူ ငြိမ်နေပစ်လိုက်သည်။

× × ×

"နောက်ဆုံးပဲ. . ."

ဟု ရေရွတ်ကာ ထိုင်နေရာမှ သူ ထရပ်လိုက်သည်။

သူ့ခန္ဓာကိုယ်ကြီးကို ပက်လက်ကုလားထိုင်ပေါ်တွင် သည်အတိုင်း ထားရစ်ခဲ့သည်။ သူ တံခါးကိုဖြတ်၍ အပြင်ဘက်သို့ ထွက်၏။ (သူ့ခန္ဓာကိုယ်ကြီး ပက်လက်ကုလားထိုင်ပေါ်မှာ မလှုပ်မယှက်) သူ အောက်ထပ်ကို ဆင်းသည်။ ပန်းချီဆရာ၏ အခန်းတွင်းသို့ ဝင်ခဲ့၏။

အိပ်ပျော်နေသော ပန်းချီဆရာကို အတင်းလှုပ်နှိုး. . .။

လက်မောင်းကိုဆွဲခေါ်ကာ အပေါ်ထပ် သူ့အခန်းဆီသို့ နှစ်ယောက်သား ပြန်တက်ခဲ့ကြသည်။ အခန်းထဲရောက်သောအခါ ပက်လက်ကုလားထိုင်ပေါ်မှ သူ့ခန္ဓာကိုယ်ကြီးကို လက်ညှိုးညွှန်ပြပြီး. . .

www.burmeseclassic.com

www.burmeseclassic.com



"ဟဲဒါ. . . ကျုပ်ရဲ့ Masterpiece ပဲ ပန်းချီဆရာရေ့"

ပန်းချီဆရာက သူ့ကိုတစ်လှည့်၊ ပက်လက်ကုလားထိုင်ပေါ်မှ သူ့ခန္ဓာကိုယ်ကြီးကိုတစ်လှည့် ကြည့်ရင်း ကြောင်ငေးနေသည်။ ပါးစပ် အဟောင်းသား. . . ပန်းချီဆရာခမျာ. . .။

သူ အားပါးတရ ရယ်မောပစ်လိုက်သည်။

( အလွန်အရသာရှိသည်ဟု သူ့စိတ်ထဲ အောက်မေ့မိ၏ )

× × ×

သူ လမ်းလျှောက်သွားနေသည်။

သူ့ရောဂါကို ဆေးစစ်ခံရန် ဆရာဝန်ဆီသို့ သူ သွားနေသည်။

သူ. . . သွားနေသည်. . . ဆရာဝန်ဆီသို့. . . သူ့ရောဂါ. . .

?????????

သူ့ရောဂါကို ဆရာဝန်က 'ကင်ဆာ' ဟု အမည်တပ်လိုက်စေချင်သည်။ (ကင်ဆာတော့ ဟုတ်ချင်မှ ဟုတ်မည်) သို့သော်. . . သူကတော့ ကင်ဆာဖြစ်ရန် စိတ်အားထက်သန်မှုတစ်ခု အမှန်တကယ် ရှိသည်မှာ သေချာ၏။

(၁၉၉၆)

❑



# ကျောရိုးမဲ့တဲ့စိတ်နဲ့ဆောင်း

(ရန့်သစ်)

[ ၁ ]

ဆောင်းဥတုကို ငါ တွန်းဖွင့်လိုက်တယ်. . .

နှင်းပွင့်တွေကြားမှာ. . .

. . . ငယ်ငယ်တုန်းက အိပ်မက်တွေ ပြန်တွေ့လေမလား!!!

အလွမ်းက အခါးပေါ့နေလိုက်တာကွယ်. . .

ဒီဇင်ဘာညနေခင်းတစ်ခု၏ အလယ်ခေါင်တည့်တည့်တွင် သူ ရပ်နေမိလျက်သား ဖြစ်နေသည်ကို သတိပြုမိသွား၏။ မဲရိုးခရစ္စမတ် ဟူသောအသံတွေကို ကြားရသည်။ ထင်းရှူးပင်ပုပုကလေး အပေါ်တွင်

www.burmeseclassic.com

www.burmeseclassic.com



နှင်းတုတွေ အဆုပ်လိုက်အဆုပ်လိုက် ဖျန်းပက်ထားသည်ကို မြင်ရသည်။ ရောင်စုံမီးလုံးသေးသေးကလေးများ၊ ဟော်လိုဂရမ်တာသံများ၊ ရွှေရောင် ငွေရောင်လက်ပသော ပိုးကြိုးမျှင်စများ၊ နာကျင်တသ လွမ်းဆွတ်ရခြင်း တစ်ဝက်၊ ချိုမြိန်ခြင်းတစ်ဝက်ဖြင့် ရင့်မှည့်သော သစ်သီးများ၊ ခရမ်းရောင်ရနံ့များ၊ ရုပ်ဖျက်ထားသော အတိတ်များ၊ ကကြိုးတန်ဆာ ဆင်ယင်ထားသော အမုန်းလှလှများ၊ မစဖြစ်သေးသောအစများနှင့် မဆုံးဖြစ်သေးသော အဆုံးများကို တွေ့ရသည်။

သူသည် အမှန်တကယ်ပင် ဒီဇင်ဘာညနေခင်းတစ်ခု၏ အလယ်ခေါင်တွင် ရောက်ရှိနေလေသည်။

[ ၂ ]

အနွေးထည်ကို သူ ကောက်ဝတ်လိုက်၏။ ဝတ်ပြီးမှ စိတ်ထဲ တစ်မျိုး ဖြစ်လာသည်။ ဘာလိုနေလို့လဲ. . .၊ တစ်ခုခုလား. . . ဟင့်အင်း။ ချက်ချင်းပင် သူ အိုက်စပ်စပ် ဖြစ်လာ၏။ ဟုတ်တာပေါ့ ရာသီဥတုက အေးမှ မအေးတာဘဲ၊ ဘာလို့ အနွေးထည် ဝတ်နေမလဲ။

သူ အနွေးထည်ကို ပြန်ချွတ်မည်ဟန်ပြင်ပြီးမှ နှမြောတသလို ခံစားရပြန်သည်။ တကယ်ဆို ဒီဇင်ဘာဆောင်းဟာ အနွေးထည် ဝတ်ထားမှ ပြည့်စုံသလိုမျိုးပဲ။ ဟုတ်တယ်. . . အရင်တုန်းကတော့ ဟုတ်တာပေါ့။ အရင်တုန်းကတော့ ဒီဇင်ဘာဆောင်းသည် စိမ့်နေအောင် အေးခဲ့သည်။ ယုန်မွေးဆွယ်တာဖြူဖြူများ၊ မာဖလာများ၊ သိုးမွေးခေါင်းစွပ်များကြားထဲအထိ ရေခဲလေအေးအေးက တိုးဝင်၏။



ချစ်သူ၏လက်ဖဝါးမှာ သွေးကြောနီနီကလေးတွေ အအေးဓာတ်ကြောင့် ပျောက်သွားလေမလားဟုတွေးကာ ခဏခဏ ကိုင်ကြည့်ရသည်။ သူ ချမ်းနေရှာမှာပဲလေဟုတွေးကာ လက်ဖဝါးကို ကိုယ့်ပါးမှာတင်ပြီး ကိုယ်ငွေ့ဖြင့် အနွေးကင်ပေးရသည်။ ချစ်သူ၏နှာသီးဖျားမှာ တွဲလွဲလာခိုနေသော နှင်းစက်ကလေးကို ခွင့်တောင်းကာ အသာအယာ သုတ်ပေးရသည်။ လေထဲမှာ အဖြူရောင်ရေခဲမှုန်တွေလို မြင်ရအောင် ပါးစပ်ဟကာ လေငွေ့တဟူးဟူးမှုတ်ထုတ်ကာ ကစားကြရသည်။

အခု အဲဒါတွေ ဘယ်မှာလဲ. . .။ အဆုပ်ထဲမှာ လေပူငွေ့တွေသာ ခိုအောင်းနေသည်။ 'အတွင်းအိုက်' အိုက်နေသည်ဟု ခံစားရ၏။ နုဖပ်ဖြူဆွတ်သော နှင်းပွင့်တွေ ဘယ်မှာလဲ. . .၊ လေထဲက ရေခဲရနံ့တွေက ဘယ်မှာလဲ၊ သံမဏိရောင် အပြာမွဲမွဲနဲ့ နူးညံ့တတ်တဲ့ ညနေတွေ ဘယ်မှာလဲ. . .။

သူ မှားယွင်းစွာ ရှာဖွေနေသည်။ မြစ်ကမ်းနံပါးမှာ နာရီကို ရှာဖွေနေသော ထာဝရဘုရားသခင်နှင့်ဆုံလျှင် ပြောဖြစ်အောင်ပြောလိုက်ပါ။ ပျောက်နေတာတွေ အများကြီးပဲ. . . လို့။ ဒိုင်ဩဂိုနိစ်အတွက် လက်နှိပ်ဓာတ်မီးတစ်လက် ရှာပေးလိုက်ပါဦးမည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့စိတ်ကူးတွေ နှောကျင်နေ၏။ စိတ်နာတယ်ဆိုတာ ဒါကိုခေါ်တာလား။ အဝါရောင်ပန်းဖွားများနှင့် ကကြိုးဆင်ယင်ထားသော မြင်းမြှူတစ်ကောင်၏ ကျောပေါ်တွင် သူမကို မြင်လိုက်သည်။ အလွမ်းသစ်ပင်တွင် ခရမ်းရောင်အပွင့်များ ပွင့်နေ၏။ စိတ်တထင့်ထင့်နှင့် ကြည့်နေစဉ်မှာပင် မြေပြင်တစ်ခုလုံး ခရမ်းရောင်ဖုံးသွားသည်။ သေဆုံးသွားပြီးသော အကြည့်များ ပြန်လည် ပူနွေးလာကြပြီ။ အသံတိုးတိုး ခပ်တုန်တုန် ရယ်သံကြားရသည်။ ငါ့ကို မထားခဲ့ပါနဲ့. . . ငါ့ကို မထားခဲ့ပါနဲ့။

မြုန်းစားကြီး အိပ်မက်မှ လန့်အနိုးတွင် နိုးချည့်ရင်မောစွာ ကြောင်စိစီ ဖြစ်နေရ၏။ ခွေးဟောင်သံ ကြားရသည်။ **ဟောင်လွန်းသော ခွေး လူမလေးဆိုသော စကားကို သတိရ၏၊ လူမလေးစားရှဲလောက်က တော်သေးတာပေါ့ဟု သူတွေး၍ စိတ်ကို ဖြေလိုက်၏၊ ကိုက်လွန်းသောခွေးဆိုရင် ဘာဖြစ်သွားမလဲ? ရိုက်သတ်ကြမှာပေါ့။ ပိုဆိုးသွားနိုင်သည်။ နေပါစေ. . . ဟောင်နေတာပဲ ကောင်းပါတယ်။**

[ ၃ ]

နှင်းပွင့်တွေ စီးဆင်းသော စမ်းချောင်းကလေးနံဘေးမှာ သူ ရပ်နေသည်. . .။



သူနှင့် သူ့အရိပ်သာ ရှိသည်။

တစ်ယောက်တည်းပါ။ ဘယ်သူမှ ပါမလာဘူး။

**ဆရာ အခေါ်ခံချင်လွန်းသူများကို ဆိုက်ကားနင်းစားဖို့ ထားရစ်ခဲ့ပြီ၊ ဆိုက်ကားသမားဖြစ်လျှင်လည်း ဆရာအခေါ်ခံရတာပဲ မဟုတ်ဘူးလား။** သွားကြပေဦးတော့။ မှုန်ရီဖျော့ဖျော့ သတိရခြင်းများထဲမှာ သူတို့အတွက် နေရာမပေးချင်ပါ။ **လွမ်းစရာဆိုသည်မှာ မုန်လာပင်လို မြေကြီးထဲတွင်ဥသော အမျိုးအစား ဖြစ်သည်၊ သူ့တစ်ကိုယ်လုံး နစ်နေခဲ့ရတာပါ။**

သူ့တစ်ကိုယ်လုံး နစ်နေခဲ့ရတာပါ။ အဝါရောင် ခွဲပျစ်ပျစ်နဲ့ နေထိုင်မကောင်း ဖြစ်ခဲ့ရတဲ့အထိ ကော့ညွှတ်နက်စိုသော ပျက်တောင်အဖျားမှာ ရွှေရောင်ဝတ်ဆံ၊ ဝတ်မှုန်တွေအကြားမှာ၊ သစ်ကိုင်းပေါ် နားနေတဲ့ ငှက်တစ်ကောင်ရဲ့ ရင်အုပ်မွေး နုနုကလေးတွေအကြားမှာ၊ မြက်ပင်ရှည်တွေ အကြားမှာ၊ စမ်းချောင်းကလေးရဲ့ အနားမှာ၊ မှုန်ဝါးဝါး အိပ်မက်တွေ အကြားမှာ. . .၊ အဲဒါပါပဲ။ သူ နစ်နေခဲ့သည်။

သူ နစ်နေခဲ့သည်။ ဘယ်လောက်ပင် နစ်နစ် သူကတော့ သူ့ကို ဆွဲနှစ်ထားသော အရာအားလုံးကို မြတ်နိုးသည်။ ချစ်သည်။ လို့အပ်တာ ဒါပဲ မဟုတ်လား။ သူ ချစ်ပါသည်။ ကောင်းကင်ကြီးကိုလည်းကောင်း၊ သက်တံ့တို့ကို လည်းကောင်း၊ ပန်းပွင့်များနှင့် စမ်းချောင်းကိုလည်းကောင်း သူ ချစ်သည်။ အင်ဒရူးဝိုင်းယက်၏ ပန်းချီကားများကို

www.burmeseclassic.com

www.burmeseclassic.com



ချစ်သည်။ နောက်ပြီး. . . ခွေးစုတ်ဖွားကလေးကို ချစ်သည်။ တီဗီ ကြော်ငြာမှာ ပြောင်စပ်စပ်လုပ်သော ကောင်မလေးကို ချစ်သည်။

ကောင်းကင်၊ သက်တံ့နှင့် ပန်းပွင့်တွေကိုတော့ ထားလိုက်ပါ တော့။ သူတို့က လောကကြီး၏ ပြည့်စုံပြီးသား သဘာဝတရားများ ဖြစ် ကြသည်။ မြတ်နိုးစွာ ချစ်ပါ။ ထပ်မံ ဖြည့်စွက်စရာ မလို၊ ပြင်ဆင်စရာ မလို။ . . .။ ပန်းချီကားများနှင့် ကဗျာများကတော့ လူ့ယဉ်ကျေးမှု၏ သူရဲကောင်းရုပ်တုများ ဖြစ်ကြသည်။ လေးစားကြည်ညိုစွာ ချစ်ပါ။ . . .။ ခွေးစုတ်ဖွားကလေးကတော့ ဘာမှမဟုတ်။ သူ့အသွင်အပြင်အရ ချစ်စရာကောင်းသောကြောင့် ဘာမှ ထွေထွေထူးထူး စဉ်းစားနေစရာ မလိုဘဲ သာမန်ကာလျှံကာ ချစ်ပစ်လိုက်ခြင်းသာ ဖြစ်၏။ (အဲဒါ ခွေး အမေကြီးက ခဲခဲယဉ်းယဉ်း ဖန်တီးထားရတဲ့ အနုပညာလည်း ဟုတ်မှ မဟုတ်ပဲလေ)

တီဗီကြော်ငြာက ပြောင်စပ်စပ်ကောင်မလေးကကော. . .။ အဲ . . . သူလည်း ဘာမှမဟုတ်။ ချစ်စရာကောင်းလို့ ချစ်တာဆိုရုံလေးပါပဲ။ သူ့ကိုလည်း ခွေးစုတ်ဖွားလေးနဲ့ အတူတူ ထားပေးလိုက်ကြပါ။ အနု ပညာဆိုတာ လှကြိုက်လို့ကောင်းရုံလုပ်တာ မဟုတ်မှန်း သိပါစေ. . .။

[ ၄ ]

အလွမ်းတွေက ဥသြဆွဲလိုက်တော့
ငါတစ်ကိုယ်လုံး ရထားတွဲကြီး ဖြစ်သွားတယ်. . .



ဘယ်ဘူတာမှာ ရပ်နားရမှာလဲ. . .
လမ်းတွေထဲ ယျောက်ယျောက်သွားရင်း
ငါနာမည် ခေါ်သံကြားမလားလို့ နားစွင့်နေမိတယ်. . .။

[ ၅ ]

ဒီဇင်ဘာညနေ အိပ်မက်မှ ပြန်းခနဲ လန့်နိုးလာသောအခါ မီးမပေါ်တွင် သူ တောင့်တောင့်ကြီး ရပ်နေမိဆဲ ရှိသေးသည်။ စိတ် တွ မကြည်လင်သေး၊ ညနေက ပူအိုက်နေဆဲ။ သူ သည်းမခံနိုင်တော့ သာကြောင့် ဝတ်ထားသော အနွေးထည်ကို ချွတ်ပစ်လိုက်၏။

ဘာဖြစ်လို့ ဟောဒီဆောင်းဟာ ဒါလောက်တောင် ပူအိုက်နေရ တာလဲ? နှင်းမြူတွေလည်း မဝေ၊ သဇင်တွေလည်း မပွင့်၊ အား. . . ဘာ နဲ့လဲဟ!!! ညက မီးရောင်အောက်တွင် မိတ်ကပ်ချယ်လိမ်းကာ ထိုင် သိမ်းအင်္ကျီ၊ ဗလာထမီနှင့် လှပသည်ဟု ထင်ခဲ့သော ရွှေမင်းသမီး စ်ပါးကို နောက်တစ်နေ့ နေ့လယ်တွင် မျက်နှာအပြောင်သား၊ ပိတ် မ်းအင်္ကျီ၊ ချည်ထမီနှင့် မြင်ရ၍ စိတ်အပျော်ကျသွားသလိုမျိုး ခံစားရ ည်။ သည်နှစ်ဆောင်းကို သူ သည်လိုပင် ခံစားရ၏။ ဟိုး. . . ငယ်ငယ် န်းက ဆောင်းကတော့ အတိတ်ဇာတ်ခုံပေါ်က ရွှေမင်းသမီးတစ်ပါး ါကွယ်။ အခုတော့. . .။

www.burmeseclassic.com

www.burmeseclassic.com



အခုတော့ ဆောင်း ဘာဖြစ်သွားတာလဲ??? အယ်နီညိုကြောင်း လား? ဟုတ်နိုင်ပါသည်။ သူကတော့ ရေနွေးစီးကြောင်းတွေအကြောင်း ကောင်းကောင်းမသိ၊ ပထဝီလည်း မသင်ဖူး။ ကမ္ဘာကြီးလုံးသည် ဆိုခြင်း ကိုပင် သူများပြောသံကြားမှ သိသည်။ ယခုအချိန်အထိ လက်ခံ ကောင်းနိုး၊ လက်မခံရ ကောင်းနိုး ဖြစ်နေဆဲ ရှိသေး၏။ ကဲ...ခြော ကမ္ဘာကြီးလုံးတာ ဘယ်သူ မြင်ဖူးလို့လဲ၊ ရပ်ကွက်ထဲမှာ လိုက်မေးကြည့် တော့လည်း တစ်ယောက်မှ မြင်ဖူးသူ မရှိ၊ သည်ကိစ္စကို မျက်မြင်သက် သေနှင့်မှ လက်ခံရကြေးဆိုလျှင် မခက်တုန်ဘူးလား၊

တစ်ခါတစ်ခါ အချို့ကိစ္စများသည် အတော် ပြောရခက်ပါ သည်။ ကမ္ဘာကြီးလုံးတာ မမြင်ဖူးလို့ လက်မခံချင်ဘူးဆိုသူတွေကို ခေါ် ကာ ဥမ္မာဒန္တီပျို့ကို ဖတ်ပြချင်သည်။ ဥမ္မာဒန္တီပျို့ကိုရေးသော မဟာ မင်းလှကျော်ခေါင်သည် သူကိုယ်တိုင် ဥမ္မာဒန္တီကို မမြင်ဖူးပါ။ ကဲ... သူရေးတာကျတော့ လက်ခံသလား...။

လက်ခံတယ်ဆိုတာကကော ဘာလဲ? 'လက်' ဖြင့် 'ခံ' ခြင်း မဟုတ်တာတော့ သေချာပါသည်။ စိတ်ဖြင့် အတည်ပြုသောကိစ္စရပ်ကို ဖော်ပြသည့်စကားရပ်တွင် 'လက်' ဆိုသော ဝေါဟာရကြီး ပါနေသည် ကို စဉ်းစားကြည့်ကြပါ။ ဘာမှလည်း မဆိုင်။ အူကြောင်ကြောင်နှင့် စကားလုံးများသည် အတော် ကမောက်ကမနိုင်ပါသည်။

အမေရိကားမှ ပြန်လာသော မိတ်ဆွေတစ်ယောက်က......



တ်ချက် ။ ။ ထိုမိတ်ဆွေသည် အညာသား မြန်မာစစ်စစ် ဖြစ်ပါ ည်။)

"မင်းတို့ ဆောင်းတွင်းကလည်း ပူလိုက်အိုက်လိုက်တာကွာ၊ ငါ သူငယ်ချင်းတွေစုပြီး ချောင်းသာဖြစ်ဖြစ်၊ ငပလီဖြစ်ဖြစ် သွားရအောင်၊ င်လယ်ရေကို ကြည့်နေရရင် ဘယ်လောက်ကောင်းမလဲ။ မင်းတို့ စ်ယောက် တစ်သောင်းစီပဲ ထည့်၊ ကျန်တာအားလုံး ငါ စိုက်ပါ့မယ်"

ဘုရား... ဘုရား... တစ်သောင်းတဲ့...။ ထိုမိတ်ဆွေကို လားထိုင်မှာ ကြိုးဖြင့်တုတ်ထားပြီး တစ်နေ့လုံး စိမ်ပြေနပြေ နားရင်း က်ချင်စိတ် ပေါ်လာသည်။ 'တစ်သောင်း'...တဲ့။ 'ပင်လယ်ရေ ကြည့် င်လို့'...တဲ့။ (ဤစာဖတ်မိသူများထဲမှ တစ်ယောက်ယောက် ပင် ယ်ကမ်းခြေဘက် ရောက်ဖြစ်လျှင် အုန်းမှုတ်ခွက်တစ်ခွက်စာလောက် ခ်ယူလာပေးပါ။ ပင်လယ်ရေကို ကြည့်ချင်သည်ဆိုသော ထိုမိတ်ဆွေ ို ပြရန် ဖြစ်ပါသည်။

မည်သို့ပင် ဖြစ်စေ...

အယ်နီညိုကို နားလည်လည် မလည်လည် လက်ခံသည်ဆိုသော ဝေါဟာရကို ကမောက်ကမ ဖြစ်ဖြစ် မဖြစ်ဖြစ် ပင်လယ်ရေကို သွားကြည့် န် ပိုက်ဆံတစ်သောင်း ရှိရှိ မရှိရှိ၊ မည်သို့ပင် ဖြစ်စေ...

ထိုမိတ်ဆွေ ပြောသည့်အတိုင်း ဆောင်းကတော့ တကယ်ပင် ဆောင်းနှင့်မတူကြောင်း သူ လက်ခံလိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



[ ၆ ]

နေရိပ်လာမှာကို နေပူကစောင့်ရတယ်ဆိုသော စကားပုံကို သူ ကြားဖူး၏။ သို့သော် သူ ရပ်စောင့်နေသောနေရာသည် သဲကန္တာရ ဖြစ်နေသည်။ သူ မည်မျှစောင့်စောင့် နေရိပ်က မလာပါ။ ပင်လယ်ရေကို ကြည့်ချင်သော အမေရိကပြန်မိတ်ဆွေက သူ့နံဘေးမှ ဖြတ်သွား၏။

ထိုမိတ်ဆွေက ထီးတစ်လက်ဆောင်းထားသည်ကို သူ မြင်မြင်အောင် မြင်လိုက်သည်။

"နေရိပ်လိုချင်ရင် ထီးတစ်လက် ဝယ်ရတယ်ကွ"

ဟု သူ့ကို လှမ်းအော်ပြောသွားသည်။

[ ၇ ]

အလင်းမရှိတဲ့ နေရာမှာ ငါ့ကို စိုက်ပျိုးပါကွယ်။

ဆိပ်ဖုလူးပန်းရန့်တွေ လေထဲမှာ မသင်းပျံ့ မဝေ့ဝဲ။ မြေကြီးထဲ တိုးဝင်ကုပ်တွယ်နေသော သစ်မြစ်တွေမှာ နှင်းရည်စိုသော သဲမှုန်တွေ လူးမနေ၊ တံစက်မြိတ်အစွန်း ဖောက်တည့်တည့်ကမြေမှာ နှင်းကျရာ ချိုင့်ခွက်နေသည်များကို မမြင်ရ၊ စိမ်းမြသောသစ်ရွက်တို့အကြားတွင် လိမ္မော်ရောင်အရှက်တစ်ခု ပုန်းခိုနေ၏။ မြက်ပင်ရှည်ရှည်တွေ အဖျားမှာ ပုဇဉ်းရင်ကွဲတစ်ကောင် နားနေသည်။ မိုးချုပ်တော့မည်လား၊ မိုး မချုပ်သေးဘူးလား။ ပါးလျားနူးညံ့သော အလှတရားကို ပတ္တမြားရဲ့



တိုက်ဖြင့်ထားကာ ပူဇော်ပါမည်။ ပိုးချည်မျှင်သက်သက်ဖြင့် ဆောင်းကို ရက်လုပ်ပေးကြပါ။ လာသူတွေလည်း လာကြ၊ သွားသူတွေလည်း သွား ကြပေါ့။

[ ၈ ]

လက်မှနာရီကို ကြည့်လိုက်တော့ ခြောက်နာရီသာသာပင် ရှိသေးသည်။ အပြင်အပမှ ဝန်းကျင်ခပ်သိမ်း မှောင်မိုက်နေပြီ။ ဘတ်စ်ကားမှတ်တိုင်မှာ ရပ်နေသူအချင်းချင်းပင် လူလုံးမကွဲချင်တော့။ သူ့နှုတ်မှ လွတ်ခနဲ ညည်းလိုက်သည်။

"အစောကြီးပဲ ရှိသေးတယ်။ မှောင်လှချည်လား။ ခုနှစ်နာရီလောက် အောက်မေ့တာ"

သူ့ဘေးနား ရပ်နေသည့်မိတ်ဆွေက. . .

"ဆောင်းတွင်းလေဗျာ၊ နေ့တာတိုတာကိုး၊ အဲဒါကြောင့် စောစောမှောင်တာကိုး"

ဟု ပြန်ဖြေ၏။

သူ့ရင်ဘတ်ထဲက နှလုံးသားသည် လေနှင့်ထိသည့်အော်လို ခြောက်သွေ့သွားပြီ။

www.burmeseclassic.com

www.burmeseclassic.com



[ ၉ ]

နုဖပ်ဖြူဆွတ်သော နှင်းပွင့်တွေ၊ လေထဲက ရေခဲနှင့်တွေ၊ ယုန်မွေး ဆွယ်တာဖြူဖြူတွေ၊ အဝါရောင် ဝတ်ဆံဝတ်မှုန်နဲ့ ပန်းပွင့်တွေ၊ သိုးမွေး ခေါင်းစွပ်နဲ့ ချမ်းလွန်းလို့ တုန်နေတဲ့ချစ်သူရဲ့ လက်ဖဝါးနုနုတွေ၊ မြောက် ပြန်လေက သယ်ပွေ့လာတဲ့ ခရမ်းရောင်ဖော့ပ်မက်တွေ. . . အားလုံး အားလုံး မြတ်နိုးစရာကောင်းတာတွေ အားလုံး ပျောက်ရှဆုံးပါး သွား ပြီ. . .။

ဆောင်းနဲ့တူတာဆိုလို့. . .

အမှောင်စောတာ တစ်ခုပဲ ရှိတော့တယ်. . .။

(၁၉၉၇)

❑



# ကျွန်းမျောစိတ်

(မြားနတ်မောင်)

[ ၁ ]

နွားကွဲလျှင် ကျားဆွဲတတ်သည်ဟူသည့် စကားပုံ၏ အဓိပ္ပာယ်သည် နွားများ စုစုစည်းစည်း နေထိုင်ရန်လိုအပ်ကြောင်း နားလည်သလိုလိုရှိသော်လည်း ခြံထဲတွင် တစ်စုတစ်ဝေးတည်း လှောင်ထားသော နွားများ အဘယ်ကြောင့် သားသတ်ရုံသို့ ရောက်သွားရသနည်းဆိုသည့် ကိစ္စကိုမူ ကျွန်တော် စဉ်းစား၍ မရပါ။ အချို့ကိစ္စများတွင် စုစည်းခြင်း၊ မစုစည်းခြင်းသည် အမဲသားဖြစ်ခြင်း မဖြစ်ခြင်းနှင့် သိပ်မဆိုင်လှဟု ကျွန်တော် ထင်သည်။

x x x

www.burmeseclassic.com

www.burmeseclassic.com



သင်ကော. . .။ သင့်ကိုယ်သင် သားသတ်ရုံသို့ပို့ရန် ခြံထဲတွင် အလှောင်ခံထားရသည့် နွားတစ်ကောင်အဖြစ် စိတ်ကူးယဉ်ကြည့်ခဲ့ဖူး သလား။ ကျွန်တော်ကတော့ စိတ်ကူးယဉ်ကြည့်ခဲ့ဖူးသည့်အကြောင်း (အကယ်၍ သင်ခွင့်ပြုမည်ဆိုလျှင်) ပြောပြချင်သည်။

ကံကြမ္မာဆိုသည်မှာ အမဲသားဆိုင်တစ်ဆိုင် ဖြစ်နေနိုင်သည် 'ကံကြမ္မာ၏အရှင်သခင်' ဆိုသူမှာလည်း အမဲအူ အသည်းနှလုံး ရောင်းသည့် တေတိတစ်ယောက် မဟုတ်ကြောင်း ဘယ်သူကမှ အာမခံ ခြင်း မရှိဘူး မဟုတ်လား !!!

[ ၂ ]

'ကံကြမ္မာ၏ အရှင်သခင်' ဖွင့်ထားသော ဆိုင်ရှေ့တွင် ကျွန်တော် အပါအဝင် နွားအတော်များများ စုရုံးနေကြသည်။ ထိုဆိုင်က ကျွန်တော် တို့အတွက် 'မြက်' ရောင်းပေးမည်ဟု သတင်းကြားထားသောကြောင့် ၏။

နေမြင့်လာသည်နှင့်အမျှ ဆိုင်ရှေ့မှ နွားအုပ်က တစ်စထက်တစ် ပိုများလာသည်။ အတော်ကြီး နောက်ကျပြီးမှ မြက်ရောင်းပေးမည့်သူ ရောက်လာ၏။ ( 'ကံကြမ္မာ၏ အရှင်သခင်' က ကိုယ်စားလှယ် လွှတ်ထိုး သူဟု ဆိုသည်။) ထိုသူက. . .

"အခုအချိန်ကစပြီး မြက်များကို ရောင်းချပါတော့မယ်၊ တန်း ကြပါ၊ အားလုံးတန်းစီကြပါ"



နွားများအားလုံး ရုတ်ရုတ်သဲသဲ တိုးတိုးဝှေ့ဝှေ့ ဖြစ်သွားကြသည်။ နောက်. . . ဆိုင်ရှေ့တွင် တန်းစီလိုက်ကြ၏။ နွားတန်းကြီးက အတော် ရှည်လျားသည်။ ကျွန်တော်နှင့် ကျွန်တော့်မိတ်ဆွေ နွားတစ်ကောင်တို့က နောက်ဘက်ခပ်ကျကျတွင် နေရာရ၏။ ကိုယ့်အလှည့်ရောက်ဖို့ရန် ကြာ မြင့်စွာ စောင့်ဆိုင်းရပေဦးတော့မည်။

တဖြည်းဖြည်း မွန်းတည့်စပြုလာသည်။ ပူရဲသော နေရောင် အောက်တွင် နွားများ၏ ကျောကုန်းပြောင်ပြောင်မှ ရောင်ပြန်ဟပ်ကာ တံလျှပ်များ ထနေပုံသည် သဲကန္တာရဆန်လှသည်။ နွားတန်းကြီးက ရှေ့ လျားသည်ဆိုရုံသာ ရွေ့လျားကာ ရှေ့သို့ တအိအိတိုးနေ၏။

ကျွန်တော်တို့ စိတ်မရှည်တော့။

. . . . . . . . .

အချိန်က မွန်းလွဲသွားပြီ၊ နွားတန်းကြီးက နဂိုနေရာမှာ သိပ်မရွေ့ လှသေး။ နေပူရှိန်က လောင်မြိုက်လိုက်သောကြောင့် နွားများ၏ ကျော ကုန်းပေါ်မှ အမွေးများ မီးကျွမ်းသွားသလို ညှော်နံ့မျိုး ထွက်လာသည်ဟု ပင် ထောက်မေ့ရ၏။ ကျွန်တော့်သူငယ်ချင်းနွားက တောက်တစ်ချက် ခေါက်လိုက်ပြီး. . .

"ဒီလိုသာသွားနေရရင် ဒီနေ့တစ်နေ့လုံးအဖို့ မြက်စားရတော့မှာ မဟုတ်ဘူး"

"စိတ်ရှည်ရှည်ထားပါကွာ၊ ငါတို့အလှည့် ရောက်လာပါလိမ့်မယ်"

ကျွန်တော်က ဖြေသိမ့်လိုက်၏။

× × ×

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် မြက်ရောင်းသူက ဆိုင်ရှေ့သို့ထွက်လာပြီး ဆိုင်းဘုတ်တစ်ခု ချိတ်ဆွဲလိုက်၏။

"မြက်များကို ဒေါ်လာဖြင့်သာ ရောင်းမည်"

ဟာ. . . ဘယ်လိုဖြစ်သွားရတာလဲ၊ ဒါ. . . အဓိပ္ပာယ်မှမရှိတာဘာလဲ. . .-ဒေါ်လာ. . . မကြားဖူးဘူး၊ ဒီကောင် လူတွေရဲ့အတု ခိုးနေပြန်ပြီ။ သောက်ရူး. . .၊ ဒီကောင့်မြက်က ဘာမှပိုထူးလာတာ မဟုတ်ဘဲနဲ့၊ . . . သက်သက်ကြီးကျယ်တာ၊ ဟေ့ ဦးနှောက်မရှိတဲ့ကောင်ရဲ့. . . ဆိုင်းဘုတ်ပြန်ဖြုတ်၊ အရူး. . .၊ ဟေ့ကောင် ငပေါ၊ ဒေါ်လာနဲ့ ရောင်းတဲ့ဟာ အလိုမရှိ၊ လူတွေရဲ့အကျင့် အလိုမရှိ. . .။

နွားများ ဝရုန်းသုန်းကား ဖြစ်သွားကြ၏။ တိုးတိုးတစ်မျိုး၊ ကျယ်ကျယ်တစ်မျိုး ပြောနေသောအသံများ ရောနှောရှုပ်ထွေးကာ တဝူးဝူးတဝုန်းဝုန်း မြည်ဟိန်းနေသည်ကိုလည်း ကြားရ၏။ ကျွန်တော့်သူငယ်ချင်း နွားက ပြုန်းခနဲ တန်းစီနေရာမှ ထွက်လိုက်ကာ မြက်ရောင်းသူကို လှမ်းအော်ပြောလိုက်သည်။

"ဟေ့ကောင်. . . ငါတို့ တန်းစီနေတာ ကြာလှပြီကွ၊ အခုထက်ထိလည်း မြက်မစားရသေးဘူး၊ ဒီကြားထဲ မင်း ဆိုင်းဘုတ်ကြီးက ဘာဝင်ရှုပ်တာလဲ၊ အဓိပ္ပါယ် မရှိတာ. . . အခု ပြန်ဖြုတ်"

မြက်ရောင်းသူက အေးအေးဆေးဆေးပင်. . .

"သည်းခံပါခင်ဗျာ. . .၊ လိုချင်တဲ့သူ များလာပြီဆိုရင် ပစ္စည်းကို ဈေးတင်ရတာ ထုံးစံပါပဲ"



ကျွန်တော့်သူငယ်ချင်းနွားက ဒေါသတကြီးဖြင့်. . .

"အေး ဒီကိစ္စကို မင်းကို မြက်ရောင်းခိုင်းတဲ့ 'ကံကြမ္မာရဲ့အရှင်သခင်' ဆိုတဲ့ကောင်နဲ့ ရှင်းရမယ်"

ပြောပြောဆိုဆိုဖြင့် လက်သီးလက်မောင်းတန်းကာ ကျွန်တော်တို့ဘက်သို့ လှည့်ပြီး. . .

"မင်းတို့ ခဏနေနှင့်ဦး၊ ငါ. . . အဲဒီ 'ကံကြမ္မာရဲ့အရှင်သခင်' ဆိုတဲ့ငတိကို ပါးနှစ်ချက်လောက် သွားရိုက်ပစ်လိုက်ဦးမယ်"

ဟု ပြောကာ ထွက်သွား၏။

. . . . . . . . .

အတော်ကြာသောအခါ သူ ပြန်လာသည်။ ကျွန်တော်တို့က. . .

"မင်း အဲဒီကောင်ကို ပါးရိုက်ပစ်ခဲ့ပြီလား"

ဟု ဝိုင်းမေးကြ၏။ သူက. . .

"ဟိုမှာလည်း တန်းစီတာများလွန်းလို့ ဈေးတက်သွားပြီ. . .၊ 'ပါးတစ်ခါရိုက် နှစ်ဒေါ်လာ'. . . လို့ ဆိုင်းဘုတ်တင်ထားတယ်"

[ ၃ ]

တောင်ပေါ်တက်နေစဉ် ခြေဖဝါးသံစူးခံရ၍ လဲနေသူ တစ်ယောက်က 'တောင်ကြီးဖဝါးအောက်' ဟူသော စကားကို မယုံကြည်ကြောင်းပြောလျှင် ခွင့်လွှတ်ကြစေချင်ပါသည်။ (ကားဝယ်နိုင်သူက

www.burmeseclassic.com

www.burmeseclassic.com



တောင်ပေါ်သို့ ကားဖြင့်တက်သွားပြီး 'တောင်ကြီး ကားအောက်' ဟု ပြောလျှင် သင်တို့မျက်နှာများ မည်သို့ရှိမည်နည်းဟုလည်း ကျွန်တော် သိချင်နေပါသည်။)

ဖွဲ့ရှိခြင်းကို ကျွန်တော် မသရော်ချင်သော်လည်း 'လှိုင်းကြီးလှေအောက်' ဆိုသော စကားကိုကြားရတိုင်း ကျွန်တော် ပြုံးဖြစ်ကြောင်းကိုမူ ပြောပြချင်ပါသေးသည်။ တချို့သောလှေများသည် ကမ်းစပ်မှမခွာမီ ကတည်းကပင် ဝမ်းဗိုက်ပေါက်နေခဲ့ရာ လှိုင်းကြီးသောအခါ လှေနစ်သွားပါတော့သည်။

× × ×

ကျွန်တော်တို့၏ ဘဝများ ကမ်းစပ်မှမခွာမီက ဝမ်းပေါက်နေခဲ့သလား၊ မနေခဲ့သလားဆိုသည်ကို စစ်ဆေးကြည့်ခွင့် မရခဲ့ခြင်းမှာ တကယ်တမ်း တွေးကြည့်လျှင် အတော်ဝမ်းနည်းဖို့ ကောင်းပါသည်။

ဂေါ်လီတစ်လုံးနှင့်တစ်လုံး ထိမိရိုက်မိရာမှ ပြောင်းထဲလွင့်တွဲသွားသလိုမျိုး ကျွန်တော်တို့သည် ဘာမှရွေးချယ်ခွင့်၊ ကြိုတင်ပြင်ဆင်ခွင့်၊ ငြင်းဆန်ခွင့်မရှိတဲ့ လူ့ဘဝထဲသို့ ပြုတ်ကျလာခဲ့ခြင်း ဖြစ်၏။ (အနည်းဆုံး နောင်တစ်ချိန်တွင် မိမိ၏အဖေနှင့် အမေဖြစ်လာမည့် သူစိမ်းယောကျ်ားတစ်ယောက်နှင့် မိန်းမတစ်ယောက်တို့ကိုပင်လျှင် ကျွန်တော်တို့ ရွေးချယ်ခွင့် မရခဲ့ပါ။) ဘုရားသခင်သည် ကျွန်တော်တို့ကို ဂေါ်လီရိုက်တမ်း ကစားနေပုံရပါသည်။



. . . . . . . . .

အသက်ရှင်နေစဉ် ကာလအတွင်းတွင် လွပ်လပ်ခြင်းသည် ကျွန်တော်တို့၏ ရွေးချယ်ခွင့်ဖြစ်သော်လည်း လူအတော်များများကမူ ကံကြမ္မာကို အသားပိုတစ်တုံးလို သဘောထားရင်း ဘဝကို ဆော့ကစားပစ်လိုက်ကြသည်က များပါသည်။

× × ×

အခုအချိန်အခိုက်အတန့်တွင် ကမ္ဘာမြေ၏တစ်နေရာရာတွင် လူတစ်ယောက်သည် သီချင်းဆိုနေပေလိမ့်မည်။ လူတစ်ယောက်သည် တီဗွီထိုင်ကြည့်နေပေလိမ့်မည်။ လူတစ်ယောက်သည် ချစ်တင်းနှီးနှောနေပေလိမ့်မည်။ လူတစ်ယောက်သည် ငိုကြွေးနေပေလိမ့်မည်။ လူတစ်ယောက်သည် ဘုရားတွင် ဆုတောင်းနေပေလိမ့်မည်။ လူတစ်ယောက်သည် ပေါင်မုန့်တစ်လုံးဖြင့် သူ့ဆာလောင်မှုကို မေ့လျော့ပစ်ရန် ကြိုးစားနေပေလိမ့်မည်။ လူတစ်ယောက်သည် ရယ်မောနေပေလိမ့်မည်။ လူတစ်ယောက်သည် ဒေါသထွက်နေပေလိမ့်မည်။ လူတစ်ယောက်သည် လောင်းကစားတစ်ဝိုင်းတွင် ထိုင်နေပေမလိမ့်မည်။ လူတစ်ယောက်သည် တွေးတောနေပေလိမ့်မည်။ လူတစ်ယောက်သည် အရက်သောက်နေပေလိမ့်မည်။ လူတစ်ယောက်သည် သူ့မိသားစုအတွက် ညနေစာဖိုးကို တစ်နေရာရာမှ ခိုးဝှက်ယူရန် ကြံစည်နေပေလိမ့်မည်။ လူတစ်ယောက်သည် ကိုယ်ဟန်ပြမယ်ကလေး၏ ခါးကိုဖက်ရင်း ဘီယာစုပ်နေပေလိမ့်မည်။

× × ×

www.burmeseclassic.com

www.burmeseclassic.com



သူတို့အားလုံးသည်  တစ်စုံတစ်ရာကို ကြိုးကြိုးစားစား ရေလျှော့ပစ်လိုက်နိုင်ရန်အတွက် 'ကစား' နေကြပုံမျိုးနှင့် တူသည်ဟု ကျွန်တော် တွေးမိပါသည်။ (ဘဝဆိုသည်မှာ ဘေးမှရပ်ကြည့်နေရမည့် ကစားဝိုင်းတစ်ခု မဟုတ်ခဲ့ပါ) တစ်ချိန်တည်းမှာပင် ကျွန်တော်တို့ ငယ်စဉ်တုန်းက ကစားပွဲများတွင် ခပ်ညစ်ညစ်၊ အငြင်းသန်သန် ကလေးများနှင့် ကစားခဲ့ရဖူးသည်များကို ပြန်လည် သတိရနေဖြစ်၏။ ဖြစ်နိုင်လျှင် ငယ်ငယ်တုန်းက ထုပ်ဆီးတိုးပွဲများတွင် ထမင်းရည်ပူစည်း တားထားသလို ယခု လူကြီးကစားဝိုင်းများတွင်လည်း ထမင်းရည်ပူစည်း တားထားပေးချင်သည်။

**(သိပ်အငြင်းထူသော လူညစ်ကြီးများအတွက်တော့ သူတို့မျက်နှာကို တကယ့် ထမင်းရည်ပူပူဖြင့် ပက်ချင်ပါသည်။)**

× × ×

အဝါရောင် ညနေခင်းတွင် အလင်းတွေ သီးပွင့်နေကြ၏။ အသင့်ပြင်ဆင်ထားပြီးသား အပြုံးတစ်ခုဖြင့် ဧည့်ခံရန် အချက်ပေးသံ ကြားရသည်။ သနပ်ခါးပါးပါး လိမ်းကျံထားသော လေပြည်တချို့ကို စုဆောင်းသိမ်းဆည်းပေးထားကြပါ။ နောင်တစ်ချိန်တွင် အသုံးလိုကောင်း လိုလာပါလိမ့်မည်။ ရီဝေမှုန်ပျသောအကြည့်ဖြင့် လောက က လှမ်းနှုတ်ဆက်နေ၏။ ဝမ်းဗိုက်ကွဲအက်နေသော လေတစ်စင်း နစ်မြုပ်သွားပြန်ပြီ



[ ၄ ]

ဆူးလေစေတီတော်ရှေ့လမ်းမကို ကျွန်တော် ဖြတ်ကူးလာခဲ့သည်။ စေတီနှင့်မြို့တော်ခန်းမတို့ နှစ်ခုရှေ့ ကြားကွက်လပ် ပလက်ဖောင်းပေါ်တွင် အိမ်ပြန်ရန် ဘတ်စ်ကားစောင့်နေကြသူများ တန်းစီနေ၏။ ညကြီးပိုင်းဆွဲပေးသော နံပါတ်အဖြူတပ် ၃၆ ဒုတ်ဆန်းကားများ၊ ၃၁ ဒုတ်ဆန်းကားများအပြင် အခြားလိုင်းများလည်း ရှိသောကြောင့် ရုံးပြန်၊ အလုပ်ပြန်သူ အတော်များများ စုဝေးသောနေရာ ဖြစ်၏။ မြို့တော်ခန်းမ တစ်ဖက်အစွန် ပလက်ဖောင်းအစပ်တွင် သတ်မှတ်ထားသော ကားရပ်ရန်နေရာရှိသည့်အတွက် တန်းစီသူများက ဆူးလေစေတီတော်ကို ကျောပေး၍ စီရသည်။

၃၆ ဒုတ်ဆန်းကားအလာကို စောင့်နေသော လူတန်းကြီး၏ နောက်တွင် ကျွန်တော် ဝင်စီလိုက်သည်။ ဘာရယ်မဟုတ်ဘဲ နောက်ကျောဘက်ဆီသို့ ခေါင်းလှည့်၍ ဆူးလေစေတီတော်ကြီးကို လှမ်းကြည့်ဖြစ်သေးသည်။ မိုးစက်မှုန်မှုန်တွေ တဖွဲဖွဲကျနေသည်။ မီးခိုးရောင်ကောင်းကင်မှိုင်းမှိုင်းရှေ့တွင် ဆူးလေစေတီတော်သည် ရွှေရောင်လင်းပသပ္ပာယ်နေ၏။ ကျွန်တော့်စိတ်ထဲက အာရုံပြုကြည့်လိုက်သည်။ ရင်ထဲတွင် အေးမြစွာ လင်းလက်သွားသည်။

× × ×

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ရှေ့ဘက်သို့ ပြန်လှည့်ဖြစ်သောအခါ လှူတန်းကြီး၏ နံဘေးတွင် ယောင်လည်လည်ရပ်နေသည့် ကလေးငယ်တစ်ယောက်ကို မြင်ရ၏။ ကလေးငယ်လေးက ရပ်နေသူများထံမှ ပိုက်ဆံတောင်းနေခြင်း ဖြစ်သည်။ ကြည့်ရင်းနှင့်စိတ်ထဲတွင် တစ်မျိုး ဖြစ်လာသည်။ ကျွန်တော် ခေါင်းကို တစ်ချက် ခပ်ဆတ်ဆတ် ခါယမ်းလိုက်၏။ ဒါ. . . ကျောင်းစာသင်ခန်းထဲ ရောက်နေရမယ့်အရွယ် မဟုတ်ဘူးလား. . .

× × ×

အစ်ကိုကြီးရယ်. . . အစ်မကြီးရယ်. . . ထမင်းဖိုးလေးများ သနားခဲ့ပါ၊ ရှိကြီးခိုးပါတယ်။ ကျွန်တော့်နားထဲတွင် ပိုးကောင်တစ်ကောင် ဝင်ကာ တဝီဝီပျံနေ၏။ အဲဒီပိုးကောင်က နားကနေတစ်ဆင့် ဦးနှောက်ထဲဖောက်ဝင်ပြီး စားပစ်လိုက်တော့မှာပဲဟု အလိုလိုထင်မြင်ပြီး ကြောက်လန့်လာသည်။

အစ်ကိုကြီးရယ်. . . ထမင်းဖိုးလေး. . . ရှိကြီးခိုးပါရဲ့ . . . ရှိကြီးခိုးပါရဲ့. . . ရှိခိုးကြီးပါရဲ့. . . ပိုးကောင်က တဝီဝီပျံနေဆဲ။ ပိုးသတ်ဆေးဖျန်းရင် မကောင်းဘူးလား၊ နှင်းရည်ဖျန်းထားသော ပန်းတစ်ခင်းပေါ်သို့ ပိုးကောင်မွှားကောင်မွှား ရှာချနေ၏။ ကဲ. . . ပိုးတွေကို သတ်ဖို့ပဲဖြစ်ဖြစ် အပင်တွေကို ခုတ်ဖို့ပဲဖြစ်ဖြစ် စတော့လေ. . .။



အစ်ကိုကြီးရယ်. . . ရှိကြီးခိုးပါရဲ့. . .

တန်းစီနေသူများထဲမှ အရက်သမားတစ်ယောက်က အိတ်ကပ်ထဲမှ ပိုက်ဆံကိုထုတ်ရန် ဟန်ပြင်နေသည်။ ကလေးငယ်က သူ့ရှေ့တွင် ရပ်ပြီး လက်အုပ်ချီကာ ပိုက်ဆံတောင်းလိုက်၏။ အရက်သမားက ပိုက်ဆံကို သူ့အိတ်ကပ်ထဲသို့ ပြန်ထည့်သလိုလို လုပ်သည်။

ကလေးငယ်က မျက်နှာပျက်သွားပြီး ချက်ချင်း ကားလမ်းမပေါ်ထိုင်ချကာ အရက်သမားကို ဦးသုံးကြိမ် ချလိုက်သည်။ လှူတန်းကို မျက်နှာမူထားသောကြောင့် ကောင်လေးက ဆူးလေစေတီတော်ကို ကျောခိုင်းမိလျက်သား။

အရက်သမားက ရယ်မောကာ အိတ်ထဲမှ ကျပ်တန်နှစ်ရွက် ချပေးလိုက်သည်။

[ ၅ ]

ကျွန်တော့်သူငယ်ချင်း နွားတစ်ကောင်က တစ်စုံတစ်ယောက်ကို ခါးရိုက်ဖို့ အကြီးအကျယ်လိုအပ်သည်ဟု ပြော၏။ ကျွန်တော့်မျက်လုံးထဲတွင် လက်အုပ်ချီထားသော ကောင်လေးကို မြင်လာသည်။ ခြေဖဝါးထံစူးထားသူများ တောင်အောက်သို့ ပြုတ်ကျသွားကြပြီ။ လှေသည် ကမ်းမှ မခွာမီကတည်းက တစ်စုံတစ်ယောက်က ဝမ်းဗိုက်ကို ထိုးဖောက်သွားရ၏။ ကစားနေသူများ ရယ်မောလိုက်သံကို ကြားရသည်။ ကျွန်တော်တို့ အားလုံးရေအောက်သို့ နစ်မြုပ်ဝင်နေကြ၏။

www.burmeseclassic.com

www.burmeseclassic.com



သင် ရေမကူးတတ်သေးဘူးဆိုလျှင် ခပ်မြန်မြန် ရေကူးသွားသင် ထားလိုက်ဖို့ရန် ကျွန်တော် အကြံပေးချင်ပါသည်။ မနက်ဖြန်ကစ၍ 'နွား များရေကူးသင်တန်း' ကို ကျွန်တော် ဖွင့်လှစ်ပါတော့မည်။

. . . . . . . . .

ပြောရန် မေ့ကျန်နေခဲ့သည့် အချက်တစ်ချက် ရှိပါသေးသည်။

နွား (Bull) ဆိုသော ဝေါဟာရသည် ဥရောပအလယ်ခေတ် လက်တင်ဘာသာစကား (Bulla) မှ ဆင်းသက်လာခြင်းဖြစ်ပြီး 'လောက ကြီးတွင် ရွှေမိုးငွေမိုး ရွာနေသည်ဟု အထင်ရောက်နေသူများ' ဟုလည်း အဓိပ္ပါယ် ရပါသည်။

(၁၉၉၇)

□

ဝန်ခံချက်

အခန်း(၂)သည် ရှမေးနီးယားဝတ္ထုတစ်ပုဒ်ကို ဖတ်မိရာမှ ဆင့် ပွားထားသော စိတ်ကူးဖြစ်ပါသည်။



# သော့စောင့်နတ်သမီးနဲ့ မှင်စာ

## အပိုင်း (က)

ကျွန်တော် ကလေးဘဝ၊ လေး၊ ငါး ခြောက်နှစ်သားလောက် တုန်းက ပထမဦးဆုံးအကြိမ်အဖြစ် မီးခလုတ်တစ်ခုကို လက်တည့်စမ်း ပြီး နှိပ်လိုက်တာ. . . အခန်းထဲမှာ မီးလင်းသွားတာကိုလည်း မြင်ရော . . . ဝမ်းသာလိုက်တာလေ။ အခုနေ ပြန်တွေးကြည့်ရင် ကိုယ့်ကိုကိုယ် လောကကြီးတစ်ခုလုံးကို အလင်းရောင်ပေးနိုင်တော့မလိုလိုတောင် အောက်မေ့ခဲ့သလား မသိပါဘူး။

တကယ်တော့ အခုအချိန်အထိ ကျွန်တော်ဟာ ပန်းပင်မှာငုံနေ တဲ့ အဖူးကလေး တစ်ဖူးကိုတောင် ပွင့်လာအောင် မတတ်နိုင်ခဲ့သေးပါ ဘူး။

ဦးထုပ်၊ အင်္ကျီချိတ်စရာနံရံက သစ်သားပွတ်လုံးသိုင်လိုမျိုး၊ ကျွန်တော့်ဦးခေါင်းဟာလည်း ဦးထုပ်စွပ်ဖို့ သဘာဝအလျောက် ဖြစ်ပေါ်

www.burmeseclassic.com

www.burmeseclassic.com



နေတဲ့ အရိုးငုတ်တိုအဆင့်က မတက်သေးပါဘူး။ တစ်ခါတစ်ခါ တွေးကြည့်ရတာ ဝမ်းနည်းစရာကောင်းပါရဲ့။ ဒါပေမယ့် တစ်ခါတစ်ခါတော့လည်း အဲဒီဝမ်းနည်းမှုတွေကိုပဲ သီချင်းလုပ်ဆိုပြီး မသိမသာ တွေနပ်ပျော်ရွှင်နေမိပြန်ရော။

ဝမ်းနည်းမိတာက လူ့အသိဟာ ဆင်ခြင်မှုရဲ့ အကန့်အသတ်နယ်ထဲမှာ ပိတ်မိနေပြီး ခြေရာချင်းထပ်၊ မျက်စေ့လည်နေမိတဲ့ အဖြစ်ကိုပါ (ယခုအချိန်ထိ ကိုယ့်ကိုကိုယ် ဘာကောင်မှန်း မသိသေးဘူးဆိုတာကလွဲလို့ ကျွန်တော် ဘာမှ မသိသေးပါဘူး။) ကျေနပ်ပျော်ရွှင်နေမိတာကတော့ လူ့ဘဝရဲ့မဆုံးနိုင်တဲ့ အသိအင်ပါယာ ချဲ့ထွင်မှုကို လွတ်လွတ်လပ်လပ် စွန့်စားတည်ဆောက်ခွင့် ပေးထားတာကြောင့်ပါပဲ။

လူသာမန် ဆင်ခြင်သိနဲ့တော့ အရာရာကို ဟင်းလင်းပွင့်သွားအောင် မဖြေရှင်းနိုင်ပါဘူး။ ဒါပေမယ့် အသိဉာဏ်ဆိုတာ အသေအချာလိုအပ်တယ်လေ။ ခေါင်းအုံးကြီးတွေနဲ့တူတဲ့ ဒဿနကျမ်းစာအုပ် အထူကြီးတွေ(အဲဒါကြီးတွေက သိပ်ပျင်းဖို့ကောင်းတာပဲ) ဟာ များသောအားဖြင့်တော့ အဲဒီပိတ်မိနေတဲ့ အကန့်အသတ်ကို ဖွင့်ဖို့ပေးထားတဲ့ သော့တံတွေ ဖြစ်ပါတယ်။ ကူးချဖို့နဲ့ လူရှေ့သူရှေ့မှာ ရွတ်ပြဖို့ မဟုတ်ပါဘူး။ ဒါပေမယ့် ခက်နေတာက လူတစ်ဦးတစ်ယောက်ချင်းစီအတွက် တံခါးဟာ ကိုယ့်သော့တံနဲ့ကိုယ်ပဲ ပွင့်နိုင်မှာ ဖြစ်တယ်။ သူများသော့ငှားပြီး ဖွင့်လို့ရမှာ မဟုတ်ပါဘူး။ (အဲဒီခေါင်းအုံးကြီးတွေထဲက သော့တံလုပ်နည်းတော့ သင်ယူလို့ရတာပေါ့)

ကျွန်တော်ကတော့ ကြိမ်ဖန်များစွာပဲ ကျွန်တော် ငယ်ငယ်က



ဖွင့်ဖူးတဲ့ မီးခလုတ်အကြောင်း ပြန်ပြန် သတိရနေဖြစ်တယ်။ ဒါနဲ့အတူပဲ အကျိုးတရားတစ်ခုအတွက် အကြောင်းတရားတစ်ခု ရှိရမယ်ဆိုပြီး ရှာဖွေနေမိတဲ့ ကိုယ့်ကိုကိုယ်လည်း သနားနေမိပြန်တော့ရဲ့။ 'မီးလင်ခြင်း' ဆိုတဲ့ အကျိုးတရား 'တစ်ခု' တည်းအတွက် 'မီးခလုတ်ဖွင့်ခြင်း' ဆိုတဲ့ အကြောင်းတရား 'တစ်ခု' လို့ အောက်မေ့ခဲ့မိတာကိုး။ ဘယ်မှာ ဟုတ်လို့လဲ။ တကယ်က 'အကြောင်းတရားတွေ အများကြီး' ကြောင့် 'အကျိုးတရားတွေ အများကြီး' ဖြစ်ရတာ မဟုတ်လား။ ကျွန်တော်တို့က ထင်ရှားတဲ့အကြောင်းနဲ့ အကျိုးလောက်ကိုသာ ကွက်ကွက်ကလေး ရွေးမြင်ပြီး ဆင်ခြင်မှုတွေနဲ့ ကျက်စားနေကြတာလေ။ ယေဘုယျကောက်ချက်တွေ ချနေကြတာလေ။ အဲဒါပါပဲ။

သော့ခလောက်ကို သော့တံနဲ့ ထိုးလှည့်ဖွင့်မယ်ကြံလိုက်တိုင်း အနုပညာနတ်သမီးဟာ ကျွန်တော့်ဆီ ရောက်ရောက်လာတတ်ပါတယ်။ တစ်ခါတစ်ခါ စိတ်အချဉ်ပေါက်နေတဲ့ အခါမျိုးဆိုရင်တော့ သရော်တတ်တဲ့ မှင်စာလေးတစ်ကောင်ပါ အဖော်ခေါ်လာသေးရဲ့။ ဒီလိုနဲ့ သော့တံမှာ တွယ်ငြိတတ်တဲ့ နတ်သမီးအကြောင်း ကျွန်တော့်မှာ ပြောပြချင်တာတွေ ရှိလာပြန်ရော။ တစ်ခုတော့ ခွင့်လွှတ်ပါ။ လူတစ်ယောက်နဲ့ တစ်ယောက်ရဲ့ လောကကြီးကို ဖွင့်တဲ့သော့ချင်း မတူနိုင်ဘူးဆိုတာ ရှေ့က ပြောပြီးသားပဲ။ အဲဒီသော့ကိုစောင့်တဲ့ နတ်သမီးလေးရဲ့ အရောင်အဆင်းအသွင်သဏ္ဌာန်ဟာလည်း ကွဲပြားနေမှာပေ့ါ။ ဒီတော့ ကျွန်တော် ပြောပြမယ့် နတ်သမီးလေးဟာ ကျန်တဲ့သူတွေရဲ့ စိတ်ကူးထဲကပုံသဏ္ဌာန်နဲ့ တူချင်မှတူမှာပါ။ ကျွန်တော်ကိုယ်တိုင်ကလည်း ထင်ရှားတဲ့

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းနဲ့ အကျိုးလောက်ကိုသာ ကွက်ကွက်ကလေး မြင်နိုင်သူတွေ

အားလုံးအတွက် 'အနုပညာ' ဟာ တစ်မျိုးတစ်စားတည်း ဖြစ်ရ မယ်လို့ ဘယ်သတ်မှတ်လို့ ရမှာလဲ။ ကွဲလွဲမှာပေါ့။ အဲဒီကွဲလွဲမှုကို အေး ကျေနပ်နပ် လက်ခံတာကိုက ဗဟုဝါဒ (Pluralism) ပါပဲ။ ကျွန်တော် ပြောရဲတာက တကယ်လို့ 'ဖန်ဆင်းရှင်' ဆိုတဲ့သူသာ (ကံမကောင်း အကြောင်းမလှစွာ) တကယ်ရှိတယ်ဆိုရင် အဲဒီ 'ဖန်ဆင်းရှင်'ဟာ လောကကြီးတစ်ခုလုံးကို တစ်ကြိမ်တည်း အပြီးသတ် ဖန်ဆင်းနိုင်လိမ့် မယ် မဟုတ်တာ သေချာပါတယ်။ ကွဲပြားနေတဲ့ အရာရာတိုင်းအတွက် အကြိမ်ကြိမ်အဖန်ဖန် ကွဲပြားစွာ ဖန်ဆင်းရပေလိမ့်မယ်။

သေချာပါတယ်။

မယုံရင်'ဖန်ဆင်းရှင်'နဲ့ သင် တွေ့တဲ့အခါ မေးကြည့်လိုက်ပါ။

❑

## အပိုင်း (ခ)

**<u>မော်ဒန်ဝတ္ထုဆိုသည်မှာ (၁)</u>**

ဟိုးအရင်တုန်းကတော့ ဝတ္ထုတစ်ပုဒ်ရေးပြီဆိုရင် အဖြစ်အပျက် တစ်ခုရဲ့ အစဉ်အဆက်တွေရယ်၊ အဲသည်လို ဖြစ်ပျက်စေတဲ့ အကျိုး အကြောင်းတွေရယ်ကို အစဉ်တစိုက်ဦးတည်ပြီး ရေးဖွဲ့ကြတာပါပဲ။ ဥပမာ



အမျိုးသားတစ်ယောက်နဲ့ အမျိုးသမီးတစ်ယောက်တို့ ချစ်ကြတဲ့ အကြောင်းဆိုရင် သူတို့ ဘယ်လို တွေ့ဆုံကြတယ်။ နောက်. . . သံယော ဇဉ်တွယ်စရာ ဘယ်လိုအကြောင်းတွေ ဖြစ်ပေါ်လာတယ်၊ နောက်. . . ကွဲ သွားတယ်ဆိုရင်လည်း ဘယ်လိုအကြောင်းတွေကြောင့်၊ ဘယ်လိုလူက အနှောင့်အယှက်ပေးလို့. . . စသည်ဖြင့်ပေါ့ အကြောင်းအကျိုးနဲ့ ချိတ် ဆက်မိမိ အစီအစဉ်တကျ ရေးဖွဲ့ခဲ့ကြတယ်။ တင်ပြချင်တဲ့ ပင်မ အကြောင်းအရာကနေ တခြားကို ချော်မထွက်သွားအောင် ဂရုတစိုက် နဲ့ ထိန်းသိမ်းကြတယ်။

အဲဒီလို ကြောင်းကျိုးချိတ်ဆက် အစီအစဉ်တွေနဲ့ ဝတ္ထုကို တည် ဆောက်နေရာမှာလည်း (၁) ဇာတ်ဖွင့်ပိုင်း (၂) ဇာတ်တက်ပိုင်း (၃) ဇာတ် အထွပ်အထိပ် (၄) ဇာတ်ဆင်ပိုင်းနဲ့ (၅) ဇာတ်သိမ်းဆိုပြီး အကွက်ကျ ကျ တည်ဆောက်တာပါ။ အဲဒီလို တည်ဆောက်မှုလည်း ဝတ္ထုကောင်း တစ်ပုဒ် ဖြစ်တယ်လို့ စောစောကပြောခဲ့တဲ့ ကြောင်းကျိုးချိတ်ဆက် အစီ အစဉ်ကျမှုတွေ၊ ဇာတ်တက်-ဇာတ်ထွက်-ဇာတ်ဆင်း အကွက်ဖော်မှု တွေက မရှိမဖြစ်လိုအပ်တဲ့ အရည်အသွေးတွေအနေနဲ့ လွှမ်းမိုး (Dominant) နေပါတော့တယ်။ ဒီအထဲမှာ 'ဝတ္ထုအစပိုင်းနံရံမှာ သေနတ်တစ် လက် ချိတ်ထားတာကို ပြထားရင် အဲဒီသေနတ်ကို မပစ်ဘဲနဲ့ ဇာတ် မသိမ်းရဘူး၊ ပစ်ကိုပစ်ရမယ်' ဆိုတဲ့ ချက်ကော့ဗ်စံတွေလည်း (အသေး စိတ်ပြောရရင်) ပါလာတာပေါ့။

အဲဒီလို သမားရိုးကျနည်းနဲ့ပဲ ဝတ္ထုတွေကို ဖန်တီးနေရာကနေ အနုပညာရှင် (စာရေးဆရာ)ရဲ့ ဆန္ဒအလျောက်ကြောင့်ပဲဖြစ်ဖြစ် ခေတ်

www.burmeseclassic.com

www.burmeseclassic.com



အခြေအနေပတ်ဝန်းကျင်က ရိုက်ခတ်တဲ့ အာရုံခံစားမှုကြောင့်ပဲဖြစ်ဖြစ် အဲဒီနှစ်ခုစလုံးကြောင့်ပဲ ဖြစ်ဖြစ်၊ အရင်ရှိပြီးသား 'စံ' တွေ၊ 'နည်းစနစ်' တွေ၊ 'လွှမ်းမိုး' မှုတွေဟာ ပြောင်းလဲသွားပါတော့တယ်။ အဲဒီအချိန်မှာ ရေးလာတဲ့ဝတ္ထုတွေမှာ အထက်ကပြောခဲ့တဲ့ ကြောင်းကျိုးချိတ်ဆက် အစီအစဉ်ကျမှုတွေ. . .၊ ဇာတ်တက်-ဇာတ်ထွတ်-ဇာတ်ဆင်း အတွေး ဖော်မှု စတဲ့ Dominant တွေဟာ ပဓာနမကျတဲ့နေရာကို ရောက်သွား ပါတော့တယ်။ ဒါတွေပါမှ ဝတ္ထုတစ်ပုဒ်ရယ်လို့ သတ်မှတ်နိုင်မှာဆိုတဲ့ အစွဲကို ပယ်ဖျက်လိုက်ကြတယ်။ အဲဒီလို အရင်တုန်းက ပဓာနကျခဲ့တဲ့ အချက်အလက်တွေဟာ အရေးမပါတဲ့ နောက်တန်းကို ပြောင်းရွှေ့ ရောက်ရှိသွားတာကို လွှမ်းမိုးမှုရွှေ့လျောခြင်း (Dominant Shift) လို့ ခေါ်ပါတယ်။

အဲဒီလို လွှမ်းမိုးမှုရွှေ့လျားခြင်း လက္ခဏာနဲ့ ရေးတဲ့ဝတ္ထုဟာ မော်ဒန်ဝတ္ထုပါပဲ။ အဲဒါကြောင့် အတိုချုပ်ပြောရရင် **မော်ဒန်ဝတ္ထုဆို တာ အရင်တုန်းက အလေးထားခဲ့တဲ့ (ဝတ္ထုတစ်ပုဒ်ရဲ့ လိုအပ်ချက်လို့ သတ်မှတ်ထားတဲ့) စံတွေကို အလေးမထားတော့ဘဲ ရေးတဲ့ဝတ္ထုကို ခေါ် တာပါ။**

<u>မော်ဒန်ဝတ္ထုဆိုသည်မှာ (၂)</u>

ဒါဖြင့် မော်ဒန်ဝတ္ထုတွေမှာကျတော့ ဘာကလွှမ်းမိုးလာသလဲ လို့ မေးစရာရှိလာပါတယ်။ **ရိုးရိုးကလေး ဖြေရမယ်ဆိုရင်တော့ မော်ဒန်** ဝတ္ထုတွေမှာ 'စိတ်'ရဲ့ အခန်းကဏ္ဍဟာ အများကြီး လွှမ်းမိုးလာပါတယ်။



အဲဒီ'စိတ်'ကို ဖမ်းယူဆုပ်ကိုင်ပြီး အနုပညာဖန်တီးကြတဲ့ နေရာ မှာတော့ သဘောတွေ အမျိုးမျိုး ဖြစ်ထွန်းလာကြတော့တာပေါ့။ တချို့ ကလည်း မသိစိတ်က ဖော်ကျူးတဲ့ အိပ်မက်ဆန်တဲ့ အသွင်သဏ္ဌာန် တွေကို အလေးပေးပြီး ပကတိလွန်ဝါဒ (Surrealism) သမားတွေ ဖြစ် လာတယ်။ တချို့ကလည်း စိတ်ရဲ့အာရုံကျရောက်ရာ ထူးခြားပြီး သတ် သတ်မှတ်မှတ် သဘောကိုဆောင်တဲ့ ပုံသဏ္ဌာန်တွေကသာ အနုပညာ ကိုဖော်ပြတဲ့ တံခါးပေါက်တွေ ဖြစ်တယ်ဆိုပြီး သင်္ကေတဝါဒီ(Symbolist) တွေ ဖြစ်လာတယ်။ ဘာသာစကား ဖွဲ့စည်းတည်ဆောက်မှုထဲမှာ ခို အောင်းနေတဲ့စိတ်ကို လိုက်ရှာရင်းနဲ့ ဖွဲ့စည်းမှုဝါဒ (Structuralism) ကို ကိုင်စွဲမိကြတယ်။ **စသဖြင့်ပေါ့။ တစ်ခုချင်းစီကို အကျယ်တဝင့် ပြောနေ ရရင် ဆုံးတော့မှာ မဟုတ်ပါဘူး။**

ဒီနေရာမှာ ကျွန်တော် ပြောချင်တာက မော်ဒန်ဆိုတာ သိပ် ရှုပ်ရှုပ်ထွေးထွေး သဗ္ဗတ်အူလိုက်နေတာမျိုး မဟုတ်ဘူး။ လွယ်လွယ်ရိုးရိုး ကလေးပဲ။ (ဒါပေမယ့် တချို့လူတွေ ပြောနေသလို ရေးချင်တာရေး မော်ဒန်ဖြစ်တယ်လို့ ပြောရအောင်လည်း ပေါ့တီးပေါ့ပျက် လွယ်တာမျိုး လည်း မဟုတ်ဘူး)

အဲဒီတော့ အရိုးစင်းဆုံး အတိုချုပ် ပြောနိုင်တာကတော့ **မော်ဒန် ဝတ္ထုဆိုတာ စိတ်ကို ရေးတာ၊ စိတ်ကို ဖော်ပြတာပဲ ဖြစ်ပါတယ်။** ဘယ် လိုအခါမျိုးမှာ လင်းလက်တောက်ပတဲ့ မော်ဒန်ဝတ္ထုတစ်ပုဒ် ဖြစ်လာ သလဲဆိုတော့ သမားရိုးကျသွားနေတဲ့ ပုံသေနည်းအတိုင်း ခံစားနေတဲ့

www.burmeseclassic.com

www.burmeseclassic.com



စိတ်ဟာ အတွေးဟာ (သမားရိုးကျမဟုတ်ဘဲ) ခွဲထွက်၊ ဖောက်ထွက် သွားတဲ့အခါ လင်းလက်တောက်ပသွားပါတယ်။

ဥပမာ လွယ်လွယ်ပေးရင် **'တမ္ဘာကြီးဟာ အပြားကြီးဖြစ်ခဲ့ရင် ကောင်းမှာပဲ၊ ကိုယ် အမြင်ကတ်တဲ့သူတွေကို ကမ္ဘာကြီးရဲ့အစွန်းကို ခေါ်သွားပြီး တွန်းချလိုက်တာပေါ့'** ဆိုတဲ့ အတွေးမျိုးကို ပြောချင်တာပါ။

မော်ဒန်ဝတ္ထုတွေမှာ အဲဒီလို လင်းလက်တဲ့စိတ်ကလေးတွေ ဟာ ပဓာန လွှမ်းမိုးတဲ့အရာတွေ ဖြစ်လာပါတယ်။ **ရိုးရိုးလေးပါ။ မခက်ပါ** ဘူး။ ပေါ့တီးပေါ့ပျက်လည်း မဟုတ်ဘူး။

(နောက်တစ်ချက် ပြောဖို့ရှိတာက အဲဒီလို သမားရိုးကျ အမြင် အတွေးတွေကနေ ခွဲထွက်၊ ဖောက်ထွက်လိုက်တဲ့အခါ **မော်ဒန်အနု** ပညာ ရှင်တွေရဲ့စိတ်ထဲမှာ တစ်ပါတည်း ကပ်ပါသွားတတ်တဲ့ **'အချိုး** ဖျက်မှုအမြင်' ပဲ ဖြစ်ပါတယ်။ ဒါဟာ အရေးပါတဲ့ **အချက်တစ်ချက်** ဖြစ်ပေမယ်လို့ ဒီနေရာမှာတော့ အကျယ်တဝင့်ပြောဖို့ မရည်ရွယ်ထား ပါဘူး)

<u>**မော်ဒန်ဝတ္ထုဆိုသည်မှာ (၃)**</u>

အဲဒီလို လင်းလက်မှုတွေနဲ့တကွ စိတ်ကိုဖော်ပြတဲ့ စိတ်ရဲ့အတွင်း ပိုင်းကို နှိုက်ထုတ်တဲ့ မော်ဒန်ဝတ္ထုတွေ ဖြစ်ပေါ်လာရာမှာ ရိုက်ခတ်ပါ ဝင်လာတဲ့ အကြောင်းအရာတွေ အများကြီး ရှိပါတယ်။ အဲဒီထဲကမှ ထင်ရှားတဲ့ အချက်တွေကတော့. . .

(၁) **မြို့ပြစနစ်** - ဒါကတော့ မြို့ပြထွန်းကားမှုနဲ့အတူ ရုပ်ပစ္စည်း



ချမ်းသာကြွယ်ဝမှုကို အလေးပေးလာတာ၊ မြို့ပြလူနေမှုစနစ်ရဲ့ မေတ္တာ၊ အကြင်နာ၊ ကိုယ်ချင်းစာတရား စတဲ့ 'စိတ်' ခေါင်းပါးမှုကို ဆန့်ကျင်တဲ့ အတွေးအမြင်တွေ ပါဝင်လာတာပါ။

(၂) **နည်းပညာထွန်းကားမှု** - ဒါကလည်း မြို့ပြစနစ်နဲ့အတူ ထွန်းကားလာတဲ့ ကိစ္စပါပဲ။ **မော်ဒန်အနုပညာရှင်တွေဟာ လူသားကို ချစ်တယ်၊ လူ့စွမ်းရည်၊ လူ့လုပ်ဆောင်ဖန်တီးမှုတွေကို အလေးထား တယ်၊ သဘာဝကို မြတ်နိုးတယ်။*** ဒါပေမယ့် စက်ရုပ်ဆန်တဲ့နည်း ပညာပိုင်း တွေကချည်း ရှေ့တန်းရောက်နေပြီး လူရဲ့အရေးပါမှုနဲ့ **အခန်း** ကဏ္ဍ လျော့နည်းကျဆင်းသွားမှာကို မလိုလားကြပါဘူး။

(၃) **လူသားတန်ဖိုး လျော့ကျမှု** - ဒီအချက်တွေဟာ အရေးကြီး ပါတယ်။ အထက်ကပြောခဲ့ပြီးတဲ့ **အချက်နှစ်ချက်ထဲမှာလည်း** အကြုံး ဝင်ပါတယ်။ **ရုပ်ဝတ္ထုပစ္စည်းတွေ လွှမ်းမိုးလာတဲ့** ခေတ်၊ နည်းပညာနဲ့ ကိုယ် **ကျိုးစီးပွားကို ရှေ့တန်းတင်လာတဲ့ အခြေအနေမှာ** 'လူသားရဲ့နေရာ' ဟာ ပျောက်ဆုံးလာပါပြီ။ **မော်ဒန်ဝတ္ထုတွေက** ဒါကို ဖော်ပြတယ်။

(၄) **ကိုယ်တွေ့ (လုပ်တိုင်စွန့်စားမှု)** ပဓာနဝါဒ - လျော့ကျ သွားတဲ့ လူသားရဲ့နေရာကို ပြန်လည်တည်ဆောက်ဖို့ လူသားရဲ့တန်ဖိုး ကို မြှင့်တင်ဖို့ အနုပညာရှင်တွေက ကြိုးစားကြတာပါ။ အသစ်အသစ် တွေ စမ်းသပ်ဖန်တီးကြည့်ကြမယ် (ဒီလိုဖြစ်ရတာ ရှေ့ကထားခဲ့၊ သတ် မှတ်ခဲ့ကြတဲ့ စံနှုန်းစံထားတွေရဲ့ အတိမ်အနက်ဟာ အခုလက်ရှိနဲ့ အံ မဝင်တော့တာကြောင့်လည်း ဖြစ်ပါတယ်။ ဥပမာပေးရရင် မယားကို ကျွန်လို သဘောထားတဲ့ ရှေးဟောင်းအိန္ဒိယနွယ်နိုင်ငံတွေနဲ့ ဒီနေ့ခေတ်

www.burmeseclassic.com

www.burmeseclassic.com



သဘောထားတွေနဲ့ မကိုက်ညီတော့သလိုပေါ့။ အရင်ကလို မယား ကောင်းဆိုတာ ခင်ပွန်းနောက်မှ အိပ်ရာဝင်ပြီး ခင်ပွန်းအရင် အိပ်ရာ ထရမယ်ဆိုတဲ့အချက်မျိုးဟာ အခုလို အိမ်ထောင်စီးပွားရေးကို နှစ်ဦး ပြိုင် ရှန်းကန်ရတဲ့ကာလမှာ အဓိပ္ပာယ်မရှိတော့ဘူး မဟုတ်လား) အဲဒီ လို လူသားရဲ့အခန်းကဏ္ဍကိုမြှင့်တင်ဖို့ အစွမ်းတွေ ထုတ်ပြ၊ အသစ် တွေ စွန့်စားဖန်တီးပြကြရင်းကနေ မလိုသူတွေရဲ့ မျက်စိထဲမှာ ခြေ ထောက် ပန်းပန်ပြတယ်၊ ကင်းမြီးကောက်ထောင် လမ်းလျှောက်ပြ တယ်လို့ ထင်စရာ ဖြစ်လာတာတွေလည်း ရှိတာပေါ့လေ။ အဲသည်လို လုပ်ပြတဲ့အထဲမှာ ကောင်းတာလည်း ပါမယ်၊ မကောင်းတာလည်း ပါ ချင် ပါမှာပဲ။ (ကောင်းတာ မကောင်းတာဟာ မော်ဒန်တာ၊ သရုပ် မှန် တာနဲ့ ဘာမှမဆိုင်ပါဘူး)။ ရိုးရိုးကလေးပါ။ ရှေ့ကသူများ လုပ်ခဲ့သလို မလုပ်ချင်လို့ ကိုယ့်ဘာသာကိုယ် တစ်မျိုးပြောင်းလုပ်ကြည့်တယ်။ ဒါပါပဲ ပါရမီရှိသလောက်ပဲ့ ကောင်းမှာပေါ့။ စာရေးဆရာ ရှိရှိသမျှ အကုန်လုံး ကတော့ ဦးပုညတွေချည်း ဘယ်ဖြစ်နိုင်ပါ့မလဲ။

(၅) မူလအခြေခံဝါဒ - လောကကြီးကို ဖျက်ဆီးပစ်မယ့် တချို့ တိုးတက်မှုတွေဟာ ခေတ်မီခြင်းဆိုတဲ့ နည်းပညာတွေ၊ တန်ဆာဆင်ယင် မှုတွေနဲ့ ဖုံးကွယ်ရုပ်ဖျက်လာတာကို တွေ့ရတဲ့အခါ အနုပညာရှင်တွေ ဟာ အဲဒါတွေကို ခွာချပစ်ချင်ကြတယ်။ မူလစိတ်အရင်းအမြစ်က ထွက် ပေါ်လာတဲ့ ရိုးသားတဲ့ ခံစားချက်ကိုပဲ လိုချင်ကြတော့တယ်။ အဲဒါတွေ ကို အရင်းအတိုင်း ပကတိအတိုင်း ဖော်ပြတဲ့အခါ (ဥပမာ- ART BRUT လို့ ခေါ်တဲ့ အရိုင်းအကြမ်းထည် အနုပညာဝါဒမှာဆိုရင်) လက်ရာတွေ



ဟာ ကျောက်ခေတ်က ဂူနံရံမှာရေးထားတဲ့ ပန်းချီလက်ရာတွေနဲ့ ခပ် ဆင်ဆင် ဖြစ်လာတာမျိုးလည်း တွေ့ရတယ်။ ပုံပြင်ဆန်တဲ့ ဟန်တွေဆီ ပြန်သွားတာလည်း တွေ့ရတယ်။ (FRANZBOAS ရဲ့ PRIMITIVE ART စာအုပ် စာမျက်နှာ ၃၀၁ မှာတော့ 'သီချင်း'နဲ့ 'ပုံပြင်' ဟာ စာပေရဲ့ မူလအခြေခံဖြစ်တယ်လို့ ဆိုတယ်။ အဲဒီစာအုပ်ထဲမှာပဲ သင်္ကေတဝါဒ ဟာ ဖေရှူးဘီးယန်းတွေရဲ့ လက်မှုပစ္စည်းနဲ့ ဒိုင်းတွေအပေါ်မှာ ချယ်သ ထားတာတွေ၊ အဝတ်အထည် ယက်လုပ်အကွက်ဖော်ရာတွေမှာ စတင် အခြေခံတယ်လို့ ဆိုပါတယ်။)

## မော်ဒန်ဝတ္ထုဆိုသည်မှာ (၄)

ဒါကြောင့် မော်ဒန်ဝတ္ထုအများစုကို ပြန်ကြည့်လိုက်ရင် ဘာတွေ့ ရမလဲဆိုတော့. . .

(၁) စာသားဆိုင်ရာ မတိကျမှု၊ အဓိပ္ပာယ်ပုံသေ မပေးမှု၊

(၂) လူ့အသိ၊ ဆင်ခြင်တုံတရားနဲ့ အရာရာကို ယတိပြတ် ဆုံးဖြတ်ချက် ချမှတ်လို့ မှန်နိုင်ပါ့မလား၊ အလုံးစုံ သိမြင်နိုင်လို့လားဆိုတဲ့ သိမှုဆိုင်ရာ သံသယ၊

(၃) ပါးစပ်က ထုတ်ပြောလို့မတတ်သာတဲ့ အသိလွန်ဆောင်းဆိုမှု. . . နဲ့

(၄) စာဖတ်သူရဲ့ စိတ်အထားအသို နေရာယူမှုကို လေးစားတဲ့သဘော ဆိုတဲ့ အချက်လေးချက်တို့ တွေ့ရပါတယ်။

အဲဒါတွေကိုပဲ မော်ဒန်ဝတ္ထုရဲ့ လက္ခဏာရပ်များလို့ ဆိုနိုင်ပါ တယ်။

www.burmeseclassic.com

www.burmeseclassic.com



## အပိုင်း (ဂ)

### ပို့စ်မော်ဒန်ဝတ္ထုဆိုသည်မှာ (၁)

ပို့စ်မော်ဒန်ဝတ္ထုဆိုတာ ဘာလဲဆိုတဲ့ မေးခွန်းကို အလွယ်တကူဆုံးနဲ့ အပေါ်ယံအကျဆုံး ဖြေရမယ်ဆိုရင် **သရုပ်မှန်ဝါဒရဲ့ သဘော၊ မော်ဒန်ဝါဒရဲ့သဘော၊ ပဥ္စလက်သရုပ်မှန်ဝါဒရဲ့ သဘော. . . စတဲ့. . . စတဲ့ သဘောတွေကို လွှမ်းခြုံရောနှောထားတဲ့ ဝတ္ထုအမျိုးအစားလို့ပဲ** ပြောရပါလိမ့်မယ်။

### ပို့စ်မော်ဒန်ဝတ္ထုဆိုသည်မှာ (၂)

နောက်ထပ်တစ်ဆင့် တက်ကြည့်မယ်ဆိုရင် ဘာဖြစ်လို့ အဲဒီလို အမြင်တွေ/ သဘောတွေ ရောနှောနေရသလဲ? လို့ မေးရမှာ ဖြစ်ပါတယ်။ ဒီနေရာမှာ ပို့စ်မော်ဒန်ဝတ္ထုတွေရဲ့ **'မိမိစိတ်ကို အပြင်မှခွာ၍ကြည့်ခြင်း'** ဆိုတဲ့ အမြင်အကြောင်းကို ထည့်ပြောရပါတော့မယ်။

မော်ဒန်ဝတ္ထုတွေမှာ ကိုယ့်စိတ်ရဲ့အတွင်းပိုင်းထဲ နက်နက်ရှိုင်းရှိုင်း တိုးဝင်တယ်၊ စိတ်ကို ဖမ်းယူတင်ပြတယ်ဆိုတာ ရှေ့မှာပြောခဲ့ပြီးပါပြီ။ ပို့စ်မော်ဒန်မှာတော့ ကိုယ့်စိတ်ထဲ ကိုယ်ချည်းပဲ ပြန်လှည့်လျှိုးဝင်မသွားတော့ဘဲ ကိုယ့်စိတ်ကို တခြားသူတစ်ယောက်က မြင်ရသလိုမျိုး ပြန်ခွာပြီး ကြည့်တာပါ။



အဲဒီတော့ အခင်းအကျင်းတစ်ခုမှာ (၁) လူတစ်ယောက်ရယ်၊ (၂) သူ့ပတ်ဝန်းကျင်ရယ်ဆိုပြီး နှစ်ပိုင်းအမြဲတမ်း ရှိပါတယ်။ (သူ့ပတ်ဝန်းကျင်ဆိုတဲ့နေရာမှာ အဲဒီလူနဲ့ ဆက်ဆံ/ စကားပြော/ ပြုမူနေတဲ့ အခြားသော လူ သို့မဟုတ်၊ သတ္တဝါ သို့မဟုတ်၊ အရာဝတ္ထုအားလုံး ပါတာပေါ့လေ) ဒါကို ဖော်ပြတော့မယ်ဆိုရင် (၁) လူဟာ အရေးပါဦးဆောင်သူနေရာကို ယူထားပါတယ် **(Subject)** (၂) ပတ်ဝန်းကျင်ဟာ အပြုခံနေရာကို ယူထားပါတယ် **(Object)** ။

ဥပမာ - ကျွန်တော်ဟာ လက်ဖက်ရည်ဆိုင်မှာ မောင်လှနဲ့ စကားပြောနေတယ်ဆိုရင် ကျွန်တော်ဟာ **Subject** နေရာကို ယူထားပြီး မောင်လှနဲ့ လက်ဖက်ဆိုင်ဝန်းကျင် တစ်ရပ်လုံးဟာ **Object** ဖြစ်နေပါတယ်။

အဲဒီလို ဖြစ်တဲ့နေရာမှာ **ကျွန်တော့်ရဲ့** စိတ်ခံစားမှု၊ **ကျွန်တော့်ရဲ့** လက်ဖက်ရည်ဆိုင် အခင်းအကျင်းကို မြင်တဲ့အမြင်၊ **ကျွန်တော်က** မောင်လှအပေါ် မြင်တဲ့အမြင်တွေကိုချည်း တင်ပြသွားမယ်ဆိုရင် တောက်လျှောက် **ကျွန်တော်ကချည်းပဲ Subject** ဖြစ်နေပါမယ်။ **ကျွန်တော့်ရဲ့** စိတ်ခံစားချက်တွေကချည်းပဲ ဦးဆောင်လွှမ်းမိုးနေပါမယ်။

အဲဒီလို တင်ပြလာနေရင်းကမှ တစ်ချက်တစ်ချက်မှာ သီခြားကိုယ်ပွားတစ်ခု **နေရာကနေ** ကျွန်တော့်ကိုယ်ကို ကျွန်တော် ပြန်ကြည့်လိုက်မယ်ဆိုရင် **မင်းခိုက်စိုးစန်**ဆိုတဲ့ကောင်ဟာ (အကြည့်ခံပစ္စည်း၊ အပြုခံပစ္စည်း) **Object နေရာကို** ရောက်သွားပါမယ်။ အဲဒီ ခွာကြည့်လိုက်တဲ့**စိတ်တာလည်း ကျွန်တော်တို့ရဲ့**စိတ်ပဲ ဖြစ်တဲ့အတွက် ခဏနေ

www.burmeseclassic.com

www.burmeseclassic.com



တော့ မူရင်းနေရာကို ပြန်ရောက်သွားပြီး Subject အဖြစ်နဲ့ ပြန်ခံစားပါ တော့တယ်။

ဆိုလိုတာက အဲဒီလိုမျိုး ကိုယ့်ကိုယ်ကို Subject အဖြစ်ကနေ ခံစားပြီး ပတ်ဝန်းကျင်ကို ဆက်ဆံရာကရတဲ့ အာရုံ၊ နောက် ဖျပ်ခနဲ 'ကိုယ်' ဆိုတာ မရှိတော့ဘဲ 'ငါ Subject' ဆိုတာ မရှိတော့ဘဲ သီးခြား တစ်နေရာက လှမ်းကြည့်လိုက်တဲ့အခါ မင်းခိုက်စိုးစန်ဆိုတဲ့ လူတစ်ယောက်၊ မောင်လှ ဆိုတဲ့ လူတစ်ယောက်၊ လက်ဖက်ရည်ကရားဆိုတဲ့ ရုပ်ဝတ္ထုပစ္စည်းတစ်ခု စတဲ့ (ကိုယ် အပါအဝင်) အားလုံးကို တန်းတူရော နှောထားတဲ့ Object တွေအဖြစ် မြင်ရ၊ ခံစားရတဲ့ အာရုံ၊

အဲဒီအာရုံနှစ်ခုကို ရောနှောထားတာပါ။

(ကိုယ်ဟာ 'အပြုံခံဘဝ'နဲ့ လောကကြီးထဲ ရောပါမျောလိုက် နေရပါလားဆိုတဲ့ အာရုံနဲ့ လူပီသတဲ့အဖြစ်ကို ဖန်တီးသူ၊ ဦးဆောင်သူ အဖြစ်ကို ထူထောင်ချင်တဲ့ လွတ်လပ်စိတ်အာရုံတို့ ရောနေတာလို့ ပြော ရင်လည်း ရပါတယ်)

<u>ပို့စ်မော်ဒန်ဝတ္ထုဆိုသည်မှာ (၃)</u>

(သည်အဆင့်မှာတော့ နည်းနည်းကလေး မျက်စိနောက်စရာ ဖြစ်ကောင်းဖြစ်နိုင်မယ့် စာပေဝေါဟာရလေး နည်းနည်းပါးပါးထည့် ပြောကြတာပေါ့)

၁။ ။ စောစောကပြောခဲ့တဲ့ (၁) မင်းခိုက်စိုးစန်နေရာက ကျွန်တော့် ကိုယ် ကျွန်တော် Subject အဖြစ် ခံစားတဲ့အာရုံ၊ (၂) ကျွန်တော့်ကိုယ် ကခွာထွက်ပြီး ကြည့်လိုက်လို့ မင်းခိုက်စိုးစန် အပါအဝင် အားလုံး Object ဖြစ်နေတဲ့အာရုံ၊ အဲဒီအာရုံနှစ်ခုဟာ Subject ဖြစ်လိုက်၊ ခွာထွက် လိုက်၊ နောက် မူရင်းနေမြဲအတိုင်း Subject အဖြစ် ပြန်ခံစားနေလိုက်၊ နောက် ပြန်ခွာကြည့်လိုက်နဲ့ ဖျပ်ခနဲဖျပ်ခနဲ ကူးပြောင်းခံစားတာပါ။ အဲဒီလို ဖျပ်ခနဲဖျပ်ခနဲ ကူးပြောင်းတာဟာ ပို့စ်မော်ဒန်စာပေ သီဝရီ တွေမှာ <u>Opalesence</u> လို့ ခေါ်တဲ့ 'တဖျပ်ဖျပ် ထပ်မှုသဘောတရား' တစ်ရပ်အနေနဲ့ ပါဝင်လာပါတော့တယ်။

၂။ ။ နောက်ပြီး မူရင်း ကျွန်တော်အနေ နဲ့ ခွာထွက်ကြည့်လိုက်တဲ့ 'ဒုတိယကျွန်တော်' ဟာ ခွာထွက်ပြီး 'ဘယ်နေရာအနေ လှမ်းကြည့်တာ လဲ'၊ မြေပုံပေါ်မှာ လက်ညှိုးနဲ့ထိုးပြလို့ရတဲ့ နေရာပါ၊ ထောက် မရှိတဲ့ နေရာပါ (ကိုယ့်ကိုကိုယ်ပဲလို့ ပြောရင်ရပါတယ်) အဲဒီနေရာဟာ ကမ္ဘာ့ နယ်နမိတ်ထဲမှာ မရှိတဲ့နေရာ၊ အချိန်ရဲ့ဆုံးဖြတ်မှုနဲ့ တင်းလွတ်နေတဲ့ နေရာ (Time & Space) က လွတ်မြောက်နေတဲ့နေရာ)ဖြစ်တယ်။

အဲဒီနေရာဟာ ပို့စ်မော်ဒန် စာပေသီဝရီတွေမှာ Zone လို့ ခေါ် တဲ့ နယ်မြေ သဘောတရားတစ်ရပ်အနေနဲ့ ပါဝင်လာပါတော့တယ်။

၃။ ။ 'ပထမ ကျွန်တော်' နဲ့ 'ဒုတိယကျွန်တော်' တို့ ရောနှောနေခြင်း ရယ်၊ ဒုတိယကျွန်တော်နေရာက ကြည့်လိုက်လို့ မြင်ရတဲ့ 'ငါ' မပါတဲ့ လူတွေ၊ ရုပ်ဝတ္ထုပစ္စည်းတွေ၊ စိတ်ခံစားမှုတွေ ရောနှောနေခြင်းရယ်ဟာ ပို့စ်မော်ဒန်ဝတ္ထုတွေရဲ့ ထင်ရှားတဲ့လက္ခဏာတစ်ရပ် ဖြစ်တဲ့ Hybrid လို့ခေါ်တဲ့ အရောရောအနှောနှော ဖြစ်ခြင်းသဘောအနေနဲ့ တွေ့ရပါ တော့တယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလိုလူနဲ့ ရုပ်ဝတ္ထုပစ္စည်းတွေ၊ ရှေးဦးအာရုံပေးချက်နဲ့ စိတ်ခံစားမှုတွေအချင်းချင်း ဆက်နွယ်မှုတွေဟာ ပို့စ်မော်ဒန်ဝတ္ထုတွေရဲ့ ကြီးစိုးရာဖြစ်တဲ့အတွက်ကြောင့် ပို့စ်မော်ဒန်တွေရဲ့ 'လွှမ်းမိုးရာ (Dominant)' ဟာ 'အရှိတရား (Ontology)' ဖြစ်တယ်လို့ ဆိုကြတာပါပဲ။

အဲဒီတော့ ချုပ်လိုက်ရင်

(၁) အတွင်းအာရုံနဲ့ ရုပ်ပတ်ဝန်းကျင်အပေါ်ထားတဲ့ အာရုံတို့ နှစ်ခု ပြန်လှန်တူးလူး 'တဖျပ်ဖျပ် ပြောင်းလဲခြင်း'

(၂) နေရာမရှိတဲ့ နေရာ

(၃) အရောရော အနှောနှော ဖြစ်ခြင်း

တွေဟာ ပို့စ်မော်ဒန်ဝတ္ထုတွေရဲ့ ထင်ရှားတဲ့လက္ခဏာတွေ ဖြစ်လာပါတော့တယ်။

<u>ပို့စ်မော်ဒန်ဝတ္ထုဆိုသည်မှာ (၄)</u>

ပို့စ်မော်ဒန်ဝတ္ထုတွေမှာ ပုံသေနည်း မရှိပါဘူး။ အသေဝိတ်ထားတဲ့ဘောင် မရှိပါဘူး။ အနုပညာအာရုံ လှုပ်ရှားမှုအတိုင်း အမျိုးမျိုး လွတ်လပ်လပ် ဖန်တီးခဲ့ကြတာပါ။ အဲဒီလို ဖန်တီးခဲ့ကြတဲ့အထဲက တချို့ကို ကောက်ယူပြီး သက်ဆိုင်ရာ သက်ဆိုင်ရာ ခေါင်းစဉ်နဲ့ ညှိပြချင်ပါတယ်။ (ဒီအတိုင်းလိုက်လုပ်ဖို့ လမ်းကြောင်းပေးနေတာ မဟုတ်ပါဘူး၊ လက်တွေ့ အသုံးချမှု၊ တစ်နည်းအားဖြင့် အနုပညာစျာန်ဝင်မှု၊ ဖန်တီးမှုအပေါ်မှာ ဟိုအထက်ကပြောခဲ့တဲ့ အတွေးအခေါ်တွေဟာ ဘယ်လိုအရောင်လာဟပ်တယ်ဆိုတာ လေ့လာဖို့ပါ။



နေရာမရှိတဲ့နေရာ (Zone)။ ။ တချို့ ပို့စ်မော်ဒန်ဝတ္ထုတွေမှာ Zone ရဲ့သဘောဟာ ဗြိုဟ်တစ်ခု၊ မူရင်းကမ္ဘာမြေနဲ့ကွဲလွဲတဲ့ သီးခြားကမ္ဘာမြေတစ်ခု၊ ပုံပြင်ဆန်တဲ့ ရှေးဟောင်းနယ်မြေတစ်ခု၊ တကယ်မရှိတဲ့ ကျွန်းတစ်ကျွန်း၊ ကမ္ဘာမြေပုံပေါ်မှာ ထောက်ပြလို့မရနိုင်တဲ့ နိုင်ငံတစ်ခု စသည်ဖြင့် ဖန်တီးကြတယ် (ဒါကြောင့် သိပ္ပံဝတ္ထုဆန်တယ်၊ ဒဏ္ဍာရီပုံပြင်ဆန်တယ်လို့ ဝေဖန်ခံရတာပေါ့)။ အဲဒီနယ်မြေတွေရဲ့ အာရုံအခင်းအကျင်းထဲမှာတော့ ဖျပ်ခနဲ၊ ဖျပ်ခနဲ ဆိုသလို ရောနှောပါဝင်နေတဲ့ (စာရေးသူ/ အနုပညာရှင်ရဲ့ ပကတိခန္ဓာကိုယ် တည်နေရာ) မျက်မြင်လက်ငင်းနေရာရဲ့ သဘောကို တွေ့ရမှာ ဖြစ်ပါတယ်။

အဲဒါကို Utopian Dream of human identity လို့ ခေါ်ပါတယ်။

တစ်ခါတစ်ခါ ဝတ္ထုကို ပုံနှိပ်ထားတဲ့ စာအုပ်လုံးပုံသဏ္ဍာန် စာမျက်နှာပုံသဏ္ဍာန်ရဲ့နယ် (Space) ထဲကနေ လွတ်မြောက်ကြောင်းပြဖို့ အဖြူသား ကွက်လပ်ချန်တာတွေ၊ ရှေ့နောက် အစီအစဉ် ပြောင်းလဲပြတာတွေ၊ စာကြောင်းကို တွန့်လိမ်ပုံဖျက်ပြီး ရိုက်တာတွေ၊ အထက်အောက်၊ ဒေါင်လိုက်၊ မျဉ်းစောင်း၊ အကွေး စသည်ဖြင့် ရိုက်နှိပ်ဖော်ပြတာတွေ လုပ်ပါတယ်။ စာရွက်အရောင်တွေ ပြောင်းလဲအသုံးပြုတာလည်း ပါပါသေးတယ်။ ဒါကတော့ ဖျပ်ခနဲ ပြောင်းလဲရောထွေးသွားစေတဲ့ အာရုံကို ပေးတာပါပဲ။

နောက်. . . 'အချိန်ရဲ့နယ်မြေ' အကန့်အသတ်ကို ဖျက်ဖို့ ရောထွေးဖို့ ဟိုးအတိတ်ရာဇဝင်ထဲက ဇာတ်ကောင်တွေကိုယူပြီး ပစ္စုပ္ပန် (သို့မဟုတ်)အနာဂတ်ကာလ ပတ်ဝန်းကျင်အခြေအနေတွေ ခံစားချက်

www.burmeseclassic.com



တွေနဲ့ ရောနှော ဖန်တီးကြသေးတယ် (အားလုံးမှာ ရောနှောမှုတွေ ပါဝင်နေတယ်ဆိုတာ သတိထားမိမှာပါ)

**အရောရောအနှောနှောဖြစ်ခြင်း (Hybird)** ။ ။ အထက်က ပြောခဲ့ပြီးတဲ့ အပိုင်းမှာပဲ ရောနှောနေပုံတွေ ပါသင့်သလောက် ပါသွားပါပြီ။ ဒီနေရာမှာ အတိုချုပ်ပြောရရင် 'ရောနှော' တယ်ဆိုတာ '**အတု**'နဲ့ '**အစစ်**' ရောထားတာပါပဲ။ '**အတု**' ဆိုတဲ့နေရာမှာ ဘယ်လောက်အထိ **အတု** ဖြစ်အောင် ဖန်တီးကြသလဲဆိုတော့. . .

- ဇာတ်ကွက်ဇာတ်လမ်း ဆင်ယူတာတွေ
- တကယ်တမ်း ဘယ်လိုမှ မရှိနိုင်ကြောင်း အားလုံးက သိထားပြီးသားဖြစ်တဲ့ ဇာတ်ကောင် (ဥပမာ-ဘီလူးတို့၊ နဂါးတို့၊ ရာဇဝင်ထဲက လူတို့၊ ဂြိုဟ်သားတို့) စတာတွေကို ဖန်တီးပါတယ်။

ဇာတ်လမ်း ဇာတ်ကွက် ဆင်ယူတာတွေ ပါလာတော့ ပို့စ်မော်ဒန်ဝတ္ထုတွေရဲ့ အချို့အခင်းအကျင်းတွေဟာ သမားရိုးကျ ဝတ္ထုတွေလိုပဲ ပဲလားလို့ ပြောစရာရှိပါတယ်။ ဟုတ်ပါတယ်။ ပြောလို့ရပါတယ်။ ပို့စ်မော်ဒန်ဝတ္ထုတွေမှာ သမားရိုးကျအခင်းအကျင်းတွေနဲ့ မော်ဒန်အခင်းအကျင်းတွေ ရောနှောနေမှာပဲလေ။

အဲဒီ ဆင်ထားတဲ့ 'အတု' တွေ ကြားထဲမှာတော့ "အစစ်အမှန်တရား' တွေဟာ ဖျပ်ခနဲ ဖျပ်ခနဲ ရောနှောပါဝင်နေမှာ ဖြစ်ပါတယ်။

### ပို့စ်မော်ဒန်ဝတ္ထုဆိုသည်မှာ (၅)

ပို့စ်မော်ဒန်ဝတ္ထုတွေမှာ ထူးခြားလာတယ်လို့ဆိုရမယ့် အချက်သုံးချက်လောက်ကို ပြောပါရစေ။ အဲဒါတွေကတော့



၁။ ဖျက်ခြင်း

၂။ အလင်္ကာတန်ဆာဆင်မှုတွေ လျော့နည်းလာခြင်း

၃။ ဘာသာစကားရဲ့ ကန့်သတ်ချုပ်ချယ်မှုကို ချိုးဖောက်ရန် ကြိုးစားလာခြင်း တို့ပဲ ဖြစ်ပါတယ်။ တစ်ခုချင်းစီကို အကျဉ်းလောက်ပဲ ပြောပါတော့မယ်။

၁။ ဖျက်ခြင်း။

ဖျက်ခြင်းဆိုတာဟာလည်း တကယ်တော့ ရောနှောခြင်း (Hy-brid) ရဲ့အသွင်တစ်မျိုးပါပဲ။ ဥပမာပြောရရင် 'မောင်မောင်သည် တံခါးဝတွင် ရပ်နေသည်' လို့ ပြောပြီး နောက်တစ်ကြောင်းမှာ 'မောင်မောင်သည် စင်ပေါ်၌ သီချင်းဆိုနေသည်' လို့ ထပ်ရေးလိုက်တော့ ရှေ့က ဆိုထားတာကို ဖျက်ပစ်လိုက်သလို ဖြစ်သွားတယ်။ မောင်မောင် တကယ်တမ်းရှိနေတဲ့နေရာဟာ ဘယ်နေရာလဲဆိုတာ ဆုံးဖြတ်ဖို့ ခက်သွားတယ်။ 'မောင်မောင်ရဲ့နေရာတွေ' ဟာ ရောနှောသွားတာကိုး။ (လူဟာ လောကကြီးထဲမှာ ဖန်တီးသူနေရာကပဲ ရှိသလိုလို၊ ဖန်တီးခံသတ္တဝါတစ်ကောင်ရဲ့ အဆင့်အတန်းမှာပဲ ရှိသလိုလို ကိုယ့်ကိုကိုယ် မဆုံးဖြတ်နိုင်သလိုမျိုးပေါ့)

ဇာတ်လမ်း၊ ဇာတ်ကွက်တွေ ဖန်တီးတဲ့နေရာမှာလည်း အသွားတွေကိုရေးပြီး ဖျက်ပစ်လိုက်တဲ့ Recursive Structure ပုံစံ- အစနဲ့ အဆုံးကိုရေးပြီး ဖျက်ပစ်လိုက်လို့ ဘယ်ဟာအစ၊ ဘယ်ဟာအဆုံးမှန်း မရေရာတော့တဲ့ ပုံစံ၊ အချိန်ကာလတွေကို ရောနှောပြီး ဖျက်ပစ်လိုက်တဲ့ Anachronism ပုံစံတွေကို တွေ့ရမှာ ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



၂။ အလင်္ကာတန်ဆာဆင်မှုများ လျှော့နည်းလာခြင်း

ဒါကတော့ ရှင်းပါတယ်။ ပို့စ်မော်ဒန်သမားတွေဟာ အစစ်အမှန် အရှိတရားဆီ ဦးတည်လာတဲ့အခါ အဆောင်အယောင်တွေ၊ လှည့်စားထားတဲ့ အလှတရားတွေကို ခွာချကြတော့တာပါပဲ။ ဒါကြောင့် သူတို့ရေးတဲ့ဝါကျတွေဟာ ထောင့်ထောင့်ကြီးတွေ ဖြစ်နေတတ်တယ်။ တိုတိုပြတ်ပြတ်တွေ ဖြစ်နေကြတယ်။ အလင်္ကာတွေကို အသုံးနည်းလာကြတော့တယ်။

၃။ ဘာသာစကား ကန့်သတ်မှုကို ချိုးဖောက်ရန် ကြိုးစားခြင်း

ဒါဟာလည်း အထက်ကပြောခဲ့တဲ့ 'အစစ်အမှန် အရှိတရားဆီ ဦးတည်လာခြင်း' နဲ့ ဆိုင်ပါတယ်။ အစစ်အမှန်တရားဆိုတာ 'သိ' လိုက်တာ မဟုတ်ပါဘူး၊ 'ရှိ' လိုက်တာပါ။ ဒါကို စကားလုံးတွေနဲ့ ဖော်ပြလို့ မရပါဘူး။ အနုပညာရှင်တွေဟာ သူတို့ရဲ့အနုပညာကို ဖော်ပြဖို့ (ဘယ်ဘာသာစကားအားဖြင့် ဖြစ်စေ) ဝေါဟာရတွေ မလုံလောက်ဘူးဆိုတာ သိခဲ့ကြတာ ကြာပါပြီ။ ညည်းလည်း ညည်းတွားလှပါပြီ။ ပို့စ်မော်ဒန်သမားတွေကတော့ 'ဘာသာစကားရဲ့ အပြုစားခံသားကောင်'တွေ အနေနဲ့ ဘာသာစကားကို သုံးလည်း အသုံးပြုကြတယ်၊ တစ်ချိန်တည်းမှာပဲ သူတို့ကိုယ်သူတို့ 'ဖန်တီးသူ' တွေအနေနဲ့ လက်ရှိသုံးနေတဲ့ ဘာသာစကားက လွန်မြောက်အောင် ကြိုးစားကြတယ်။ ဘာသာစကားအသစ်ဖန်တီးမှုတွေကို ကြားညှပ်ဖန်တီးလာတယ် (ဒါလည်း 'ဖျက်ခြင်း' တစ်မျိုးပါပဲ)။ အဲဒီလို ဘာသာစကားဆိုင်ရာ စမ်းသပ်ချက်တွေကို Antilanguage လို့ ခေါ်ကြပါတယ်။



ဒါကြောင့် တစ်ခါတစ်လေ ပို့စ်မော်ဒန်ဝတ္ထုတွေမှာ ရိုးရိုးရေးထုံးနဲ့ ရေးထားတဲ့မူရင်းဘာသာစကား (Language) နဲ့ စာရေးသူရဲ့ဆန္ဒအတိုင်း ဖန်တီးထားတဲ့ ဘာသာစကား (Anti-Langue) တို့ကို ရောထွေးတွေ့ရမှာ ဖြစ်ပါတယ်။

(အကျယ်တဝင့်ပြောရရင် သရော်ချက်တွေ ကဲနေတာကိုပါ လက္ခဏာတစ်ခုအဖြစ် ထည့်ပြောရဦးမှာ ဖြစ်ပါတယ်)

## အပိုင်း (ယ)

အခု ကျွန်တော် တင်ပြသွားတဲ့ မော်ဒန်၊ ပို့စ်မော်ဒန်တွေနဲ့ ပတ်သက်လို့ သဘောတူသူရှိသလို မတူသူတွေလည်း ရှိမှာမလွဲပါဘူး။ ကျွန်တော်ကိုယ်တိုင်ကလည်း 'ဒါကို သဘောတူပါ' လို့ မတောင်းဆိုပါဘူး။ နောက်ပြီး 'မော်ဒန်၊ ပို့စ်မော်ဒန်တွေသာ အနုပညာတန်းမီတယ်' လို့ သတ်မှတ်နေတာလည်း မဟုတ်ပါဘူး။ 'ဒါမျိုးတွေပဲ ရေးကြ' လို့ မလှုံ့ဆော်၊ မမြှူဆွယ်၊ မစည်းရုံးပါဘူး။ သည်ထက်ကောင်းတာတွေ ရှိချင်ရှိမှာပေါ့။ ရှိချင် ရှိလာလိမ့်ဦးမှာပေါ့။ ကျွန်တော်ကိုယ်တိုင်လည်း ပြောင်းလဲချင် ပြောင်းလဲဦးမှာပေါ့။ ဒါဟာ ပြဿနာမဟုတ်ပါဘူး။

ကျွန်တော်ဆိုတဲ့ကောင်ဟာ အရုဏ်တက်ချိန်အလှကို စွဲလမ်းတပ်မက်တာတစ်ခုတည်းနဲ့ နေ့တစ်နေ့ရဲ့ ကျန်တဲ့အစိတ်အပိုင်းအလှတွေကို ဆွဲဆန့်ရုပ်တန့်ပစ်ဖို့ ကြိုးစားမယ့်သူ မဟုတ်ပါဘူး။ မွန်းတည့်နဲ့ ဆည်းဆာချိန်တွေကို ကျိန်စာတိုက်မယ့်သူ မဟုတ်ပါဘူး။ အတွေး

www.burmeseclassic.com

www.burmeseclassic.com



အခေါ်လွှတ်လပ်မှုဟာ ကြမ္မာဆိုး ၃၂ပါးကနေ ထာဝရ ကင်းလွတ်နေမှာပဲ ဖြစ်ပါတယ်။

ကျွန်တော် ပြောခဲ့တာတွေကို အဆိပ်အတောက်လို့ ယူဆရင်၊ အနောက်နိုင်ငံက စာအုပ်ကြီးတွေထဲက ကူးချလာတာလို့ ထင်ရင်၊ ဘာမှ လေးနက်မှုမရှိတဲ့ အတွေးအခေါ်တွေ၊ အရင်းရှင် ကိုလိုနီသံပါတဲ့ အတွေးအခေါ်တွေလို့ သတ်မှတ်ရင် အခုဝါကျကစပြီး အားလုံးကိုမေ့ပစ်လိုက်နိုင်ပါပြီ။ ကျေးဇူးတင်ပါတယ်။

## အပိုင်း (င)

နေဝင်တဲ့လမ်းကြောင်းနောက်က တကောက်ကောက်လိုက်ပြီး ကြည့်နေရင်တော့. . .

ဘယ်တော့မှ နေထွက်တာကို မြင်ခွင့်ရမှာ မဟုတ်ဘူး။

မင်းခိုက်စိုးစန်

(၁၉၉၈)

BURMESE CLASSIC

www.burmeseclassic.com